www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၇၆၀၁၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၁၇၀၃၀၈
မျက်နှာဖုံးဒီဇိုင်း ● အံ့ဘွယ်
အတွင်းစာစီ ● မြစ်ခွဲဇွစင်းကွန်ပျူတာ
ထုတ်ဝေသည့်လ ● ၂၀၀၈ ခုနှစ်၊ ဧပြီလ
အကြိမ် ● ဒုတိယအကြိမ်
အုပ်ရေ ● ၁၀၀၀
ထုတ်ဝေသူ ● ဦးသန်းမြင့် (၀၀၈၄၀)၊ လင်းလင်းစာပေ၊ အမှတ်(၄/၂၉)၊ မြဝတီမင်းကြီးလမ်း၊ ၁၀-မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်သူ ● ဦးဇော်မင်း၊ (Wizard) အမှတ်(၁၉၈)၃၃-လမ်း(အထက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ် ● ဦးတိုးဝင်း (၀၂၄၃၁)၊ နေလရောင်အော့ဖ်ဆက်၊ (၉၆/ခ)၊ ၁၁-လမ်း၊ ရန်ကုန်မြို့။
စာအုပ်ချုပ် ● ပပစိုးနှင့်အဖွဲ့
တန်ဖိုး ● ၅၀ကျပ်

ကြူမွေး

# ဘဘကြီးကို ချစ်တယ်

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

(တစ်)

# မိတ်ကပ်ပိဋကာ

ထင်ပေါ်သည် မူလက ပန်းချီဆရာတစ်ဦးဖြစ်သည်။

သို့သော် ပန်းချီဆရာအဖြစ်ဖြင့် သူ၏နာမည်မှာ ထင်ရှားခြင်းမရှိ၍ သူသည် ထမင်းငတ်ကိန်းနှင့် ကြုံနေတော့သည်။

မှန်ပေသည်။ ယနေ့ စာနယ်ဇင်းလောကတွင် ထင်ပေါ်ကျော်ကြားနေသော ပန်းချီဆရာများမှာ ဦးကိုလေး၊ ဦးမောင်စိန်၊ ဦးသောင်းဟန်၊ ဦးစန်းလွင်၊ ဦးအုန်းလွင်၊ ဦးအောင်စိုး စသည်တို့သာ ဖြစ်ကြသည်။ ထိုပန်းချီဆရာကြီးများကို ကျော်လွှားရန်မှာ ထင်ပေါ်အတွက် အတော်ပင်ခက်လှသည်။ ပန်းချီဘက်တွင် မခွံ၍ ကာတွန်းဘက်သို့လှည့်ကာ စားမည်ကြံပြန်သည်။ သို့သော် ကာတွန်းဆရာများဖြစ်ကြသော ဦးဖေသိန်း၊ ဦးအောင်ရှိန်၊ ဦးကြွယ်လေး၊ ဦးကျော်ဆန်း၊ ဦးသန်းကြွယ်၊ ဦးမြင့်ဆွေ၊ ဦးဝင်းမောင်တို့ ရှိနေပြန်သဖြင့် သူ့မှာ မစားသာ ဖြစ်ရပြန်သည်။

ပန်းချီနှင့် ကာတွန်းဘက်တွင် မစားသာပြန်သဖြင့် သူသည် ရုပ်ရှင်ဒီဇိုင်းဘက်သို့ လှည့်ကြည့်မိသေးသည်။ ဤတွင်

www.burmeseclassic.com

www.burmeseclassic.com



လည်း လက်ရှိနာမည်တစ်လုံးနှင့် ရုပ်တည်ကာနေကြသော မူလ လက်ဟောင်း ဒီဇိုင်းဆရာကြီး ဖန်းခိုဦးဘသစ်နှင့် အောင်သန်းသစ် တို့ကို ကျော်ရန်ခက်နေပြန်သည်။

သို့နှင့်ပင် ထင်ပေါ်မှာ မရှင်ပျော်စရာများနှင့် တွေ့နေ သဖြင့် နောက်ဆုံးတွင် မိတ်ကပ်ဆရာအဖြစ်ဖြင့် ရုပ်ရှင်ဘက်တွင် ဝင်၍လုပ်ကိုင်တော့သည်။ ဒီအခါကျတော့မှ ထင်ပေါ်မှာ နာမည် နှင့်လိုက်အောင် စင်တော်က အကောက်ခံရသဖြင့် နိုင်ငံကျော် မိတ်ကပ်ဝိဇ္ဇာအဖြစ် ကျော်ကြားကာသွားတော့သည်။

ထင်ပေါ်၏ မိတ်ကပ်မှာ တကယ်လည်းကောင်းသည်။ ဤနေရာတွင် မိတ်ကပ်ဟူသော အနောက်တိုင်း ဝေါဟာရနှင့် ပတ်သက်၍ မသိရှိကြသေးသော စာဖတ်သူများကို အနည်းငယ် လောက် ရှင်းလင်းပြောပြချင်ပါသေးသည်။

**မိတ်ကပ်ဟူသော စကားကို** အချို့သောသူများက မင်း သမီး၊ မင်းသားများ မျက်နှာတွင် လိမ်းခြယ်ကြသော မျက်နှာချေ ဟုသာ မှတ်ထင်နေကြသည်။ အမှန်တော့ ထိုသို့မဟုတ်ပါ။ မိတ်ကပ်ဟူသည်မှာ လူတစ်ယောက်၏မျက်နှာကို ပြုပြင်ပြောင်းလဲ ပေးခြင်း ဖြစ်သည်။ ဥပမာ နုပျိုသော မင်းသားတစ်ဦး၏မျက်နှာ ကို ဇာတ်လမ်းအရ အဘိုးအိုအသွင်သို့ ပြောင်းရမည်ဟုဆိုလျှင် ထိုမင်းသားကို မိတ်ကပ်တို့ဖြင့် ပြုပြင်ကာ ပြောင်းပေးရသည်။ ဒါလည်း မိတ်ကပ်ဆရာက တော်မှ အဘိုးကြီးနှင့် တူနိုင်မည်။ မိတ်ကပ်ဆရာ ညံ့နေပါက အဘိုးကြီးရုပ်မပေါက်ဘဲ မျောက်အို ရုပ်ပေါက်ကာ ရယ်စရာကြီး ဖြစ်ရတော့သည်။

ထင်ပေါ်ကတော့ မိတ်ကပ်ခေါ် ရုပ်ပြောင်းရုပ်လွှဲ ပြုပြင်



ပေးသည့်နေရာတွင် အလွန်တော်သည်။ မည်မျှတော်သနည်းဟုဆို သော် သူသည် လူတစ်ယောက်၏မျက်နှာကို မိတ်ကပ်နှင့် ပြုပြင် ပေးလိုက်လျှင် ထိုသူသည် ရုပ်ရှင်ထဲမှာသာ ရုပ်ပြောင်းသွားသည် မဟုတ်ဘဲ အပြင်မှာပင်လျှင် တကယ့်ရုပ်သွင်ဟု မှတ်ယူရအောင် သူက ပြုပြင်ပေးနိုင်သည်။

ဥပမာ နုနယ်ပျိုမျစ်လှသော မိန်းမပျိုတစ်ဦးကို သူ၏ မိတ်ကပ်အစွမ်းဖြင့် **ဆံဖြူသွားကျိုးကာ ပါးရေတွန့်လိမ်နေသည့် အဘွားအိုကြီး**အဖြစ်ဖြင့် ပြုပြင်ပေးနိုင်သည်။ သူပြုပြင်လိုက်သော မိတ်ကပ်နှင့် အဆိုပါ မိန်းမပျိုတစ်ဦးသည် သူ၏မိဘများထံသို့ သွားလျှင်ပင် မိဘများက မှတ်မိတော့မည် မထင်ပေ။ တကယ့် အဘွားအိုတစ်ဦးဟုသာ ထင်မှတ်ပေကြလိမ့်မည်။ ထင်ပေါ်သည် မိတ်ကပ်ခေါ် ရုပ်ပြောင်းရုပ်လွှဲ ပြုပြင်ပေးသည့်အတတ်တွင် ဤမျှ အထိတော်သူဖြစ်သည်။

သူတော်လွန်း၍လည်း ရုပ်ရှင်သမားများနှင့် ဇာတ်သဘင် လောကမှလူများမှာ မကြာခဏပင် သူ့ကိုခေါ်၍ ဈေးကြီးကြီးပေး ကာ အသုံးပြုရသည်။

ထိုသို့ မိတ်ကပ်ပြုပြင်ရာတွင် အစွမ်းထက်မြက်ကာ နာမည်ကျော်ကြားလှသဖြင့် ထင်ပေါ်၏ဝင်ငွေတို့မှာ အလွန်ပင် ကောင်းလာတော့သည်။

သူ့ကိုလည်း ထင်ပေါ်ဟူသော အမည်ရင်းတွင် ရှေ့မှ အမည်တစ်လုံးတိုးကာ **မိတ်ကပ်ဝိဇ္ဇာထင်ပေါ်**ဟူ၍ ခေါ်ကြ တော့သည်။

သူသည် ဝင်ငွေမကောင်းခဲ့စဉ်က သာကေတတွင်ရှိ

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်တစ်ဦး၏အိမ်တွင် ကပ်ရပ်ကာ နေလာခဲ့သော်လည်း ယခုလို မိတ်ကပ်ဝိဇ္ဇာ ထင်ပေါ်အဖြစ်ဖြင့် နာမည်ကျော်ကာ ဝင်ငွေကောင်းလာသည့်အခါတွင် အဒေါ့်ထံတွင် မနေတော့ဘဲ ရန်ကုန်မြို့တွင်းရှိ (၃၁)လမ်းဘက်တွင် တိုက်ခန်းတစ်ခန်းကို အပျောက်ငွေရှစ်ထောင်နှင့် ဝယ်ယူကာ သူ၏သူငယ်ချင်းတစ်ဦးဖြစ်သူ စံရှားနှင့်အတူ နေထိုင်ကြသည်။ သူတို့၏တိုက်ခန်းမှာ သုံးထပ်တွင်ရှိသည်။

စံရှားမှာ ထင်ပေါ်နှင့် တစ်ရပ်တည်းသားဖြစ်ကြပြီး ကျောင်းနေဖက်သူငယ်ချင်းလည်း ဖြစ်ကြသည်။ သူတို့နှစ်ဦးစလုံးမှာ အသရေမချို့တဲ့ ပြည်မြို့သားများ ဖြစ်ကြသည်။ သူတို့သည် တစ်နှစ်တည်း ဆယ်တန်းကို အတူအောင်မြင်ခဲ့ကြသော်လည်း တက္ကသိုလ်သို့ စံရှားကသာလျှင် ဆက်ပြက်သွားနိုင်ပြီး ထင်ပေါ်ကတော့ သွားလိုလျက်နှင့် ငွေအသပြာ မရှိရှာသဖြင့် မသွားရတော့ပေ။ စံရှားကတော့ မိဘဖြစ်သူက ချမ်းသာသဖြင့် အဆင်ပြေပြေနှင့် တက္ကသိုလ်သို့ သွားနိုင်ခဲ့သည်။ စံရှားသည် တက္ကသိုလ်ရောက်လျှင် သူ အလွန်ဝါသနာပါသော ရူပဗေဒဘာသာကို အဓိကဘာသာအဖြစ်ဖြင့် သင်ယူရန် အားခဲထားသော်လည်း သူ့ခမျာ သိပ္ပံဘာသာတွင် အောင်မှတ်မပြည့်သဖြင့် ထိုဘာသာကို မယူနိုင်တော့ပေ။ သို့ဖြစ်၍ သူသည် ဝိဇ္ဇာတန်း၌ မြန်မာစာအဓိကကိုသာ ယူ၍ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် ပညာကိုဆက်သင်ရသည်။ တက္ကသိုလ်တွင် ပထမနှစ်နှင့် ဒုတိယနှစ်တွင်တော့ စံရှားမှာ ပင်းယဆောင်တွင် ဘော်ဒါအဖြစ်ဖြင့် နေထိုင်ခဲ့သည်။ ယခု တတိယနှစ်တွင်တော့ သူ၏သူငယ်ချင်းဖြစ်သူ ထင်ပေါ်က ရန်ကုန်မြို့ထဲတွင် သူနှင့်အတူလာနေရန်ခေါ်သဖြင့် ဘော်ဒါသမားအဖြစ်မှ



အေးစကောလာခေါ် နေ့ကျောင်းသားအဖြစ်ဖြင့် ပြောင်းလဲ၍ တက်ခဲ့သည်။

သူတို့၏ရုပ်သွင်နှင့် အသက်အရွယ်တို့ကို ဖော်ပြရမည်ဆိုလျှင် ထင်ပေါ်သည် အသက်အားဖြင့် (၂၄)နှစ်ခန့်ရှိပြီဖြစ်ပြီး အသားညိုညို၊ အရပ်နည်းနည်းပုကာ တုတ်ခိုင်သော ကိုယ်လုံးကိုယ်ထည်ရှိသည်။ မျက်နှာပေါက်မှာ ချောသည်ဟု မဆိုနိုင်သော်လည်း သင့်တင့်သော ရုပ်သွင်ရှိသည်။ သူသည် အရက်မသောက်တတ်သော်လည်း ကွမ်းတော့ အလွန်ကြိုက်သည်။ စံရှားကတော့ ထင်ပေါ်ထက် အသက်လည်း တစ်နှစ်ပိုငယ်ကာ ရုပ်ကလည်း အလွန်ဖြောင့်သူ ဖြစ်သည်။ သူ၏မျက်နှာမှာ အနည်းငယ်သွယ်၍ မျက်လုံး မျက်ခုံး အလွန်ကောင်းလှသည်။ အရပ်မှာ အမြင့်ကြီးမဟုတ်သော်လည်း ငါးပေခြောက်လက်မခန့် ရှိသည်။ သူသည် အားကစားသမားတစ်ဦးမို့ ကြံ့ခိုင်သော ကိုယ်လုံးကိုယ်ထည်လည်း ရှိသည်။ ထို့ပြင် စံရှားမှာ မဂ္ဂဇင်းနှင့် ဂျာနယ်များတွင် ကဗျာ အတိုအစကလေးများကိုလည်း သူ၏အမည်အရင်းနှင့်ပင် ရေးနေသူ ဖြစ်သည်။

သူငယ်ချင်းနှစ်ယောက်စလုံးမှာ လူပျိုတွေချည်းဖြစ်သော်လည်း ထမင်းနှင့် ဟင်းများကိုတော့ အခြားလူပျိုများလို ဆိုင်တွင် ဝယ်စားကြသူတွေ မဟုတ်ကြပေ။

သူတို့သည် ငယ်စဉ်ကတည်းက အချက်အပြုတ်ကို ဝါသနာပါလည်း ပါခဲ့ကြသည်။ ချက်လည်း ချက်တတ်ကြသူများ မို့ အိမ်တွင်ပင် သူတို့ကိုယ်တိုင် ချက်ပြုတ်ကြသည်။

သူတို့သည် အပျောက်ငွေ ရှစ်ထောင်နှင့်ပေးကာ ဝယ်ယူ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော တိုက်ခန်းသို့ရောက်ပြီး သုံးရက်ခန့်ထိအောင်တော့ နောက်ဖေးခန်း ပြတင်းပေါက်တံခါးကို မဖွင့်မိသဖြင့် သူတို့တိုက်ခန်းနှင့် နောက်ဘက်ရှိအခန်းကို သတိမပြုမိကြပေ။ သူတို့၏ နောက်ဖက်တွင်ရှိသော အခန်းမှာ (၃၂)လမ်းတွင်းမှ တိုက်ဖြစ်ပြီး သူတို့အခန်းကို ကျောပေးထားသော အခန်းဖြစ်သည်။

ထိုတိုက်ခန်း၏ ပထမထပ်(မြန်မာအခေါ်နှင့်ဆိုလျှင် နှစ်ထပ်)တွင် အလွန်ချောမောလှပသော အမျိုးသမီးတစ်ဦးရှိသည်။ အမည်မှာ ခင်ဌေးဝင်း ဖြစ်သည်။ အသက်မှာ (၁၉)နှစ်ခန့်သာ ရှိသေးသည်။ ခင်ဌေးဝင်းမှာ အားကစားလိုက်စားသော အမျိုးသမီးတစ်ဦးမို့ နံနက်တိုင်း ကိုယ်လက်လှုပ်ရှား၍လည်းကောင်း၊ ကြိုးခုန်၍လည်းကောင်း ကျန်းမာရေးကို အချိန်မှန်မှန် လေ့ကျင့်လေ့ရှိသည်။ ခင်ဌေးဝင်းမှာ အစိုးရရုံးကြီးတစ်ရုံးမှ စာရေးမတစ်ဦးဖြစ်သည်။ သူတို့၏တိုက်ခန်းတွင် သူ(ခင်ဌေးဝင်း)အစ်ကိုဖြစ်သူ ကျားကြီးနှင့် မိခင်ဖြစ်သူ ဒေါ်နီနီတို့ နေထိုင်ကြသည်။ ခင်ဌေးဝင်း၏ဖခင်မှာ လွန်ခဲ့သောငါးနှစ်က ခင်ဌေးဝင်း (၁၄)နှစ်အရွယ်လောက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်သည်။ မိခင်မှာ ဗိုလ်ချုပ်ဈေးထဲတွင် အထည်ဆိုင်ဖွင့်လှစ်ကာ ရောင်းချသည်။ အစ်ကိုဖြစ်သူ ကျားကြီးကတော့ အလုပ်အကိုင် ဟုတ်တိပတ်တိ မရှိပေ။ သူသည် ရံဖန်ရံခါ မိခင်ဖြစ်သူနှင့် ဗိုလ်ချုပ်ဈေးသို့လိုက်ကာ ဆိုင်ကို ကူညီရောင်းပေးသော်လည်း အများအားဖြင့်တော့ ဘော်လီဘောကစားခြင်းဖြင့်သာ အချိန်ကုန်နေသည်။ ကျားကြီးမှာ ဘောလီဘောအပုပ်ကောင်းသူမို့ ဘော်လီဘောအဖွဲ့အစည်းရှိကြသော အစိုးရဌာနများက သူတို့အသင်းတွင် ဝင်ရောက်ကစားရန် အလုပ်ခန့်ကာ ခေါ်ယူသော်လည်း သူကတော့ လက်မခံပေ။ သူကစားလိုသော အသင်းများတွင်သာ အပျော်တမ်း ဝင်ရောက်ကစားပေးသည်။

ဤသည်တို့မှာ ခင်ဌေးဝင်းတို့မိသားစုနှင့် ပတ်သက်၍ ချစ်ဖွာသော စာဖတ်သူများ သိရှိကြစေရန် အရိပ်အမြွက် ဖော်ပြထားခြင်းဖြစ်သည်။

ကိုင်း… ဒါက ထားပါတော့။ ယခု ကျွန်တော် ဆက်လက်၍တင်ပြချင်သည်ကတော့ စံရှားနှင့် ထင်ပေါ်တို့အကြောင်းပင်။

သူတို့နှစ်ယောက်စလုံးသည် အလွန်ပင် ပျော်ပျော်ရွှင်ရွှင်နှင့်နေတတ်ကြသော သူများဖြစ်သည်။ အရက်သေစာကို လုံးဝသောက်စားခြင်းမရှိကြသော်လည်း ရုပ်ရှင်ကိုတော့ အလွန်ကြိုက်ကြသည်။ အဲ… မိန်းမချောချောကလေးများ မြင်လျှင်လည်း (ခင်ဗျားတို့၊ ကျွန်တော်တို့ ဝါသနာအတိုင်း) အသေအလဲ ငမ်းတတ်ကြသည်။ သို့ဖြစ်၍ သူတို့သည် ရန်ကုန်မြို့လယ်သို့ ရောက်စရက်များတွင်တော့ မိန်းမချောချောကလေးများ အများဆုံးလာတတ်လေ့ရှိသော ဗိုလ်ချုပ်ဈေးသို့ သွားရောက်၍ ငမ်းကြသည်။ ပြီးတော့ သူတို့ငမ်းခဲ့ကြသမျှ မိန်းမများထဲတွင် မည်သည့်မိန်းမပျိုသည် ထိုနေ့အဖို့ အချောဆုံး၊ အလှဆုံးဖြစ်သည်ကို အငြင်းအခုံတွေလုပ်ကြရင်း အကဲဖြတ်ကြတော့သည်။

သူတို့ သူငယ်ချင်းနှစ်ယောက်မှာ ရန်ကုန်ကတိုက်သို့ ရောက်စ သုံး၊ လေးရက်တွင်တော့ အိမ်တွင် ချက်ပြုတ်၍မစားကြသေးဘဲ ဆိုင်တွင်သာ ကြုံသလို ဝင်စားနေကြသဖြင့် နောက်ဖေးဘက်ရှိတိုက်မှ ခင်ဌေးဝင်းနှင့် မဆုံမိကြသေးပေ။

ပဉ္စမမြောက်နေ့သို့ရောက်ကာမှ ခင်ဌေးဝင်းနှင့် သူတို့



www.burmeseclassic.com

www.burmeseclassic.com



တစ်သွေ့မှာ ဆုံမိကြတော့သည်။ ဆုံမိကြပုံမှာလည်း ဤသို့တည်း။

ထိုနေ့နံနက်ပိုင်းတွင် သူငယ်ချင်းနှစ်ယောက်သည် ကုန်ဈေးတန်းဘက်တွင် ဟင်းလျာများကို သွားရောက်ဝယ်ယူကြပြီးနောက် ပြန်ရောက်ကြသောအခါတွင် ထင်ပေါ်က ထမင်းချက်ရန် ဆန်ဆေးသည်။ စံရှားကတော့ ဝယ်လာသော ကြက်သားကို ခုတ်ထစ်ရန်အတွက် သူသည် ရောက်ကတည်းက ပိတ်ထားသော နောက်ဖေးခန်းမှ ပြတင်းပေါက်တံခါးကို အလင်းရောင်ရစေရန် သွားဖွင့်သည်။ ဖွင့်ရုံသာဖွင့်လျှင်တော့ စံရှားမှာ ခင်ဌေးဝင်းကို တွေ့မြင်လိမ့်မည်မဟုတ်ပေ။ ယခုတော့ စံရှားမှာ ပြတင်းပေါက်ကို ဖွင့်ရင်း ဟိုဟိုသည်သည် ငဲ့၍ကြည့်လိုက်သည်။ ဤတွင် ကျန်းမာရေး လေ့ကျင့်ကာနေသော ခင်ဌေးဝင်းကို သွား၍တွေ့ရတော့သည်။ ခင်ဌေးဝင်းမှာ နောက်ဖေးခန်းတွင် ပေါင်တစ်ဝက်ကျော်ကျော်ပေါ်နေသော အနီရောင်ပိုးဘောင်းဘီတိုကလေးကိုဝတ်ထားပြီး ကိုယ်ပေါ်တွင်မူ စွပ်ကျယ်လက်စကဝတ်ထားသဖြင့် သူ၏တုတ်ခိုင်ဖြူဖွေးသော ပေါင်တံကြီးများ၊ မို့မို့ဖောင်းကာနေသော ရင်အုံကြီးများမှာ အထင်အရှား ဘဝင်ယားစရာပေါ်လွင်နေတော့သည်။

ထိုအထဲတွင် ခင်ဌေးဝင်းမှာ လှုပ်ရှားခန်းများကို ယူနေသည်မို့ အပေါ်ဘက်မှ စီး၍ကြည့်နေရသော စံရှားအဖို့ နံပြားဖုတ်နေသည့် ကုလားလက်လို သူ့စိတ်တွေမှာ သွက်သွက်ကြီးလှုပ်နေတော့သည်။

စိတ်တွေလှုပ်ရှားနေတိုင်း သူသည် တံတွေးများကို တဂွိဂွိနှင့် မျိုချနေရသည်။ ကြာတော့ သူ့ပါးစပ်တွင် မျိုချစရာ တံတွေးပင် လက်ကျန်မရှိအောင် ကုန်တော့သည်။



ထင်ပေါ်ကတော့ ပြတင်းပေါက်တွင် မေးတင်ရင်း မျက်လုံးကြီးကျွတ်ကျတော့မတတ် အောက်ဘက်သို့ ငေးကြည့်နေသော စံရှားကို တအံ့တဩနှင့် လှမ်းမေးသည်။

'ဟကောင်ကြီးရ... ဒါက ဘာလုပ်နေတာလဲ၊ နေရင်းထိုင်ရင်း လေများဖြစ်သွားလို့လားကွာ'

ထင်ပေါ်၏မေးသံကို ကြားရတော့မှ စံရှားသည် ခင်ဌေးဝင်းထံမှ မျက်စိကိုလွှဲလိုက်ပြီး ငှက်ဖျားတက်နေသည့် အသံမျိုးနှင့် ပြန်ပြောသည်။

'သ... သ... သူငယ်ချင်း၊ မြင်... မြင်... မြင်ရတာ ငါ... ငါ... စိတ်... စိတ်... မချမ်းသာလိုက်တာကွာ'

'ဟေ... ဘာတွေများ မြင်ရလို့ စိတ်မချမ်းသာရတာလဲ ကွာ ဪ... သိပြီ၊ ကေန္တ မင်းတွေ့ရပြီထင်တယ်၊ ဟုတ်ပြီလား'

ထင်ပေါ်က သူထင်ရာကို ပြန်ပြောလျှင် စံရှားက မျက်နှာ ကြီးကို ရှုံ့ပြသည်။

'တွတ်ထရီး... ဘယ်ကလာ တွေ့ရမှာလဲကွ၊ တကယ် [illegible]တဲ့ ဧယ်အနိပ်ကလေးကို တွေ့ရလို့ပါ'

'အောင်မယ်လေးကွာ... ဒါကလေးတွေ့ရတာကိုများ မင်းက ဘာလို့စိတ်မချမ်းသာရတာလဲ'

'လှလွန်းလို့ပေါ့ကွ၊ လှလွန်းလို့၊ ဒီလိုချောတာမျိုး ငါ တစ်သက်မှာ မမြင်ဖူးသေးဘူး၊ ဒီတော့ ငါ့စိတ်ထဲမှာ သူကလေး ကို အသည်းစွဲအောင် ချစ်ချင်လာလို့ စိတ်မချမ်းသာဘူးလို့ ပြောတာပါကွ'

'တော်စမ်းပါ ဖိုးသဲရယ်၊ မင်းဆိုတဲ့ကောင်ကတော့ မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



ချောချောကလေးတွေတွေ့တိုင်း ဒီလိုပြောနေကျပဲ'

'ဟကောင်ရ… ဟိုတုန်းက ငါပြောခဲ့တဲ့ မိန်းမတွေနဲ့ အခု ငနဲမနဲ့ဟာ တက်ထရက်နဲ့ ဖျဉ်ကြမ်းလောက်ကို ကွာခြားပါတယ်ကွ၊ မင်းမယုံရင် လာကြည့်စမ်း'

စံရှားသည် နှုတ်မှလည်းပြောရင်း ထင်ပေါ်၏လက်ကို ဆွဲခေါ်ကာ ခင်ဒွေးဝင်းကို ပြသည်။

ထင်ပေါ်မှာ စံရှားညွှန်ပြသည့် နေရာသို့ စိတ်မပါတပါနှင့် လှမ်းကြည့်သည်။

ခင်ဒွေးဝင်း၏ ကိုယ်ကာယအလှကလေးကို တွေ့မြင်ရလျှင်တော့ သူ့မျက်လုံးမှာ ပြူးကျယ်သွားတော့သည်။

'ဟရေးဘာဘာ… ချောလိုက်တာ၊ လှလိုက်တာ၊ ငါ့နှယ် အတွေ့ရနောက်ကျပါဘိလေး၊ ဟင်း… ဟင်း… ဟင်း…'

ထင်ပေါ်မှာ မေးခိုက်သံကြီးနှင့် တအံ့တသြပြန်ပြောနေသည်။

'ကဲ… ငါပြောတာ ဟုတ်တယ်မဟုတ်လား ဖင်ပေါ်၊ အဲလေ… ထင်ပေါ်'

'အေးကွာ… ဒီလောက်တောင် ချောတာလှတာ ငါလည်း မမြင်ဖူးသေးဘူး၊ တောက်… တို့တစ်တွေ အသိနောက်ကျလိုက်လေခြင်းကွာ၊ ကြည့်စမ်းပါဦး… ဘောင်းဘီကလေးကတိုနန့်နန့်၊ ကိုယ်ပေါ်မှာလည်း စွပ်ကျယ်ကလေးနဲ့မို့ ကြည့်လို့မဝရှုလို့မဝဖြစ်နေရတဲ့အထဲ ကျန်းမာရေးလေ့ကျင့်နေလေတော့ မျက်တောင်ခတ်ရမှာတောင် ဝန်လေးစရာကြီး ဖြစ်နေပါလား စံရှားရယ်၊ အဟီး… ဟီး… ဟီး…'

ထင်ပေါ်မှာ ခင်ဒွေးဝင်း၏ အလှကို အငမ်းမရ ကြည့်နေ



ရင်း ပါးစပ်မှ သွားရည်တွေ ယိုစီးကျမတတ် ပြောနေသည်။

'ကိုင်း… ကိုင်း… ဒီလောက်ကြည့်ရရင် တော်ရောပေါ့၊ ဟိုမှာ ထမင်းအိုးပွက်နေပြီ၊ ငါကြည့်ပါရစေဦး'

စံရှားသည် ထင်ပေါ်ကို ပြတင်းပေါက်မှ တွန်းဖယ်ပစ်ရင်း ပြောသည်။

'နေပါဦးကွာ… နည်းနည်းလောက် ကြည့်ပါရစေဦး'

'ဟင့်အင်းကွာ… မင်းကို ကြည့်ခွင့်မပေးနိုင်ဘူး၊ ဒါ လေးဟာ ငါအရင်တွေ့တာမို့ ငါဆိုင်တယ်၊ မင်းနဲ့မဆိုင်ဘူး၊ ယ်ကွာ…'

စံရှားမှာ ပြောရင်းမှ ထင်ပေါ်၏ခါးကို ကိုင်မကာ တင်းပေါက်မှ ဖယ်ပစ်သည်။ ထင်ပေါ်မှာ စံရှား၏လက်တွင် လန့်ကန့်လန့်နှင့် ပါသွားတော့သည်။

'ရှီးမှပဲ… အကောင်းကလေးတွေ၊ အနိပ်ကလေးတွေဆို မင်းချည်းပဲ၊ တော်တော်မတရားတဲ့ကောင်'

ထင်ပေါ်သည် စံရှားကို မကျေမနပ်နှင့် ပြောပြီးနောက် ဘွက်ပွက်ဆူကာနေသော ထမင်းအိုးကို ငှဲ့နေတော့သည်။ စံရှား တော့ သူ့ကိုပြန်ပြောမနေတော့ဘဲ ခင်ဒွေးဝင်းကိုသာ မမှိတ် မျက်လုံးအစုံဖြင့် အစွမ်းကုန်ငမ်းနေသည်။

ထိုသို့ သူ ငမ်းနေမှုကြောင့် တစ်ကြိမ်တွင်တော့ ခင်ဒွေး သည် ကျန်းမာရေးလေ့ကျင့်နေရာမှ အမှတ်မထင် စံရှား ကြည့် ဘက်သို့ လှမ်း၍ကြည့်မိသည်။ ဤတွင် စံရှားနှင့် ခင်ဒွေး မှာ မျက်စိချင်းတိုက်မိသွားကြသည်။ အဲလေ… မျက်စိချင်း သွားကြသည်။ ခင်ဒွေးဝင်းစိတ်ထဲတွင် မည်သို့ဖြစ်မည်ကို

www.burmeseclassic.com

www.burmeseclassic.com



မသိသော်လည်း စံရှား၏ရင်ထဲတွင်တော့ မောင်းကြီးတီးလိုက်သလို တဒုဒုနှင့် ဖြစ်သွားတော့သည်။

ခင်ဌေးဝင်းမှာ သူ့ကို မျက်လုံးကြီးအပြူးသားနှင့် ငမ်းကာကြည့်နေသော စံရှားကိုတွေ့ရလျှင် ဒေါပွသွားဟန်နှင့် နှုတ်ခမ်းကြီးစူပြသည်။

ငမ်းသည့်နေရာတွင် အမည်နှင့်လိုက်အောင် ပြိုင်စံရှားသည့် စံရှားက သွားကလေးများပေါ်အောင် ပြုံး၍ပြသည်။

ထိုအခါတွင်တော့ ခင်ဌေးဝင်းက အောက်နှုတ်ခမ်းကို အပေါ်သွားကလေးများနှင့်ကိုက်ရင်း စံရှားကို လက်သီးဆုပ်ပြသည်။

ခင်ဌေးဝင်းက လက်သီးကို ဆုပ်ပြသောအခါ စံရှားကလည်း သူ၏လက်ဝါးကို ပြန်၍ဖြန့်ပြသည်။ ခေတ်သစ် မဟောသနှင့် အမရာ ပြန်ပြောင်းဇာတ် ခင်းလိုက်ကြခြင်းပင်။ စံရှား၏လက်ဝါးဖြန့်ပြမှုကြောင့် ခင်ဌေးဝင်းမှာ ဒေါပွသွားဟန်နှင့် ချာခနဲလှည့်၍ နောက်ဖေးခန်းမှ အပြင်သို့ထွက်သွားသည်။

စံရှားမှာ သူ့ကို ဒေါပွသွားသည့် ခင်ဌေးဝင်းအဖြစ်ကို တခစ်ခစ်နှင့်ရယ်ရင်း သူလည်း ပြတင်းပေါက်မှ ပြန်ခွာလာသည်။

'ဟကောင်ရ... ဘာများသဘောကျပြီး တခစ်ခစ်ဖြစ်နေရတာလဲကွ'

စံရှား၏ရယ်သံကြောင့် ထမင်းအိုးငှဲ့ကာနေသော ထင်ပေါ်က လှမ်းမေးသည်။

'သဘောကျဆို ငါ့ကို ဟိုတိုက်က အနိုပ်ကလေးကလေး အဟိ... လက်သီးဆုပ်ပြတယ်ကွ'



'ဒါ ရယ်စရာလားကွ၊ ဟိုက လက်သီးဆုပ်ပြတာဟာ မင်းကို အမြင်ကတ်လို့ပေါ့'

'ဟယ်... မဟုတ်တာကွာ၊ မင်းဟာ ဒီဘက်မှာတော့ အတွေးအခေါ် ညံ့ပါသေးတယ်၊ ဒီသဘောမျိုး မဟုတ်ပါဘူးကွ'

'ဒီသဘောမျိုးမဟုတ်ရင် ဘယ်သဘောမျိုးလဲ၊ပြောပါဦး'

'ပြောရမယ်ဆိုရင် မပြောခင် မဟောသနဲ့ အမရာဇာတ်လေးကို ပြန်ပြောဦးမှကွ၊ ဒါမှ မင်း သဘောပေါက်မှာ'

'အောင်မယ်လေးဟဲ့... ကြီးကျယ်လိုက်တဲ့ မှိုမှိုဖင်ခေါင်းရယ်၊ မင်းတို့နဲ့ အဲဒီဇာတ်နဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့ကွ၊ မဟောသဟော ကြင်ရာရှာအထွက်မှာ အမရာနဲ့တွေ့ကြတော့ မဟောသက လက်ဆုပ်လက်ကိုင်ရှိသလားဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ လက်သီးဆုပ်ပြတယ် မဟုတ်လား'

စံရှားကပြောလျှင် ထင်ပေါ်က ခေါင်းပြန်ညိတ်ပြသည်။

'ဒီအခါမှာ အမရာက လက်ဆုပ်လက်ကိုင် မရှိပါဘူး၊ သူဟာ အပျိုပါဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ လက်ဝါးပြန်ဖြန့်ပြတယ် မဟုတ်လားကွ'

'အေးပါ... ဒါတွေကို ငါသိပါတယ်၊ အဲဒါနဲ့ မင်းတို့နဲ့ ဘာဆိုင်လို့လဲလို့' ထင်ပေါ်က စိတ်မရှည်သံနှင့် ပြန်ပြောသည်။

'ဆိုင်ကြောင်းကို ငါပြောပြမယ်ရလကွာ၊ တို့လည်း ဒီအတိုင်းပဲ၊ အေး... တို့ကတော့ ပြောင်းပြန်ကွ၊ သူက ငါ့ကို လက်သီးဆုပ်ပြတယ်၊ အဓိပ္ပာယ်ကတော့ ငါ့မှာ အထုပ်အထည်ရှိသလားဆိုတဲ့ သဘောပဲကွ'

'ဒီတော့ မင်းက ဘာပြန်ပြောသလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ငါက လက်ဝါးဖြန့်ပြတယ်လေ၊ အဓိပ္ပာယ်ကတော့ ငါ့မှာ ဘာအထုပ်အထည်မှ မရှိဘူး၊ ဘိုင်ကောင်တစ်ယောက်ပဲဆိုတဲ့ သဘောပေါ့ကွ၊ ဟား… ဟား… ဟား…'

စံရှားက စကားအဆုံးတွင် ရယ်နေသည်။ ထင်ပေါ်မှာလည်း ရော၍ရယ်နေမိရင်းမှ စံရှားကို ပြန်ပြောသည်။

'အိမ်း… အဲဒီလိုသာဆိုရင် မင်းနဲ့ သူတော့ နီးစပ်နေပြီ၊ မင်းလို ဘိုင်ကောင်တစ်ယောက်ကို သူက မှန်းပါ့မလားကွ၊ တော်တော်ဖျင်းတဲ့ ကောင်ပဲ'

'ဟာ… အဲဒါက မင်းအမြင်ကိုးကွ၊ ဒီမှာ သူငယ်ချင်း၊ ချစ်တယ်၊ ကြိုက်တယ်ဆိုတာ ငွေတို့ ဂုဏ်တို့ရှိမှ မဟုတ်ပါဘူးကွ၊ တကယ့် မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်ကြရင် ဒါတွေဟာ မလိုပါဘူး၊ ဒါကြောင့် ငါကလည်း သူ့ဆီက မေတ္တာစစ် မေတ္တာမှန်ကို လိုချင်လို့ အခုလို ပြလိုက်တာပေါ့ကွ၊ ရှင်းပြီလား'

'တော့်စမ်းပါကွာ… မိန်းမနဲ့ ယောကျ်ား ချစ်ကြကြိုက်ကြတဲ့နေရာမှာ ငွေတို့၊ ဂုဏ်တို့ မလိုဘူးဆိုတာ၊ ခပ်ရှင်းရှင်းပြောရရင် တဏှာရူးရောဂါထနေတုန်းအချိန်လောက်မှာသာ ဖြစ်နိုင်တာပါ၊ ဒီရောဂါ ကျသွားတဲ့အခါကျတော့ အချစ်တစ်ခုတည်းနဲ့ မပြီးဘူး မောင်၊ နေ့တိုင်း ထမင်းစားသောက်နေကြတာမို့ စားဖို့သောက်ဖို့အတွက် လိုလာပြီ၊ တူနှစ်ကိုယ် ထမင်းရည်လျှက်ရတော့ဆိုတာတွေ၊ မောင့်မေတ္တာကို ပေးအပ်သည်ကလွဲလို့ ဘာဆိုဘာမှမရှိဘူးကွယ် ဆိုတဲ့ သီချင်းတွေဟာ စိတ်ကူးယဉ်သက်သက်ပါ၊ လက်တွေ့ကျတော့ မဖြစ်နိုင်ပါဘူး၊ တစ်နည်းအားဖြင့်ဆိုရင် မိန်းမတစ်ယောက်ကိုယူရင် အဲဒီမိန်းမကို ရှာဖွေကျွေးနိုင်ရမယ်၊



မေတ္တာချည်းပေးပြီး မိန်းမထဘီနှား ကပ်စားချင်တာမျိုးတော့ ငါ သိပ်ရွံတာပဲကွ'

ထင်ပေါ်က ပြန်၍နှက်လိုက်လျှင် စံရှားမှာ အထိနာသွားဟန်နှင့် ဇက်ကလေးကို ပုပြမိသည်။

'အေး… ဒီနေရာမှာတော့ မင်းက ငါ့ထက်သာသွားပြီ၊ ဟုတ်တယ်ကွ၊ မင်းပြောတာကို သေသေချာချာတွေးကြည့်တော့ တစ်ဦးနဲ့တစ်ဦး ချစ်နေကြရုံနဲ့ ပြီးကြတာမဟုတ်ဘူး၊ အသက်ရှင်ရေးအတွက် စားဖို့ သောက်ဖို့ကလည်း ရှိသေးတော့ ငွေရေးကြေးရေး ပြေလည်မှဖြစ်မှာဆိုတာ ငါလည်း စဉ်းစားမိပါပြီ'

စံရှားက ပြန်ပြောလျှင် ထင်ပေါ်က ခပ်ပြုံးပြုံးကလေး ကြည့်ရင်း မေးသည်။

'ဒီလိုဆို ဟိုအနိုပ်ကလေးကို မင်းက ဆက်မပိုးတော့ဘူး ဆိုပါတော့'

'အယ်… ဘာလို့ မပိုးရမှာလဲ၊ မရရအောင်ကို ပိုးမှာပဲ၊ ရှင် ရှာကျွေးဖို့ ငါ့တာဝန်ပေါ့ကွ၊ မင်းက ကြားကနေ အချောင်ဆင်အုပ်မလို့ ဒီလိုမေးတာလား၊ မရဘူး မောင်'

စံရှားက မျက်နှာကြီး မဲ့ကာရွဲ့ကာနှင့် ပြောနေသဖြင့် ထင်ပေါ်မှာလည်း တဟားဟားနှင့် ရယ်နေတော့သည်။

စံရှားသည် ထင်ပေါ်ကို ပြောအပြီးတွင် ကြက်သားခုတ်ရန်အတွက် ဓားနှင့် စဉ်းတီးတုံးကို သမံတလင်းပေါ်တွင် ချလိုက်သည်။ ပြီးတော့ ကြက်ကောင်ကို ဟင်းချက်ရန်အတွက် ဖျက်နေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## (နှစ်)

## စွဲမိသူမှာ

စံရှားမှာ ခင်ဌေးဝင်းရုပ်သွင်ကို တွေ့မြင်လိုက်ရသည့် အချိန်မှစ၍ ဖြန်းဖြန်းကွဲအောင် တန်းတန်းစွဲဖြစ်ကာနေသဖြင့် နောက်တစ်ကြိမ် တွေ့မြင်ရနိုးနိုးနှင့် ပြတင်းပေါက်မှနေ၍ စောင့်မျှော်ကာ ကြည့်နေမိသေးသည်။ သို့သော် သူ့ခမျာ ခင်ဌေးဝင်းကို မတွေ့မြင်ရတော့ပေ။ တွေ့မြင်ရပါမည်လော၊ ခင်ဌေးဝင်းမှာ ရုံးသူတစ်ဦးမို့ သူစောင့်မျှော်၍ကြည့်နေသော အချိန်တွင် ရုံးသို့ထွက်သွားပြီ ဖြစ်သည်။ သို့ဖြစ်၍ ခင်ဌေးဝင်းကိုသာ မတွေ့ရသည် မဟုတ်ဘဲ နောက်ဖေးတံခါးကိုပါ ပိတ်ထားသည်ကို စံရှား တွေ့ရသည်။

အမှန်ကတော့ ခင်ဌေးဝင်းတို့မှာ တစ်အိမ်လုံးတွင် လူသုံးဦးသာရှိကြသဖြင့် သုံးဦးစလုံး အိမ်တွင်မရှိကြသည့်အခါတွင် အခန်းတံခါးတွေပိတ်ကာ တိုက်ခန်းကို သော့ခတ်ကာ သွားလေ့ရှိကြသည်။ မိခင်ဖြစ်သူ ဒေါ်နီနီက ဗိုလ်ချုပ်ဈေးတွင် အထည်ဆိုင်ထွက်သည်မို့ နံနက် (၇)နာရီဆိုလျှင် ဈေးသို့ထွက်သွားတော့သည်။ အစ်ကိုဖြစ်သူ ကျားကြီးကတော့ မိုးလင်းသည်နှင့် တစ်ပြိုင်နက် ဘော်လီဘောလေ့ကျင့်ရန် ထွက်သွားတော့သည်။ ခင်ဌေးဝင်း တစ်ယောက်သာလျှင် (၉)နာရီ မထိုးမချင်း အိမ်တွင် ရှိနေသည်။



(၉)နာရီ ထိုးပြီးသည်နှင့် ခင်ဌေးဝင်းကလည်း ရုံးတွင် နံနက်စာ စားရန်အတွက် ထမင်းချိုင့်ကလေးကိုဆွဲကာ ရုံးသို့ထွက်သွားသည်။ ဤသည်တို့မှာ တနင်္ဂနွေနေ့မှလွဲ၍ နေ့စဉ်ပြုလုပ်နေကျ သူတို့၏ ဝတ္တရားများဖြစ်ကြသည်။ တနင်္ဂနွေနေ့တွင်တော့ သူတို့ မိသားစုတစ်တွေမှာ စုံစုံလင်လင်နှင့် အိမ်တွင်ရှိကြသည်။ အလုပ်သမားတွေမို့ သူတို့သည် ဟင်းလျာများကို ညဘက်တွင် အပြီး ချက်ပြုတ်လေ့ရှိကြသည်။

မိခင်ဖြစ်သူ ဒေါ်နီနီက ညနေ ဈေးမှပြန်လာတိုင်း ဟင်းလျာများကိုပါ တစ်ပါတည်း ဝယ်လာသည်။ ခင်ဌေးဝင်း ပြန်ရောက်လာသောအခါတွင် သူတို့သည် ညကတည်းက ညစာနှင့် နောက်တစ်နေ့ နံနက်ပိုင်းတွင် စားကြရန် ချက်ထားလေ့ရှိသည်။ အစ်ကိုဖြစ်သူ ကျားကြီးကတော့ အိမ်တွင် စားချင်မှစားသည်။ ကြုံရာတွင် စားလာသည်က များသည်။

ထိုအကြောင်းများကို ခင်ဌေးဝင်းအား ငမ်းနေသော စံရှားက မသိပေ။ သူ၏စိတ်ထဲတွင် ခင်ဌေးဝင်းကို ရုံးသူတစ်ဦးဟု မထင်ဘဲ အိမ်တွင် ပေါ်ကြော့နေသူတစ်ဦးဟုသာ မှတ်ထင်နေသည်။ ထိုသို့ မှတ်ထင်နေသဖြင့် သူသည် ခင်ဌေးဝင်း၏ အရိပ်အခြည်ကို တစ်နေ့လုံး စောင့်၍ မြင်ရသောအခါတွင် သူ့ပေါ်တွင် ခင်ဌေးဝင်းက တကယ်ပင် စိတ်ဆိုးသွားပြီဟုထင်ကာ စိတ်မကောင်းဖြစ်နေမိတော့သည်။ ထင်ပေါ်မှာ ကျောင်းကိုပင် မတက်နိုင်တော့ဘဲ တမှိုင်မှိုင် တတွေတွေနှင့်ဖြစ်ကာ အလွှမ်းမင်းသားဂိုက်ဖမ်းနေသည့် သူငယ်ချင်းဖြစ်သူကိုကြည့်ပြီး အားပေးစကား ပြောရသည်။

'မင်းနှယ်ကွာ… တစ်နေ့ကလေး မမြင်ရတာနဲ့ ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ သေတော့မယ့်အတိုင်းပဲ၊ ဒီလောက်ပဲ ဖြစ်မနေစမ်းပါနဲ့၊ ကနေ့မတွေ့ရရင် မနက်ဖြန်တော့ တွေ့ရလိမ့်မပေါ့၊ အိမ်ချင်းက လည်း ကပ်နေတဲ့ဟာ၊ အားတင်းစမ်းပါကွ'

'အားတော့ တင်းတာပဲ သူငယ်ချင်း၊ ဒါပေမဲ့ သူဟာ ငါ့ကို တကယ်ပဲ စိတ်ဆိုးသွားသလား မသိဘူး၊ ဒီတော့ ငါ့ကို စိတ်မဆိုးဖို့ ဘယ်လိုတောင်းပန်ရမလဲ 'ဟင်'

စံရှားက ညောင်နာနာအသံနှင့် ပြန်ပြောသည်။

'တောင်းပန်နေစရာ မလိုပါဘူးကွာ၊ သူ့ကို တောင်းပန်ရအောင် မင်းက ဘာအပြစ်တွေများ လုပ်ထားလို့လဲ၊ ဒီမှာ သူငယ်ချင်း၊ မိန်းမတစ်ယောက်ကို ပိုးတဲ့နေရာမှာ သိပ်ပြီးပျော့ ညံ့ညံ့တော့ လုပ်မနေနဲ့၊ မာမာပဲပိုးကွ၊ မင်းကို ငါ တစ်ခုအကြံ ပေးမယ်၊ မင်းဟာ ကဗျာဆရာတစ်ယောက်လည်း ဖြစ်တယ်၊ ဒီတော့ မနက်ဖြန်မနက် သူ့ကိုတွေ့ရရင် မင်းက ဒီကနေ အင်္ဂလိယသံ ပေးကွာ၊ ဟုတ်ပြီလား'

'ဘာလဲကွ… အင်္ဂလိယသံဆိုတာ၊ မင်းဟာကလည်း'

'အာ… တယ်လည်း နားဝေးတဲ့ကောင်ပဲ၊ အင်္ဂလိယသံဆို တာ ဖိုသံကို ပြောတာလေကွာ၊ ဟား… ဟား… ဟား…ဟား'

ထင်ပေါ်က သူ့စကားကိုသူ သဘောကျနေဟန်နှင့် ရယ် နေသော်လည်း စံရှားကတော့ မရယ်နိုင်ပေ။

'ဆိုစမ်းပါဦး၊ ငါက ဘယ်လိုဖိုသံပေးရမှာလဲ'

'ဒီလိုလုပ်ကွာ… သူနေတဲ့တိုက်နဲ့ တို့နေတဲ့တိုက်ဟာ ကျောချင်းကပ်နေကြတာမို့ ပြတင်းပေါက်ကနေ မင်းက သူ့အရှေ့ အလှကလေးတွေကို ကဗျာဖွဲ့ပြီး ဆိုပြလိုက်ရင် မကြားဘဲနေမှာ မဟုတ်ဘူးကွ၊ ဆိုရော ဆိုရဲ့လား'



'ဆိုရဲပါတယ်ကွာ၊ ဘာ မဆိုရဲစရာရှိလဲ၊ ငါက ဒီလို ဆိုပြလိုက်တော့ ဟိုက ချက်ချင်းပြန်ကြိုက်ရောတဲ့လားကွ'

'ဟယ်… မင်းကတော့ ပြောရော့မယ်၊ မိန်းကလေးပဲ ကွ၊ ချက်ချင်းတော့ ဘယ်မှာပြန်ကြိုက်ပါ့မလဲ၊ မိန်းမတို့ရဲ့ သံမဏိ လမ်းစဉ်အတိုင်း အိုက်တင်တော့ ခံဦးမှာပေါ့၊ ဒါကို မင်းက မလျှော့သောဇွဲနဲ့ နေ့စဉ် ဆိုပြရမယ်၊ ဘယ့်နှယ်လဲ'

'အို… စိမ်လိုက်၊ ငါက ကိုယ်ချစ်တဲ့ မိန်းကလေးတစ် ယောက်ကို ပိုးရမယ်၊ ငမ်းရမယ်ဆိုရင် အငမ်းမှာ စံတင်ထားကြ ရတဲ့ မင်းကုသနဲ့ မာဒဂံတို့ ချမှတ်ခဲ့ကြတဲ့ လမ်းစဉ်အတိုင်း ငါ က လိုက်မှာပါ၊ စိတ်သာချ'

စံရှားက အားပါးတရ ပြန်ပြောလျှင် ထင်ပေါ်က ဝမ်းသာအားရနှင့် စံရှားလက်ကိုဆွဲကာ ကွန်ဂရက်ကျူလေးရှင်း လုပ်လိုက်သည်။ ထို့နောက်တော့ စံရှားသည် စောစောကလို ဆွေးမနေ ဆွေးမနေတော့ဘဲ ခင်ဌေးဝင်းကို သူ မည်မျှချစ်ကြောင်း ကို တေးထပ်ကလေးတစ်ပုဒ်ရေးကာ စပ်နေတော့သည်။စပ်ပြီး သည့်နောက် သူသည် သူငယ်ချင်းဖြစ်သူ ထင်ပေါ်ကို သံနေသံ ထားနှင့် ဆိုပြသည်။ ထင်ပေါ်မှာ သဘောကျသွားဟန်နှင့် သူ၏ တေးထပ်အဆုံး တွင် လက်ခုပ်လက်ဝါးတီးကာ ဩဘာပေးသည်။

'ကောင်းတယ်ဟေ့… တကယ်ကောင်း၊ သိပ်ကောင်းပဲ၊ ပြီးတော့ ထိလည်းထိ၊ မိလည်း မိတယ်ကွ၊ ဒီကြားထဲ မင်းက လည်း အသံရော အဆိုရော ပိုင်တော့၊ မင်းငနဲမ တစ်ခါတည်း ကျမှာ သေချာတယ်'

'ဘယ်ကိုကျမှာလဲကွ၊ တိုက်ပေါ်ကနေ အောက်ကိုကျမှာ လား၊ ဟား… ဟား… ဟား…'

www.burmeseclassic.com



ထင်ပေါ်၏စကားအဆုံးတွင် စံရှားကအရွှန်းဖောက်သည်။

‘ငါကစကားအကောင်းပြောနေရင် မင်းကဖောက်လာပြီ’

‘စိတ်မဆိုးပါနဲ့ကွာ၊ ငါဟာ သူကလေးနဲ့ တွေ့ရတော့မယ့် မနက်ဖြန်ကို အခုကတည်းက တွေးပြီး ပျော်မြူးနေမိလို့ပါ’

‘အေး… ပျော်တာလည်း ပျော်တာပေါ့၊ သိပ်လည်း အူရှင်မနေနဲ့ မောင်၊ ရယ်ရလွန်းတော့ ငိုရတတ်သတဲ့၊ ဒီတော့ မငိုရအောင် အခုကတည်းက အားပါးတရ ထိုင်ငိုနေစမ်းကွာ၊ ဒါမှ မနက်ဖြန်ကျရင် ကြိမ်းကျေပြီး ပျော်ကြရအောင်’

‘တော်စမ်းပါကွာ၊ မဦးမချွတ်တွေ ပြောမနေစမ်းပါနဲ့ ငါလည်း မငိုတတ်ဘူး၊ ဒီတော့ တို့ ဒီလို အလကားနေကြမယ့် အစား ရုပ်ရှင်သွားကြည့်ကြရအောင်လား’

‘အေး… ဟုတ်တယ်၊ ဒီအကြံဟာ အလွန်ကောင်း သိ ကောင်းဘဲ၊ သွားကြစို့… ဘယ်ရုံသွားမလဲ’

ထင်ပေါ်က သဘောတူဟန်နှင့် ပြန်ပြောသည်။

‘ဘယ်ရုံသွားမလဲဆိုတော့ ပရက်စီးဒင်းမှာ ပြနေတဲ့ ကာ ကောင်းတယ်ကွ၊ အဲဒီကား သွားကြည့်မယ်၊ ဒီတစ်ခါတော့ ငါ ဒကာခံပါ့မယ်ကွာ၊ ဖားသားကြီးဆီက ပို့လိုက်တဲ့ငွေဟာ အ ထက်ထိ မကုန်သေးလို့ ကုန်အောင်ဖြုန်းချင်လို့ပါ’

‘အိုကေ… ဒီလိုဆို သွားကြစို့လား’

သူငယ်ချင်းနှစ်ဦးမှာ ရယ်ရယ်မောမောနှင့် ပြောဆိုပြ ပြီးနောက် ရုပ်ရှင်ကြည့်ကြရန်အတွက် အဝတ်များကို လဲလှယ် ကြတော့သည်။

❑

(သုံး)

# ငမ်းငနဲနဲ့ ဆတ်ဆတ်ကြဲ

နောက်တစ်နေ့နံနက် အစောကြီးအချိန်တွင် ဝီရိယကောင်း လှသော စံရှားမှာ နိုးနေတော့သည်။ သူသည် နိုးနိုးချင်း မျက်နှာ ကို မသစ်နိုင်ဘဲ နောက်ဖေးပြတင်းပေါက်ကို ပြေးဖွင့်ကာ ခင်ငွေးဝင်း၏အခန်းကို ငုံ့ကြည့်သည်။ အချိန်မှာ စောလွန်းသေး သဖြင့် ခင်ငွေးဝင်းမှာ အိပ်ရာမှပင် မထသေးပေ။ ခင်ငွေးဝင်း မနိုးသေးသဖြင့် ပြတင်းပေါက်တံခါးမှာ ပိတ်လျက်ပင် ရှိနေသေး သည်။ စံရှားမှာ ပြတင်းပေါက်တံခါး ပိတ်ထားသည်ကို တွေ့ရ လျှင် စိတ်ပျက်သွားဟန်နှင့် သူ၏မျက်နှာ မဲ့ပစ်သည်။

ပြီးတော့ သူသည် မက်ကလိန်း သွားတိုက်ဆေးကို သွား ပွတ်တံတွင်ထည့်ကာ သွားတိုက်နေသည်။ သွားတိုက်နေရင်းမှ လည်း ခင်ငွေးဝင်းတို့ ပြတင်းပေါက်တံခါး ဖွင့်ပြီလားဟူသော အတွေးနှင့် လှမ်းလှမ်းကြည့်သည်။

သူ သွားတိုက်ပြီးသည့်နောက် မျက်နှာကိုပါ သစ်၍ ပြီးသောအခါတွင်မှ ခင်ငွေးဝင်းတို့၏ ပြတင်းပေါက်တံခါးမှာ ဖွင့်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါတွင် သူသည် ဝမ်းသာအားရနှင့် ငုံ့၍ကြည့်ရာ ပြတင်းပေါက်တံခါးဖွင့်သူမှာ ခင်ဒွေးဝင်းမဟုတ်ဘဲ မိခင်ဖြစ်သူ ဒေါ်နီနီ ဖြစ်နေသဖြင့် သူသည် ဝင်ပြေးရသည်။

နောက်တော့ သူသည် စိတ်ပျက်ပျက်နှင့် ရေနွေးအိုးကို တည်နေသည်။ ရေနွေးအိုးဆူ၍ သူနှင့် ထင်ပေါ်တို့ သောက်ကြရန် လက်ဖက်ရည်များကို ဖျော်ပြီးသောအခါတွင်မှ သူသည် ခင်ဒွေးဝင်းကို တွေ့ရတော့သည်။ သည်တစ်ကြိမ်တွင်တော့ သူသည် ယမန်နေ့က ပြတင်းပေါက်တွင် သူ၏မျက်နှာကို တစ်ဖက်မှ မြင်အောင် ထုတ်မပြတော့ဘဲ အသာချောင်းကြည့်နေသည်။ ခင်ဒွေးဝင်းကတော့ သူ၏ပြုလုပ်မြဲအတိုင်း ကျန်းမာရေးလေ့ကျင့်နေသည်။ ခင်ဒွေးဝင်း ကျန်းမာရေးလေ့ကျင့်နေသောအခါတွင်မှ ထင်ပေါ်မှာ စက်တော်ခေါ်ရာမှ နိုးလာတော့သည်။

စံရှားမှာ ထင်ပေါ် နိုးလာသည်ကို တွေ့ရလျှင် ကြိမ်းတော့သည်။

'နိုးမှလာသေးတော့တယ်ကွာ၊ အအိပ်ကလည်း ကြီးလိုက်တာ'

ထင်ပေါ်မှာ စံရှား၏ကြိမ်းသံကြောင့် စပ်ဖြဲဖြဲနှင့် ပြန်ကြည့်ရင်း ပြောသည်။

'ကြီး ဘာဖြစ်လဲကွ၊ ငါ့မှာက ဘာအပူအပင်မှ မရှိတော့ ဇိမ်နဲ့ အိပ်၊ ဇိမ်နဲ့ စားပဲ၊ ဒါကို မင်းက မနာလိုဖြစ်မနေပါနဲ့'

'ဩော်… မင်းက ဒီလိုကြေးလား၊ ငါ့ကိစ္စကို မင်းက အကူအညီမပေးနိုင်ဘူးဆိုတာပေါ့၊ ဟုတ်လား'

စံရှားက မျက်နှာတည် မျက်နှာထားနှင့် မေးတော့မှ



ထင်ပေါ်မှာ တဟားဟားနှင့် ရယ်ရင်း ပြန်ချော့သည်။

'ဟား… ဟား… ဟား… ငါက အလကားနောက်တာပါကွာ၊ မင်းကလည်း ဆိတ်ချည်းပဲ၊ တစ်ခါတလေ ဘဲကလေး၊ ကြက်ကလေး လုပ်ဦးမှပေါ့၊ ဟား… ဟား…ဟား'

'တော်စမ်းပါ… အခုမှ ငါ့လာချော့မနေပါနဲ့၊ မင်းဟာ ဘာမှအားကိုးရတဲ့ကောင် မဟုတ်ဘူး'

'အားကိုးရပါတယ်ကွာ၊ ကိုင်း… ပြောစမ်း၊ အခု ငါ ဘာလုပ်ပေးရမလဲ၊ ပြော'

'မလိုပါဘူး တော်ပါပြီ၊ ငါ့ဘာသာပဲ ငါလုပ်ပါ့မယ်၊ ဟိုမှာ တွေ့လား၊ ကျန်းမာရေးလေ့ကျင့်နေပြီကွ'

စံရှားသည် ခင်ဒွေးဝင်း ကျန်းမာရေးလေ့ကျင့်ရာသို့ လက်ညှိုးထိုးပြသည်။

'ဟေ… ဟုတ်လား၊ ဒီလိုဆို ငါ ဝအောင်ကြည့်လိုက်ဦးမယ်'

ထင်ပေါ်မှာ ပြောရင်း ခင်ဒွေးဝင်းကို ပြတင်းပေါက်မှ ငုံ့ကြည့်ရန် ပြင်သည်။

'ဟော့… ဟော့… ဟော့ကောင်ကြီး၊ ဒီလိုသွားမလုပ်နဲ့လေကွာ၊ တော်ကြာ ဟိုက မြင်သွားလို့ မနေ့ကလို တစ်နေ့လုံး မမြင်ရဘဲ နေပါဦးမယ်၊ ငါ့ကိစ္စပြီးမှ လုပ်ချင်ရာလုပ်ပါ၊ ရှိုးမပဲ'

ထိုအခါကျမှ ထင်ပေါ်မှာ သွားကြီးအဖြီးသားနှင့်လုပ်တာ မကြည့်ဘဲနေတော့သည်။ ထင်ပေါ်၏ နံနက်အိပ်ရာထကိစ္စများ ပြီးစီးသွားသောအခါတွင် သူတို့နှစ်ယောက်သည် လက်ဖက်ရည်သောက်နေကြသည်။ သူတို့ လက်ဖက်ရည်သောက်နေကြ

www.burmeseclassic.com

www.burmeseclassic.com



သည့်အချိန်တွင် ခင်ရွှေဝင်းမှာ ကျန်းမာရေးလေ့ကျင့်၍ ပြီးစီးသွား[...] ပြီမို့ ရေချိုးခန်းထဲတွင် ရေဝင်ချိုးနေသည်။

စံရှားမှာ ခင်ရွှေဝင်း နောက်ဖေးမီးဖိုချောင်သို့ ပြန်လည် ရောက်မည့်အချိန်ကို ပြတင်းပေါက်မှ အသာချောင်းကာ စော[င့်] ကြည့်နေသည်။ နာရီဝက်ခန့် ကြာသောအခါတွင်မှ ခင်ရွှေဝင်း မှာ နောက်ဖေးခန်းသို့ သနပ်ခါးရေကျဲကလေး လိမ်းထားရင်း ပြန်ရောက်လာသည်။

ထင်ပေါ်မှာလည်း စံရှားနည်းတူ ခင်ရွှေဝင်းကို စော[င့်] ကြည့်နေသူမို့ ခင်ရွှေဝင်းကိုတွေ့ရလျှင် စံရှားကို လှမ်းပြောသည်။

'ကိုင်း… သူငယ်ချင်း၊ မင်းသမီးတော့ ဖြီးလိမ်းပြီး ရောက်လာပြီ၊ ဒီတော့ မင်းသားဖြစ်တဲ့မင်းက ဖိုသံပေးလိုက်[...] ငါက ဆိုင်းလိုက်ပေးမယ်'

ထင်ပေါ်က ပြုံးဖြီးဖြီးမျက်နှာနှင့် ပြောသည်။ စံရှားမှာ တစ်စုံတစ်ခုကို စဉ်းစားနေဟန်နှင့် မျက်မှောင်ကြုတ်ကာနေသည်။ ခဏကြာမှ သူသည် ထင်ပေါ်ဘက်သို့ လှည့်၍ ပြန်ပြောသည်။

'ဒီမှာဟေ့ သူငယ်ချင်း၊ ငါစပ်ထားတဲ့ တေးထပ်[ကို] မဆိုခင် စလေဦးပုညရဲ့ မယ်ဘွဲ့တေးထပ်ကို ဆိုကြည့်ချင်တယ် ကွာ၊ သူ့သဘောသိရအောင်လို့ပေါ့၊ ဘယ့်နှယ်လဲ'

'အေး… နိပ်သားပဲ၊ ဖွတ်တယ်ထင်ရင်ဒူးသာဒူးစမ်းကွာ'

ထင်ပေါ်က စံရှား၏အဆိုကို ရာနှုန်းပြည့်ထောက်ခံသည်။

'ကိုင်း… ဒီလိုဆို ငါဆိုမယ်၊ ဟုတ်ပြီလား'

စံရှားသည် ထင်ပေါ်ကို ပြောပြီးနောက် ပြတင်းပေါက် သို့ထွက်ကာ ခင်ရွှေဝင်းကြားစေရန် အသံနေအသံထားနှင့် ဦးပုည[...] မယ်ဘွဲ့တေးထပ်ကို အောက်ပါအတိုင်း ဆိုနေတော့သည်။

*(ရှုလေလေ သရေတင့်၊ ကျူငွေပွင့်စန်းယုန်၊ ယဉ်သရွေ [...]ခင်းကုန်၊ နတ်ခြောက်ဘုံ မရှိ၊ အလှနှင့် အယဉ်၊ ကမ္ဘာစဉ် [...]ောင်ထွန်းမဲ့ မိ။ သိကြားနှင့် ဗြဟ္မာ၊ ရုပ်ပုံလွှာပြကတိ၊ လုံမမယ် [...]ဘော်ညီစေဖို့၊ ပုံတော်ရှိ ကူးစေ၊ နတ်ဗြဟ္မာ ချာချာရှုစေတော့၊ [...]ဘူးထင်လိုက်လှပေ၊ ကံထူးတဲ့ လှော်ဦးရွှေကို၊ စုတ်ထူးတွေ [...]ခဲ့တော့နိုင်ဘု၊ မြင်ရသူဓောဘဝင်၊ မြောသေလုပင်၊ ဂုဏ်ထူးတဲ့ [...]ညာခင်လို၊ ကမ္ဘာတွင် ရှိဘူးကွဲ့လေး…)*

ခင်ရွှေဝင်းမှာ သံနေသံထားနှင့် ပြတင်းပေါက်တွင် [...]ထွက်ကာသီဆိုနေသော စံရှားကြောင့် ပထမတွင်အံ့အားသင့် [...]သည်။ ပြီးတော့ စိတ်မနှံ့သူတစ်ဦးဟုလည်း ထင်နေမိသည်။ [...]းထပ်ဆို၍ ပြီးဆုံးသွားသောအခါတွင်မှ သူ့ကို စောင်းမြောင်း၍ [...]နေမှန်းသိတော့သည်။ သို့ဖြစ်၍ သူသည် ဒေါပွသွားပြီး စံရှားတို့ [...]ရာသို့ လှမ်းမော့ကြည့်သည်။ ဤတွင် စံရှားကိုသာမက နောက် [...]က်တွင် ကုတ်ချောင်းကုတ်ချောင်းနှင့် သူ့ဆီသို့ ငုံ့ကာကြည့်နေ သော ထင်ပေါ်ကိုပါ တွေ့မြင်သွားသည်။ သူတို့နှစ်ယောက်စလုံး [...] တေးထပ်အဆုံးတွင် တဝါးဝါးနှင့် သဘောကျနေကြသည်။

တိုက်ချင်းမှာ အလယ်တွင် နောက်ဖေးလမ်းကြားတစ်ခု [...]သော်လည်း သိပ်တော့ မဝေးကြပေ။ အလွန်ဆုံးဝေးလှ ပေ [...]ဆယ်ခန့်သာ ရှိမည်။ ထို့ပြင် အကွာအဝေးလောက်မှာ တစ်တိုက် [...]တစ်တိုက် စကားကို အသံအနည်းငယ်ကျယ်၍ပြောရုံနှင့် ကြား[...]ပေသည်။ ယခုလည်း စံရှားနှင့် ထင်ပေါ်တို့ သူ့ကိုစောင်း၍ ပြောဆိုနေကြသည်ကို ခင်ရွှေဝင်းမှာ အတိုင်းသား ကြားရသည်။

www.burmeseclassic.com



ထိုသို့ကြားရသဖြင့် စံရှား၏ တေးထပ်ဆုံးပြီး မကြာမီမှာပင် ခင်ဌေးဝင်းသည် အသံကျယ်ကျယ်နှင့် (ခွေးတွေတော်… ခွေးတွေ အူလိုက်တာ ညံနေတာပဲဟဲ့)ဟူ၍ စောင်းမြောင်းကာ ပြန်ပြောသည်။ ခင်ဌေးဝင်းက ခွေးနှင့်နှိုင်းလိုက်သဖြင့် စံရှားရော ထင်ပေါ်ပါ ဇက်ကလေးတွေ ကိုယ်စီပုဝင်သွားကြသည်။

'ဟော့… ဟော့… မင်းဟာမက တို့ကို ခွေးနဲ့နှိုင်းနေတယ်ကွ၊ ဒါ ကောင်းသလား'

ထင်ပေါ်က မခံချင်သံနှင့် ပြောသည်။

'ကောင်းသားပဲကွ၊ ဟား… ဟား… ဟား…'

'အောင်မာ… ဘာကောင်းသားပဲလဲ၊ မင်းသာကောင်းနေ၊ ငါကတော့ မကောင်းနိုင်ဘူး၊ ငါလည်း ပြန်ပြောရလိမ့်မယ်'

'မလုပ်ပါနဲ့ကွာ၊ ငါ့မှာ ဆက်ရန်ရှိသေးလို့ပါ၊ ကဲ… ကဲ… ဒီတစ်ခါတော့ ငါကိုယ်တိုင် စပ်ထားတဲ့ တေးထပ်ကို ဆိုပြလိုက်မယ်ကွာ'

စံရှားသည် ထင်ပေါ်ကိုပြောပြီးနောက် သူကိုယ်တိုင်စပ်၍ထားသော တေးထပ်ကို အောက်ပါအတိုင်း ထပ်မံ၍ဆိုပြန်သည်။

*'ခင့်ရုပ်ရည် အလှထူးလို့၊ မောင်ရှူးမတတ် ချစ်နေ၊ နောင်အထူးပ ပစ်မသွေပေါင် (ဝေါင်… ဝေါင်… ဝေါင်)၊ နှစ်ရှည်ရှည် လက်တွဲ၊ ကမ္ဘာကြီးပြုန်းကာကွယ်စေ (ဩော်…) ကမ္ဘာကြီးပြုန်းကာကွယ်စေ၊ (မင်းကလေးကိုလေ) မုန်းပါလေ ချစ်ဦးမှာပဲ၊ ဒါကြောင့်မို့ မောင့်ကိုမသွေ၊ ချစ်ပါလေ အမြဲ၊ မုန်းမာန်တွေဆင့်ကဲလို့၊ ထင်မလွဲဖို့ပင်၊ (ဟင်… ဟင်… ဟင်…)၊ မောင့်မေတ္တာ ချီချီပြုံး၊ ခင်ပျိုဖုန်း မြည်းကြည့်စေချင်၊ သည်တော့မှ*



*တမိခင်မှာ၊ (ဩော်…) သည်တော့မှ တမိခင်မှာ၊ အသွီတွင် အတွေးပေါက်လို့၊ (လက်ဖျားကလေးကို တခါခါနဲ့) အောင်မယ်လေး… ကောင်းလိုက်တာ၊ သိပ်နောက်ကျတယ်ဟာ၊ တသသစိတ်ထဲမှာလေ၊ ကြိတ်ခွဲကာ လွမ်းတော့တယ်လေး…၊ (ဩော်…) မောင်ချစ်လိုက်ရတဲ့သူကလေး… ဟေး… ဟေး… ဟေး…'*

စံရှား၏ တေးထပ်အဆုံးတွင် ထင်ပေါ်က ပါးစပ်ဆိုင်းကလေးကို လိုက်နေတော့သည်။

*'ဗြောင်နောင်… ဗြောင်နောင်၊ ဗြောင်နောင်… ဗြောင်နောင်၊ ဗြောင်နောင်နောင်… ဗြောင်နောင်၊ ဗြောင်နောင်… ဗြောင်နောင်… ဗွမ်…'*

ထင်ပေါ်မှာ ပါးစပ်ဆိုင်းလိုက်၍အဆုံးတွင် တဟားဟားနှင့် အော်ရယ်နေတော့သည်။ စံရှားကလည်း ခင်ဌေးဝင်းရှိရာသို့ လှမ်းကြည့်ရင်း ပြုံးနေသည်။ ခင်ဌေးဝင်းကတော့ သူတို့၏ အပြုအမူကြောင့် ဒေါသူပုန်တွေ အလွန်ထနေတော့သည်။ ပြီးတော့ သူတို့တစ်တွေကို ပြန်၍ချေရန် စဉ်းစားနေသည်။ ခင်ဌေးဝင်းကလည်း ခေသူမဟုတ်ပေ။ စံရှားကဲ့သို့ စာနယ်ဇင်းများတွင် (ရွှေဂုန်ဌေး)အမည်ဖြင့် ကဗျာများကို ရေးနေသည့် ဆတ်ဆတ်ကြဲမကလေး ဖြစ်သည်။ သို့ဖြစ်၍ သူကလည်း အောက်ပါ ဒွေးချိုးကလေးနှင့် ရုတ်ခြည်းစပ်ကာ ပြန်နှက်လိုက်တော့သည်။

*'ခွေးအူသံ၊ ဟိုတိုက်မှာ တညံညံနဲ့၊ ပျို့အန်ချင်ပြီမို့၊ ခွေးသခင်၊ မနေ့းပင် အအူရပ်အောင်၊ ကြိမ်ထပ်၍ ဆော်ကာတီးကွယ့်၊ နားငြီးလွန်းလို့…'*

စံရှားတို့မှာ ခင်ဌေးဝင်း၏ ဒွေးချိုးကလေးကို ကြားရ

www.burmeseclassic.com

www.burmeseclassic.com



လျှင် အောင့်လည်းအောင့်၊ အံ့အားလည်း သင့်သွားကြတော့သည်။

'ဗျာ… စံရှား၊ မင်းဟာမကလေးက ဘယ်ခေလို့လဲကွ၊ သူလည်း ကဗျာတွေ ဘာတွေ အစပ်တတ်သားပဲ'

'အေးကွ… သူလည်း မခေဘူး၊ လက်တန်းကောက်ပြီး စပ်နိုင်တယ်ကွ' စံရှားက ချီးကျူးသံနှင့် ပြန်ပြောသည်။

'သူတောင် လက်တန်းစပ်နိုင်သေးရင် မင်းကရော အညှာ ခံတော့မှာလား၊ ပြန်မနှက်တော့ဘူးလား'

'အောင်မာ… ဘာလို့ အညှာခံရမှာလဲ၊ ဒီနေရာမှာ အလျှော့ပေးလိုက်ရင် ငါ ညံ့ရာကျသွားမှာပေါ့၊ မပေးဘူးကွာ၊ ပြန်ဆိုပြမယ်'

စံရှားသည် ထိုသို့ပြန်ပြောပြီးနောက် ခင်ဒွေးဝင်းထံသို့ သူ၏ အသံဝါကြီးနှင့် ဆိုလိုက်ပြန်သည်။

*'မာန်ဝင့်ကာ လှုဂုဏ်ကိုးသူရဲ့၊ မခံချင်စရာ နှုတ်လှန်၍ ထိုးသော်လဲ၊ (အချစ်ကလေးရေ… မင်းကိုလေ) ပုယ်နံ့လို့ သိုးစေတော့၊ မောင်တို့ကတော့ စိတ်မဆိုး ဟိုး… ဟိုး…'*

စံရှား၏ တေးသီချင်းအဆုံးတွင် ထင်ပေါ်က အားရသွားဟန်နှင့် 'ဝေး… ဟေး… ဟေး' ဟူ၍ သြဘာလက်ခုပ်သံများ ပေးနေသည်။ ပြီးတော့ သူတို့နှစ်ဦးသည် ခင်ဒွေးဝင်းထံမှ ထွက်ပေါ်လာမည့်အသံကို နားစွင့်နေကြသည်။ တစ်မိနစ်ခန့်အကြာတွင်တော့ ခင်ဒွေးဝင်းထံမှ အောက်ပါ တေးထပ်ကလေးမှာ ကြည်လင်သာယာသော အသံကလေးနှင့် ပေါ်ထွက်လာတော့သည်။

*'အဘိဓာ သိပ်ကာစို့၊ (နှင်တို့ကိုလေ) ပြိတ္တာလို့ထင်တာ၊ စိတ်ပါလို့ ခင်ချင်လျှင်၊ လွှင့်စဉ်မည်မလွှဲ၊ ကြမ်းပိုးစု အယုတ်*



*တမာကောင်တွေကို၊ (ဩော်…) ကြမ်းပိုးစု အယုတ်တမာကောင်တွေကို ဝို… ဝို… ဝို၊ တုတ်ကာထောင်ဆဲလိုက်ချင်ပဲ၊ ဇရုတ်စု အသေကောင်တွေကို၊ မကျေပေါင်စိတ်ထဲ၊ အမေထောင်ပိတ်ဆဲလို့၊ ငိတ်ခနဲဖြစ်မှာ၊ နင်တို့လို စရိုက်ရူး၊ (ဒီတစ်သက်မှာလေ ဘယ်သော့မှ) မကြိုက်ဘူးမှတ်ပါ၊ အဲဒီလောက် ရွံရှာတာကို ညွှံတကျာကော်ခွဲလို့၊ ဆက်ကဲကာချစ်ရင်လေ၊ မှားကြလိမ့်မယော၊ တကျာဆမ်းတဲ့ အငမ်းကောင်တွေမှာ၊ အယန်းတောင်မပြေ စိတ်နွမ်းရှာကြလေး၊ တကျာကြိုက်တဲ့ ငမိုက်ကောင်တွေမှာ၊ အပိုက်တောင်မပြေ ငပ်ယန်းရှာလိမ့်လေ၊ ….. ပေး၊ ဟေး… ဟေး…'*

'ဟာ… ဒီဟာမ တို့ကို ဆဲတယ်ဟေ့၊ ဆဲတယ်ကွ'

ထင်ပေါ်မှာ တေးထပ်အဆုံးတွင် သူတို့ကိုပါရော၍ ဆဲလိုက်သံကို ကြားရသဖြင့် အတော်ပင် ဒေါသထကာသွားတော့သည်။

'အေးကွ… ဒီဟာမဟာ ရုပ်ကလေး လှသလောက် နှုတ်ကတော့ တော်တော်ကြမ်းတဲ့ ဆတ်ဆတ်ကြဲမကလေးကွ'

စံရှားကလည်း အဆဲခံလိုက်ရသည့်အတွက် စိတ်မဆိုးသည့်တိုင် မကျေမနပ်နှင့် ပြန်ပြောသည်။

'နှုတ်ကြမ်းတာတွေ နတာတွေ ပြောမနေနဲ့၊ မင်းက အခုလိုပဲ ငြိမ်ခံနေတော့မှာလား၊ မင်းဟာ တက္ကသိုလ်မှာ မြန်မာစာ အဓိကယူထားတဲ့ကောင်လည်းဖြစ်၊ ကဗျာဆရာတစ်ယောက်လည်း ဖြစ်တဲ့ဟာ၊ ပြန်တီးစမ်းပါကွာ'

ထင်ပေါ် မကျေနပ်သံနှင့် စံရှားကို မြှောက်ပေးနေသည်။

'စိတ်ချ… ငါ ပြန်တီးပြမယ်၊ ဒီတစ်ခါတော့ သခြင်အလေးနဲ့ လှလှပပ တီးပြမယ်'

www.burmeseclassic.com

www.burmeseclassic.com



စံရှားသည် ထိုသို့ပြောပြီးနောက် အောက်ပါအတိုင်း ခင်ငွေးဝင်းကို စောင်းဆိုပြန်သည်။

*'နွတ်အာနော်၊ ယုတ်စွာတကယ်ကြမ်းပုံက၊ ကမ်းကုန် အောင်ဆဲ၊ မချစ်ဘူးရယ်လို့၊ ဆံရစ်ဦးခင်ခင်ပျို့က၊ အစဉ်လို တွင် တွင် မုန်းသော်လဲ၊ (အချစ်ကလေးရေ… မင်းကိုလေ) ဖုန်းချစ်မှာ ပဲ၊ ဟဲ… ဟဲ…* စံရှား၏ သဖြန့်အဆုံးတွင် ထင်ပေါ်က ငိုချင်း ဆိုင်းကလေးကို တီးနေတော့သည်။

*'သူနိုင်နိုင် ငါနိုင်နိုင်၊ သူနိုင်နိုင် ငါနိုင်နိုင်၊ ဖိုးသူတော် ပေးတဲ့ပိုက်ဆံ မယ်သူတော် သုံးလို့ကုန်တယ်၊ ကျားဖင်ကိုနိုက်ရင် ကျားကိုက်သေလိမ့်မယ်၊ ငပုတို့ ငစုတို့ ထကြဟေ၊ လဗိန်နောင် ဥမ်၊ ဟန့်… အန့်… ဟန်း… အန်း… အန်း…'*

ခင်ငွေးဝင်းမှာ သူတို့၏ အဝီစိပွက်သံတို့ကြောင့် အလွန် ပင် ခံပြင်းနေသည်။ နောက်တစ်ကြိမ် ထပ်၍ဆိုရန်လည်း သူ့တွင် စပ်စရာ ကဗျာမရှိ ဖြစ်နေသည်။ နောက်ဆုံးတွင်တော့ ခင်ငွေးဝင်း မှာ သားလှီးဓားကို ဆတ်ခနဲ ကောက်ကိုင်ကာ သူ့ကို သွားကြီး အဖြီးသားနှင့် ငုံ့ကာကြည့်နေသော စံရှားကို ထောင်ပြသည်။

'ဟော့… ဟော့… သူငယ်ချင်း၊ သူက ငါ့ကို ဓားထောင် ပြနေတယ်ကွ' စံရှားက ထင်ပေါ်ကို လှမ်းပြောသည်။

'သူက ဓားပြရင် မင်းက ဘာပြန်လုပ်ချင်လို့လဲ'

ထင်ပေါ်က ပြန်မေးသည်။

'ငါလား၊ ငါကလည်း သူ့ကို လှန်ပြချင်တယ်ကွာ'

စံရှား၏စကားကြောင့် ထင်ပေါ်မှာ မျက်လုံးပြူးသွား တော့သည်။



'ဟ… ဟ… အဲဒီလိုသွားမလုပ်နဲ့လေ၊ မလုပ်ကောင်း ဘူးကွ'

'ဘာဖြစ်လို့ မလုပ်ကောင်းရမှာလဲ၊ သူတောင် ဓားပြသေး တာပဲ'

'သြော်… ခက်နေပါပြီ၊ သူက ဓားပြတာကို မင်းက ခံချင်လို့ လှန်ပြရင် မင်းကို အစိုးရမှောင်ခိုပစ္စည်း ထုတ်ပြမှုနဲ့ တရားစွဲမှာစိုးလို့ပါကွ၊ သိပြီလား'

ထင်ပေါ်က ပြန်ပြောတော့မှ စံရှားမှာ သူ၏သူငယ်ချင်း အဓိပ္ပာယ် တလွဲကောက်နေသည်ကို တွေးမိသွားတော့သည်။

'ဟာ… ဒီကောင်တော့ သေတော့မှာပဲ၊ ငါလှန်ပြမယ် ဆိုတာက အခန်းထဲက လုံကိုယူပြီး ပြမှာပြောတာပါ ငအရဲ၊ သါရာအာစကားနဲ့ဆိုရင် အဲလမောင်းလေကွာ၊ ရှင်းပြီလား'

စံရှားက ပြန်ပြောတော့မှ ထင်ပေါ်မှာလည်း နားရှင်းသွား ပြီး တဟားဟားနှင့် ရယ်နေမိသည်။

'သြော်… ဒါကိုပြောတာလား၊ ဟား… ဟား… ဟား… သိပါဘူး၊ ငါက ပုဆိုးများ ပြန်ပြီးလှန်ပြမှာကို ပြောတာ ထားလို့ပါ'

'တော်စမ်းပါကွာ၊ ငါဟာ တက္ကသိုလ်ကျောင်းသားကြီး တစ်ယောက်ပါ၊ ဒီလောက်တောင် ယုတ်မာပါ့မလားကွ'

စံရှားက ပြောနေလျှင် ထင်ပေါ်ကတော့ တခစ်ခစ်နှင့် ဖြစ်နေတော့သည်။ ဆတ်ဆတ်ကြဲကလေး ခင်ငွေးဝင်းမှာလည်း ရှုံ့နှိမ်းပြီမို့ နောက်ဖေး ပြတင်းပေါက်များကို ပိတ်ကာထားလိုက် သည်။ စံရှားအဖို့လည်း ထိုနေ့အတွက် ခင်ငွေးဝင်းနှင့် အချီအချ

www.burmeseclassic.com

www.burmeseclassic.com



ကဗျာစစ်ထိုးပွဲကြီး ကျင်းပပြီးပြီမို့ ကျေနပ်အားရသွားတော့သည်။

'ဟော့… စံရှား၊ မင်းဟာမလေး ကြည့်ရတာ ကျောင်းသူလား၊ အလုပ်သမားလား မသိဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲကွ'

ထင်ပေါ်သည် ခင်ဌေးဝင်းက ပိတ်ထားသော ပြတင်းပေါက်တံခါးကို လှမ်းကြည့်ရင်း ပြောသည်။

'ဘာဖြစ်လို့လဲကွ၊ မင်းက ဘယ်လိုများ တွေးမိလို့လဲ'

'တွေးမိဆို ဒီလိုလေကွာ၊ သူဟာ မနက် ကိုးနာရီထိုးတာနဲ့ ပြတင်းပေါက်တံခါးတွေကို လိုက်ပိတ်တယ်၊ ညနေ ငါးနာရီလောက်ဆိုရင် ပြန်ဖွင့်တယ်၊ ဒါကို ကြည့်ခြင်းအားဖြင့် သူဟာ တစ်နေ့လုံး အိမ်မှာမရှိတာ သေချာတယ်'

'အေးကွ… မင်းပြောမှ ငါလည်း စဉ်းစားမိတယ်၊ ဒီတော့ သူ့အကြောင်းကို တို့ စုံစမ်းကြည့်ရရင် မကောင်းဘူးလား၊ အခုထက်ထိလည်း သူ့နာမည်ကို တို့ မသိရသေးဘူး'

'ဒီကိစ္စကို ငါ့တာဝန် ထားစမ်းပါ၊ ငါစုံစမ်းပါ့မယ်၊ မင်းသာ ကျောင်းကိစ္စသွားမှာ သွားစမ်း၊ မင်း ကျောင်းကပြန်လာတဲ့အခါကျတော့ ငါ စုံစမ်းထားသမျှ ပြောပြမယ်၊ ဟုတ်ပြီလား'

ထင်ပေါ်က ပြောလျှင် စံရှားက သဘောတူဟန်နှင့် ခေါင်းညိတ်ပြသည်။

'ကောင်းပြီလေ… မင်းသာ သေသေချာချာသိရအောင် စုံစမ်းထား၊ ငါလည်း ကျောင်းသွားတော့မယ်'

စံရှားသည် ထိုသို့ပြန်ပြောပြီးနောက် ကျောင်းသို့သွားရန် အဝတ်များ လဲလှယ်နေသည်။

□

(လေး)

# ချစ်သဝဏ်လွှာ

ညနေဘက်သို့ရောက်၍ စံရှား ကျောင်းမှပြန်လာချိန်တွင်တော့ ထင်ပေါ်သည် ခင်ဌေးဝင်းနှင့်ပတ်သက်၍ သူစုံစမ်းရခဲ့သမျှတွေကို ယခုလို ပြန်လည်၍ပြောပြနေတော့သည်။

'မင်းဟာမ ဆတ်ဆတ်ကြဲကလေးရဲ့ နာမည်က ခင်ဌေးဝင်းတဲ့ကွ၊ သူဟာ တို့ထင်နေသလို ကျောင်းသူမဟုတ်ဘူး၊ အတွင်းဝန်များရုံးက စာရေးမကလေးကွ၊ သူ့အမေက ဗိုလ်ချုပ်ဈေးထဲမှာ အထည်ဆိုင် ဖွင့်ထားသတဲ့၊ သူ့မှာ အစ်ကိုတစ်ယောက်လည်းရှိတယ်၊ နာမည်က ကျားကြီးတဲ့၊ သူဟာ မနက်ကိုးနာရီထိုးတာနဲ့ ရုံးကို သွားလေ့ရှိတယ်၊ ဒါတွေဟာ ယုံကြည်လောက်သော ဌာနက ငါစုံစမ်းလို့ ရခဲ့သမျှ သတင်းမှန်တွေပဲဟေ့'

စံရှားသည် ထင်ပေါ် ပြောကြားနေသော စကားများကို စိတ်ဝင်စားစွာနှင့် နားထောင်နေသည်။ စကားဆုံးသွားလျှင်တော့ ဝမ်းသာသွားဟန်နှင့် လက်ဖျောက်တစ်ချက်ပစ်တီးသည်။

'အဟီး… ဒီလိုဆို ကော်တာပဲကွ၊ ငါ့စိတ်ထဲမှာ သူကလေးကို ပိုးသာပိုးနေရတယ်၊ အဒိုများလား၊ ဒါမှမဟုတ် ဖေ့စပ်ထားတဲ့သူများ ရှိသလားလို့၊ တထိတ်ထိတ်ကယ်'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီနေရာမှာ ငါပြောဖို့ စကားကျန်တာကလေးတွေကို ဖြည့်ပြီးပြောရဦးမယ်၊ ခင်ဗွေးဝင်းကို ချစ်ပိုလာကြတဲ့ လူတွေကတော့ အများကြီးပဲ၊ ဒီအထဲမှာ ခင်ဗွေးဝင်းအစ်ကိုရဲ့ သူငယ်ချင်း (ဗိုလ်ညွှန့်ရွှေ)ဆိုတာလည်း ပါသတဲ့၊ ဒါပေမဲ့ ခင်ဗွေးဝင်းက ဒီကိစ္စ ကို သူ အသက်နှစ်ဆယ်ကျော်မှ စဉ်းစားနိုင်မယ်၊ အခုတော့ သူ့အသက်ဟာ ဆယ့်ရှစ်နှစ်သာ ရှိသေးလို့ အိမ်ထောင်ရေးကိစ္စကို မစဉ်းစားနိုင်သေးဘူး၊ အပျိုဘဝမှာပဲ လွတ်လွတ်လပ်လပ် နေချင်ပါသေးတယ်လို့ ပြန်ပြောသတဲ့၊ ဒီတော့ကာ မင်းလည်း ဝမ်းသာမနေနဲ့ မောင်၊ ဘာဖြစ်လို့လဲဆိုတော့ သူက အသက်နှစ်ဆယ်ပြည့်မှ အိမ်ထောင်ရေးကိစ္စ စဉ်းစားမယ်ဆိုတာကို…'

'အိုကွာ… သူ့ဟာသူ ဘယ်အရွယ်ကျမှ စဉ်းစားစဉ်းစားပေါ့၊ ဒါက ငါ့အလုပ်မဟုတ်ပါဘူး၊ ငါ့အလုပ်က သူ့မေတ္တာကိုရဖို့ပဲ၊ သူ့မေတ္တာကို ရပြီးရင် အသက်နှစ်ဆယ် မပြောနဲ့ အသက်လေးဆယ်မှပဲ ယူယူပေါ့'

'အမယ်… အမယ်… သူငယ်ချင်း၊ အသက်လေးဆယ်ကျော်တဲ့ မိန်းမများကိုတော့ မယူပါနဲ့ကွာ'

'ဘာဖြစ်လို့လဲကွ၊ ပြောပါဦး'

'ပြောရမယ်ဆိုရင်တော့ အသက်လေးဆယ်ကျော်လာတဲ့ မိန်းမများဟာ ညကျလို့ အရေးကောင်းပြီဆိုရင် မီးယပ်ပူထထပြန်ကြတယ်ဆိုပဲ၊ ဒါကြောင့် ငါကတားတာပါကွ၊ဟား…ဟား…ဟား'

ထင်ပေါ်က ပြောပြီးရယ်နေလျှင် စံရှားက (တယ်… ဒီကောင်ကတော့ ပြောရှာမယ်)ဟူ၍ ပြောရင်း သူပါ ရောရယ်နေမိသည်။



'ဒီမှာ ထင်ပေါ်၊ ငါ ဒီလိုလုပ်ရင် မကောင်းဘူးလား'

စံရှားက တစ်စုံတစ်ခုကို ပြောလိုဟန်နှင့် စကားချီသည်။

'ဟ… ဘယ်လိုလုပ်မှာမို့လဲကွ၊ မင်းဟာက ရှင်းရှင်းပြောစမ်းပါ'

'အေးပါ… ငါပြောပြပါ့မယ်၊ ဒီလိုပါ… သူ့ကို ငါချစ်ကြိုက်ကြောင်း သဝဏ်လွှာကလေးပေးရ ကောင်းမလားလို့'

'ပေးတာက ဟုတ်ပါပြီ၊ ဘယ်လိုပေးမှာလဲ၊ စာတိုက်ကနေ ဆယ့်ငါးပြားအကုန်ခံ ပေးမှာလား'

'ဟယ်… မင်းကတော့ လုပ်ပြီ၊ ဒီလိုပေးလို့ ဘယ်ကောင်းပါ့မလဲ၊ ဒါဟာ သတ္တိနည်းရာလည်း ကျတယ်၊ ကိုယ်ချစ်တဲ့ မိန်းကလေးရဲ့ မေတ္တာကို မလေးစားရာလည်း ရောက်တယ်ကွ၊ ဒီလိုတော့ မပေးချင်ဘူး'

'ဒီလိုမပေးချင်ရင် ဘယ်လိုပေးမှာလဲ၊မြန်မြန်ပြောစမ်းပါ'

'ငါ စိတ်ကူးထားတာကတော့ သူရုံးသွားမယ့်အချိန်မှာ လမ်းကစောင့်ပြီး လိုက်ပေးချင်တာပဲ'

'ဟေ… မင်းဟာက လမ်းသရဲမဆန်ဘူးလားကွ၊ ကြည့်လည်းလုပ်ဦး၊ တော်ကြာ အရိုက်ခံနေရဦးမယ်'

'ဟာကွာ… မင်းကလည်း စစ်မရောက်ခင် မြားကုန်တဲ့စကားမျိုး မပြောစမ်းပါနဲ့၊ ငါစာပေးမှာက သိမ်သိမ်မွေ့မွေ့ မြန်မာဆန်ဆန် မြန်မာ့ဟန်ကလေးတွေနဲ့ ပေးမှာပါ၊ လမ်းသရဲဆန်ဆန်ပေးမှာ မဟုတ်ပါဘူး'

'အေး… မင်းပေးရဲရင်တော့ ပေးပေါ့၊ ဒါပေမဲ့ ဒီကိစ္စမှာ ငါတော့ မပါချင်ဘူး၊ ဘေးလမ်းက ပွဲကြည့်ပရိသတ်တစ်ဦးအနေနဲ့ပဲ ကြည့်ပါရစေ'

www.burmeseclassic.com

www.burmeseclassic.com



'မင်းကလည်းကွာ... သတ္တိကြောင်လိုက်တာ လွန်ပါ
ရော၊ ဒီလိုလုပ်ကွာ၊ ပွဲကြည့်ပရိသတ်သက်သက်အနေနဲ့တော့
ကြည့်မနေပါနဲ့၊ သူ့ကို ငါစာပေးတဲ့အခါမှာ အေးလမ်းကလူတွေသိ
လို့ အထင်အမြင်မှားမယ်ကြံရင် မင်းကကြည့်ပြီး အဆင်ပြေအောင်
ဖြီးပေးပေါ့ကွာ၊ ဟုတ်ပြီလား၊ ဒီလောက်တော့ ငါ့ကိုကူညီပါ'

'အိုတော်... ဒီလောက်တော့ ကူညီနိုင်ပါတယ်လေ'

ထင်ပေါ်က ပြန်ပြောလျှင် စံရှားက ကျေနပ်သွားဟန်နှင့်
ပြုံးနေတော့သည်။

'ကိုင်း... ဒီလိုဆို ငါဟာ သူ့အတွက် ယားဒီးစာကလေး
ကို အသာပြေးပြီး ကညာသွေးအတွက် သဒ္ဒါကလေး ဖက်အော
ကဗျာရေးဆက်လိုက်ဦးမယ်ကွာ'

'အေး... အေး...မင်းကလည်း ကညာသွေးအတွ
သဒ္ဒါကလေးဖက်အောင် ကဗျာရေးဆက်နေတုန်းမှာ ငါကလည်
ချွေးထွက်အောင် ဈေးဘက်ကိုဇာကလေးလျှောက်လိုက်ဦးမယ်ဟေ့

ထင်ပေါ်သည် စံရှားကို ပြောပြီးနောက် တိုက်ခန်းတံခါ
ကိုဖွင့်ကာ အောက်သို့ဆင်းသွားလေသည်။

စံရှားကတော့ ခင်ဌေးဝင်းကို ပေးရန်အတွက် ချစ်သဝ
လွှာကလေးတစ်စောင်ကို အမျိုးမျိုးစဉ်းစားရင်း ရေးနေတော့သည်
သူသည် ညနေပိုင်းမှစ၍ ချစ်သဝဏ်လွှာကလေးကို ရေးနေခဲ့
နောက်တစ်နေ့ နံနက်ပိုင်းကျတော့မှ လက်စသတ်နိုင်တော့သည်

'ဖွီး... အခုမှပဲ ပြီးတော့တယ် ထင်ပေါ်ရယ်'

နောက်တစ်နေ့ နံနက်ပိုင်းရောက်၍ ထင်ပေါ် နိုးလာ
တွင် စံရှားက စိတ်ပေါ့ပါးသွားသော အသံကလေးနှင့် ပြောသည်



ထင်ပေါ်ကတော့ စံရှားကို မဲ့ရွဲ့ကာကြည့်ရင်း ပြန်ပြောသည်။

'အေး... ပြီးဦးမှပဲ၊ မင်းလိုသာ ရည်းစားစာရေးရမယ်
ဆိုရင်တော့ လူတွေအားလုံး အညောင်းမိ သေကုန်မှာပဲ၊ လွန်လွန်
လွန်းပါတယ်ကွာ'

'မလွန်လွန်းနဲ့ မောင်၊ ရည်းစားစာဆိုတာ တကယ်တမ်း
ရေးကြည့်တော့ မလွယ်ဘူးကွ၊ ငါ့အဖို့ ကဗျာ အပုဒ်ပေါင်းတစ်
ထောင် ရေးရတာထက် ရည်းစားစာတစ်စောင် ရေးရတာက အဆ
ပေါင်းများစွာ ပင်ပန်းတယ်၊ ခွက်လည်း သိပ်ခက်တာ'

'ကဲပါ... ခက်တာတွေ လွယ်တာတွေ ပြောမနေစမ်းပါ
နဲ့၊ ညလုံးပေါက် မင်းရေးတဲ့ ရည်းစားစာကို ငါ့ကို ဖတ်ပြစမ်းပါ
ဦး၊ ဘယ်လောက်များ ပြောင်မြောက်တယ်ဆိုတာ ငါကိုယ်တော်
အဆုံးအဖြတ်ပေးမယ်'

'ကောင်းလှပါပြီကွာ၊ ငါဖတ်ပြပါ့မယ်၊ မင်းသာ အမြီး
မလှုပ်ဘဲ နားထောင်'

စံရှားသည် ထိုသို့ပြန်ပြောပြီးနောက် သံနေသံထားနှင့်
သူ၏ ချစ်သဝဏ်လွှာစာကလေးကို ဖတ်ပြနေတော့သည်။

*'ပန်းတော်ဝင် ယုဇနလို၊ တမရုဖက်ကွာတဲ့၊ မောင့် ရွှေမဝ
ကလေးရေ'*

*'ပပေပေ... ကျီ...'*

ထင်ပေါ်က စံရှားဖတ်နေစဉ် ဝင်၍ဆိုင်းလိုက်ပေးသည်။

'ဟကောင်ရ... ဒါက ဘာဖြစ်ရတာလဲ၊ ကောင်း
ကောင်းနားထောင်ပါလို့ ငါပြောထားတယ် မဟုတ်လား'

'ကောင်းကောင်း နားထောင်နေသားပဲ၊ အခုဟာက စည်

www.burmeseclassic.com

www.burmeseclassic.com



စည်ကားကားရှိအောင် ငါကဆိုင်းလိုက်ပေးတာပါကွ၊ ဟား…
ဟား… ဟား… ဟား…'

ထင်ပေါ်က ရယ်ရင်း ပြန်ပြောသည်။

'မစည်ချင်ရင် နေပေ့စေ၊ နင်သေလို့ မသာချတော့မှ စည်စည်ကားကားဖြစ်အောင် ငါက ဆိုင်းဝိုင်းထည့်ပေးမယ်၊ အခုတော့ ငြိမ်ငြိမ်ကလေးသာနားထောင်စမ်း၊ နို့မို့ ငါဖတ်မပြတော့ဘူး'

'အယ်… အယ်… ဒီလိုတော့ မလုပ်လိုက်ပါနဲ့ကွာ၊ မင်း မကြိုက်ရင် ငါ ဆိုင်းမလိုက်တော့ပါဘူး၊ ဖတ်မှာသာ ဆက်ဖတ်စမ်းပါ' ထင်ပေါ်က အလျှော့ပေးသံနှင့် ပြောတော့မှ စံရှားမှာ သူ၏စာကို ပြန်ဖတ်တော့သည်။

*'ဖန်းတော်ဝင် ယုဇနလို၊ တုမရဖက်ကွာတဲ့၊ မောင့် ရွှေမယ ကလေးရေ၊ သမုဒယဆိုတဲ့ မီးတဏှာကြောင့်၊ ဆီး(ဦး)မဆလာဆိုတာ တယ်စပ်ပါကလားနော်'*

'ဟေ့… မင်းရည်းစားစာကလည်း ပြက်လုံးတွေ ဘာတွေနဲ့ကလားကွ' ထင်ပေါ်က အံ့အားသင့်သံနှင့်ပြောလျှင် စံရှားက ရယ် နေသည်။

'ဟား… ဟား… ဟား… ငါက သက်သက်မဲ့ မင်းကို နောက်တာပါ၊ ငါ့စာထဲမှာ ဆီး(ဦး)မဆလာ မပါပါဘူးကွ'

'ဟင်… ငါက ကောင်းကောင်းနားထောင်တော့ နင်က ဖောက်တယ်ပေါ့လေ'

ထင်ပေါ်က မဲ့မဲ့ရွဲ့ရွဲ့နှင့် စံရှားကို ပြန်ပြောသည်။

'ဆောရီးကွာ… ဒီတစ်ခါတော့ ငါ ကောင်းကောင်းဖတ်ပြပါတော့မယ်'



'ဖတ်ရင်လည်း ကောင်းကောင်းဖတ်ကွာ၊ မင်းဟာက နားထောင်ရတာ ဇိမ်ပျက်လှတယ်'

ထင်ပေါ်၏ စကားအဆုံးတွင် စံရှားက သူ၏စာကို အစမှပြန်၍ ဖတ်ပြရပြန်သည်။

*'ဖန်းတော်ဝင် ယုဇနလို၊ တုမရဖက်ကွာတဲ့၊ မောင့်ရွှေမယကလေးရေ၊ သမုဒယဆိုတဲ့ မီးတဏှာကြောင့်၊ ကြီးစွာသော ချစ်ခြင်းမေတ္တာအဟုန်နဲ့ ဤစာလွှာကလေးကို ပါးလိုက်ရပါတယ် အချစ်ရယ်'* စံရှားသည် စာကိုဆက်မဖတ်သေးဘဲ ထင်ပေါ်ဘက်သို့ ဝင့်ကြွားသောအပြုံးနှင့် လှမ်းကြည့်ပြီး မေးလိုက်သည်။

'ဘယ့်နှယ်လဲကွ၊ ငါ့စာကလေးဟာ အသားပါရဲ့လား'

'ပါပါတယ်ကွာ၊ အသားတင်မကဘူး၊ အဆီကလေး တောင် ပါသေးတယ်၊ ကဲ… ကဲ… ဆက်ပြီးဖတ်စမ်းပါဦး'

ထင်ပေါ်ကလည်း အလွန်သဘောကျသွားဟန်နှင့် ပြန်ပြောသည်။ စံရှားသည် ချောင်းတစ်ချက်ကို ဆိုးပစ်ပြီးနောက် စာကို ဆက်ဖတ်ပြန်သည်။

*'အခုလို စာလွှာပါးတာကို၊ ပျားသကာလို မဖြစ်ဘဲ၊ ဒါးတမာလို အပျစ်ခွဲပြီး၊ မချစ်ဘဲ မနေပါနဲ့လို့၊ မေကညာနဲ့ကို၊ ဆေတနာနဲ့ချွေပတ္တနာသွယ်လို့ ကိုယ်က တောင်းပန်ပါတယ်ကွယ်၊ ဘယ့်နှယ်လဲဟေ့… နိပ်သေးရဲ့လား'* စံရှားသည် စာကိုဆုံးအောင် ဆက်မဖတ်သေးဘဲ အနီးရှိ ထင်ပေါ်ကို မေးပြန်သည်။

'နိပ်ပါ့ဗျာ… နိပ်ပါ့… တကယ်နိပ်၊ အဟုတ်နိပ်တယ်၊ ဆက်စမ်းပါဦး'

*'ကိုယ့်အနေနဲ့တော့ အချစ်ရဲ့ စန်းပုဏ္ဏမီ ဌေဝန်းထက်၊*

www.burmeseclassic.com

www.burmeseclassic.com



*အဆာပေါင်း ကုဋေမကအောင်၊ အသရေထွန်းတဲ့ ရွှေရုပ်သွင်ကို တွေ့မြင်ရတဲ့အချိန်ကစပြီး၊ မေ့မရ ပျောက်မရ၊ တသသစိတ်မှာ စွဲပြီး သဲကြီးမဲကြီးနဲ့ ချစ်ကာနေမိတာကြောင့်၊ ဆံရစ်ကညာ မေ တစ်ပါးဆီကို၊ အခုလို သံစွာချွေစကားနဲ့ မေတ္တာစေကြားရတာပါ ကွယ်၊ ချစ်ပါစေသားလို့လည်း ဆုမွန်ချွေမိပါတယ်၊ စာရွက်ပေါ်မှာ မင်ခြယ်ပြီးရေးထားတဲ့ စာသားကို အလကားလို နှလုံးထားပြီး အချစ်က အမုန်းတော့ မပွားစေချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီစာလုံးများဟာ မောင့်ရဲ့ အသည်းနှလုံးကြားက ယိုစီးစိမ့်ကျလာ တဲ့ မပစ်ရက်စရာ ချစ်အက္ခရာကလေးတွေပါ၊ အနှစ်ဆယ်ကမ္ဘာ တိုင်စေဦးတော့ ကြေမပြုန်းနိုင်ပါဘူး၊ အဲဒါကြောင့် မေမုန်းက သွေမမုန်းဘဲ၊ ချွေအပြုံးနဲ့ ရေမြေဆုံးအထိ မပစ်တမ်းသာ ချစ်စေ ပါလို့ ကိုယ်က အနူးအညွတ် ဆန္ဒပြုလိုက်ရပါတယ်ကွယ်၊ မေတ္တာအေးရိပ်မှာ၊ ထွေးသိပ်ကာ မေးမှိတ်ရမှ နိပ်လှမယ့် မောင်*

'ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း…'

စံရှား၏ ရည်းစားစာအဆုံးတွင် ထင်ပေါ်၏ လက်ခုပ်သံ တို့မှာ တဖြောင်းဖြောင်းနှင့် ပေါ်ထွက်လာတော့သည်။ စံရှားက တော့ လက်ခုပ်သြဘာပေးနေသော ထင်ပေါ်ကို ပြုံးပြုံးကြီးစိုက် ကြည့်နေသည်။ ထင်ပေါ်သည် လက်ခုပ်တီး၍ အပြီးတွင် စံရှား၏ လက်ကိုဆွဲကာ ကွန်ဂရက်ကျူလေးရှင်း လုပ်လိုက်သည်။

'ကောင်းတယ်ဟေ့… ကောင်းတယ်၊ အလွန်ကောင်း သိပ်ကောင်းပဲ၊ ဒီစာသာ ခင်ရွှေဝင်း ဖတ်လိုက်ရရင်တော့ မင်း ကျမှာ သေချာတယ် မောင်၊ အဟီး…'

'ဟာ… ကျရမှာပေါ့ကွာ၊ ငါကလည်း ကျအော



အစွမ်းကုန်ညှုထားတာပဲ၊ ကဲကွာ… ငါ ရေချိုးလိုက်ဦးမယ်၊ ပြီးရင် သူရုံးသွားမယ့်နေရာက စောင့်ပြီး စာလိုက်ပေးမယ်၊ မင်းကတော့ ဘေးကနေကြည့်ပြီး ငါပေးတဲ့စာကို သူယူအောင် ထင့်ပေးပေါ့ကွာ၊ ဟုတ်ပြီလား'

'စိတ်ချ သူငယ်ချင်း၊ ငါဟာ မင်းလို စာရေး မကောင်း သေမယ့် ဘေးတီးတော့ကောင်းတယ် မောင်'

ထင်ပေါ်၏ စကားအဆုံးတွင် စံရှားသည် လေကလေး တချွန်ချွန်နှင့် ရေချိုးခန်းတွင်းသို့ ဝင်သွားသည်။

(၁၅)မိနစ်ခန့်ကြာလျှင်တော့ သူတို့ သူငယ်ချင်းနှစ်ဦးမှာ ကျကျဝတ်ကာ အပြင်သို့ ထွက်လာကြသည်။

သူတို့သည် အနော်ရထာလမ်း(ယခင် ဖရေဇာလမ်း)နှင့် ဆက်ကဲမောင်ထော်လေးလမ်းထိပ်သို့ရောက်လျှင် ခင်ရွှေဝင်းအလာ ကို စောင့်ဆိုင်းနေကြသည်။ နံနက်ကိုးနာရီခန့်ရှိလျှင်တော့ ခင်ရွှေ ဝင်းမှာ ခရမ်းရောင်အဆင်အသွေးကို ဖက်ရှင်ကျကျဝတ်ကာ ရုံး တက်ရန် ကျော့ကျော့မော့မော့ကလေးနှင့် ထွက်လာသည်။

'ဟော့… ဟော့… ဟိုမှာ မင်းသမီးတော့ လာနေပြီ၊ မင်းသားရေ… ရွှေပေလွှာကလေးပါးဖို့သာ ပြင်ပေတော့'

ထင်ပေါ်သည် အနီးရှိ စံရှား၏လက်ကို အသာတို့ရင်း အသံပြုံးနှင့်ပြောသည်။ စံရှားကတော့ ခင်ရွှေဝင်း လျှောက်လာနေ သောဘက်သို့ လှမ်းကြည့်ရင်း ခေါင်းကိုညိတ်ပြသည်။

ခင်ရွှေဝင်းမှာတော့ စံရှားတို့ကို မတွေ့မြင်ရသေးသဖြင့် ပြုံးစိုစိုမျက်နှာပေးကလေးလုပ်ကာ ဆင်မယဉ်သာ၏ လှမ်းနည်းမျိုး နှင့် တစ်လှမ်းချင်းလှမ်းကာ လာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



စံရှားသည် သူရပ်နေသောပတ်ဝန်းကျင်ရှိ လူများကို တစ်ချက်မျှ မျှတ်စိကစားကာ အကဲခတ်ရင်း သူ၏အိတ်တွင်းမှ ခင်သဇင်လွှာစာကလေးကို ညာလက်နှင့် နှိုက်ယူသည်။ ပတ်ဝန်းကျင်တွင် လူအများမှာ ဥဒဟို သွားလာနေကြသော်လည်း သူ့ကိုတော့ မည်သူကမျှ အရေးအရာလုပ်၍ စောင့်ကြည့်မနေကြပေ။ လူတွေက သူ့ကို ဂရုမစိုက်မှန်းသိရလျှင် စံရှားမှာလည်း ကျေနပ်နေသည်။ ပြီးတော့ သူသည် ခင်ဌေးဝင်း သူ့ကို မြင်တွေ့သွားစေရန် ထင်ထင်ရှားရှားပင် ခင်ဌေးဝင်းလာနေသော လမ်းကြောင်းတည့်တည့်တွင် သွားရပ်နေသည်။ ထင်ပေါ်ကတော့ စံရှားနှင့် မလှမ်းမကမ်းတွင်ရပ်ကာ အကဲခတ်နေသည်။

ခင်ဌေးဝင်းမှာ စံရှားကို တွေ့မြင်ရလျှင် မှတ်မိဟန်နှင့် သူ၏ ချိုချိုပြုံး၍နေသော မျက်နှာကလေးမှာ လငပုပ်ဖမ်းခြင်းကို ခံလိုက်ရသော ငွေသော်တာ လဝန်းကလေးပမာ ခဏချင်း မည်းမှောင်၍သွားတော့သည်။ မျက်နှာကိုလည်း ခပ်ထားထားကလေးလုပ်ရင်း လမ်းမတည့်တည့်တွင် ရပ်နေသော စံရှားကို မမြင်ဟန်ပြု၍ ရှောင်ကွင်းကာသွားတော့သည်။

'ဒီ… ဒီ… ဒီမှာဗျ'

စံရှားသည် ခင်ဌေးဝင်းနောက်သို့ကပ်ကာ လိုက်ရင်း အသံပေးသည်။

ခင်ဌေးဝင်းသည် လျှောက်နေရာမှ စံရှားဘက်သို့မျက်နှာထားတင်းတင်းနှင့် ပြန်ကြည့်ရင်း အသံမာမာနှင့် ပြန်မေးသည်။

'ဘာလဲ'

ခင်ဌေးဝင်း၏ အသံကြောင့် စံရှားမှာ လန့်သွားမိသည်။



ပြီးမှ သူသည် အားတင်းကာ ညောင်နာနာအသံကလေးနှင့် ပြန်ပြောသည်။

'စ… စ… စာ ခင်ဗျ။ စာကလေး ယူသွားပါ'

စံရှားသည် အခြားသူများ မြင်မည်စိုး၍ သူ၏လက်တွင်းမှ စာကို ထုတ်မပြဘဲ ပါးစပ်နှင့်သာ ပြောနေသည်။

'ဘယ်က စာကလေးလဲရှင့်၊ ကျွန်မ စာမွေးဖို့ ဝါသနာမပါဘူး၊ ရှင့်ဘာသာ စာကလေးမွေးပြီး ဗေဒင်ဟောစားပေတော့'

ခင်ဌေးဝင်းသည် ထိုသို့ပြောပြီးနောက် ခပ်သွက်သွက်ကလေးဆက်လျှောက်သွားသည်။ စံရှားကတော့ ရပ်၍ကျန်ရစ်သည်။

'ဟေ့ကောင်ကြီး… ဘာလို့ ရပ်နေရတာလဲဟ၊ ဆက်လိုက်သွားလေ'

သူတို့၏ အခြေအနေကို စောင့်ကြည့်နေသော ထင်ပေါ်မှာ နောက်မှလှမ်း၍ သတိပေးလိုက်သည်။ ထိုအခါကျမှ စံရှားမှာ ခင်ဌေးဝင်းနောက်သို့ ပြေးလိုက်သွားပြန်သည်။ ခင်ဌေးဝင်းမှာ သူ၏နောက်သို့ ပြေးလိုက်လာသော စံရှားကို မျက်စောင်းကြီးထိုးထိုးကာကြည့်ရင်း မေးသည်။

'ဘာလို့ ကျွန်မနောက်ကို လိုက်လာရပြန်တာတုံး၊ ရှင့်စာကလေးကို မယူချင်ဘူးလို့ ပြောပြီးပြီ မဟုတ်လား'

'ကျွန်… ကျွန်တော်ပြောတဲ့ စာကလေးဆိုတာ ဟို… ဟို… တိရစ္ဆာန်စာကလေးကို ပြောတာ မဟုတ်ပါဘူး၊ ဖတ်ရတဲ့စာပါ'

စံရှားက အသနားခံသော မျက်နှာကလေးနှင့် ကြည့်ရင်း ခင်ဌေးဝင်းကို ရှင်းပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဩော်… လှူကြဲပါးလိုက်တဲ့ စာလား၊ ဘယ်သူ့ဆီက ပါလိမ့်'

ခင်ဌေးဝင်းက မေးပြန်သည်။

'ကျွန်… ကျွန်တော့်ဆီကပါ ခင်ဗျာ'

'ရှင်… ဘယ်သူ့ဆီက…'

'ကျွန်… ကျွန်တော့်ဆီကပါ၊ ယူပါ ခင်ဗျာ'

စံရှားသည် တုန်တုန်ယင်ယင်နှင့် ပြောရင်း လက်တွင်းမှ စာကို ထုတ်ပေးနေသည်။ ခင်ဌေးဝင်းကတော့ စံရှား၏လက်တွင်းမှ စာကို တစ်ချက်လှမ်းကြည့်ပြီး ပြန်ပြောသည်။

'ဩော်…လက်စသတ်တော့ ရှင်က ကျွန်မကို ရည်းစားစာပေးနေတာကိုး'

'ဟုတ်… ဟုတ်… ဟုတ်ပါတယ် ခင်ဗျာ'

'ဒါများရှင်… အချိန်ကုန်ခံနေလိုက်တာ၊ စောစောက ရှင်းရှင်းဖွင့်ပြောရောပေါ့'

ခင်ဌေးဝင်း၏စကားကို ကြားရလျှင် စံရှားမှာ အလွန့်ပင် အားတက်ကာသွားတော့သည်။

'အောင်မယ်လေး… ကြားရတာ ဝမ်းသာလိုက်တာ ခင်ဗျား အခုလို လွယ်လွယ်ကူကူနဲ့ လက်ခံပြီးယူမှန်း မသိလို့ပါ ရော့… ရော့…'

'ဘာ ရော့… ရော့လဲ၊ ရှင့်စာကိုယူမှာမို့ အချိန်ကုန်ခံ နေလိုက်တာလို့ ပြောတာမဟုတ်ဘူး။ ယူမှာမဟုတ်လို့ အချိန်ကုန် မခံနဲ့လို့ပြောတာ၊ သိပြီလား'

'ဟောဗျ…'



ခင်ဌေးဝင်း၏စကားကို ကြားရလျှင် စံရှားမှာ (ဟောဗျ) ဟူ၍ဖြစ်ကာ စာကိုကိုင်ရင်း ကျန်ရစ်ပြန်သည်။ ခင်ဌေးဝင်းကတော့ ဆက်လျှောက်သွားသည်။ သူတို့ရောက်ကာနေသော နေရာမှာ ဆူးလေဘုရား မီးပွိုင့်အနီးတွင်မို့ ခင်ဌေးဝင်းသည် စံရှား ကျန်ရစ်နေစဉ် တစ်ဖက်လမ်းမကြီးသို့ ကူးကာသွားသည်။ သည်တော့မှ စံရှားမှာလည်း ခင်ဌေးဝင်းနောက်သို့ လိုက်ရန် သတိရကာ မီးနီပြထားသည့်ကြားမှ အတင်းဖြတ်ပြေးသွားသဖြင့် ကားသမားတွေ၏ လှမ်း၍ဆဲဆိုသံကို မင်္ဂလာရှိရှိနှင့် ခံလိုက်သည်။ အခြားအချိန်မျိုးတွင်သာဆိုပါက စံရှားသည် ကားသမားများနှင့် ဘောက်ဆင်ပလေးမိမည်သာ ဖြစ်သည်။ ယခုအခါတွင်တော့ စံရှားမှာ ရန်ဖြစ်မနေအားဘဲ ခင်ဌေးဝင်းနောက်သို့သာ ပြေးလိုက်သွားမိသည်။

'ရှင် လိုက်လာပြန်ပြီလား၊ ကျွန်မ မယူဘူးလို့ ဘယ်နှခါ ပြောရမလဲ'

ခင်ဌေးဝင်းသည် သူ၏အနီးသို့ မောကြီးပန်းကြီးနှင့် ရောက်လာသော စံရှားကို တွေ့ရလျှင် ဟောက်လိုက်သည်။

'ဒီ… ဒီလို မလုပ်ပါနဲ့ဗျာ၊ မလုပ်ကောင်းပါဘူး၊ တစ်ဖက်သားက ခင်ဗျားအပေါ်မှာ မေတ္တာစေတနာထားပြီး ပေးတာကို ခင်ဗျား ယူသင့်ပါတယ်၊ ကျွန်တော့်စာကို ဖတ်များလည်း ဖတ်ကြည့်ပါဦး၊ သိပ်ကောင်းတာဗျ၊ အချစ်ဝတ္ထုတစ်ပုဒ် ဖတ်ရသလိုပဲ'

စံရှားက ခင်ဌေးဝင်းယူစေရန် ဆွယ်တရားဟောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အို… မယူနိုင်ပါဘူး၊ ရှင်လည်း ကျွန်မနောက်ကို လိုက် မနေနဲ့၊ သိလား'

'ဟင့်အင်းဗျာ… ခင်ဗျား မယူမချင်း ကျွန်တော်တော့ လိုက်နေမှာပဲ၊ နည်းနည်းလောက်တော့ ကျွန်တော့်ကို သနားဖို့ ကောင်းတယ်ဗျာ၊ သနားပါ ခင်ဗျာ… သနားပါ၊ အစ်မလေး သနားမှ အသက်ရှင်ရမယ့်လူပါ'

စံရှားက ခင်ဌေးဝင်းကို စာယူစေရန် ချွဲ၍ပြောနေသော်လည်း သူ၏အသံမှာ သူတောင်းစားသံပေါက်ကာနေသဖြင့် ခင်ဌေး ဝင်းပင် ခစ်ခနဲ ရယ်မိတော့သည်။

'ဟင်… ရှင့်အသံကလည်း လဟာပြင်မှာ ပိုက်ဆံ တောင်းနေတဲ့ သူတောင်းစားသံနဲ့ တူလိုက်တာ၊ ရှင်ဟာ ပိုက်ဆံ ရော တောင်းဖူးသလား'

'ဟုတ်ကဲ့… ဟယ်… ဟုတ်ပါဘူး၊ ကျွန်တော်ဟာ ပိုက်ဆံတောင်းတဲ့ သူတောင်းစား မဟုတ်ပါဘူး၊ ခင်ဗျားရဲ့ မေတ္တာကို အင်မတန်မှ လိုချင်လွန်းလို့ တောင်းခံနေတဲ့ အချစ်သူတောင်းစားကလေးပါ ခင်ဗျာ၊ ဒီတော့ ကျွန်တော့်စာကို ယူပါနော်'

'အောင်မယ်… ဒီလို ချွဲပြီးယူခိုင်းလို့ ကျွန်မက ယူမတဲ့လား၊ ဒီမှာ… ရှင့်ကို ကျွန်မ နောက်ဆုံးသတိပေးလိုက်မယ်၊ ကျွန်မဟာ ရှင် အခုလိုက်ပေးနေတဲ့စာကို မယူနိုင်ဘူး၊ ဒါကို ရှင်က နားမထောင်ဘဲ နှောင့်ယှက်နေရင် ရှင့်ကို ကျားကိုက်လိမ့်မယ်၊ သိလား'

'ဗျာ…

ခင်ဌေးဝင်း၏စကားကြောင့် စံရှားမှာ (ဗျာ)ခနဲ ဖြစ်သွားတော့သည်။ ပြီးတော့ သူသည် အူကြောင်ကြောင်နှင့် ခင်ဌေးဝင်းကိုကြည့်ကာ မေးသည်။



'ဘာဆိုင်လို့ ကျားကိုက်ရမှာလဲဗျ၊ ခင်ဗျားဟာက မဆီမဆိုင်'

'ဆိုင်လို့ ပြောနေတာပေါ့၊ ကျွန်မကို အခုလို နှောင့်ယှက်ကြတဲ့လူတွေဟာ ကျားကိုက်ခံကြရတာချည်းပဲ၊ သိလား'

'ဗုဒ္ဓေါ… ခင်ဗျားကတော့ မဟုတ်တာ ပြောပြီ၊ ခင်ဗျားကို နှောင့်ယှက်တာနဲ့ ကျားကိုက်မယ်ဆိုရအောင် ခင်ဗျားက နတ်နဲ့ လက်ထပ်ထားတဲ့သူမို့လား၊ ကျွန်တော်ကတော့ နတ်ကို မကြောက်ပါဘူး'

'နတ်နဲ့ လက်ထပ်ထားလို့ ပြောတာမဟုတ်ဘူး၊ ရှင် မသိသေးရင် ကျွန်မ ပြောပြမယ်၊ ကျွန်မမှာ အစ်ကိုတစ်ယောက် ရှိတယ်၊ သူ့နာမည်က ကျားကြီးတဲ့ သိလား၊ အဲ… ကျွန်မကို အခုလို လမ်းမှာလိုက်ပြီး နှောင့်ယှက်ကြတဲ့လူတွေကို ကျွန်မ အစ်ကို ကျားကြီးက တအားတီးတီးလွှတ်လို့ ကျားကိုက်ခံရတယ် ဆိုပြီး တင်စားပြောကြတယ်၊ ဒါကြောင့် ရှင့်ကိုလည်း အဲဒီလို အတီးခံရမှာစိုးလို့ ကျားကိုက်ခံရမယ်လို့ ကျွန်မက သတိပေးနေတာ၊ ရှင်းပြီလား'

ခင်ဌေးဝင်းက စံရှားကို ခြောက်လှန့်နေသည်။

'ဩော်… ခင်ဗျားအစ်ကိုနာမည်က ကျားကြီးတဲ့လား'

'ဟုတ်တယ်၊ နာမည်သာ ကျားကြီးမဟုတ်ဘူး၊ လူကလည်း ကျားအတိုင်းပဲ၊ သိပ်ဆိုးတာ'

'ဆိုးပါစေဗျာ… ကျားကြီးကဆိုးတော့ ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



ခင်ကြီးပေါ် တက်နေပါ့မယ်၊ ဟဲ... ဟဲ... ဒါက အရေးမကြီးပါဘူး အရေးကြီးတာက ကျွန်တော့်စာကို ခင်ဗျား ယူဖို့ပဲ'

စံရှားက ဂရုမစိုက်သံနှင့် ပြန်ပြောသည်။

'အို... မယူပါဘူးလို့ ရှင့်ကို ဘယ်နှခါပြောရမလဲ'

'ကျွန်တော်ကလည်း ယူပါလို့ အခါခါဆက်ပြောနေတာပဲဟာ၊ ဒီတော့ နားပူသက်သာအောင် ယူလိုက်ပါဗျာ'

'ရှင် ဘယ်လိုလူလဲ၊ ပြောလေ ကဲလေပဲ၊ ဒါပဲနော်၊ ကျွန်မ ပြောမရရင် အော်လိုက်မှာ၊ ဒီလိုသာ အော်ရင်တော့ ရှင်ဟာ ဒုက္ခဖြစ်ပြီးသားပဲ'

'အော်ရင်အော်လေဗျာ၊ ကျွန်တော် ဒုက္ခဖြစ်တော့ ခင်ဗျား အရှက်ကွဲတော့မှာပေါ့၊ ကျွန်တော်ပြောတာ မဟုတ်ဘူးလား'

စံရှား၏ စကားကြောင့် ခင်ဒွေးဝင်းမှာ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။ နေရာမှာလည်း ခင်ဒွေးဝင်း အလုပ်လုပ်သော အတွင်းဝန်များရုံးနှင့် တဖြည်းဖြည်း နီးလာပြီဖြစ်သည်။ ခင်ဒွေးဝင်းအနေနှင့် သူ့ကို စာလိုက်ပေးနေသည်ကို ရုံးမှလူများ တွေ့မြင်သွားမှာကိုလည်း သိပ်စိုးရိမ်နေမိသည်။ သို့ဖြစ်၍ သူသည် စံရှားကို စိတ်ပျက်သောမျက်နှာနှင့် လှမ်းကြည့်ပြီး ပြောသည်။

'ရှင်ဟာ သက်သက်မဲ့ ကျွန်မကို လိုက်နှောင့်ယှက်နေတာပဲ၊ မိန်းကလေးတစ်ယောက်ကို ဒီလို လိုက်နှောင့်ယှက်တာ မကောင်းပါဘူးရှင်'

'ဟာဗျာ... ကျွန်တော်က လိုက်နှောင့်ယှက်နေတာမှ မဟုတ်ဘဲ၊ ခင်ဗျားကို ချစ်လွန်းလို့ အခုလို စာလိုက်ပေးတဲ့ဟာ၊ ဒါကို ခင်ဗျားက ယူလိုက်ရင် ကျွန်တော်လည်း ပြန်ပါတော့မယ်'



စံရှားသည် နှုတ်မှလည်းပြောရင်း လက်ကလည်း ခင်ဒွေးဝင်းကို စာပေးနေသည်။

'ကိုင်း... ကိုင်း... ကျွန်မဟာ ရှင့်ကို မေတ္တာမရှိပေမယ့် ရုံးကလူတွေမြင်သွားမှာစိုးလို့ ယူလိုက်မယ်၊ အေး... ကျွန်မမေတ္တာကို ရလိမ့်မယ်လို့တော့ မထင်နဲ့၊ သိလား'

ခင်ဒွေးဝင်းသည် ပြောရင်းမှ စံရှား၏လက်မှ စာကို ဆတ်ခနဲ ဆွဲယူသည်။

'အို... ကိစ္စမရှိဘူး၊ ကျွန်တော့်ကို ပြန်ချစ်ဖို့ မချစ်ဖို့က ခင်ဗျားတာဝန်၊ စာပေးဖို့က ကျွန်တော့်တာဝန်ပါ၊ အခုလို ယူလိုက်တာတို့ပဲ ကျွန်တော်က ကျေနပ်လှပါပြီ၊ ကျေးဇူးလည်း တင်ပါတယ်'

စံရှားက ဝမ်းသာအယ်လဲနှင့် ပြန်ပြောသည်။

'ကျေးဇူးတွေ သိပ်တင်မနေနဲ့၊ ကျွန်မဟာ ရှင့်စာကို ယူသမယ့် ဖတ်ကြည့်မှာမဟုတ်ဘူး၊ ပြီးတော့ ညနေ ရုံးကပြန်ရင် ရှင့်အိမ်ကိုလာပြီး လူကြီးတွေကို တိုင်ပြောမယ်၊ သိလား'

'ဗျာ... ကျွန်တော့်အိမ်ကို လာတိုင်မယ် ဟုတ်လား၊ ခင်ဗျားက ကျွန်တော့်အိမ်ကို သိလို့လား'

'ဘာလို့ မသိရမှာလဲ၊ ကျွန်မနေတဲ့တိုက်ရဲ့ နောက်ဘက်တိုက်မှာ ရှင်နေတာ သိသားပဲ၊ မနေ့တုန်းက ရှင်နဲ့တောင် ဒီအချ ကျွန်မ ပြောခဲ့သေးတယ်မဟုတ်လား၊ ဘာ အခုမှ ရှင် မသိချင်ယောင်ဆောင်ပြီး မေးနေရတာလဲ'

ခင်ဒွေးဝင်းသည် ထိုသို့ပြန်ပြောပြီးနောက် အတွင်းဝန်များ ရုံးတော်ဆီသို့ ခပ်သွက်သွက်ကလေး လျှောက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ငှားသော့ သူ၏စာကို ယူသွားပြီမို့ ခင်ဌေးဝင်းနောက်သို့ ဆက်လိုက်တော့ဘဲ ရပ်နေရစ်သည်။

'ဘယ့်နှယ်လဲဟေ့… မင်းစာကို ယူသွားပြီ မဟုတ်လား၊ ငါ့ကောင်က ဒီလိုကျတော့ အစွံကြီးပဲကွ၊ ဟား… ဟား… ဟား…'

သူတို့၏အခြေအနေကို နောက်နားမှနေ၍ တစေ့တစောင်း ကြည့်ကာလိုက်ပါလာသော ထင်ပေါ်က ခင်ဌေးခင်း ထွက်အသွား တွင် စံရှားကိုပြောပြီး ရယ်နေသည်။

'ငါ့ကို သိပ်ပြီးအထင်တကြီးနဲ့ ချီးမွမ်းမနေနဲ့ ထင်ပေါ်။ စာကိုယူတာက ငါ့မေတ္တာကို လက်ခံချင်လို့ မဟုတ်ဘူးတဲ့၊ ရှုံးက လူတွေမြင်မှာစိုးလို့တဲ့ကွ၊ ပြီးတော့ ငါ့ကိုလည်း ညနေကျရင် အိမ်ကလူကြီးတွေနဲ့ လာတိုင်ပြောမယ်တဲ့'

'တိုင်ရင် သူ အရှုံးဖြစ်သွားမှာပေါ့ကွ၊ တို့အိမ်မှာ လူကြီး ရှိတာမှမဟုတ်ဘဲ၊ ဟား… ဟား… ဟား… ဘာပဲဖြစ်ဖြစ်ပေ ကွာ၊ စာကို ယူသွားတယ်ဆိုကတည်းက ပထမခြေလှမ်းဟာ အောင်မြင်တယ်လို့ ဆိုရမှာပေါ့၊ ကိုင်း… သွားကြစို့'

ထင်ပေါ်က ပြောရင်း စံရှား၏လက်ကို ဆွဲခေါ်သည်။ စံရှားကတော့ တစ်စုံတစ်ခုကို နက်နက်နဲနဲ စဉ်းစားရင်း ထင်ပေါ် ခေါ်ရာနောက်သို့ လိုက်သွားသည်။

□

(ငါး)

## မိတ်ကပ်ဝိဇ္ဇာ၏အစွမ်း

စံရှားမှာ ညနေတွင် အိမ်သို့လာ၍ လူကြီးများကို တိုင် ကြားမည်ဟူသော ခင်ဌေးဝင်း၏ ပြောစကားများကြောင့် တစ်စုံ တစ်ခုပြုလုပ်ရန် နက်နက်နဲနဲ ကြံစည်တွေးတောနေသည်။ သူသည် နံနက်စာထမင်း စားသောက်ပြီးကတည်းက တွေးနေခဲ့ရာ ညနေ (၃)နာရီခန့်ရှိတော့မှ အကြံပေါက်သွားတော့သည်။

'ဟုတ်ပြီ… ဟုတ်ပြီ၊ ဒီအကြံဟာ အကောင်းဆုံးပဲ၊ ပျော်လည်း သိပ်ပျော်စရာကောင်းမှာပဲ'

စံရှားသည် သူ၏အကြံကို ကျေနပ်အားရလွန်းသဖြင့် ဝမ်းမြောက်ဝမ်းသာ ပြောနေသည်။ ထင်ပေါ်မှာ တစ်ယောက် တည်း သွားကြီးအဖြီးသားနှင့် ပြောနေသော စံရှားကို အူကြောင် ကြောင်နှင့် လှမ်းကြည့်ရင်း မေးသည်။

'ဟကောင်ရ… ဘာအကြံတွေများရလို့ အူမြူးနေရတာ လဲ၊ ပြောပါဦး'

www.burmeseclassic.com

www.burmeseclassic.com



'ဘာ… ပြောမယ် သူငယ်ချင်း၊ စိတ်သာချ၊ မင်းကို မပြောလို့တော့ မဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ကိစ္စမှာ မင်းက အကူအညီပေးမှာ ဟန်ကျမှာကိုး၊ ဟား… ဟား… ဟား…'

စံရှားသည် တဟားဟားနှင့်ရယ်ရင်း ထင်ပေါ်ကို ပြန်ပြောသည်။

'ဆိုစမ်းပါဦး၊ ဘယ်လိုအကူအညီပေးရမှာလဲ၊ ခင်ဌေးဝင်းက ပါးရိုက်မယ့် ခွဲတမ်းမျိုးတော့ ငါ့ကို ချမပေးနဲ့နော်၊ ငါ မယူဘူးကွ'

'ဟယ်… မင်းကလည်း မဦးမချွတ် ပြောရှာမယ်၊ ငါ အခုလုပ်မယ့်ကိစ္စက ပါးရိုက်မခံရပါဘူးကွ၊ အင်မတန်ကို ပျော်စရာကောင်းမှာ၊ ပြီးတော့လည်း ငါနဲ့ ခင်ဌေးဝင်းဟာ ရင်းနှီးသွားနိုင်တဲ့ကိစ္စကွ၊ အဟီး…'

'ကဲပါ… ဒီလိုဆိုရင်လည်း မြန်မြန်ပြောစမ်းပါ၊ မြင်းကြီးဟီသလိုတော့ တဟီးဟီးနဲ့ ဟီမနေစမ်းပါနဲ့'

ထင်ပေါ်က စိတ်မရှည်သံနှင့် ပြောသည်။

'ဒီလိုကွ… မင်းသိတဲ့အတိုင်းပဲ၊ ခင်ဌေးဝင်းဟာ ရုံးဆင်းချိန်ကျရင် တို့အိမ်မှာ လူကြီးတွေရှိတယ်ထင်ပြီး တိုင်ဖို့တော ဖို့ လာမယ်မဟုတ်လား'

'အေးလေ… အဲဒါ ဘာဖြစ်သလဲ'

'သူ ဒီကိုလာရင် တို့အိမ်မှာ လူကြီးတစ်ယောက်ယောက် ရှိတဲ့ပုံမျိုး လုပ်ထားချင်လို့ပါ'

'သြော်… သိပြီ၊ သိပြီ၊ မင်းဆိုလိုတာက ဟို ကိုယ့်ချစ်သူ ဘယ်မှာရှိတယ် ဇာတ်ကားထဲကလို ဒီပြင် အဘိုးကြီးတစ်



ယောက်ယောက်ကို အဖေယောင်ဆောင်ခိုင်းမလို့ ဆိုပါတော့'

'အေး… မင်းပြောတာ ရာခိုင်နှုန်းငါးဆယ်တော့ မှန်တယ်၊ အကုန်တော့ မမှန်သေးဘူး'

'ဘယ်လိုမမှန်တာလဲ'

'ဒီလိုလေကွာ၊ မင်းပြောသလို အဘိုးကြီးတစ်ယောက်ယောက်ကို အဖေယောင်ဆောင်ခိုင်းမယ်ဆိုတာကတော့ မှန်တယ်၊ ဒါပေမဲ့ ဒီပြင် အဘိုးကြီးတစ်ယောက်ကို လူစားထိုးပြီး ဆောင်ခိုင်းမှာမဟုတ်ဘူး၊ ငါကိုယ်တိုင် အဘိုးကြီးယောင်ဆောင်မှာကို ပြောတာကွ၊ သိပြီလား'

'ဟေ…'

စံရှား၏စကားကြောင့် ထင်ပေါ်မှာ အံ့အားသင့်သွားတော့သည်။

'မဟေနဲ့ကွ၊ ငါ ဒီလိုလုပ်ဖို့ စဉ်းစားပြီးပြီ'

စံရှားက ယတိပြတ် ဆုံးဖြတ်ချက်ချထားသော မျက်နှာနှင့် ပြန်ပြောသည်။

'ဆိုစမ်းပါဦး၊ မင်းက ဘယ်လိုများ လုပ်မှာမို့လဲ'

'မင်းရဲ့ အစွမ်းအစပေါ်မှာ ရာနှုန်းပြည့် ယုံကြည်ချက်နဲ့ လုပ်မှာပဲကွ၊ ဒီလောက်ဆိုရင် မင်းလည်း ရိပ်မိရောပေါ့၊ ဟား… ဟား… ဟား…'

စံရှားသည် စကားအဆုံးတွင် ထင်ပေါ်၏မျက်နှာကို ငေးကြည့်ပြီး ရယ်နေသည်။ သည်တော့မှ ထင်ပေါ်မှာလည်း သူငယ်ချင်း မည်သည့်အသံနှင့် ပြောနေသည်ကို ရိပ်မိသွားပြီး သူလည်း ရယ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ဟား… ငါ့ကောင်က ဒီလိုကိုး သိပြီ… သိပြီ၊ မင်းက ငါ့မိတ်ကပ်အစွမ်းနဲ့ အဘိုးကြီးယောင်ဆောင်ပြီး မင်းပဲ့ဟာမကလေးကို အရူးလုပ်မယ် ဆိုပါတော့'

'ဆိုပါတော့ မဟုတ်ဘူး၊ လုပ်ကိုလုပ်မယ်၊ မင်းရဲ့ မိတ်ကပ်ကသာ ငါ့ရုပ်ကို အဘိုးကြီးနဲ့တူပါစေ'

'မင်းနှယ်ကွာ… ငါ့ကိုများ အထင်သေးလိုက်တာ မိတ်ကပ်အရာမှာ ငါဟာ စက်ကင်းတူနန်း နှစ်ယောက်မရှိအောင် တော်တဲ့ကောင်ပါကွ၊ ဒါကြောင့်လည်း မိတ်ကပ်ဝိဇ္ဇာ ထင်ပေါ်လို့ နာမည်တစ်လုံးနဲ့ ကျော်ကြားနေတာပေါ့၊ ဒီမှာ စံရှားရ၊ ငါ့မိတ်ကပ် နဲ့ ပတ်သက်ပြီးလို့တော့ မင်းစိတ်ထဲမှာ ဘာသံသယမှ ရှိမနေနဲ့ ငါ့မိတ်ကပ်နဲ့သာ မင်းရုပ်ကို ပြုပြင်ပြောင်းလဲပေးလိုက်ရရင် အ မှတွေ့ကြတဲ့ ခင်ဗျေးဝင်းလို လူစိမ်းမပြောနဲ့၊ မင်းကို လူဖြစ်အောင် မွေးထုတ်ပေးခဲ့ကြတဲ့ မင်းရဲ့ မာမီနဲ့ ပါပီကြီးတောင် အဲလေ… ပါပါကြီးတောင် မမှတ်မိစေရဘူး၊ အဲဒါကို ငါက ရာခိုင်နှုန်းပြည့် အာမခံတယ်'

ထင်ပေါ်မှာ သူ၏မိတ်ကပ်အစွမ်းကို သံသယဖြစ်နေ သော စံရှား၏စကားကြောင့် မခံချင်သံနှင့် ပြန်ပြောနေသည်။

'အေးလေ… ငါကလည်း မင်းမိတ်ကပ်အစွမ်းကိုသိလို့ အခုလို လုပ်တာပေါ့'

'လုပ်တာက ဟုတ်ပြီ၊ ငါ့အနေနဲ့ မိတ်ကပ်နဲ့သာ မင်းရုပ် ကို အဘိုးကြီးယောင်ဖန်ဆင်းပြီး ပေးနိုင်မှာကွ၊ ဒါပေမဲ့ မင်းရဲ့ အပြောအဆို အမူအရာ လုပ်ရှားမှု အားလုံးဟာ အဘိုးကြီးနဲ့မတူ ရင်တော့ အလကားပဲ'



'အို… ဒီအတွက်လည်း ဒုန့်ဝါရီပါပဲကွာ၊ မင်းသိတဲ့ အတိုင်းပဲ၊ ငါဟာ ဟိုက်စကူးကျောင်းသားဘဝတုန်းက မကြာ ခဏ ဦးရွှေရိုးအကကို ကလာတဲ့ကောင်ပဲဟာ၊ အမူအရာရော အပြောအဆိုရော တူရပါစေ့မယ်'

'အမူအရာနဲ့ အပြောအဆိုသာ မကဘူး သူငယ်ချင်း၊ အသံကလည်း အဘိုးကြီးအသံ ပေါက်ပါစေ'

'စိတ်ချ… အဘိုးကြီးအသံလောက်ကတော့ လွယ်ပါ တယ်၊ ဟို မြန်မာ့အသံက အဘိုးကြီးခန်းမှာ လုပ်တဲ့လူကြီးသို့ ကွမ်းသီးကြီးငုံပြီးပြောရင် ပြီးတာပဲဟာ၊ ဒါထက် မင်းကွမ်းအစ်ထဲ မှာ ကွမ်းသီးလုံး ရှိသေးသလား'

'ရှိပါတယ်ကွာ… ရှိပါတယ်၊ ကွမ်းနဲ့ ကွမ်းသီးကတော့ ငါက အပြတ်မခံပါဘူး'

ထင်ပေါ်သည် စံရှားကို ပြန်ပြောရင်းမှ သူ၏ကွမ်းအစ်ကို ဖွင့်၍ ကွမ်းကို ယာစားနေသည်။

'မင်းဆိုတဲ့ကောင်ကတော့ ကွမ်းဖိုးနဲ့ ကျွန်ဖြစ်မယ့်ကောင် ပဲ၊ ကဲတဲ့ကွာ… စားပဲစားနိုင်လွန်းတယ်'

စံရှားသည် ပလုတ်ပလောင်းနှင့် ကွမ်းများကိုစားနေသော ထင်ပေါ်၏မျက်နှာကို ရှုံ့ရှုံ့မဲ့မဲ့နှင့်ကြည့်ရင်း ပြောနေသည်။

'ဟ… ဒါကတော့ ကြိုက်တာကိုးကွ၊ လူတစ်ကိုယ်မှာ အကြိုက်တစ်မျိုးစီတော့ ရှိကြစမြဲပဲ၊ မင်းလည်း စီးကရက်ကျတော့ သိပ်ကြိုက်တယ် မဟုတ်လား၊ ကဲပါကွာ… အပိုစကားတွေ ပြောနေကြမယ့်အစား မင်းကို အဘိုးကြီးဘဝ ပြောင်းပေးရအောင် မင်းမျက်နှာကို စင်သွားအောင် သွားဆေးစမ်းကွာ'

www.burmeseclassic.com

www.burmeseclassic.com



ထင်ပေါ်ကပြောလျှင် စံရှားသည် သူ၏မျက်နှာကို လက်နှင့်ခံကြည့်ပြီးနောက် ခပ်လှမ်းလှမ်းတွင်ရှိသော ကိုယ်လုံးပေါ်မှန်ဗီရိုရှေ့သို့သွားကာရပ်ကြည့်ရင်း အောက်ပါအတိုင်းပြောနေသည်။

'အင်း… အိုရဦးမှာပါကလား၊ သြော်… အချစ်… အချစ်… လူတွေဟာ အချစ်နဲ့ပတ်သက်လာရင် အိုရမှာလည်း မကြောက်၊ နာရမှာလည်း မကြောက်ပါကလား'

ထင်ပေါ်မှာ မှန်ရှေ့တွင် ဥစည်းညည်းညူညူနှင့် လုပ်နေသော စံရှားကို မဲ့ရွဲ့ကာကြည့်ရင်း လှမ်းဆူသည်။

'အောင်မာ… မှန်ရှေ့မှာသွားပြီးတော့ တညည်းညည်း တညူညူနဲ့ လုပ်နေလိုက်တာ၊ မအိုချင်ရင်လည်း နေကွာ၊ ငါ့မှာ အလုပ်တောင် သက်သာသေးတယ်'

'အယ်… အယ်… ဒီလိုမလုပ်နဲ့လေ၊ အိုပါရစေကွာ၊ ဒါမှ ပျိုနုမနဲ့ အလိုကျသမျှ နေရမှာ မဟုတ်လား၊ ကဲ… ကဲ… မျက်နှာချည်းတော့ အသားပေးပြီး သစ်မနေဘူး၊ ငါ့ကိုယ်ကိုပါ ရေချိုးပစ်လိုက်မယ်၊ ဟုတ်လား'

စံရှားသည် ထိုသို့ပြောပြီးနောက် ရေချိုးခန်းတွင်းသို့ ဝင်သွားသည်။

ထင်ပေါ်ကတော့ သူ၏အခန်းတွင်းမှ မိတ်ကပ်သေတ္တာကို ထုတ်၍ယူနေသည်။ ထင်ပေါ်၏ မိတ်ကပ်သေတ္တာမှာ နိုင်ငံခြားမှ ရှားရှားပါးပါး မှာကြားထားရသော မိတ်ကပ်သေတ္တာကလေး ဖြစ်သည်။ နိုင်ငံခြားဖြစ်မို့ ဆေးများကလည်း အလွန်ကောင်းလှသည်။ ထိုမိတ်ကပ်သေတ္တာကလေးထဲတွင် ပစ္စည်းများ၊ အသားရောင်ခြယ်သည့် ဆေးများနှင့် စုတ်တံလေးများ ပါသည်။



စံရှား ရေချိုး၍ပြီးစီးသောအခါတွင်တော့ ထင်ပေါ်မှာ သူ၏ရှေ့တွင် စံရှားကို ထိုင်ခိုင်းပြီးနောက် အသက် (ခြောက်ဆယ်ကျော်)အရွယ် အဘိုးကြီး၏ရုပ်ကို မိတ်ကပ်တို့ဖြင့် ခြယ်ပေးနေသည်။

မိနစ်နှစ်ဆယ်ခန့်အကြာတွင်တော့ ထင်ပေါ်မှာ စံရှား၏ရုပ်သွင်ကို အဘိုးကြီးဘဝသို့ ပြောင်းလဲ၍ ပြီးစီးသွားတော့သည်။

'ကိုင်း… မင်းရဲ့ရုပ်ကို မှန်ထဲသွားကြည့်စမ်း၊ ဒီပြင်လူ မပြောနဲ့၊ မင်းတောင် မှတ်မိရဲ့လား'

ထင်ပေါ်က ကျေနပ်အားရသံနှင့်ပြောလျှင် စံရှားသည် သူ၏မျက်နှာကို မှန်ဗီရိုကြီးရှေ့တွင်ရပ်ကာ ကြည့်နေတော့သည်။

'ဟယ်… ဟုတ်လိုက်လေကွာ၊ ငါ့ရဲ့ နုပျိုလှပတဲ့ ရုပ်သွင်ကလေးဟာ တစ်ခါတည်းကို အဘိုးအိုရုပ် ပေါက်သွားတော့တာပဲ၊ တော်တယ်ဟေ့… မင်းကို ငါ လိုက်လှိုက်လှဲလှဲကြီးကို ချီးကျူးပါတယ် ထင်ပေါ်ရယ်'

စံရှားသည် ထင်ပေါ်ဘက်သို့လှည့်ကာ ချီးကျူးနေသည်။

'ချီးကျူးတာကို ခဏလောက်ရပ်ထားပြီး မင်းကိုယ်ကိုလည်း အဘိုးကြီးရုပ်နဲ့လိုက်အောင် ဝတ်ဆင်ဦးလေ၊ ကော်ကိုင်းမျက်မှန်တော့ ငါ့ဆီမှာရှိပါတယ်'

ထင်ပေါ်က ပြောသဖြင့် စံရှားသည် ခေါင်းကို တစ်ချက်ညိတ်ပြရင်း သူ၏ အဝတ်ဗီရိုဆီသို့ ထွက်သွားသည်။ ဗီရိုရှေ့သို့ရောက်လျှင် သူသည် ဗီရိုကိုဖွင့်ကာ အတွင်းမှ အဝတ်အထည်များကို တစ်ထည်ပြီးတစ်ထည် ရွေးချယ်နေသည်။

မာစရိုက်ချည်လုံချည်များထဲမှ အဘိုးကြီးဆင်မျိုးကို ရှာ

www.burmeseclassic.com

www.burmeseclassic.com



[illegible]ခြင်း သူသည် ကြူထံရုံကွက် ရွှေဖလားရောင် ဘန်ကောက်[illegible]ချည်ကို ယူလိုက်သည်။ ထို့နောက် တက်ထရွန် ရုပ်လက်ရှည် တစ်ထည်နှင့် မှော်ခိုဈေးမှ သူဝယ်လာခဲ့သော ချောကလက်ရောင် တက်ထရက်(စ်)တိုက်ပုံအင်္ကျီများကိုပါ ယူကာ သူ၏ကိုယ်တွင် ဝတ်ဆင်လိုက်သည်။ ထိုအခါတွင်တော့ သူ၏ရုပ်သွင်မှာ တကယ့် လူကြီးဂိုက်ကို ဖမ်းသွားတော့သည်။

'ဘယ့်နှယ်လဲဟေ့… ဒီရုပ်မျိုးနဲ့ဆိုရင်တော့ ခင်ဒွေးဝင်း ဟာ ငါ့ကို တကယ့်အဘိုးကြီးကို ထင်သွားမှာပဲနော်'

စံရှားသည် သူ၏ကိုယ်ကို မှန်ဗီရိုရှေ့တွင် အပြန်ပြန် အလှန်လှန် ကြည့်နေရင်းမှ သူငယ်ချင်းဖြစ်သူ ထင်ပေါ်ကို လှမ်း မေးသည်။

'အေး… အဘိုးကြီးဂိုက်တော့ ဖမ်းသွားပါပြီ၊ ဒါနဲ့ မင်းမှာ ခေါင်းပေါင်းမရှိဘူးလားကွ'

'မင်းက ဘာလုပ်မလို့ မေးတာလဲ ထင်ပေါ်ရဲ့'

'သြော်… ခေါင်းပေါင်းနဲ့ဆိုတော့ ပိုပြီး ပီပီပြင်ပြင်နဲ့ အဘိုးကြီးရုပ် ပိုတူမှာပေါ့'

'ဟာကွာ… ခေါင်းပေါင်း မလိုတော့ပါဘူး၊ ငါ့မှာလည်း ရှိတာမဟုတ်ဘဲ၊ အခုလည်း တူသားပဲ၊ တော်ကြာ ခေါင်းပေါင်း ကြီးပေါင်းထားလို့ ငါ့ရုပ်က အခုလို ခန့်ခန့်ချောချောကြီးဖြစ်မလာ ဘဲ ဘုရားကိုးဆူဆရာရုပ် ပေါက်နေပါဦးမယ်'

စံရှားက ပြန်ပြောလျှင် ထင်ပေါ်မှာ ရယ်နေတော့သည်။ ပြီးတော့ သူသည် တစ်စုံတစ်ခုကို သတိရဟန်နှင့် စံရှားကို အနီးသို့လှမ်းခေါ်သည်။



'ဟေ့… ဟေ့… ငါ တစ်ခုလုပ်ပေးဖို့ မေ့နေတယ်ကွ'

'ဘာများမေ့နေလို့လဲ ထင်ပေါ်ရ'

'မင်းဆံပင်တွေကို ပြုပြင်ပေးဖို့ပေါ့၊ မင်းရုပ်ကိုသာ ငါက အဘိုးကြီးအဖြစ် ဖန်တီးပေးထားတာ၊ မင်းဆံပင်တွေက နက်မှောင် နေတော့ သဘာဝမကျဘူးကွ'

'အိုကွာ… ဆံပင်တွေကိုတော့ လုပ်မနေစမ်းပါနဲ့၊ အဘိုး ကြီးတိုင်း ဆံပင်တွေ ဆွတ်ဆွတ်ဖြူကြတာမှ မဟုတ်ဘဲ၊ ကော်[illegible]ိုင်းမျက်မှန်ကြီးရှိနေမှတော့ တော်ပါပြီ'

'ဒီလိုလည်း မဟုတ်ဘူးလေ၊ အကုန်လုံးမဖြူပေမယ့် [illegible]ည်းနည်းတော့ ဖြူမှပေါ့၊ လာစမ်းပါကွာ'

ထင်ပေါ်က မရမကခေါ်နေသဖြင့် စံရှားမှာ ထင်ပေါ်၏ ရှေ့တွင် ဆောင့်ဆောင့်ကလေး ထိုင်ရပြန်သည်။ ထင်ပေါ်သည် [illegible]တ်တံသေးသေးကလေးနှင့် မင်ဖြူကိုတို့ကာ ဆံပင်အနည်းငယ် [illegible]နေသော အဘိုးကြီးအသွင် ခြယ်သပေးနေပြန်သည်။

'ကိုင်း… ကိစ္စအားလုံးတော့ ပြီးပြီ၊ ဒီတော့ မင်းရဲ့ [illegible]န်အမူအရာကို ဟိုက မလာခင် အဘိုးကြီးနဲ့ တူမတူ ငါ [illegible]လာချင်သေးတယ်၊ ရိုဟာဇယ်သဘောမျိုးနဲ့ ငါ့ကို လုပ်ပြစမ်း [illegible]ွာ'

ထင်ပေါ်က ခိုင်းလျှင် စံရှားသည် မနီးမဝေးတွင်ရှိသော ထင်ပေါ်၏ကွမ်းအစ်အတွင်းမှ ကွမ်းသီးတစ်လုံးကို ပါးစပ်တွင်းသို့ [illegible]င်းပြီးနောက် အဘိုးကြီးဟန်မျိုးနှင့် ထင်ပေါ်ကို ပြောနေတော့ သည်။

'အို… တူမကြီးပါလား၊ လှလိုက် ဝလိုက်တာ လွန်ပါ

www.burmeseclassic.com

www.burmeseclassic.com



ရောနော်၊ ဘဘကြီးတော့ ငါ့တူမကို မြင်လျှင်မြင်ချင်း ချစ်မိတယ်၊ အဲလေ… သမီးကလေးလို ချစ်မိတယ်၊ ဟား… ဟား… ဟား'

စံရှားသည် အဘိုးကြီး၏ အသံမျိုးနှင့်ရော အမူအရာတို့ကိုပါ လုပ်ပြပြီး ရယ်နေသည်။ ထင်ပေါ်မှာလည်း ရယ်နေမိသည်။

'ဘယ့်နှယ်လဲကွ၊ အဘိုးကြီးအိုက်တင် ပါရဲ့လား'

'ပါပါတယ်ကွာ၊ ငါ့ကောင် ဒီလိုတော့ အဟုတ်ကြီးပဲ၊ ဒီအတိုင်းသာဆိုရင်တော့ ခင်ဒွေးဝင်းဟာ မင်းကို တကယ့် အဘိုးကြီးလို့ကို ထင်နေမှာ၊ အဲ… တစ်ခုတော့ ငါ သတိပေးလိုက်မယ်နော်၊ အခု ငါ့ရဲ့ မိတ်ကပ်ပညာဟာ တွမ်တီဖိုးအာဝါ(နှစ်ဆယ့်လေးနာရီ) သာခံတာ၊ ဒီထက်ပိုပြီးတော့ မခံဘူး၊ နောက်တစ်ချက်က ငါ့မိတ်ကပ်ဟာ ရေကိုတော့ သိပ်ကြောက်တယ်၊ ဒါကြောင့် မျက်နှာကို ရေမထိမိအောင်တော့ သတိထား၊ နှုတ်ခမ်းမွေးကိုလည်း မကြာမကြာလက်နဲ့ဖိဖိပေး၊ ဘာဖြစ်လို့လဲဆိုတော့ နှုတ်ခမ်းမွေးကကော်ဟာ သိပ်မကောင်းလို့ ကျွတ်ကျချင် ကျတတ်တယ်၊ ဒါတွေကိုတော့ ကျပ်ကျပ်သာသတိထားပေတော့ စံရှားရေ'

'အိုကေ ဒီအတွက်တော့ပူမနေပါနဲ့၊ ငါသတိထားပါ့မယ်'

စံရှားသည် ထိုသို့ ပြန်ပြောပြီးနောက် ခင်ဒွေးဝင်းလာလျှင် ကျင့်သားရစေရန်အတွက် အဘိုးကြီးတစ်ဦး၏ လေယူလေသိမ်းများကိုလည်းကောင်း၊ လျှောက်ပုံလျှောက်နည်းများကိုလည်းကောင်း လေ့ကျင့်နေသည်။ သူငယ်ချင်းဖြစ်သူ မိတ်ကပ်ဝိဇ္ဇာထင်ပေါ်၏အစွမ်းဖြင့် စံရှားသည် သူအသေအလဲကြိုက်ကာနေသော ခင်ဒွေးဝင်းကို အရှုံးလုပ်တော့မည်။

❑

## (ခြောက်)

## ဘဘကြီးနှင့် တူမကြီး

ညနေလေးနာရီကျော်လျှင်တော့ ထင်ပေါ်သည် အိမ်ရှေ့လသာခန်းမှထွက်၍ ခင်ဒွေးဝင်းအလာကို စောင့်မျှော်ကြည့်နေသည်။ ထိုအချိန်တွင် စံရှားကတော့ အဘိုးကြီးတို့၏ ပြောဟန်ဆိုဟန်တို့ကို အတော်ပင် လေ့ကျင့်၍ပြီးပြီမို့ အိမ်ခန်းထဲတွင် အမောဖြေနေသည်။

'စံရှားရေ… မင်းဟာမကလေးတော့ တမော့မော့နဲ့ လာနေပြီဟေ့၊ အသင့်သာ ပြင်ထားပေတော့'

လသာခန်းတွင် ရောက်နေသော ထင်ပေါ်က စံရှားရှိရာသို့ လှမ်း၍အသံပေးကာ သူလည်း အခန်းတွင်းသို့ ဝင်ပြေးလာသည်။ ထင်ပေါ်၏အသံကြောင့် စံရှားမှာ ထိုင်နေရာမှ ခုတ်ခနဲထလိုက်သည်။

'ဟေ့… ဟေ့… ဟေ့ကောင်၊ မင်းရဲ့မိတ်ကပ်က နိပ်အေးရဲ့လားကွ၊ ကြည့်ပါဦး'

စံရှားသည် အနီးသို့ရောက်လာသော ထင်ပေါ်ကို သူ၏မျက်နှာတွင်ပြုလုပ်ထားသည့် မိတ်ကပ်ကို စိတ်မချဟန်နှင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ့မိတ်ကပ်အတွက်တော့ စိတ်ချပါ၊ မင်းကို လိမ်းပေးထားတာ တစ်နာရီတောင် မပြည့်သေးဘဲနဲ့၊ ဘယ်လိုမှမနေပါဘူး။ စောစောကအတိုင်းပါပဲကွ'

'ကိုင်း… ဒီလိုဆိုရင် ငါက သတင်းစာဖတ်ချင်ယောင်ဆောင်မယ်၊ သူတံခါးခေါက်ရင် မင်းကဖွင့်ပေးလိုက်နော်၊ ဟုတ်လား'

စံရှားသည် ခပ်လှမ်းလှမ်းတွင်ရှိသော ကြေးမုံသတင်းစာကို လှမ်းကိုင်ရင်း ထင်ပေါ်ကို ပြောသည်။

'ကောင်းပါပြီကွာ… ငါ့ဘက်ကတော့ မင်းရှေ့ဆောင်သွားတဲ့ ဇာတ်ကွက်အတိုင်း နောက်က လိုက်လုပ်ပေးပါ့မယ်၊ မင်းကသာ မမှားစေနဲ့'

သူတို့ ပြောဆိုနေကြစဉ်မှာပင် အခန်းတံခါး ခေါက်သံမှာ တခေါက်ခေါက်နှင့် ပေါ်ထွက်လာသည်။

ထိုအသံကြောင့် သူတို့နှစ်ဦးသည် ပခုံးကလေးတွေကိုယ်စီတွန့်ကာ မဲ့ပြကြသည်။ ပြီးတော့ ထင်ပေါ်သည် တံခါးကိုဖွင့်ရန် သွားသည်။ စံရှားကတော့ သူ၏တိုက်ပုံအင်္ကျီထဲတွင် သိမ်းထားသော ကော်ကိုင်းမျက်မှန်ကြီးကို မျက်စိတွင်တပ်၍ ကွမ်းအစ်တွင်းမှ ကွမ်းသီးတစ်လုံးကို ပါးစပ်ထဲသွင်းကာ ငုံထားသည်။ ထိုသို့လုပ်ပြီးနောက် သူသည် စားပွဲပေါ်မှ ကြေးမုံသတင်းစာကိုယူကာ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်၍ သတင်းစာဖတ်ဟန်ဆောင်ရင်း ခင်ဌေးဝင်းအသံကို နားစွင့်ကာထောင်နေသည်။

ထင်ပေါ်သည် အခန်းတံခါးကို ဖွင့်ပေးပြီးနောက် ခင်ဌေးဝင်းကို တွေ့ရလျှင် မသိဟန်ဆောင်၍ မေးသည်။

'ဪ… ဘာကိစ္စပါလဲ ခင်ဗျာ၊ ဘယ်သူ့ကို တွေ့ချင်



လို့လဲ' ထင်ပေါ်က မသိဟန်ဆောင်၍ မေးသံကြောင့် ခင်ဌေးဝင်းက မျက်နှာကလေးကို တစ်ချက်မဲ့ပြရင်း ပြန်ပြောသည်။

'ဘာကိစ္စနဲ့ လာတယ်ဆိုတာ ရှင်မသိဘူးလား၊ ဘာအခုမသိချင်ယောင် ဆောင်နေရတာလဲ'

ခင်ဌေးဝင်းက ထင်ပေါ်ကို ယောက်နေသည်။ အမှန်တော့ နံနက်ပိုင်းက သူ့ကို စံရှား စာလိုက်၍ပေးစဉ်က ထင်ပေါ်ပါ အနီးတွင်ရှိနေသည်ကိုတွေ့ရ၍ ယခုလို ခင်ဌေးဝင်းက ယောက်နေခြင်းဖြစ်သည်။ ခင်ဌေးဝင်း၏ ဟောက်သံကြောင့် ထင်ပေါ်မှာ ဇက်ကလေး ပုဝင်ကာသွားတော့သည်။ ပြီးတော့မှ ညောင်နာနာအသံကလေးနှင့် ပြန်ပြောသည်။

'ကျွန်… ကျွန်တော် မသိလို့ မေးတာပါ ခင်ဗျာ၊ စိတ်မဆိုးပါနဲ့'

ထင်ပေါ်က အစွမ်းကုန် မျက်နှာချိုသွေးရင်း တောင်းပန်သည်။ စံရှားကတော့ သတင်းစာကို ဖတ်ချင်ယောင်ဆောင်ရင်း နှ မျက်မှန်ကြီးအတွင်းမှနေ၍ မျက်လုံးကိုလှန်ကာ ခင်ဌေးဝင်းတို့တို့ အကဲခတ်ကြည့်နေရသည်။ ခင်ဌေးဝင်းကတော့ စံရှားကို ခင်တွေ့မြင်သေးပေ။

'ဒီအိမ်မှာ လူတွေမရှိဘူးလားရှင့်'

'ဂိန်…'

ခင်ဌေးဝင်းက နောက်တစ်ကြိမ် ထပ်မံ၍ မေးသံကြောင့် ထင်ပေါ်မှာ 'ဂိန်'ခနဲ လုပ်လိုက်မိသည်။ ထိုအသံကြောင့် ခင်ဌေးဝင်းမှာ ဒေါပွသွားသည်။

'ဘာ ဂိန်လဲရှင့်၊ ကျွန်မကို နောက်နေတာလား'

www.burmeseclassic.com

www.burmeseclassic.com



'မ… မဟုတ်ပါဘူး၊ ခင်ဗျားက ကျွန်တော်တစ်ယောက်လုံး ရပ်နေတာ မြင်ရဲ့သားနဲ့ လူတွေမရှိဘူးလားလို့ မေးတော့ ကျွန်တော်ဟာ အော်တိုမက်တစ် ခွေးဖြစ်သွားလို့ ဂိန်ခနဲ လုပ်လိုက်မိတာပါ၊ ဟဲ… ဟဲ…'

'ဘာ… ဟဲ… ဟဲလဲ… ပြောင်စပ်စပ် လုပ်မနေစမ်းနဲ့၊ ကျွန်မက ရှင့်ကို လူရာသွင်းပြီး မေးတာမဟုတ်ဘူး၊ ရှင့်အပြင် ဒီအိမ်မှာ ဒီပြင်လူတွေ မရှိဘူးလားလို့ မေးတာ၊ သိပြီလား'

'ဟုတ်ကဲ့… ခင်ဗျားပြောပြလို့ သိပါပြီ၊ ကျွန်တော့်အပြင် လူနဲ့တူတာဆိုရင် ဟောဟိုအခန်းထဲက သတင်းစာဖတ်နေတဲ့ နှုတ်ခမ်းမွေးကားကားနဲ့ သူငယ်လေး၊ အဲလေ… ဘဘကြီးတစ်ယောက်တော့ ရှိလေရဲ့'

ထင်ပေါ်သည် စံရှားဘက်သို့ လက်ညှိုးထိုးပြရင်း ပြောသည်။ ခင်ငွေးဝင်းမှာ ထင်ပေါ်ပြရာသို့ လှမ်းကြည့်သည်။ အဘိုးကြီးယောင်ဆောင်ထားသော စံရှားကို တွေ့ရလျှင်တော့ ခင်ငွေးဝင်းသည် လက်တွင်ကိုင်ထားသော လက်ပွေ့အိတ်အတွင်းမှ နံနက်ပိုင်းတုန်းက စံရှားပေးသွားသော စာကလေးကို ထုတ်ယူရင်း လျှောက်သွားသည်။ စံရှားကတော့ ခင်ငွေးဝင်း လာနေသည်ကို တွေ့ရလျှင် မသိဟန်ဆောင်ရင်း သတင်းစာကို အသံကလေးထွက်ကာ ဖတ်နေသည်။ စံရှားသည် သူ၏အနီးသို့ ခင်ငွေးဝင်း ရောက်နေသည်ကို သိသော်လည်း မသိဟန်ဆောင်၍ အဘိုးကြီးအသံပေါက်စေရန် ကွမ်းသီးကြီးကိုငုံရင်း သတင်းစာကို အသံထွက်ဖတ်နေသည်။

'ဘဘကြီး'



ခင်ငွေးဝင်းက စံရှားကို အဘိုးကြီးအမှတ်နှင့် ခေါ်သည်။ စံရှားကတော့ မကြားသေးဟန်နှင့် လက်ထဲတွင် ကိုင်ထားသော သတင်းစာကို စာစာကအတိုင်း အသံထွက်ကာဖတ်နေပြန်သည်။

'ဘဘကြီး'

သည်တစ်ကြိမ်တွင်တော့ ခင်ငွေးဝင်းသည် အသံကိုလည်း ခပ်ကျယ်ကျယ်ကလေးနှင့်ခေါ်ကာ စံရှား၏လက်ကိုပါ လှမ်းတို့သည်။

'ဟဲ့… ပလုတ်တုတ်၊ လန့်လိုက်တာ… ကလိ… ကလိ'

စံရှားသည် အဘိုးကြီးဟန်မျိုးနှင့် လန့်သွားဟန်ဆောင်ရင်းက ခင်ငွေးဝင်းကို မော့ကြည့်သည်။ သူ့ကို ပြုံး၍ကြည့်နေသော ခင်ငွေးဝင်းကို မြင်ရလျှင် သူကလည်း သွားကြီးဖြီးပြရင်း ပြန်ပြောသည်။

'အားပါး… ချစ်စရာကြီးပါကလား၊ အဲလေ… ငါ့တူမကြီးပါကလား၊ ဟိုး… ဟိုး… ဟိုး… ဟိုး…'

စံရှားသည် ပြောရင်းမှ အဘိုးကြီးရယ်နည်းမျိုးနှင့် ရယ်ချလိုက်ရာ သူ၏ပါးစပ်တွင် ငုံထားသော ကွမ်းသီးလုံးကလေးမှာ ဒုတ်ခနဲ အပြင်သို့ ထွက်ကျလာသည်။ ခင်ငွေးဝင်းမှာ ဒုတ်ခနဲ အသံကြောင့် ငုံ့ကြည့်လိုက်ရာ ကွမ်းသီးလုံးဖြစ်နေသည်ကို တွေ့ရလျှင် အံ့အားသင့်ဟန်နှင့် မေးသည်။

'ဟင်… ကွမ်းသီးလုံးကလေးပါလား၊ ဘဘကြီးက ဘာလို့ ငုံထားတာလဲ'

'အဘိုးကြီးနဲ့ တူအောင်လို့'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်…'

'အဲလေ… ယောင်လို့၊ ဘဘကြီးက ကွမ်းသီးကြိုက်တတ်တော့ အခုလိုပဲ ကွမ်းသီး ငုံငုံထားရတယ် တုတ်တုတ်ကြီးရဲ့၊ အဲ… ဟုတ်ပါဘူး၊ တူမကြီးရဲ့၊ ဟိုး… ဟိုး… ဟိုး…'

စံရှားက မှားသွားသော သူ့စကားကို ပြင်ပြောသည်။ စံရှား၏ ပြောဆိုနေပုံကြောင့် ထင်ပေါ်ကတော့ ကြိတ်၍ရယ်နေမိသည်။ ခင်ဌေးဝင်းကလည်း စံရှားကို တကယ့်အဘိုးကြီးမှတ်နေသဖြင့် တခစ်ခစ်နှင့် ရယ်နေမိသည်။

'ဘဘကြီးကြည့်ရတာ နားလေးတယ်ထင်တယ်'

ခင်ဌေးဝင်းက မေးပြန်သည်။

'အိန်း… လေးတာပေါ့၊ လေးတာပေါ့ တူမကြီး၊ လေးဆို ဘဘကြီးက အသက်ကလည်း ငယ်တော့တာမှမဟုတ်ဘဲ'

စံရှားသည် အဘိုးကြီးအသံ၊ အဘိုးကြီးဟန်မျိုးတွေ အစွမ်းကုန်သုံးရင်း ပြန်ပြောနေသည်။

'ဟုတ်တာပေါ့ ဘဘကြီးရယ်၊ ဒါထက် ဘဘကြီး အသက်က ဘယ်လောက်ရှိပြီလဲဟင်'

'ဘဘကြီး အသက်လား၊ အခုဆိုရင် ဘဘကြီးအသက် နှစ်ဆယ့်သုံးနှစ်လေ၊ ဟိုက်…'

စံရှားမှာ ယောင်ယမ်း၍ သူ့အသက်မှန်ကို သွားပြောမိသဖြင့် ဟိုက်ခနဲ ဖြစ်သွားသည်။ ခင်ဌေးဝင်းကတော့ တမင်သူ့ကို ပြောင်နေသည်ဟုမှတ်ကာ ရယ်နေတော့သည်။

'ဟာ… ဘဘကြီးကလည်း သိပ်နောက်တာပဲ၊ ဘဘကြီးဟာ ပျော်တတ်တယ်ထင်တယ်'



'ဘဘကြီးလား၊ အိန်း… ယခင်ကတော့ မပျော်တတ်ပါဘူး၊ အခု တူမကြီးနဲ့တွေ့မှ သိပ်ကိုပျော်သွားပြီး ကာလသားပြန်ဖြစ်နေတယ် တူမရဲ့၊ ဟိုး… ဟိုး… ဟိုး…'

စံရှားသည် ခင်ဌေးဝင်းကို ကြည့်၍ရယ်နေသည်။ ခင်ဌေး ဝင်းမှာလည်း စံရှား၏ အပြောအဆိုတို့ကြောင့် အလွန်ပျော်တတ်သော အဘိုးကြီးဟု မှတ်ထင်ကာ ရယ်နေမိသည်။

'ဒါထက် တူမကြီးလက်ထဲမှာလည်း စာရွက်ကိုင်လို့ပါလား၊ ဇကန္တ ဘဘကြီးဆီကိုလာပြီး ထောက်ခံစာတောင်းတာနဲ့ တူတယ်၊ ကဲ… ပြောစမ်း၊ ပြည်သူ့ဆိုင်က ဘာပစ္စည်းလိုချင်လို့လဲ၊ အကောင်းဆိုရင်တော့ မရဘူး၊ မကောင်းတာ လိုချင်ရင်တော့ ဘဘကြီးက လိုက်လိုက်လှဲလှဲကြီး ထောက်ခံပေးမယ်၊ ဟိုး… ဟိုး…' စံရှားသည် ခင်ဌေးဝင်း၏လက်ထဲမှ စာရွက်ကို ကြည့်ရင်း ပြောသည်။

'ထောက်ခံစာတောင်းမလို့ မဟုတ်ပါဘူး ဘဘကြီးရဲ့၊ တိုင်မလို့ပါ'

'တိုင်မလို့… ဟုတ်လား'

စံရှားက အိုက်တင်ပါပါနှင့် ပြန်မေးသည်။

'ဟုတ်တယ် ဘဘကြီး၊ ကျွန်မကိုလေ မနက်တုန်းက ဒီအိမ်က လူတစ်ယောက်က စာလိုက်ပေးတယ်၊ အဲဒါ ကောင်းသလားလို့'

'ကောင်းတာပေါ့'

'ရှင်…'

'အဲ… ဘယ်ကောင်းပါ့မလဲ၊ ဒါဟာ သိပ်မကောင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ပဲ၊ ကဲ… ပြောစမ်း၊ တူမကြီးကို စာလိုက်ပေးတာ ဘယ်ကောင်လဲ၊ ဟောဟိုက စပ်ဖြဲဖြဲမျက်နှာနဲ့ ကောင်လား၊ ဒါမျိုးလုပ်လေ့လုပ်ထရှိတာကတော့ အဲဒီကောင်ပဲ တူမကြီးရဲ့'

'မြတ်စွာဘုရား…'

စံရှား၏စကားကြောင့် ထင်ပေါ်မှာ မျက်လုံးအပြူးသားနှင့် ဘုရားကို တလိုက်မိသည်။

'သူတော့ မဟုတ်ပါဘူး ဘဘကြီးရဲ့၊ သူက ကြံရာပါပါ၊ ကျွန်မကို စာပေးတာက ဒီပြင်တစ်ယောက်ပဲ၊ သူ့နာမည်တော့ ကျွန်မ မသိဘူး။ အဲဒီလူ ဘယ်သွားနေလဲဟင်'

'သြော်… သိပြီ၊ သိပြီ၊ တူမကြီးပြောတာ စံရှားထင်တယ်၊ အိမ်မှာ အကောင်နှစ်ကောင် နေတယ်လေ'

စံရှားက တကယ့်အဘိုးကြီးဟန်ပန်မျိုးနှင့် ပြောနေသည်။

'စံရှားတဲ့လား၊ သူက ဘဘကြီးသားလား'

'ဟုတ်တာပေါ့… ဟုတ်တာပေါ့၊ ဘဘကြီးရဲ့သားပေါ့၊ ဒီကောင်က လူကောင်းကလေးပါ၊ ဒါမျိုးလုပ်တတ်တာလည်း မဟုတ်ပါဘူး၊ ကေန္တ ဟောဟိုက ထင်ပေါ်ဆိုတဲ့ကောင် မြှောက်ပေးပြီနဲ့တူတယ်'

'ဗုဒ္ဓေါ'

စံရှားမှာ သူ့ဘက်သူယက်၍ ထင်ပေါ်ကို ချောက်ချနေပြန်သဖြင့် ကြားရသူ ထင်ပေါ်မှာ အောင့်သက်သက်နှင့် ဗုဒ္ဓေါဟူ၍ တလိုက်မိပြန်သည်။ ပြီးတော့ ထင်ပေါ်သည် ဒေါသထွက်လာသဖြင့် ခင်ဒွေးဝင်း မမြင်စေရန် လက်သီးကိုဆုပ်၍ စံရှားဘက်သို့ ပြသည်။ သူ့ပြစဉ်မှာပင် ခင်ဒွေးဝင်းကလည်း အကြည့်နှင့်



ဆုံသွားသဖြင့် ထင်ပေါ်မှာ လက်သီးဆုပ်လျက် တန်းလန်းနှင့် အညောင်းဆန့်သလို လက်ကိုဆန့်ခါပြနေရသည်။ စံရှားကတော့ ထင်ပေါ်ကို ပြုံး၍ကြည့်နေသည်။ ခင်ဒွေးဝင်းသည် ထင်ပေါ်ကို တစ်ချက်ကြည့်ပြီးနောက် စံရှားဘက်သို့လှည့်ကာ ပြောသည်။

'သြော်… ဘဘကြီးရဲ့သားလား၊ နာမည်က စံရှားတဲ့လား၊ ကေန္တ စုံထောက်ကြီး ဦးစံရှားကို အတုယူပြီး ပေးတာနဲ့တူတယ်၊ ဟုတ်လား'

'ဘယ်ကလာ ဟုတ်ရမှာလဲ၊ ဒီကောင်ကို မွေးတုန်းက အိမ်မှာစားဖို့ဆန် စားစရာမရှိတာနဲ့ ဆလိမ်နေသတ်နဲ့ ဆန်ရှားဆိုပြီး ပေးခဲ့တာကို ဒီကောင်ကကြီးတော့ စလုံးသေးသေးတင်နဲ့ စံကို ပြောင်းလိုက်လို့ပါ တူမကြီးရဲ့၊ ဟိုး… ဟိုး… ဟိုး…'

စံရှားက ပြောပြီးရယ်ပြန်လျှင် ခင်ဒွေးဝင်းကလည်း ရယ်နေမိတော့သည်။

'သြော်… ဒီလိုလား၊ နို့… ဟိုတစ်ယောက်ကရော ဘဘကြီးရဲ့သားပဲလား'

ထိုစကားကို ကြားရလျှင် ထင်ပေါ်သည် စံရှားမပြောနိုင်မီ ကြားမှ ကမန်းကတန်းဖြတ်ကာ ဝင်ပြောသည်။

'မဟုတ်ဘူးဗျ၊ ကျွန်တော်က သူ့တူပါ၊ သားမဟုတ်ပါဘူး'

ထင်ပေါ်က သူ့ကိုပါ စံရှားက သားလုပ်မည်စိုးသဖြင့် ဝင်ပြောခြင်းဖြစ်သည်။ စံရှားမှာ ထိုသို့ဝင်ပြောသည်ကို မကျေနပ်သော်လည်း ငြင်းနေကြလျှင် အလိမ်တွေ ပေါ်ကုန်မည်စိုး၍ အလိုက်အထိုက် ပြောရတော့သည်။

'အဲ… ဟုတ်တယ်၊ သူကတော့ ဘဘကြီးရဲ့တူပါ၊

www.burmeseclassic.com



နာမည်က ဖင်ပေါ်၊ အဲလေ… ထင်ပေါ်တဲ့ တူမကြီးရဲ့'

'ဟင်… ဘဘကြီးရဲ့ တူနဲ့ သားနာမည်တွေကလည်း ထိတ်ထိတ်ကြဲတွေချည်းပါလား၊ တစ်ယောက်က စံရှား၊ တစ်ယောက်က ထင်ပေါ်၊ နို့… ဘဘကြီးနာမည်ကျတော့ရော'

'ဘဘကြီးနာမည်ကျတော့ ကမ္ဘာကိုကျော်တဲ့ နာမည်တူမကြီးရဲ့၊ အဟီး…'

'ဘာနာမည်မို့လဲ'

'ဂျိမ်း(စ်)ဘွန်းလေ၊ ဟိုး… ဟိုး… ဟိုး…'

'ဟာ… ဘဘကြီးကလည်း၊ သိပ်နောက်တာပဲ၊ ခစ်… ခစ်… ခစ်…' ခင်ဌေးဝင်းမှာ ပြောရင်း တခစ်ခစ်နှင့် ရယ်နေတော့သည်။

စံရှားကလည်း သွားကြီးဖြီးရင်း စောစောကလို ထိုင်မနေတော့ဘဲ ခင်ဌေးဝင်းနှင့်အတူ ယှဉ်တွဲ၍ရပ်နေသည်။

'ကဲပါ… ဘဘကြီးရဲ့ နာမည်ကို ပြောစမ်းပါ'

'ဂျိမ်းစ်ဘွန်းလို့ ပြောပြီးပြီမဟုတ်လား'

'ဟာ… ဘဘကြီးကလည်း၊ နောက်နေပြန်ပါပြီ၊ ကောင်း ကောင်းပြောစမ်းပါ'

'ဘာဖြစ်လို့ ဘဘကြီးရဲ့ နာမည်ကို သိချင်နေရတာလဲ တူမကြီးရဲ့'

'သိချင်ဆို ကျွန်မက ဘဘကြီးကို ခင်လို့ပါ'

'အိမ်း… အိမ်း… ဒီလိုဆိုရင်လည်း ပြောရတာပေါ့၊ ဒါပေမဲ့ ဘဘကြီးရဲ့နာမည်ကို ပြောပြလိုက်ရင် တူမကြီး လန့်မသွားနဲ့နော်'



'မလန့်ပါဘူး၊ ဘာနာမည်မို့လဲ ဘဘကြီးရဲ့'

'တုတ်ကြီးလေ'

စံရှား၏ စကားအဆုံးတွင် ခင်ဌေးဝင်းမှာ မျက်ရည်များထွက်အောင်ပင် ရယ်နေမိသည်။

'ဘဘကြီးကလည်း တွေ့ကတည်းက ရယ်စရာတွေချည်း ပြောနေတာပဲကိုး၊ နာမည်ကောင်းကောင်းပြောပါဆိုမှ'

'ဒီတစ်ခါတော့ ဘဘကြီး နောက်တာမဟုတ်ပါဘူး၊ ကောင်းကောင်းပြောတာပါ တူမကြီးရဲ့၊ တုတ်ကြီးဆိုတာ ဘဘကြီးရဲ့ နာမည်အမှန်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ငယ်ငယ်ကတည်းက ဘဘကြီးဟာ တုတ်လည်း တုတ်တယ်၊ ကြီးလည်း ကြီးလို့ပဲ အဲ… အဲ… ဗလကြီးတာနဲ့ လူကောင်ထွားတာကို ပြောတာနော်၊ ဟိုး… ဟိုး… ဟိုး…' စံရှားက ပြောပြီးရယ်ပြန်လျှင် ခင်ဌေးဝင်းမှာလည်း ရယ်မိသည်။

'ဒါထက် ဘဘကြီးရဲ့မိန်းမရော'

ခင်ဌေးဝင်းက မေးပြန်သည်။

'ဘဘကြီးမှာ မိန်းမ မရှိတော့ဘူး၊ ဆုံးသွားပြီ'

'ဆုံးသွားပြီ၊ ဟုတ်လား'

'ဟုတ်တယ် တူမကြီးရဲ့၊ ဘဘကြီးမိန်းမ ဆုံးသွားတဲ့အတွက် ဘဘကြီးဟာ အခုတော့ မုဆိုးထီးဖြစ်နေပြီလေ'

'မုဆိုးဖိုလုပ်စမ်းပါ ဘဘကြီးရဲ့'

'အိုကွယ်… အထီးနဲ့ အဖိုနဲ့ဟာ အတူတူပါပဲ၊ ဘဘကြီးဟာ အခုနေအခါမှာတော့ အထီးကျန်ဘဝနဲ့မို့ မုဆိုးထီးလို့ ပြောတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



စံရှားက သူ့ပါးစပ်တွင်း တွေ့ကရာများကို လျှောက်ပြောနေသည်။ ခင်ဒွေးဝင်းကတော့ တကယ်ပင်မှတ်သွားကာ စံရှား၏မျက်နှာကို ကရုဏာသက်စွာနှင့်ကြည့်ရင်း ဝမ်းနည်းသံနှင့် ပြောသည်။

'သြော်... ဘဘကြီးရဲ့ မိန်းမ ဆုံးသွားရှာပြီကိုး၊ ဘယ်တုန်းက ဆုံးတာလဲဟင်'

'အသက်ထွက် ထွက်ချင်းကို ဆုံးတာပဲ တူမကြီးရဲ့'

ထိုစကားကြောင့် ခင်ဒွေးဝင်းမှာ ရယ်ရပြန်သည်။

'ဘဘကြီးကတော့ လုပ်ပြီ၊ အသက်ထွက်မှတော့ ဆုံးရောပေါ့၊ ခစ်... ခစ်... ခစ်...'

'အေးလေကွယ်... ဘဘကြီးကလည်း ဒီအတိုင်းပြောတာပဲဟာ၊ မှားလို့လား'

'မှားတော့ မမှားဘူးပေါ့၊ ကျွန်မမေးတာက ဘယ်နှစ်တုန်းက ဆုံးတာလဲလို့ မေးတာပါ'

'ဘဘကြီး မုဆိုးထီး စဖြစ်တဲ့နှစ်လေ'

'ဟာ... ဘဘကြီးကလည်း ကောင်းကောင်းကို မပြောဘူး၊ သိပ်နောက်တာပဲ'

'ခက်တာပဲ တူမကြီးရယ်၊ ဒါတွေကို ဘဘကြီး မေ့ထားတယ်၊ ဒီတော့ မသိချင်ပါနဲ့၊ ကြာပါပြီပဲ ဆိုပါစို့'

'အင်းလေ... မပြောချင်လည်း နေပါတော့၊ ဘဘကြီးမှာ သားတစ်ယောက်ပဲ ရှိတာပေါ့နော်'

'ဟာ... ဘယ်ဟုတ်ရမှာလဲ၊ ဘဘကြီးမှာ စံရှားဆိုတဲ့သားအပြင် သမီးတစ်ယောက် ရှိသေးတယ်၊ ဒါကြောင့် တူမကြီးကို သမီးနဲ့ တူလွန်းလို့ မြင်မြင်ချင်း ဘဘကြီးက ချစ်မိတာပေါ့'



စံရှားက ခပ်တည်တည်နှင့် ခင်ဒွေးဝင်းကို လိမ်နေသည်။ အကြောင်းမှန် မသိရှာသူ ခင်ဒွေးဝင်းကတော့ အဟုတ်ပင် ထင်မှတ်နေရှာသည်။

'သြော်... ဘဘကြီးမှာ သမီးတစ်ယောက် ရှိသေးတာကိုး၊ သူကရော ဘယ်အရွယ်လောက်ရှိပြီလဲဟင်'

'ငါ့တူမကြီးအရွယ်ပဲ၊ အရွယ်သာမဟုတ်ဘူး၊ ရုပ်ရည်ကရော တူမကြီးအတိုင်းပဲ၊ တူမကြီးလို ဆံပင်မျိုး၊ တူမကြီးရဲ့ အသားအရေမျိုး၊ ပြီးတော့ တူမကြီးရဲ့ ကိုယ်လုံးကိုယ်ထည်မျိုးကွယ့်၊ အို... တူတာမှ တူမကြီးနဲ့လာပြီး တိုက်တိုက်ဆိုင်ဆိုင်ကြီးကို အကုန်လုံးလာတူနေတယ်'

စံရှားသည် ပါးစပ်ကလည်းပြောရင်း လက်ကလည်း ခင်ဒွေးဝင်း၏တစ်ကိုယ်လုံးကို ဟိုစမ်းသည်စမ်းနှင့် စမ်းရင်း သိမ်းဖက်ထားသည်။ ခင်ဒွေးဝင်းမှာတော့ သမီးအမှတ်နှင့် ဖက်ထားသည်ဟုထင်ကာ စံရှား၏အဖက်ကို ရက်တက်တက်ကလေးနှင့် ခံနေရရှာသည်။ စံရှားကတော့ သူ့အလွန်ချစ်မြတ်နိုးနေသော သူငယ်လေးကိုဖက်နေရသဖြင့် ကျေနပ်မဆုံးတပြုံးပြုံးဖြစ်နေတော့သည်။

သူကောင်းစားနေပုံကို သွားရည်တများများနှင့် အားကျစွာကြည့်နေသော ထင်ပေါ်ဘက်သို့ ခင်ဒွေးဝင်းကို ဖက်ထားရာမှ လှည့်ကြည့်ရင်း မျက်စိတစ်ဖက်ကို မှိတ်ပြသည်။ ထင်ပေါ်ကလည်း သူ၏လက်ချောင်းနှစ်ချောင်းကို (ဗွီ)ပုံသဏ္ဍာန်ပြန်၍ပြလိုက်သည်။

'ကျွန်မနဲ့ ဘဘကြီးရဲ့သမီးဟာ ဒီလောက်ပဲ တူသလား'

ခင်ဒွေးဝင်းက ပြန်မေးသည်။

'အာ... တူပြီလား၊ ဘယ်အထိများတောင် တူသလဲဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ တူမကြီး အခု ခါးမှာဝတ်ထားတဲ့ ဘိုးဘိုးအောင် ပေါ်နည်း ပုံစံအတိုင်းပဲ’

‘ဟင်… ဘဘကြီးကတော့ ပြောရော့မယ်၊ ဘိုးဘိုး အောင် ပေါ်နည်းပုံစံရယ်လို့ ကြားမကြားဖူးပါဘူး၊ နားလည်း နားမလည်ဘူး၊ ဘာကို ဆိုလိုတာလဲ’

‘ဘာကို ဆိုလိုတာလဲဆိုတော့ ဘဘကြီးပြောတဲ့ ဘိုးဘိုး အောင် ပေါ်နည်းပုံစံဆိုတာ ဒီလိုလေ၊ ဘိုးဘိုးအောင်ဆိုတာ တဘောင်နဲ့ ပေါ်လာတာ မဟုတ်လား၊ အေး… အဲဒီလိုပဲ အခု ကာလ တူမကြီးတို့လို မြီးကောင်ပေါက် အပျိုကလေးတွေ ထဘီ ဝတ်ကြတာဟာလည်း ပေါင်နှစ်ဖက်စလုံးကို လုံအောင်မဝတ်ကြ ဘူး၊ တစ်ပေါင်သာဖုံးပြီး ကျန်တဲ့ တစ်ပေါင်ကို ဖော်ဝတ်ကြတော့ တစ်ပေါင်ဟာ အမြဲတမ်းပေါ်နေတယ် မဟုတ်လား၊ ဒါကြောင့် ဘဘကြီးက ဘိုးဘိုးအောင် ပေါ်နည်းပုံစံလို့ ပေးထားတာပဲ တူမ ကြီးရဲ့၊ ရှင်းပြီလား’

စံရှားကပြောလျှင် ခင်ဌေးဝင်းမှာ သဘောကျစွာနှင့် ရယ် နေတော့သည်။

‘ဘဘကြီးကတော့ ကြံကြံဖန်ဖန် တော်တော်ပြောတယ်၊ ခစ်… ခစ်… ခစ်…’

ခင်ဌေးဝင်းသည် ပြောပြီးနောက် ဆက်ရယ်နေပြန်သည်။ စံရှားမှာ အကြံသမားပီပီ ဉာဏ်များလှသူမို့ ခင်ဌေးဝင်း ရယ်နေ စဉ်မှာပင် သူကလည်း တဟဲဟဲနှင့် လိုက်ရယ်ရင်း ခင်ဌေးဝင်း၏ ကိုယ်လုံးကလေးကို တင်းကျပ်စွာ ဖက်ထားသည်။ ခင်ဌေးဝင်း ကတော့ စံရှားကို အဘိုးကြီးဟုပင် ထင်နေသဖြင့် မရုန်းကန်ဘဲ



ငြိမ်နေသည်။ ဤတွင် စံရှားမှာ ရိုးရိုးဖက်ထားရာမှ တစ်ဆင့်ကဲ ကာ တက်လာပြီး ခင်ဌေးဝင်း၏ကိုယ်ပေါ်တွင် စန္ဒရားနှိပ်သလို သူ၏ လက်ချောင်းကလေးများနှင့် လျှောက်နှိပ်နေသည်။ ထိုသို့ သူ့ လက်ကမြင်းမှုကြောင့် ခင်ဌေးဝင်းမှာ ယားသွားဟန်နှင့် ကိုယ် ကလေးမှာ တွန့်ခနဲဖြစ်သွားသည်။

‘ဟင်… ဘဘကြီးလက်ကလည်း ဘာလုပ်နေတာလဲ၊ ယားလိုက်တာ၊ လွှတ်ပါတော့…’

‘မလွှတ်ပါရစေနဲ့ တူမကြီးရယ်၊ ကောင်းလွန်းလို့ပါ’

‘ဘယ့်နှယ်…’

‘တူမကြီးကိုဖက်ရတာ သွားလေသူ ဘဘကြီးရဲ့သမီး လေးကို အောက်မေ့လွန်းလို့ပါလို့ ပြောတာပါ’

‘ဟင်… ဘဘကြီးရဲ့သမီးဟာ ဆုံးသွားသလား’

ခင်ဌေးဝင်းက အံ့အားတသင့်နှင့် မေးသည်။

‘ဟုတ်တယ် တူမကြီး၊ ဆုံးသွားရှာပြီ၊ ဒါကြောင့် ဘဘ ကြီးဟာ တူမကြီးကို မြင်မြင်ချင်း ကိုယ့်သမီးကလေးလို ချစ်နေမိ တာပေါ့၊ ဘဘကြီး ဖက်ထားတာကို ငြိမ်ငြိမ်ခံနော်၊ သမီးကလေး အတွက် အလွမ်းဖြေချင်လို့ပါ’

စံရှားသည် ခင်ဌေးဝင်း မရိပ်မိစေရန် ဆက်၍လိမ့်နေပြန် သည်။

‘အင်း… ဘဘကြီးရဲ့ သမီးက ဆုံးသွားပြီကိုး၊ ဘာဖြစ် လို့လဲဟင်’

‘ပုရွက်ဆိတ်ကိုက်လို့’

‘ဟာ… ဘဘကြီးကတော့ နောက်ပြီ၊ ပုရွက်ဆိတ်ကိုက် တာနဲ့တော့ မသေနိုင်ပါဘူး’

www.burmeseclassic.com

www.burmeseclassic.com



'သေနိုင်တာပေါ့ တူမကြီးရဲ့၊ သူ့ကိုကိုက်တဲ့ ပုရွက်ဆိတ်က ဆဒ္ဒန်ဆင်မင်းကိုကိုက်တဲ့ ပုရွက်ဆိတ်လေ၊ ဟိုး… ဟိုး…ဟိုး'

'တော်စမ်းပါ… ကျွန်မက အဟုတ်မှတ်လို့ နားထောင်နေတာ၊ ဘဘကြီးက ရယ်စရာပြောနေတာကိုး၊ ဒါနဲ့များ လွမ်းသလေး ဘာလေးနဲ့'

'လွမ်းပြီလား တူမကြီးရယ်၊ ဘယ့်နှယ် မလွမ်းဘဲနေပါ့မလဲ၊ အဲဒီလို လွမ်းနေတုန်း တူမကြီးနဲ့တွေ့ရလို့ အလွမ်းပြေပြီး ရယ်စရာစကားတွေ ပြောနေနိုင်တာပေါ့၊ တကယ်ပါပဲ… တူမကြီးဟာ စေ့စေ့ကြည့်လေ သွားလေသူ ဘဘကြီးသမီးနဲ့ တူလေပဲ၊ လာစမ်းပါဦး၊ ဘဘကြီးရဲ့ သမီးထိုင်သလို ဘဘကြီးပေါင်ပေါ်ထိုင်ပါဦး'

စံရှားက ပြောရင်းမှ ခင်ဌေးဝင်းကို သူ၏ပေါင်ပေါ်သို့ အထိုင်ခိုင်းသည်။

'အို… ဘဘကြီးကလည်း မဟုတ်တာတွေ လုပ်ရော့မယ်၊ သမီး အပျိုရွယ်ကလေး ရောက်နေပြီပဲဟာ၊ ဘဘကြီးပေါင်ပေါ်ကို ထိုင်ခိုင်းရသလား'

ခင်ဌေးဝင်းက မထိုင်လိုဟန်နှင့် ရှန်းကန်ရင်း ပြန်ပြောသည်။

'ထိုင်ခိုင်းဆို ဘဘကြီးရဲ့သမီးကို ဘဘကြီးက ကလေးကလေးပဲ မှတ်နေတုန်းကိုး၊ ဒီလိုပဲ တူမကြီးရဲ့၊ မိဘဆိုတာ ကိုယ့်သားသမီး ဘယ်လိုပဲအရွယ်ရောက်လို့ လူပျို အပျို ဖားဖားကြီး ဖြစ်နေပါစေ၊ ကိုယ့်စိတ်ထဲမှာတော့ ကလေးငယ်ကလေးလိုပဲ ထင်နေကြတာ'



'ဒီလိုဆို ဘဘကြီးရဲ့သား စံရှားကိုရော အခုအရွယ်အထိ ပေါင်ပေါ်အထိုင်ခိုင်းတုန်းပဲလား'

'ဟယ်… စံရှားကိုတော့ ဘယ်အထိုင်ခိုင်းပါ့မလဲ၊ ဘဘကြီးက သမီးသာချစ်တာ၊ သားကိုတော့ မချစ်ပါဘူး၊ အမြင်တောင်ကပ်သေးတယ်၊ ဒါကြောင့် အထိုင်မခိုင်းတာပေါ့၊ လာစမ်းပါ တူမကြီးရယ်၊ သွားလေသူ သမီးကလေးကို အလွမ်းပြေချွင်လှန်းပြီး ဘဘကြီးပေါင်ပေါ်မှာ ထိုင်စမ်းပါ'

'ဟာ… ဘဘကြီးကလည်း၊ ဒါတော့ မကောင်းပါဘူး'

'ဘယ့်နှယ်မကောင်းရမှာလဲ၊ သိပ်ကောင်းတာ တူမကြီးရဲ့'

'ဘာပြောတယ်'

'ဩော်… အလွမ်းဖြေလို့ သိပ်ကောင်းတာလို့ ပြောတာပါ ဟိုး… ဟိုး… ဟိုး…'

စံရှားက ပြောပြီး သွားကြီးကိုဖြဲကာ ရယ်နေသည်။ ခင်ဌေးဝင်းကတော့ စံရှား၏မျက်နှာကို အကဲခတ်ကာ ကြည့်နေပြီးနောက် မေးသည်။

'နေပါဦး… စောစောပိုင်းတုန်းက ဘဘကြီးပြောတော့ နားလေးတယ်ဆို၊ အခုတော့ ဘဘကြီးနားက မလေးတော့ပါလား'

ခင်ဌေးဝင်း၏ ရုတ်တရက် မေးလိုက်သံကြောင့် အဘိုးကြီး အယောင်ဆောင် စံရှားမှာ ကွက်ခနဲ မျက်နှာပျက်သွားသည်။ ထို့နောက် သူသည် ရယ်ရင်း ပြန်ပြောသည်။

'ဘဘကြီးနားက ဒီလိုပဲ တူမကြီးရဲ့၊ လေးချင်ရင် လေးလိုက်တာပဲ၊ အဲ… ကြားချင်ရင်လည်း ကြားလိုက်တာပဲ၊ အခြေအနေအရပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လို အခြေအနေအရလဲ'

'ဒီလိုပါလေ… တူမကြီးပြောတဲ့စကားကို အာရုံစိုက်မိတဲ့အခါ နားကကြားတယ်၊ အာရုံမစိုက်မိတဲ့အခါ နားက မကြားဘူးလို့ ဆိုလိုတာပါ၊ ဟိုး… ဟိုး… ဟိုး…'

စံရှားက ရယ်နေသည်။ ခင်ဌေးဝင်းကလည်း ရော၍ပြုံးရင်း စံရှား၏ ပါးစပ်တွင်းမှ သွားများကို လေ့လာနေသည်။

'ဘဘကြီးရဲ့ ဆံပင်နဲ့ ရုပ်ရည်ကသာ အဘိုးကြီးရုပ်ပေါက်နေတာ၊ သွားတွေက လူငယ်တွေအတိုင်း တယ်ကောင်းပါကလား၊ သွားမကျိုးအောင် ဘဘကြီး ဘာလုပ်ထားသလဲဟင်'

'ကြံစုတ်တယ်လေ'

ခင်ဌေးဝင်း၏အမေးကို စံရှားက ပါးစပ်ထဲတွေ့ရာ ဖြေချသည်။

'ဟာ… ဘဘကြီးကတော့ မဟုတ်တာ ပြောပြီ၊ ခစ်… ခစ်… ခစ်…'

'မဟုတ်တာပြောနေတာ မဟုတ်ပါဘူး၊ အမှန်ပြောနေတာပါ'

'တော်စမ်းပါ ဘဘကြီးရယ်၊ ကြံစုတ်ရင် သွားက ပိုတောင်ကျိုးဦးမယ်'

'အဲဒါတော့ တူမကြီး မှားနေပြီ၊ ကြံစုတ်ရင် သချီး(သွားချေး)စင်တယ်၊ သချီးစင်တယ်နော်၊ သွားသန့်သွားတယ်၊ သွားသန့်တယ်နော်၊ သွားပိုးမစားတော့ဘူးပေါ့၊ ကဲ… ရှင်းပြီလား'

စံရှားက သူထင်ရာတွေကိုစွတ်ပင်ပြောနေသည်။ ခင်ဌေးဝင်းမှာတော့ ထိုစကားကြောင့် ရယ်နေမိသည်။



'ကြံကြံဖန်ဖန်တော့ အတော်ကိုပြောတဲ့ ဘဘကြီးပဲ၊ ခစ်… ခစ်… ခစ်…'

'ကဲပါ… ရယ်မနေစမ်းပါနဲ့၊ ဘဘကြီးကိုချစ်ရင် ဘဘကြီးပေါင်ပေါ်မှာ လာထိုင်စမ်းပါ၊ သမီးကလေးအမှတ်နဲ့ ပွေ့ထားချင်လို့ပါ၊ လိမ္မာသားနဲ့'

'ဟင့်အင်း… ဟင့်အင်း… ဘဘကြီးပေါင်ပေါ်တော့ မထိုင်ချင်ဘူး၊ လူမြင်လို့လည်း မတင့်တယ်ပါဘူး၊ ဒါကို ဘဘကြီးက စွတ်အတိုင်ခိုင်းရင်တော့ ကျွန်မ ပြန်တော့မယ်'

ခင်ဌေးဝင်းက ပြန်တော့မည့်ဟန်မျိုးနှင့် ပြောသဖြင့် စံရှားမှာ ခင်ဌေးဝင်း၏ကိုယ်ကို ဖက်ထားရင်း ပြန်ပြောသည်။

'အောင်မယ်… အောင်မယ်… ပြန်တော့ မပြန်ပါနဲ့ဦး၊ ဒီမှာ ဖက်ရတာ မဝသေးလို့၊ အဲ… ဟုတ်ပါဘူး၊ တူမကြီးနဲ့ တွေ့ရတာ မဝသေးလို့ပါ၊ ဘဘကြီးကို စိတ်ဆိုးသွားသလား၊ ဘဘကြီးဟာ တမင်နောက်နေတာပါ'

'စိတ်မဆိုးပါဘူး၊ ဘဘကြီးက စိတ်ဆိုးအောင်လုပ်နေတာမှ မဟုတ်ဘဲ၊ ကျွန်မ ပြန်မယ်ဆိုတာက ဒီရောက်နေတာ အချိန်တော်တော်ကြာသွားလို့ပါ'

'အိုကွယ်… အချိန်ကြာရော အိမ်ချင်းက ဝေးကြတာမှတ်လို့၊ နောက်ဖေးချင်း ကပ်နေကြတဲ့ဟာ'

'ဟင်… ကျွန်မ နောက်ဖေးတိုက်မှာနေမှန်း ဘဘကြီး က ဘယ်လိုလုပ်သိတာလဲဟင်'

စံရှားမှာ ခင်ဌေးဝင်း မပြန်စေလိုသဖြင့် စကားများကို ရှာ၍ပြောသည်။ ဒါကို ခင်ဌေးဝင်းက ချက်ချင်းပင် အံ့အားသင့်

www.burmeseclassic.com

www.burmeseclassic.com



...နှင့် ပြန်မေးသည်။ သို့ဖြစ်၍ စံရှားမှာ ကြံဖန်ကာ တစ်မျိုး လီဆယ်၍ ပြောရတော့သည်။

'သိဆို ဒီလိုလေ၊ ငါ့တူမကြီး မနက်တိုင်း ကျန်းမာရေး လေ့ကျင့်နေတာကို ဘဘကြီးက တွေ့မိလို့ပေါ့'

'ဘယ်လိုလုပ်တွေ့တာလဲ ဘဘကြီးရဲ့'

'ချောင်းကြည့်လို့လေ'

'ဘာပြောတယ်'

'အဲ... အဲ... ဒီလိုပါ၊ ဒီအိမ်က အကောင်နှစ်ကောင် တူမကြီး ကျန်းမာရေးလေ့ကျင့်နေတာ မြင်ရလို့ ဘဘကြီးက ဟဲ့ကောင်တွေ... ဘာချောင်းကြည့်နေတာလဲလို့ မေးတော့ သူတို့က တူမကြီး ကျန်းမာရေးလေ့ကျင့်နေတာကို ပြကြတယ်လေ၊ ဒါကြောင့် ဘဘကြီးက တူမကြီးကို တွေ့ဖူးတာပေါ့၊ ရှင်းပြီလား'

စံရှားမှာ အပြောမှားသွားသော သူ့စကားများကို အဆင်ပြေစေရန် မနည်းကြီး ပြန်လည်ဖြေရှင်းနေရသည်။ သည်တော့မှ ခင်ဌေးဝင်းမှာလည်း ကျေနပ်သွားတော့သည်။

'ဟုတ်ပြီ၊ ဘဘကြီးက ပြောလို့ရှိမှ ကျွန်မလည်း တိုင်ရဦးမယ်၊ ဒီအိမ်က ဘဘကြီးရဲ့ တူနဲ့ သားဟာ မကောင်းဘူး၊ ကျွန်မ ကျန်းမာရေးလေ့ကျင့်တိုင်း ချောင်းချောင်းကြည့်တယ်၊ အဲဒါ ဆုံးမပေးစမ်းပါ'

'အေး... အေး... ဘဘကြီး ဆုံးမပေးမယ်၊ နောက်ကို ချောင်းမကြည့်နဲ့၊ ကြည့်ချင်ရင် ဖြောင့်ကြည့်ကြလို့ ဟုတ်ပြီလား၊ ဟိုး... ဟိုး... ဟိုး...'

'ဟာ... ဘဘကြီးကလည်း နောက်ပြန်ပြီ၊ ဘဘကြီးနဲ့ တွေ့ကတည်းက ရယ်ချည်းပဲနေရလို့ အူလည်းနာလှပါပြီ၊ တော်



ပါတော့ ဘဘကြီးရယ်၊ ကျွန်မလည်း ပြန်တော့မယ်၊ တော်ကြာ မေမေ ဆူနေမှာစိုးလို့ပါ'

'တူမကြီးမှာ အမေရှိသေးသကိုး၊ အဖေရောမရှိဘူးလား'

'အဖေတော့ မရှိဘူး၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကပဲ ဆုံးသွားတယ်၊ ဒါကြောင့် မေမေလည်း မုဆိုးမ ဖြစ်နေရှာတယ်၊ ကျွန်မမေမေနဲ့ ဘဘကြီးကို တစ်နေ့တော့ မိတ်ဆက်ပေးရဦးမယ်'

'အိုး... ကြားရတာ ဝမ်းသာလိုက်တာ၊ ဆက်ပါ... ဆက်ပါ၊ ဒါထက် တူမကြီးအမေဟာ ဘယ်အရွယ်လောက်ရှိပြီလဲ'

'ကျွန်မအမေက အခုဆိုရင် အသက်လေးဆယ်ကျော်ကလေးပဲ ရှိပါသေးတယ်၊ ဒါပေမဲ့ အရွယ်ကတော့ နုတုန်းပဲ၊ ကျွန်မနဲ့များဆိုရင် မသိတဲ့လူတွေက ညီအစ်မချည်းမှတ်နေကြတာ'

'ဟုတ်တယ်၊ ဘဘကြီးကိုလည်း မသိတဲ့လူတွေက သားဖြစ်တဲ့ စံရှားနဲ့ ညီအစ်ကိုလို့ချည်း ထင်နေကြတာ တူမကြီးရဲ့၊ ဟိုး... ဟိုး... ဟိုး...' စံရှားက ဟန်ပါပါနှင့်ပြန်ပြောလျှင် ခင်ဌေးဝင်းမှာ ရယ်ရပြန်သည်။

'ဘဘကြီးကတော့ ပြက်လုံးတွေကိုချည်း ပြောနေတာပဲနော်၊ မေမေကလည်း ပျော်တတ်တာနဲ့ ဟန်ကျနေပြီ၊ ဘဘကြီးကို အိမ်မှာ လူစုံကြတဲ့ တနင်္ဂနွေနေ့ကျမှ အိမ်ကိုခေါ်ရဦးမယ်'

'ဘာလုပ်မလို့လဲ တူမကြီးရဲ့၊ ဆယ့်သုံးချပ်ပိုကာ ဆွဲခိုင်းမလို့လား'

'မဟုတ်ပါဘူး၊ မိတ်ဆက်ပေးလို့ပါ'

'သိပါဘူး၊ လူစုံတယ်ဆိုလို့ ဖဲများ အရိုက်ခိုင်းမလို့လား ထင်ပါ၊ ဟိုး... ဟိုး... ဟိုး...'

www.burmeseclassic.com

www.burmeseclassic.com



'ဘဘကြီးကတော့ လုပ်ပြီ၊ တနင်္ဂနွေနေ့ဆိုရင် ကျွန်မတို့ အိမ်သူအိမ်သားအားလုံး စုံကြလို့ပါ၊ ကျွန်မမေမေ ဒေါ်နီနီရယ်၊ ကျွန်မအစ်ကို ကျားကြီးရယ်၊ သူတို့တစ်တွေနဲ့ ဘဘကြီးကို မိတ်ဆက်ပေးမလို့'

'အောင်မယ်လေးလေး ... တူမကြီးရဲ့ မေမေနဲ့သာ မိတ်ဆက်ပေးပါ၊ ကျားနဲ့တော့ မိတ်ဆက်မပေးပါနဲ့၊ တော်ကြာ သေနေပါဦးမယ်'

စံရှားက ကြောက်လန့်ဟန်နှင့် ပခုံးလေးနှစ်ဖက် တွန့်ပြသည်။ ခင်ဌေးဝင်းကတော့ ရယ်ရင်း ပြန်ပြောသည်။

'ကျွန်မရဲ့အစ်ကို ကျားကြီးပါဆိုမှ ဘဘကြီးက ကြောက်နေပြန်ပြီ၊ ကဲ... စကားပြောလို့လည်း ကောင်းတယ်၊ ပျော်လည်း ပျော်ပါတယ်၊ အချိန်မရှိတော့လို့ ကျွန်မပြန်ပါရစေတော့၊ သြော်... ဘဘကြီးသားပေးတဲ့စာကိုလည်း ပြန်ယူထားပါ'

ခင်ဌေးဝင်းသည် ပြောရင်း လက်ထဲတွင် ကိုင်ထားသော စာကို ပြန်၍ပေးနေသည်။

'ဘာလို့ပြန်ပေးတာလဲ တူမကြီးရဲ့၊ ပေးတဲ့သူက ပေးမှ တော့ ယူထားရောပေါ့'

'ဟာ... ဘဘကြီးကလည်း ကျွန်မ မယူချင်ပါဘူး၊ သူ စွတ်ပေးလို့သာ ယူရတာပါ၊ နောက်ကို ဒါမျိုးမလုပ်စေနဲ့ ဘဘကြီးက ဆုံးမပေးပါနော်'

'အေး... အေး... တူမကြီးမကြိုက်ရင် မလုပ်စေရပါဘူး၊ ဘဘကြီး ကောင်းကောင်းဆုံးမပေးပါ့မယ်၊ ဒါထက် ဒီစာကို တူမကြီး ဖတ်ကြည့်သေးသလား' စံရှားက သူ၏စာကို ဖတ်မဖတ် သိလိုဟန်နှင့် မေးနေပြန်သည်။



'မဖတ်ပါဘူး၊ ဒီအတိုင်းပဲ ယူထားပြီး အခုပြန်ပေးတာပဲ'

'ဟာ... တူမကြီးကလည်း ဘာလို့ မဖတ်ရတာလဲ၊ ဖတ်ကြည့်မှပေါ့၊ သူ့ခမျာ အပင်ပန်းခံပြီး ရေးထားတဲ့စာကို'

'အို... သူအပင်ပန်းခံရေးပေမယ့် ကျွန်မမှ သူ့ကို မကြိုက်တာ၊ မဖတ်ချင်ပါဘူး'

'မကြိုက်ပေမယ့် ဖတ်တော့ကြည့်ပါဦး တူမကြီးရယ်၊ ကဲ... ကဲ... ဘဘကြီးပါသိရအောင် ဖတ်ပြစမ်းပါဦး'

စံရှားက ခင်ဌေးဝင်း ဖတ်စေရန် ပရိယာယ်ဆင်၍ ခိုင်းနေသည်။

'မဖတ်ချင်ပါဘူးဆိုနေမှ ဘဘကြီးကလည်း...'

'မဟုတ်ပါဘူးလေ၊ ဘဘကြီး အဖတ်ခိုင်းနေတာက ဒီကောင် ဘာတွေများရေးထားတယ်ဆိုတာ ဘဘကြီးသိချင်လို့ပါ'

'သိချင်ရင်လည်း ဘဘကြီးကိုယ်တိုင် ဖတ်ကြည့်ပါလား၊ ရော့...'

'ဟာ... တူမကြီးကလည်း ဘဘကြီးက မျက်စိသိပ်မကောင်းလို့ ဖတ်ခိုင်းတဲ့ဟာ၊ ကဲပါ... ဖတ်စမ်းပါဆိုမှ'

စံရှားက စွတ်ပင်ဖတ်ခိုင်းနေသဖြင့် ခင်ဌေးဝင်းမှာ ဆက်ငြင်းသာတော့ဘဲ စာကို ဖတ်ပြရတော့သည်။

'အဟီး... စာကလေးက ဘယ်ဆိုးလို့တုံး တူမကြီးရဲ့၊ ကောင်းသားပဲ'

ခင်ဌေးဝင်း စာဖတ်၍အပြီးတွင် စံရှားက ပြောသည်။

'ဒါကတော့ ဘဘကြီးသား ရေးတဲ့စာကိုး၊ ဘဘကြီးက သဘောကျမှာပေါ့၊ ကျွန်မကတော့ သဘောမကျဘူး၊ ရော့...'

www.burmeseclassic.com

www.burmeseclassic.com



ဒီအကို ဘဘကြီးသားလာရင်ပြန်ပေးလိုက်၊ ကျွန်မလည်းပြန်မယ်'

ခင်ငွေးဝင်းက ပြန်ရန်ပြင်သဖြင့် စံရှားမှာ မတားသာ တော့ဘဲ ခေါင်းကိုညိတ်ပြရသည်။

'အိမ်း... အိမ်း... ပြန်ချင်ရင်လည်း ပြန်တော့လေ၊ နောက်ကိုလည်း ခဏခဏလာဦးနော်၊ ဘဘကြီးကတော့ တူမကြီး လာမှ ပျော်ရမှာကွယ့်'

'ဟုတ်ကဲ့... လာပါ့မယ်၊ ကျွန်မလည်း ဘဘကြီးနဲ့ အခုလို ပြောရဆိုရတာ သိပ်ကိုပျော်တာပဲ၊ ဒါပေမဲ့ ဘဘကြီးသား ရှိနေရင်တော့ မလာချင်ဘူး'

'အို... စိတ်ချ၊ ဘဘကြီး ဒီအိမ်မှာရှိနေရင် ဘဘကြီး သားက အလုလို မရှိတော့ဘူး၊ စိတ်ချ'

စံရှားက သူ့အဓိပ္ပာယ်နှင့်သူ ပြောသည်။

'ဘာဖြစ်လို့လဲ ဘဘကြီးရဲ့'

'ဒီလိုပါလေ၊ သူက ဘဘကြီးကို သိပ်ကြောက်တာ ကလား၊ ဒါကြောင့် ဘဘကြီး အိပ်ရာဝင်တဲ့အချိန်ကျမှ ဒီကောင် ဟာ အပြင်က ပြန်လာတော့တယ်၊ ဒီတော့ တူမကြီး အလည်လာ ရင် ဒီကောင့်ကို ဘယ်မှာတွေ့ရတော့မှာလဲ၊ ရှင်းပြီလား'

'ဟုတ်ကဲ့... ဒီလိုဆို ကျွန်မ ပြန်မယ်နော်'

ခင်ငွေးဝင်းသည် ပြောရင်း စံရှား၏ရှေ့မှ ထွက်သွား သည်။ စံရှားကလည်း ခင်ငွေးဝင်းကို ဖက်လိုသေးသဖြင့် အခန်းဝ ထိအောင် ပခုံးကိုဖက်ရင်း လိုက်ပို့ပေးသည်။

ထို့နောက်တော့ ခင်ငွေးဝင်းလည်း ပြန်သွားတော့သည်။

❑

(ခုနစ်)

## တွေချင်နေသူ

ခင်ငွေးဝင်း ပြန်သွား၍ တံခါးကိုပိတ်ပြီးသည်နှင့်တစ်ပြိုင် နက် စံရှားသည် သူနှင့် မလှမ်းမကမ်းတွင် ရပ်ကာနေသော ထင်ပေါ်၏လက်ကိုဆွဲကာ ခေါ်သွားသည်။ အိမ်ရှေ့ခန်းသို့ ထင်ပေါ်မှာလည်း စံရှားဆွဲခေါ်ရာသို့ အသာတကြည်ပင် လိုက် သွားသည်။ အိမ်ရှေ့ခန်းသို့ရောက်၍ စောစောပိုင်းက ခင်ငွေးဝင်း နှင့်သူ စကားပြောခဲ့သောနေရာသို့ အရောက်တွင်တော့ ထင်ပေါ်ကို ကုလားထိုင်ပေါ်သို့ အထိုင်ခိုင်းသည်။ ထင်ပေါ်ကလည်း သူပြော သည့်အတိုင်း ဝင်ထိုင်သည်။

ကုလားထိုင်ပေါ်သို့ ထင်ပေါ် ထိုင်အပြီးတွင်တော့ စံရှား သည် ကြမ်းပြင်ပေါ်သို့ ဆောင့်ကြောင့်ကလေးထိုင်ကာ ဦးသုံးကြိမ် ချ ကန်တော့ရင်း နှုတ်မှလည်း ဤသို့ပြောနေသည်။

'ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃာ ဂုဏော အနန္တော၊ မာတာပိတုဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တော တည်းဟူသော အနန္တောအနန္တ ပါတီဝင်တို့နှင့် တစ်ဂိုဏ်း

www.burmeseclassic.com

www.burmeseclassic.com



ဘည်းသားအပ်သော ပါတီကေဒါကောင်းတစ်ဦးဖြစ်သူ သူငယ်ချင်းထင်ပေါ်၊ မင်းရဲ့ ပြောင်မြောက်လှတဲ့ မိတ်ကပ်အစွမ်းကြောင့် ငါဟာ အလွန်တရာ ချစ်မြတ်နိုးလှတဲ့ ယမင်းသူဇာကလေးနှင့် အခုလို နီးနီးကပ်ကပ်နေနိုင်ခဲ့ပြီ၊ ဒီလို ကြံဆောင်ပေးတဲ့အတွက် မင်းကို ကျေးဇူးတင်လို့ မဆုံးတော့ပါဘူး၊ ဒါကြောင့် မင်းအပေါ်မှာ ငါပြောခဲ့သမျှ ဆိုခဲ့သမျှ အပြစ်တွေကို ခွင့်လွှတ်ပါလို့ စုံဆယ်ဖြာပန်ထွာဦးတင်ကာ ကန်တော့ရင်းနဲ့ တောင်းပန်ပါတယ်ကွာ'

စံရှား စကားဆုံးသည်နှင့် ပုဆိန်ပေါက် ဦးသုံးကြိမ်ချကာ ကန်တော့နေတော့သည်။ ထင်ပေါ်ကတော့ သူ့သူငယ်ချင်းပြုမူပုံကို ပြုံးပြုံးကြီးကြည့်ရင်း ပြန်နောက်သည်။

'သာဓုဗျာ... မြတ်မွန်ဗျာ၊ အဲလေ... သာဓုဗျာ... သာဓု... ယခုပြုရ ကုလသမဂ္ဂကြီးကြောင့် အဲ... ဟုတ်ပါဘူး၊ ကုသလကြောင့် ငါ့သူငယ်ချင်းကြီးဟာ ချစ်ဝေဒနာ အစဉ်ကင်းဝေး ပြီး ခင်ဒွေးဝင်းတည်းဟူသော ယမင်းကလေးနှင့် ဘေးကင်းကင်း နေနိုင်ပါစေဗျား၊ ဟား... ဟား... ဟား...'

ထင်ပေါ်သည် စံရှားကို ဆုပေးပြီးနောက် တဟားဟားနှင့် ရယ်နေသည်။ စံရှားကလည်း တဟားဟားနှင့် ရယ်နေသည်။

'ဟော့... ဟော့... စံရှား၊ မင်း... မင်းရဲ့ လက်ကလေးတွေကို ငါ့ကိုပေးစမ်း'

ထင်ပေါ်က ပြောသဖြင့် စံရှားမှာ အူကြောင်ကြောင်နှင့် ပြန်ကြည့်ရင်း သူ၏ လက်နှစ်ဖက်ကို လှမ်းပေးသည်။ ထင်ပေါ်သည် စံရှား၏ လက်နှစ်ဖက်ကို သူ၏လက်များနှင့် ဆွဲယူပြီးနောက် လက်ဖဝါးကို အားပါးတရ နမ်းရှုပ်နေသည်။



'ဟကောင်ရ... ဒါက ဘာလုပ်နေတာလဲကွ'

စံရှားက သူ၏လက်ကို နမ်းနေသည့် ထင်ပေါ်ကို မေးသည်။

'စောစောတုန်းက ခင်ဒွေးဝင်းကို မင်းဖက်ထားခဲ့တဲ့အတွက် အနံ့အသက် အကျန်အကြွင်းကလေးတွေကို ငါက ရှူကြည့်နေတာလေကွာ၊ ဟား... ဟား... ဟား...'

ထင်ပေါ်သည် စံရှား၏လက်များကို လွှတ်ပေးရင်း ရယ်နေသည်။ စံရှားမှာလည်း ထိုအခါကျမှ သူ၏လက်ကို နမ်းနေသော ထင်ပေါ်၏အကြံကို ရိပ်မိကာ ရယ်မိပြန်သည်။

ထင်ပေါ်သည် စံရှား၏မျက်နှာကို ပြုံးဖြီးဖြီးကြီးနှင့် စိုက်ကြည့်ပြီးနောက် ပြောပြန်သည်။

'မင်းဆိုတဲ့ ကောင်ကတော့ ရတဲ့အခွင့်အရေးတွေကို တစ်ခုမကျန်ကို ယူပစ်တာပဲနော်၊ ငါဖြင့် မင်းအစား အသည်းထိတ်လိုက်တာကွာ'

'ဘာဖြစ်လို့ မင်းက အသည်းထိတ်ရတာလဲ၊ ပြောစမ်းပါဦး'

'ဘာဖြစ်ရမှာလဲ၊ မင်းက ခင်ဒွေးဝင်းကို တူမကြီး၊ တူမကြီးနဲ့ ပြောပြီး ပခုံးဖက်လိုက် ပါးကလေးကိုင်လိုက် လုပ်နေတဲ့အတွက် ဘယ်အချိန်များ ဟိုက ဒေါ်ပွပြီး ထရိုက်မလဲလို့ ငါ့မှာ တထိတ်ထိတ်နဲ့ စောင့်ကြည့်နေမိတာကွ၊ အတော်လည်း ရဲတဲ့ကောင်ကွာ'

'မင်းနှယ်ကွာ... စိုးရိမ်စရာမရှိ စိုးရိမ်နေလိုက်တာ၊ မင်းရဲ့မိတ်ကပ်စွမ်းကြောင့် ငါဟာ တကယ့်အဘိုးကြီးရုပ်ပေါက်နေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ဟာ သူက ရိုက်ပါမလား၊ တကယ်ပဲ သူ့ကို သမီးကလေးလို ချစ်လို့သာ ငါက ကိုင်တွယ်နေတယ်လို့ ထင်နေမှာပေါ့၊ ဒါထက် ငါ အဘိုးကြီးအိုက်တင်ကရော တူရဲ့လားကွ၊ ပြောစမ်းပါဦး'

'တူပါတယ်ကွာ၊ မင်းရဲ့ လေယူလေသိမ်းတွေနဲ့တကွ ဟန်အမူအရာတွေတော့ တကယ့်အဘိုးကြီးပဲ၊ ခင်ဌေးဝင်း မပြောနဲ့၊ ဘေးကနေကြည့်နေရတဲ့ ငါတောင် မင်းကို တကယ့်အဘိုးကြီးလို့ ကို ထင်ထင်သွားမိတယ်၊ အဲဒါလောက်ပဲ မင်းဟာ အဘိုးကြီး အဖြစ်နဲ့ပြောင်ပြောင်မြောက်မြောက် သရုပ်ဆောင်နိုင်တယ်၊ ဒါပေမဲ့ တစ်ခုတော့ မင်းမှာ ချို့ယွင်းချက်တွေ ရှိနေတယ်ကွ'

'ဘာများ ချို့ယွင်းချက်တွေ ရှိနေလို့လဲ၊ အမှားရှိရင် ပြင်ရအောင်ကွာ'

'တခြားတော့ မဟုတ်ဘူး၊ မင်းဟာ စကားပြော ခဏ ခဏမှားတယ်၊ ပြီးတော့ ခင်ဌေးဝင်းကို ကြည့်တာကလည်း အဘိုး ကြီးလို မကြည့်ဘဲ တစ်ခါတစ်ခါကျရင် ခပ်ငမ်းငမ်းကလေး ကြည့်တာတော့ မကောင်းဘူး၊ အဲဒါကို သတိထားကွ'

'စကားပြောမှားတာကတော့ ငါဟာ ကိုယ် အင်မတန် ချစ်တဲ့ သူကလေးကို နီးနီးကပ်ကပ် တွေ့မြင်နေရလို့ ဝမ်းသာလွန်း ပြီး ပြောမှားဆိုမှားတွေ ဖြစ်ကုန်တာပါ၊ ငမ်းတာကတော့ စိတ် ထဲမှာ မချင့်မရဲကြီး ဖြစ်ဖြစ်လာလို့ပါ၊ အေးကွာ··· နောက်ဆိုရင် သတိထားပါ့မယ်၊ ကဲ··· ကိစ္စလည်း ပြီးပြီမို့ ငါ့မျက်ခွက်ပေါ်က မင်းရဲ့မိတ်ကပ်တွေ ဖျက်ပေးစမ်းပါဦး၊ ငါလည်း ဇောင်ရှည်ပုဆိုး တို့၊ အပေါ်တိုက်ပုံအင်္ကျီတို့ ဝတ်ထားရတာ အိုက်လှပါပြီ'

စံရှားသည် ပြောရင်း သူ၏ကိုယ်ပေါ်တွင် ဝတ်ထားသော



အဝတ်များကို ချွတ်ပစ်နေသည်။ ထင်ပေါ်ကတော့ စံရှား၏မျက်နှာ ပေါ်မှ မိတ်ကပ်များကိုဖျက်ရန် ဆေးများသွားယူနေသည်။

ထိုအချိန်တွင် ခင်ဌေးဝင်းမှာ သူ၏တိုက်ခန်းဝသို့ ပြန် ရောက်နေပြီဖြစ်သည်။ ခင်ဌေးဝင်းမှာ ယမန်နေ့များကဆိုလျှင် အိမ်သို့ အရင်ဆုံးပြန်ရောက်သူဖြစ်သော်လည်း ယနေ့တော့ အဘိုး ကြီးအတု စံရှားနှင့် စကားကောင်းကာနေမှုကြောင့် အိမ်ပြန်ရောက် နောက်ကျသွားသည်။ သူပြန်ရောက်သောအချိန်တွင် မိခင်ဖြစ်သူ ဒေါ်နီနီပင် အိမ်သို့ရောက်နေပြီဖြစ်သည်။ သူတို့၏ တိုက်ခန်းမှ သော့များ အမျိုးတူနှစ်မျိုးစီ ပြုလုပ်ထားသဖြင့် ခင်ဌေးဝင်း အိမ်သို့ ပြန်မရောက်သေးသော်လည်း ဒေါ်နီနီက သူ့တွင်ရှိသော သော့များ နှင့် ဖွင့်၍ဝင်နိုင်ခြင်းဖြစ်သည်။ ခင်ဌေးဝင်းသည် အခန်းတံခါးကို တဒေါက်ဒေါက်နှင့် ခေါက်သည်။

မကြာမီ အတွင်းမှ တံခါးဖွင့်သံကြားရပြီးနောက် သူ၏ မိခင် မျက်နှာကို ခင်ဌေးဝင်း တွေ့ရသည်။

'ဟဲ့··· သမီး၊ ဒီတစ်ခါတော့ ငါ့သမီး ရုံးပြန်နောက်ကျ တယ်နော်၊ အိုဗာတိုင်ဆင်းနေရပြီထင်တယ်၊ ဟုတ်လား'

ဒေါ်နီနီမှာ ရုံးပြန်နောက်ကျလှသော သမီးဖြစ်သူကို တွေ့ ရလျှင် ဆီးကြိုကာ မေးသည်။

'ဒါကြောင့်မဟုတ်ပါဘူး မေမေရဲ့၊ ဟိုဘက်တိုက် ဘဘ ကြီးဆီကို သွားနေလို့ပါ'

ခင်ဌေးဝင်းသည် မိခင်ဖြစ်သူကို ပြောရင်း အခန်းတွင်းသို့ ဝင်လာသည်။ ဒေါ်နီနီမှာ အခန်းတံခါးကို ပြန်ပိတ်ရင်းမှ သမီးကို ဆက်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်က ဘဘကြီးလဲ သမီးရဲ့၊ မေမေရော သိသလား'

ဒေါ်နီနီ၏စကားကြောင့် ခင်ဌေးဝင်းမှာ ခစ်ခနဲရယ်ရင်း ပြန်ဖြေသည်။

'မေမေ မသိပါဘူး၊ သမီးတောင် ဒီကနေ့မှ သိရတာ၊ သဘောသိပ်ကောင်းတာပဲ မေမေ၊ ရယ်စရာလည်း အားကြီးပြောတယ်၊ မေမေ့အမြင်ရင် ဘဘကြီးကို သိပ်သဘောကျမှာ'

ခင်ဌေးဝင်းက မြိန်ရေရှက်ရေနှင့် ပြောနေသလောက် ဒေါ်နီနီကတော့ မျက်လုံးကြီးအပြူးသားနှင့် ငေးကြည့်နေမိသည်။

'နေစမ်းပါဦး သမီးရဲ့၊ အဲဒီ ဘဘကြီးဆိုတာကို သမီးက ဘယ်လိုလုပ်သိပြီး ဒီတိုက်ကို ရောက်သွားရတာလဲ၊ မေမေ နားလည်အောင် အစအဆုံးပြောပြပါဦး'

ထိုအခါကျမှ ခင်ဌေးဝင်းမှာ မိခင်ဖြစ်သူကို ပြန်လည်၍ ရှင်းလင်းပြောပြနေတော့သည်။

'ဒီလို မေမေရဲ့၊ ဒီကနေ့ မနက်တုန်းက သမီးကို နောက်ဖေးဘက်တိုက်က အကောင်တစ်ကောင်က စာလိုက်ပေးတယ်'

'စာလိုက်ပေးတယ် ဟုတ်လား၊ လမ်းသရဲများလား သမီးရယ်'

ဒေါ်နီနီက မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ဖြတ်မေးသည်။

'လမ်းသရဲတော့ မဟုတ်ပါဘူး မေမေ၊ ရိုးရိုးလူပါ၊ အဲဒီ လို ပေးတာကို သမီးက မယူဘူး၊ ဒါကို သူက မလျှော့ဘဲနဲ့ ရုံး နားထိအောင် လိုက်ပေးနေတာနဲ့ သမီးဟာ ရုံးကလူတွေသိရင် ရှက်စရာကောင်းမှာမို့ သူ့စာကို မယူချင်ဘဲနဲ့ ယူလိုက်ရတယ်၊ ဒီလိုယူလိုက်ပေမယ့် သမီးစိတ်ထဲမှာ နည်းနည်းကလေးမှမကျေနပ်



ဘူး၊ ဒါနဲ့ ညနေရုံးဆင်းတော့ သမီးဟာ သူ့မိဘတွေကို သွားတိုင်မယ်ဆိုပြီး သူ့အိမ်ကိုသွားတယ်'

'နေပါဦး... သမီးက အဲဒီ စာပေးတဲ့ကောင်ရဲ့အိမ်ကို သိသလား'

'သိတာပေါ့ မေမေရဲ့၊ ဒီ နောက်ဖေးတိုက်ကပါ ဆိုမှပဲ၊ အဲဒီလိုသွားတိုင်တော့ စာပေးတဲ့ကောင်ကိုတော့ မတွေ့ဘူး၊ သူ့ အဖေနဲ့ တွေ့တယ်၊ သမီးပြောတဲ့ ဘဘကြီးဆိုတာ အဲဒီ စာပေးတဲ့ ကောင်ရဲ့ အဖေပဲ မေမေရဲ့၊ နာမည်ကတော့ ဦးတုတ်ကြီးတဲ့၊ ခစ်... ခစ်... ခစ်...'

ခင်ဌေးဝင်းက ပြောရင်း ရယ်နေသည်။ ဒေါ်နီနီမှာလည်း တုတ်ကြီးဟူသော အမည်ကြောင့် ပြုံးနေသည်။

'နာမည်ကလည်း တုတ်ကြီးတဲ့လား သမီးရဲ့'

'ဟုတ်တယ် မေမေ၊ နာမည်သာ တုတ်ကြီးမဟုတ်ဘူး၊ လူကလည်း ထောင်ထောင်မောင်းမောင်းကြီး မေမေရဲ့၊ အဘိုးကြီးသာ ဆိုရတယ်၊ သန်သန်မာမာကြီး၊ ပြီးတော့ သဘောလည်း သိပ်ကောင်းတယ်၊ ရယ်စရာလည်း အားကြီးပြောတာပဲ၊ သမီးတော့ အဲဒီ ဘဘကြီးနဲ့ တွေ့ကတည်းက ရယ်လိုက်ရတာ အူတွေ ဘတွေကို နာယူတာပဲ၊ ဒီတနင်္ဂနွေနေ့ကျမှ အိမ်ကိုခေါ်ပြီး မေမေနဲ့ မိတ်ဆက်ပေးရဦးမယ်၊ မေမေသာ မြင်ရရင် သမီးလိုပဲ သိပ်ခင်သွားမှာ'

ခင်ဌေးဝင်းက ရွှန်းရွှန်းဝေအောင် ပြောနေသဖြင့် ဒေါ်နီနီမှာလည်း တွေ့ချင်စိတ်ပေါက်လာတော့သည်။

'အေး... အေး... ငါ့သမီး အပြောကောင်းတာနဲ့ မေမေ

www.burmeseclassic.com

www.burmeseclassic.com



တောင် ဦးတုတ်ကြီးကို တွေ့ချင်လာပြီ၊ ဒီတော့ သမီးပြောသလို တနင်္ဂနွေနေ့ကျရင် ခေါ်ခဲ့ပေါ့ကွ၊ သူ့ကို ထမင်းပါကျွေးကြရအောင်၊ ဟုတ်ပြီလား'

မိခင်ဖြစ်သူကပါ စိတ်ဝင်စားစွာ ပြောသံကြောင့် ခင်ရွှေးဝင်းမှာ အလွန်ပင် ဝမ်းသာသွားတော့သည်။

'ဟာ… စိတ်ချ၊ သမီးလေ တနင်္ဂနွေနေ့ မနက်ကျရင် ဘဘကြီးကို သွားခေါ်မယ်၊ ကိုကိုနဲ့လည်း ဘဘကြီးကို မိတ်ဆက်ပေးရဦးမယ်'

'အေးကွယ့်… မောင်ကျားကြီးနဲ့ပါ မိတ်ဆက်ပေးတာကောင်းတယ်၊ ဒါမှ မေမေတို့မိသားစုအားလုံးနဲ့ သိကျွမ်းသွားကြမှာပေါ့၊ ကဲ… သမီး ရေလေးဘာလေး သွားချိုးချေ၊ ပြီးရင် ထမင်းစားကြရအောင်'

ဒေါ်နီနီက ပြောလျှင် ခင်ရွှေးဝင်းသည် ခေါင်းကလေးတစ်ချက်ညိတ်ပြရင်း သူ၏အခန်းတွင်းသို့ ဝင်သွားသည်။ အခန်းတွင်းသို့ရောက်လျှင် ခင်ရွှေးဝင်းမှာ ပျော်ရွှင်နေဟန်နှင့် သီချင်းကလေးတအေးအေး လုပ်ကာနေသည်။

❑

(ရှစ်)

# တွေးပူမိတယ်

ခင်ရွှေးဝင်းမှာ တနင်္ဂနွေနေ့တွင် အဘိုးကြီးအတု စံရှားကို အိမ်သို့ခေါ်၍ ထမင်းကျွေးရင်း အိမ်သားများနှင့် မိတ်ဆက်ပေးရမည်မို့ စနေနေ့ ရုံးဆင်းချိန်တွင် စံရှားတို့တိုက်သို့ လာခဲ့သည်။

ထိုအချိန်တွင် ထင်ပေါ်မှာ ကိစ္စတစ်ခုနှင့် နံနက်ကတည်းက ထွက်သွားသည်မို့ စံရှားတစ်ယောက်တည်း အိမ်တွင်ရှိနေသည်။

ခင်ရွှေးဝင်းသည် စံရှားတို့နေကြသော အခန်းသို့ရောက်လျှင် တဒေါက်ဒေါက်နှင့် တံခါးကို ခေါက်နေသည်။ထိုတံခါးခေါက်သံကြောင့် စံရှားမှာ အပြင်သွားနေသော ထင်ပေါ် ပြန်လာသည်မှတ်ကာ ချောင်းကြည့်ပေါက်မှ ကြည့်မနေတော့ဘဲ တံခါးကို ဖွင့်ပေးလိုက်သည်။

သို့သော် သူထင်နေသလို ထင်ပေါ်မဟုတ်ဘဲ ခင်ရွှေးဝင်း ဖြစ်နေသည်ကို တွေ့ရလျှင်တော့ စံရှားမှာ ယောင်ယမ်း၍ 'ဟာ… တူမကြီး' ဟူ၍ ခေါ်လိုက်မိသည်။ ခင်ရွှေးဝင်းမှာ အဘိုး

www.burmeseclassic.com



ကြီးအသွင်နှင့်မဟုတ်ဘဲ စံရှားအဖြစ်နှင့် သူ့ကို တူမကြီးဟူ၍ ခေါ်သံကြောင့် သူ့ကို နောက်ပြောင်နေသည်ဟုထင်ကာ မျက်နှာကြီးကိုစူထားရင်း ရန်တွေ့တော့သည်။

'ဘာတူမကြီးလဲ၊ ဟင်း… လူကိုက တွေ့မယ်မကြံသေးဘူး နောက်ပြီ၊ ဒါကြောင့် ရှင်နဲ့ မျက်နှာကြောမတည့်တာ၊ သိလား'

ခင်ဌေးဝင်းက ရန်တွေ့တော့မှ စံရှားမှာ သူ့အနေနှင့် ခင်ဌေးဝင်းကို တူမကြီးဟူ၍ အဘိုးကြီးအသွင်နှင့်သာ ခေါ်နိုင်ခွင့်ရှိသည်ကို သတိရသွားသည်။ သို့ဖြစ်၍ သူသည် မျက်နှာကြီးကို စပ်ဖြဲဖြဲနှင့်လုပ်ရင်း ပြန်ပြောသည်။

'ဟဲ… ဟဲ… ကျွန်တော်က ဖေဖေခေါ်သလို ခေါ်ကြည့်တာပါ တူမ… အဲလေ… အစ်မကြီးရဲ့'

'ဘာအစ်မကြီးလဲ၊ ရှင် မနောက်နဲ့နော်'

'နောက်တာ မဟုတ်ပါဘူးလေ၊ နို့… ခင်ဗျားက အစ်မကြီးမဟုတ်လို့ အထီးလားဗျ၊ ဟား… ဟား… ဟား…'

'ရှင်နော်… ပြောလေကဲလေ လုပ်မနေနဲ့၊ ရှင်ရှိမှန်းသိရင် လာတောင်မလာဘူး'

'ကျွန်တော်နေတဲ့အိမ်ပဲဗျာ၊ ကျွန်တော်မရှိဘဲ နေပါ့မလားဗျ၊ ကျွန်တော့်တွေ့ချင်လို့လာရင် တွေ့ချင်တယ် ပြောစမ်းပါ၊ ကျွန်တော်က စိတ်မဆိုးတတ်ပါဘူး၊ ဟဲ… ဟဲ…'

စံရှားမှာ ခင်ဌေးဝင်း စိတ်မဆိုးလျှင် ဆိုးအောင် အမျိုးမျိုး စ,နေသည်။ ထိုသို့ စံရှား စ,နေမှုကြောင့် ခင်ဌေးဝင်းမှာ ဒေါပွနေသည်။

'ရှင်နော်… လူကို ပမာမခန့်နဲ့ ပြောမနေနဲ့၊ အခုလာတာ



ရှင့်ကိုတွေ့ချင်လို့ လာတာ မဟုတ်ဘူး၊ ရှင့်အဖေကို တွေ့ချင်လို့၊ သိလား'

'သြော်… ဖေဖေ့ကို တွေ့ချင်လို့လား'

စံရှားက ပြုံးဖြီးဖြီးနှင့် ပြန်မေးသည်။

'ဟုတ်တယ်၊ ဘဘကြီးကို တွေ့ချင်လို့ လာတာပဲ၊ ရှိသလား'

'မရှိဘူးဗျ၊ ဖေဖေဟာ အပြင်ကိုသွားနေတယ်၊ ဘာပြောချင်လို့လဲ၊ ကျွန်တော့်ကို ပြောခဲ့လေ'

'တခြားတော့ မဟုတ်ပါဘူး၊ မနက်ဖြန်ကျရင် ကျွန်မတို့အိမ်မှာ ထမင်းစားဖို့ လာဖိတ်တာပါ'

'သြော်… ထမင်းစား လာဖိတ်တာလား၊ ကျွန်တော်တို့ရောလား'

'အို… ရှင်တို့ မပါပါဘူး၊ ဘဘကြီးတစ်ယောက်တည်း လာဖိတ်တာပါ'

'ဟာဗျာ… ဒီလို တစ်ယောက်တည်း ခွဲခြားပြီးဖိတ်တာတော့မကောင်းပါဘူး၊ ကျွန်တော်တို့ကိုပါ ရောဖိတ်ဖို့ကောင်းတယ်'

'မဖိတ်နိုင်ပါဘူး၊ ရှင်တို့ကိုများ အရေးအရာလုပ်လို့၊ ကျွန်မက ရှင်တို့တစ်အိမ်လုံးမှာ ဘဘကြီးကိုပဲ ချစ်တယ်ရှင့်၊ သိလား'

ခင်ဌေးဝင်း၏ စကားကြောင့် စံရှားမှာ တဟားဟားနှင့် ရယ်နေမိသည်။

'ရှင်က ဘာရယ်နေတာလဲ၊ မျက်နှာကိုက အပိုးကိုမသေဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အပိုးမသေတာမဟုတ်ပါဘူး၊ ခင်ဗျားပြောတာ သဘောကျလွန်းလို့ပါ၊ ဘယ့်နှယ်ဗျာ... ကျွန်တော့်လို ရွယ်တူချင်းကိုတော့ မချစ်ဘူး၊ အဖေလောက်ရှိတဲ့ လူကြီးကိုမှ ချစ်တယ်ဆိုလို့ပါ'

'အို... ကျွန်မ ချစ်တယ်ဆိုတာက ဘကြီးလိုချစ်တာကို ပြောတာရှင့်၊ တော်ပြီ... ရှင့်နဲ့ စကားပြောရတာ အဆင်ကိုမပြေဘူး၊ ပြန်တော့မယ်'

'နေပါဦးလေဗျာ... အိမ်ထဲ မဝင်တော့ဘူးလား၊ အေးအေးဆေးဆေး စကားပြောကြရအောင်၊ ထိုင်ဦးမှပေါ့'

'မထိုင်ချင်ပါဘူး၊ ရှင်နဲ့ စကားပြောရရင် ဘယ်တော့မှ အေးအေးဆေးဆေးဖြစ်မှာ မဟုတ်ဘူး၊ ပူပူဆူဆူပဲ ဖြစ်မှာ၊ ဒီတော့ ပြန်တာကောင်းတယ်'

ခင်ဌေးဝင်းသည် ပြောရင်းမှ လှည့်၍ဆင်းဟန်ပြင်သည်။ ထိုအခါတွင် စံရှားက နောက်မှနေ၍ လှမ်းပြောပြန်သည်။

'နေပါဦးဗျ... ဟိုနေ့က ကျွန်တော်ပေးခဲ့တဲ့ ချစ်သဝဏ်လွှာကလေးနဲ့ ပတ်သက်ပြီး အချိုးအခါး မသိရဘူးလား၊ အဖြေပေးသွားစမ်းပါဦး'

စံရှားကပြောလျှင် ခင်ဌေးဝင်းသည် မျက်နှာကို စောစောပိုင်းကထက် ပိုမိုတင်းထားရင်း မာဆတ်ဆတ်အသံနှင့် ပြန်ပြောသည်။

'အဖြေပေးရမယ်ဆိုရင်တော့ ရှင့်စာကို ပယ်လိုက်ပြီ၊ နောက်ထပ်ပြီး စာပေးဖို့လည်း မကြိုးစားပါနဲ့တော့၊ ရှင် ဘယ်လိုပဲ ကြိုးစား ကြိုးစား ကျွန်မဆီက မေတ္တာကိုတော့ မရနိုင်ဘူးဆိုတာ မသေမချင်းမှတ်ထားပါ၊ ဒါကို နားမထောင်ဘဲ နောက်တစ်



ကြိမ် ကျွန်မကို အနှောင့်အယှက်ပေးဦးမယ်ဆိုရင်တော့ ရှင့်ကို ဘဘကြီးနဲ့လည်း တိုင်ပြောမယ်၊ ကျွန်မအစ်ကို ကျားကြီးနဲ့လည်း တိုင်ရလိမ့်မယ်၊ ကြားလား'

ခင်ဌေးဝင်းသည် ထိုသို့ပြန်ပြောပြီးနောက် ချာခနဲလှည့်ထွက်ခဲ့သည်။

စံရှားကတော့ ခင်ဌေးဝင်းကို နောက်မှကြည့်ရင်း တဟားဟားနှင့် အော်ရယ်ရင်း ကျန်ရစ်သည်။

ခင်ဌေးဝင်း လှေကားအောက်သို့အရောက်တွင် ထင်ပေါ်မှာလည်း ပြန်အလာနှင့်မို့ မျက်နှာချင်းဆိုင်တွေ့သွားကြသည်။

'ဩော်... မခင်ဌေးဝင်းပါလား၊ ကျွန်တော်တို့ဆီကို အလည်လာတာလားဗျ'

ထင်ပေါ်က မျက်နှာချိုသွေးကာ မေးနေသော်လည်း ဒေါသဖြစ်လာသူ ခင်ဌေးဝင်းက မျက်နှာကြီးကို စူပုပ်ကာထားရင်း ပြန်ပြောသည်။

'ရှင်တို့ကိုများ အရေးလုပ်ပြီး လာလည်ရမှာလား'

'သိဘူးလေဗျာ၊ ကျွန်တော်တို့တိုက်ခန်းက ဆင်းလာတာမြင်လို့ မေးတာပါ'

'အဲဒါ ဘဘကြီးဆီ လာတာရှင့်၊ ရှင်တို့ဆီလာတာ မဟုတ်ဘူး၊ လာဖို့နေနေသာသာ ရှင်တို့မျက်နှာတောင် မကြည့်ချင်ဘူး၊ သိလား'

ခင်ဌေးဝင်းသည် ဘုကျကျပြန်ပြောပြီးနောက် ရှေ့သို့ဆက်၍ ထွက်သွားသည်။

ထင်ပေါ်ကတော့ ခင်ဌေးဝင်းကို နောက်မှနေ၍ မဲ့ပြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ သူသည် လှေကားပေါ်သို့ တက်လာရာ အခန်းဝတွင် ရပ်နေသော စံရှား၏မျက်နှာကို လှမ်းမြင်ရသည်။

'ဟော့ကောင်ကြီး… ဟိုဟာမ ဒေါကန်သွားပါကလား၊ မင်း ဘာတွေများ လုပ်လွှတ်လိုက်လို့လဲ'

ထင်ပေါ်သည် စံရှားကို လှမ်းမေးရင်း လှေကားအတိုင်း တက်လာသည်။

'ဘာမှမလုပ်ပါဘူးကွာ၊ သူ့ပါးကလေးတစ်ဖက်ကို မွှေးမွှေးပေးရုံ ပေးလိုက်တာပါ၊ ဟား… ဟား… ဟား…'

စံရှားက ထင်ပေါ် မည်သို့ပြန်ပြောမည်ကို သိလိုသဖြင့် ကြွားလိုက်သည်။ ထင်ပေါ်မှာတော့ စံရှား၏စကားကို အဟုတ်မှတ်ကာ ပါးစပ်ကြီးအဟောင်းသားနှင့် ကြည့်ရင်း ပြန်ပြောသည်။

'ဟာ… မင်း တော်တော်ဆိုးတဲ့ကောင်ပဲ၊ ဒါကြောင့် ဟိုက ဒေါကန်ပြီး ငါ့ကိုပါ အဖျားခတ်သွားတာကိုး'

ထင်ပေါ်၏ စကားကြောင့် စံရှားမှာ တဟားဟားနှင့် အော်ရယ်နေမိသည်။

'မင်းနှယ်ကွာ… ငါပြောတာကို အဟုတ်မှတ်ပြီးများ ယုံနေရသေးသလား၊ သူ့ကို ဘာမှငါမလုပ်ပါဘူးကွ၊ လုပ်လည်း မလုပ်ဝံ့ပါဘူး၊ ဒီဟာမက ဆတ်ဆတ်ကြဲကြဲကလေးမို့လား'

'သိဘူးလေကွာ… ငါက အဟုတ်များလားလို့ပါ၊ မင်း ဆိုတဲ့ ကောင်ကလည်း မနေ့တုန်းက အဘိုးကြီးယောင်ဆောင်ပြီး လက်ရဲဇက်ရဲ ကြဲခဲ့တာကလေးတွေကို ငါက ကိုယ်တွေ့မျက်မြင် ဖြစ်နေခဲ့ရလို့ အခုလည်း ယုံမိတာပေါ့'

'ဟာကောင်ရ… အဘိုးကြီးအဖြစ်နဲ့သာ သူ့ကို ငါက



ကိုင်ရဲ တွယ်ရဲတာ၊ အခုလို စံရှားအဖြစ်နဲ့တော့ ဘယ်မှာကိုင်ရဲပါ့မလဲ၊ သူကလည်း ငါကိုင်ရင် ခံမယ့်အစားထဲကမှ မဟုတ်ဘဲ၊ ဟား… ဟား… ဟား…'

'နို့… ပြောစမ်းပါဦး၊ သူက ဒီကို ဘာကိစ္စလာတာလဲ'

'ဘဘကြီးကို မနက်ဖြန်မနက် သူတို့အိမ်မှာ ထမင်းစားဖို့ လာဖိတ်တာတဲ့ကွာ၊ ဟား… ဟား… ဟား…'

စံရှားက ပြောပြီးရယ်နေလျှင် ထင်ပေါ်မှာလည်း ရယ်နေမိသည်။

'ဟား… ဟား… ဟား… တို့ ကလိမ်ကျထားတဲ့ဟာတွေကို တကယ်ပဲ ဘဘကြီးအစစ်ရှိတယ် မှတ်နေကြတယ်နော်'

ထင်ပေါ်သည် သဘောကျစွာနှင့် ပြောရင်း အခန်းတွင်းသို့ ဝင်လာသည်။ စံရှားလည်း သွားကြီးကိုဖြီးရင်း နောက်မှ လိုက်ပါလာသည်။ အခန်းတွင်းသို့ ဝင်၍ပြီးလျှင် စံရှားသည် ဖွင့်ထားသောတံခါးကို ပြန်ပိတ်သည်။ အခန်းတွင်းသို့ ရောက်ကြလျှင် သူတို့သည် အိမ်ရှေ့ခန်းရှိ ကြိမ်ကုလားထိုင်များပေါ်တွင် အသီးသီး ဝင်ထိုင်ကြသည်။

'ဒီလိုဆိုရင် မင်းဟာ မနက်ဖြန်ကျရင် အဘိုးကြီးယောင်ဆောင်ရဦးမှာပေါ့နော်'

ကုလားထိုင်များပေါ်သို့ ထိုင်အပြီးတွင် ထင်ပေါ်က ကွမ်းအစ်တွင်းမှ ကွမ်းရွက်ကိုယူရင်း မေးသည်။

'အေးကွာ… မနက်ကျရင် ဦးတုတ်ကြီးအဖြစ်နဲ့ ဟန်ဆောင်ရဦးမယ်၊ ဒါကိုတွေးပြီး ငါတော့ ဝမ်းလည်းသာတယ်၊ မှုက်ခုံးလည်း လှုပ်မိတယ်ကွ'

www.burmeseclassic.com

www.burmeseclassic.com



ထင်ပေါ်မှာ စံရှား၏စကားကို နားမလည်ဟန်နှင့် ကွမ်းကို ယာနေရာမှ အူကြောင်ကြောင်နှင့် ပြန်ကြည့်နေမိသည်။

'မင်းက ဘာဖြစ်လို့ မျက်ခုံးလှုပ်ရတာလဲ၊ ရှင်းစမ်းပါဦး'

ထင်ပေါ်သည် မေးရင်း ယာပြီးသောကွမ်းကို ပါးစပ်တွင်းသို့ထည့်ကာ တလှုပ်လှုပ်နှင့် ဝါးနေတော့သည်။

'လှုပ်ဆို ဒီလိုလေကွာ၊ မနက်ဖြန်ကျရင် ခင်ဋ္ဌေးဝင်းကို သာမကဘူး၊ သူ့အမေနဲ့ အစ်ကိုကိုပါ တွေ့ရမယ်မဟုတ်လား၊ ငါ့အနေနဲ့ ဒီပြင်လူတွေနဲ့တွေ့ရမှာ အရေးမကြီးဘူး၊ သူ့အစ်ကို ကျားကြီးနဲ့ တွေ့ရမှာကို လန့်နေမိလို့ကွ'

'ဘာကြောင့် မင်းက လန့်ရတာလဲ'

'လန့်ရတာပေါ့ကွ၊ ဒီ ကျားကြီးဆိုတဲ့လူက ခင်ဋ္ဌေးဝင်း ပြောပုံဆိုရင် သိပ်ဆိုးတဲ့လူ မဟုတ်လား၊ ဒီတော့ သူဟာ ငါ့ကို တွေ့တဲ့အခါ ကောင်းကောင်းမွန်မွန်ပဲ ပြောမလား၊ ဒါမှမဟုတ် ဘုတွေဘောက်တွေပြောပြီး ရိုက်မောင်းပုတ်မောင်းများ လုပ်မလား မသိဘူး၊ အဲဒီလိုသာလုပ်ရင်တော့ ဒုက္ခပဲ'

'ဟာယ်… မင်းကလည်း၊ စိုးရိမ်စရာမရှိတာကို စိုးရိမ်နေပြန်ပါပြီ၊ ဘာဆိုင်လို့ သူက ရိုက်မောင်းပုတ်မောင်း လုပ်ရမှာလဲ၊ ပြီးတော့ မင်းဟာ လူငယ် စံရှားအဖြစ် သွားတွေ့မှာမှမဟုတ်တာ၊ ဘဘကြီးတုတ်ကြီးအဖြစ်နဲ့ အယောင်ဆောင်ပြီးသွားတွေ့မှာပါ၊ အဘိုးကြီးတစ်ယောက်ကိုတော့ မရိုက်ပါဘူးကွာ'

'အေး… ငါပြောနေတာကလည်း အဲဒီ အဘိုးကြီးအဖြစ် အယောင်ဆောင်ရမယ့်ကိစ္စပဲကွ၊ သူက ငါ အဘိုးကြီးယောင်ဆောင်တာကို သင်္ကာမကင်းဖြစ်လာပြီး ဥပမာကွာ… ငါ့နှုတ်ခမ်း



က နှုတ်ခမ်းမွေးကိုဖြစ်ဖြစ်၊ မင်းလုပ်ထားတဲ့ မိတ်ကပ်တွေကိုဖြစ်ဖြစ် တကယ့်အစစ်ဟုတ်မဟုတ် စမ်းကြည့်မယ်ဆိုရင် အလိမ်က ပေါ်တော့မှာ၊ ဒီလိုဆို သူနဲ့ ငါနဲ့ နောင်ဂျိန်ပလေးရမှာကွ'

'ပလေးရရော ဘာဖြစ်လဲကွာ၊ မင်းဟာ ဗလလည်း ကောင်း၊ ဘောက်ဆင်လည်း ကောင်းကောင်းတတ်တဲ့ဟာ၊ ခံတီးပစ်ပေါ့'

'ဟယ်… မင်းကလည်း ပြောတော့လွယ်လိုက်တာ၊ ငါက သူ့နှမကို အသေအလဲပိုးနေတဲ့ကောင်ကွ၊ ဒီတော့ အစ်ကိုဖြစ်တဲ့ သူကို ခံတီးရင် ဒီတစ်သက်မှာ ခင်ဋ္ဌေးဝင်းကို ငါ ရတော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ငါဟာ ကျားကြီးနဲ့ ရန်မဖြစ်ဝံ့ဘူး၊ ခံလည်း မတီးရဲဘူး၊ ခင်ဋ္ဌေးဝင်းရဲ့ မျက်နှာက ရှိသေးတယ်မဟုတ်လား'

စံရှားမှာ ကြိုတင်စိုးရိမ်စိတ်နှင့် ပြောနေသည်။ ထင်ပေါ်ကတော့ အဖြစ်သည်းနေသော စံရှား၏စကားကြောင့် တခစ်ခစ်နှင့် ဖြစ်နေတော့သည်။

'သြော်… စံရှား… စံရှား၊ မိန်းကလေးတစ်ယောက်ကို ရဖို့ အရေး ရွှေယောက်ဖကြီးကို အခုကတည်းက ဖိန့်ဖိန့်တုန်အောင်ကို ကြောက်နေရရှာတယ်နော်၊ သနားလိုက်ပါဘိ စံရှားရယ်၊ ဟား… ဟား… ဟား…'

စံရှားမှာ သူ့ကို နောက်ပြောင်နေသော ထင်ပေါ်ကို မျက်စောင်းတစ်ချက်ထိုးကာကြည့်ရင်း ပြန်ပြောသည်။

'တော်စမ်းပါကွာ၊ လူဖြင့် စိတ်ရှုပ်ရတဲ့အထဲ၊ မင်းက နောက်နေပြန်ပါပြီ'

'နောက်နေတာ မဟုတ်ပါဘူး၊ မင်းက အဖြစ်သည်းလွန်း

www.burmeseclassic.com

www.burmeseclassic.com



လို့ပါ။ ဘယ့်နှယ်ကွာ… နိုင်ငံကျော် မိတ်ကပ်ဝိဇ္ဇာရယ်လို့ ကျော်ကြားနေတဲ့သူရဲ့ မိတ်ကပ်ကို သုံးရဲ့သားနဲ့များ မင်းက အလိမ်ပေါ်မှာ ကြောက်နေရသလား၊ ဒီမှာဟေ့ စံရှား၊ ငါ့မိတ်ကပ်ကြောင့်တော့ မင်းမှာ အလိမ်မပေါ်စေရဘူး၊ ဒါကို ငါ အာမခံတယ်၊ မင်းကိုယ်တိုင်လည်း ငါ့မိတ်ကပ်အစွမ်းကို လက်တွေ့စမ်းသပ်ပြီးပြီပဲဟာ၊ မင်း ကြောက်ရမှာက တစ်ခုပဲရှိတယ်၊ အဲဒါကတော့ မင်းဟာ အဘိုးကြီးယောင်ဆောင်ရင် တကယ့်အဘိုးကြီးနဲ့ တူပေစေ၊ မင်းရဲ့ အမူအရာတွေ တလွဲတချော်ဖြစ်ရင်တော့ ကျားကြီးက မသင်္ကာဖြစ်မှာ သေချာတယ်၊ ခင်ဌေးဝင်းနဲ့ တွေ့တုန်းကလို မင်း က အဘိုးကြီးအိုက်တင် အပြည့်ပါပေစေ၊ ဒီလိုသာဆိုရင် ကျားကြီး ဟာ ဘာမှသင်္ကာမကင်းဖြစ်မှာ မဟုတ်ဘူး၊ ဒီတော့ စိတ်ကိုသာ အေးအေးထားပါတော့

ထင်ပေါ်က သူငယ်ချင်းဖြစ်သူကို အားပေးနေသည်။ စံရှားမှာတော့ မည်သို့ပင် ထင်ပေါ်က အားပေးနေစေကာမူ သူကတော့ ကျားကြီးနှင့်တွေ့ရမည်ကို တွေး၍ပူပင်နေမိသည်။

❑

(ကိုး)

# မိတ်ဆုံထမင်းပွဲ

ခင်ဌေးဝင်း လာရောက်၍ ထမင်းစားလာခေါ်မည့် တနင်္ဂနွေနေ့ နံနက်တွင်တော့ စံရှားမှာ ထင်ပေါ်၏ အကူအညီနှင့် မိတ်ကပ်တွေလိမ်းကာ အဘိုးကြီးယောင်ဆောင်ရပြန်သည်။

ထင်ပေါ်သည် စံရှားကို အဘိုးကြီးအသွင်ဖြစ်အောင် မိတ်ကပ်ကို ခြယ်သပေးပြီးနောက် ခင်ဌေးဝင်းတို့ တိုက်ဘက်သို့ မြတင်းပေါက်မှငုံ့ကာ ချောင်းကြည့်သည်။ ခင်ဌေးဝင်းတို့သားအမိ ထမင်းဟင်းများ ချက်ပြုတ်နေကြသည်ကို တွေ့ရသည်။ စံရှားကတော့ မကြည့်ဝံ့ပေ။ သူ့အနေနှင့် အဘိုးကြီးအသွင်ပြောင်းထားပြီးပြီမို့ သူကြည့်စဉ် ခင်ဌေးဝင်းက မတော်တဆ သူ့ဘက်သို့ လှမ်းကြည့်ပါက မြင်သွားလျှင် သူ့အပေါ်တွင် တစ်မျိုးတစ်မည် ထင်မှာ စိုးသောကြောင့်ပင်။

ထင်ပေါ် ကြည့်နေစဉ်မှာပင် ခင်ဌေးဝင်းသည် ဒွေးအေး ဆို တိုးတိုးကလေး တစ်စုံတစ်ခုပြောရင်း သူတို့၏ တိုက်ဘက်သို့ လက်ညှိုးထိုးပြနေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ယော့ကောင်… စံရှား၊ မင်းဟာမကလေးတော့ လာခေါ်တော့မယ် ထင်တယ်ကွ၊ တို့တိုက်ဘက်ကို လက်ညှိုးထိုးပြပြီး သူ့အမေကို ပြောနေတယ်' ထင်ပေါ်သည် စံရှားကို ပြောရင်းမှ တိုက်တွင်းသို့ ပြန်ဝင်လာသည်။

'ဒီလိုဆိုရင် ငါလည်း အသင့်ပြင်ထားမှပဲ'

စံရှားကလည်း ပြန်ပြောပြီးနောက် ယမန်နေ့များတုန်းက ဝတ်ခဲ့သော အဝတ်များကို ပြန်လည်ဝတ်နေတော့သည်။ သူ အဝတ်များကို လဲလှယ်ပြီးနောက် အိမ်ရှေ့ခန်းတွင် ထိုင်နေစဉ်မှာပင် ခင်ဒွေးဝင်းသည် ရောက်လာသည်။

'ဘဘကြီးရှိတယ် မဟုတ်လားရှင်'

ခင်ဒွေးဝင်းသည် တံခါးဖွင့်ပေးသူ ထင်ပေါ်ကိုမေးသည်။

'ရှိပါတယ်ဗျာ၊ အိမ်ရှေ့ခန်းမှာ ထိုင်နေပါတယ်'

ထင်ပေါ်သည် ခင်ဒွေးဝင်းအား သွားကြီးများကို ဖြီးပြရင်း ပြောသည်။ ခင်ဒွေးဝင်းကတော့ သူ့ကို ခပ်တည်တည်နှင့်ပင် ကြည့်ရင်း အဘိုးကြီးယောင် ဆောင်ထားသော စံရှားထံသို့ လျှောက်လာသည်။ စံရှားမှာမူ တက္ကသိုလ်မှ ထုတ်ဝေသော ပညာပဒေသာ စာစောင်ကို ဟန်ပါပါနှင့် ဖတ်ရှုနေသည်။

'ဘဘကြီး'

ခင်ဒွေးဝင်းသည် စံရှားရှေ့သို့ရောက်လျှင် ယမန်နေ့လာစဉ်ကအတိုင်း ခေါ်သည်။ စံရှားက တပ်ထားသော ကော်ကိုင်းမျက်မှန်ကြီး၏အတွင်းမှ မျက်လုံးများကို အထက်သို့လှန်ကာကြည့်ရင်း 'သြော်… တူမကြီးပါလား၊ ထိုင်… ထိုင်' ဟူ၍ အဘိုးကြီးဟန်နှင့် ပြန်ပြောသည်။



ခင်ဒွေးဝင်းသည် စံရှားပြောသည့်အတိုင်း သူ၏ရှေ့တွင်ရှိ ကြိမ်ကုလားထိုင်ပေါ်တွင် ဝင်ထိုင်သည်။ စံရှားကတော့ လက်ထဲတွင် ကိုင်ထားသော စာအုပ်ကို စားပွဲပေါ်သို့ ဘုတ်ခနဲမြည်အောင် ပစ်တင်ရင်း ခင်ဒွေးဝင်းကို မေးသည်။

'ငါ့တူမကြီးအလည်လာတယ်ထင်တယ်၊ ဟုတ်လားကွယ့်'

'ဟာ… ဘဘကြီးကလည်း အလည်လာတာမဟုတ်ဘူး၊ ဘဘကြီးကို ထမင်းစားလာခေါ်တာလေ၊ ကျွန်မ မနေ့တုန်းက ဒီနေ့မနက် အိမ်မှာထမင်းစားဖို့ လာဖိတ်တာကို ဘဘကြီးရဲ့ သားက မပြောပြဘူးထင်တယ်၊ ဟုတ်လား'

'အိမ်း… ဟုတ်သားပဲ၊ တူမကြီး မနေ့တုန်းက ဘဘကြီးကို ထမင်းစားလာဖိတ်တယ်လို့ မောင်စံရှားက အပြောသား၊ ဒါကို ဘဘကြီးက မေ့နေတယ်၊ အခု တူမကြီးပြောမှပဲ သတိရတော့တယ်၊ ဟိုး… ဟိုး… ဟိုး…'

စံရှားသည် ပြောပြီးနောက် အာခေါင်သံကြီးနှင့် ရယ်နေသည်။

'ဘဘကြီးကလည်း တယ်ပြီးမေ့တတ်တာကိုး၊ ကဲပါ… ဒီလိုဆိုရင်လည်း သွားကြရအောင်၊ အိမ်က မေမေက ဘဘကြီးကို သိပ်ပြီးတွေ့ချင်နေတာ'

'အိမ်း… သွားတာပေါ့၊ သွားတာပေါ့၊ ကိုင်း… လာ… လာ… ဘဘကြီးကို ငါ့တူမကြီးက လက်ကလေးတွဲလှည့်ပါဦး'

စံရှားသည် သူ၏ ဘယ်ဘက်လက်ကလေးကို ခပ်ခွေခွေကွေးလုပ်ရင်း ခင်ဒွေးဝင်းကို တွဲခိုင်းနေသည်။

'ဟာ… ဘဘကြီးကလည်း ကျွန်မ တွဲနေပြီ လိုသေးလို့

www.burmeseclassic.com

www.burmeseclassic.com



လား၊ သန့်သန့်မာမာကြီးပဲဟာ' ခင်ဒွေးဝင်းက ခပ်ပြုံးပြုံးကလေး ခြိုက်ကြည့်ရင်း ပြောသည်။

'ဟယ်… တူမကြီးကလည်း၊ ဘဘကြီးက သန့်သန့်မာ မာပေမယ့် မျက်စိက သိပ်မကောင်းတော့ဘူး၊ မှုန်နေတာ၊ မတော် လှေကားပေါ်က လိမ့်ကျရင် ဘယ့်နှယ်လုပ်မလဲ၊ လာပါ တူမကြီး ရယ်၊ ဘဘကြီးကို တွဲလှည့်စမ်းပါ၊ ဘဘကြီးက တွဲပြီးသွားချင် လို့ပါ'

'ဘယ့်နှယ်…'

'ဒီလိုလေ… တူမကြီးက တွဲပြီးသွားတော့ ဘဘကြီး ဟာ ဘေးမဖြစ်နိုင်ဘူးလို့ ပြောတာပါ၊ ဟိုး… ဟိုး… ဟိုး…'

စံရှားက ပြောပြီးရယ်နေသည်။ ခင်ဒွေးဝင်းမှာလည်း ရောရယ်နေမိသည်။

'ဘဘကြီးကတော့ အဖြစ်ကိုသည်းတယ်၊ ကျွန်မကတွဲ ပြီး ခေါ်ရလောက်အောင် ဘဘကြီးဟာ မစွမ်းမသန်ဖြစ်နေတာမှ မဟုတ်ဘဲ၊ သန့်သန့်မာမာကြီးပဲဟာ'

'ဟာ… တူမကြီးကလည်း သန်မာပေမယ့် တူမကြီးနဲ့ တွဲချင်လို့ပါ၊ အဲ…အဲ…ဘဘကြီးဆိုလိုတာက တူမကြီးက တွဲ ထားတော့ တော်ရုံတန်ရုံလဲမယ့်ဟာ မလဲဘူးပေါ့ကွယ်၊ ဟဲ…ဟဲ'

စံရှားမှာ ခင်ဒွေးဝင်းနှင့် အတူတွဲကာ သွားလိုသဖြင့် စကားပရိယာယ်အသွယ်သွယ်တွေနှင့် ဆွယ်နေသည်။

'ကဲပါ… ဒီလောက်တောင် တွဲချင်နေရင်လည်း တွဲရ တာပေါ့' ခင်ဒွေးဝင်းက ပြန်ပြောလျှင် စံရှားမှာ အလွန်ပင် ကျေနပ် သွားတော့သည်။ ပြီးတော့ ခင်ဒွေးဝင်း တွဲရန်အတွက် စံရှားက



လက်ကလေးကို ခပ်ကွေးကွေးလေး လုပ်ပေးသည်။ ခင်ဒွေးဝင်း ကလည်း စံရှား၏လက်ကိုကိုင်ကာ တွဲသည်။ စံရှားသည် ခပ်လှမ်း လှမ်းတွင်ရပ်ကာ သူတို့ကိုကြည့်နေသော ထင်ပေါ်ဘက်သို့ ဟန် ပါပါကလေးနှင့်ကြည့်ကာ ပြောသည်။

'ဟေ့… ဟိုအကောင်၊ ဟောဒီက တူမကြီးနဲ့ ငါ လိုက် သွားဦးမယ်၊ အိမ်မှာ ကောင်းကောင်းနေနော်၊ တခြားကို လျှောက် လည်မနေနဲ့၊ ကြားလား'

'ဟုတ်ကဲ့ ဘဘကြီး ခင်ဗျာ'

ထင်ပေါ်မှာ ခင်ဒွေးဝင်း၏ရှေ့တွင်မို့ အောင့်သက်သက် နှင့် ပြန်ပြောရသည်။ ထို့နောက်တော့ စံရှားသည် ခင်ဒွေးဝင်းနှင့် အတူတွဲ၍ ထွက်သွားတော့သည်။ ခင်ဒွေးဝင်းတို့အိမ်ရောက်တော့ မိခင်ဖြစ်သူ ဒေါ်နီနီမှာ သူတို့အလာကို စောင့်မျှော်နေသည်။ စံရှား တို့ လာသည်ကိုတွေ့ရလျှင်တော့ ဒေါ်နီနီသည် ဝမ်းသာအားရနှင့် တံခါးကိုဖွင့်ရင်း စံရှားကို ဖိတ်ခေါ်သည်။

'ကြွပါရှင်… ကြွပါ၊ ဟောဒီက သမီးကလေးက ပြော ပြလို့ ကျွန်မဟာ ဘဘကြီးကို အလွန်တွေ့ချင်နေတာရှင့်'

ဒေါ်နီနီက ခင်ဒွေးဝင်းခေါ်သည့်အတိုင်း စံရှားကို ဘဘ ကြီးဟု ခေါ်နေသဖြင့် စံရှားမှာ အတော်ပင်အောင့်သွားတော့သည်။

'ဟာ… ဒေါ်ဒေါ်ကလည်း၊ အဲ… ဟုတ်ပါဘူး၊ ခင်ဒွေး ဝင်းတို့ အမေကလည်း ကျုပ်ကို ဘဘကြီးလို့ မခေါ်နဲ့လေဗျာ၊ ခင်ဗျားနဲ့ ကျွန်တော်က အသက်ချင်း သိပ်ကွာကြတာမှ မဟုတ်ဘဲ ဒီတော့ လျှော့လျှော့ပေါ့ပေါ့ခေါ်ပေါ့၊ မဟုတ်ဘူးလား၊ ဟိုး… ဟိုး… ဟိုး…'

www.burmeseclassic.com

www.burmeseclassic.com



စံရှား၏စကားကို ကြားရလျှင် ဒေါ်နီနီမှာ သွားကလေး များပေါ်အောင် ဖြုံးရယ်နေသည်။

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကျွန်မအရွယ်နဲ့ ဘဘကြီး ခေါ်လို့တော့ မကောင်းဘူးပေါ့၊ ဒါပေမဲ့ သမီးကလေး ခေါ် သလို လိုက်ခေါ်ကြည့်တာပါ၊ မကြိုက်ရင် မခေါ်ပါဘူး'

ဒေါ်နီနီက ပြန်ပြောလျှင် စံရှားမှာ ရယ်နေသည်။

ခင်ဌေးဝင်းကလည်း မိခင်ဖြစ်သူနှင့် ဘဘကြီးအယောင်ဆောင် စံရှားတို့ပြောဆိုနေကြပုံကို ဘေးမှကြည့်ရင်းပြုံးနေမိသည်။

စံရှားသည် အခန်းတွင်းရှိ ကြိမ်ကုလားထိုင်ပေါ်တွင် ဝင်ထိုင်ရင်းမှ အိမ်ခန်း၏အခြေအနေကို အကဲခတ်ကြည့်ရှုနေသည်။

အိမ်ခန်းထဲတွင် သူ ပထမဆုံး မြင်တွေ့ရသောပုံမှာ ခင်ဌေးဝင်း၏မိခင် ဒေါ်နီနီနှင့် ကွယ်လွန်သွားပြီဖြစ်သော ခင်ဌေးဝင်း ဖခင်တို့ မင်္ဂလာဆောင်စဉ်က ရိုက်ကူးထားသောပုံဖြစ်သည်။

'ဟိုပုံဟာ ခင်ဌေးဝင်းတို့အမေနဲ့ အဖေ မင်္ဂလာဆောင်တုန်းကပုံ ထင်တယ်၊ ဟုတ်လား' စံရှားသည် ဓာတ်ပုံကိုကြည့်ပြီးနောက် ဒေါ်နီနီကို မေးသည်။

'ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့ အကြောင်းပါတုန်းက မြို့မ ဓာတ်ပုံဆိုင်မှာ သွားပြီးရိုက်ထားခဲ့တဲ့ပုံပါ၊ ဒီပုံကိုမြင်တိုင်း ကျွန်မ တော့ သွားလေသူကြီးကို အောက်မေ့လို့မဆုံး ဖြစ်နေတာပါပဲရှင်'

ဒေါ်နီနီမှာ ပြောရင်းမှ သွားလေသူခင်ပွန်းသည်ကို သတိရဟန်နှင့် မျက်ရည်ကလေးတစမ်းစမ်း ဖြစ်လာသည်။

စံရှားမှာ သူ၏အမေးပုစ္ဆာကြောင့် ဒေါ်နီနီတွင် စိတ် ထိခိုက်သွားမှန်းသိရလျှင် သူသည် ဆက်မမေးတော့ဘဲ ခင်ဌေး



ဝင်း၏အစ်ကို ကျားကြီး ဘော်လီဘောပုတ်နေဟန် ရိုက်ကူးထား သောပုံကို ကြည့်၍ မေးပြန်သည်။

'ဟိုပုံကတော့ တူမကြီးရဲ့အစ်ကို ကျားကြီးရဲ့ပုံနဲ့ တူတယ် နော်' ထိုအမေးက ခင်ဌေးဝင်းက ဝင်ဖြေသည်။

'ဟုတ်တယ် ဘဘကြီး၊ အဲဒါ ကျွန်မရဲ့အစ်ကို ကိုကျား ကြီးရဲ့ပုံပဲ၊ သူက ဘော်လီဘောကစား အင်မတန်တော်တာ'

'သော်... သော်... သူရော အခု ဘယ်သွားနေသလဲ'

ဒီတစ်ကြိမ်တွင်တော့ ဒေါ်နီနီက ပြန်ဖြေသည်။

'ရှိပါတယ်၊ ကိစ္စရှိလို့ အပြင်သွားနေတယ်၊ တော်ကြာ ပြန်လာမှာပါ၊ သူကလည်း ဦးတုတ်ကြီးကို အင်မတန်မှ တွေ့ချင် နေတာပါ'

'အလို... ခင်ဌေးဝင်းတို့အမေကလည်း ကျွန်တော့် နာမည် သိနေတာကိုး၊ ဟိုး... ဟိုး... ဟိုး...'

စံရှားက အံ့အားသင့်သံနှင့် ပြောသည်။

'သိတာပေါ့၊ ဟောဒီက သမီးက အကုန်လုံးပြန်ပြောပြ ခဲ့တာ၊ မသိဘဲနေပါ့မလား'

'ဟား... ဟား... ဟား...တူမကြီးကတော့ ကျွန်တော့် အကြောင်းတွေ အကုန်လုံးကို ပြောပြထားတာကိုး'

'ဟုတ်တယ်၊ သမီးက ပြောတာတွေကတော့ အစုံပဲ၊ ဦးတုတ်ကြီးဟာ ရယ်စရာစကားတွေလည်း အင်မတန်ပြောတတ် တာတို့၊ အသက်အရွယ်နဲ့မလိုက်အောင် ပျော်ရွှင်တတ်တာတို့ပေါ့၊ ဒါကြောင့် ကျွန်မရဲ့သား မောင်ကျားကြီးကပါ ဦးတုတ်ကြီးကို အင်မတန်တွေ့ချင်နေတာပေါ့'

www.burmeseclassic.com



'ဟုတ်ကဲ့… ကျွန်တော်ကတော့ ပျော်ပျော်နေ သေခဲဆိုတဲ့ စကားလို ပျော်ပျော်ပါးပါးပဲ နေပါတယ် ခင်ဒွေးဝင်းတို့အမေရဲ့ ဟိုး… ဟိုး… ဟိုး…'

'ကောင်းတယ်… ကောင်းတယ်၊ စိတ်ပျိုရင် ကိုယ်နုဆိုတဲ့စကားလည်း အရှိသားပဲ၊ ဒါထက် ကျွန်မကို ခင်ဒွေးဝင်းတို့အမေလို့ ခေါ်ခေါ်နေရတာ ပင်ပန်းလှပါတယ်၊ ကျွန်မနာမည်က မနီနီတဲ့၊ ဒီတော့ မနီလို့ ခေါ်ပါ၊ ဦးတုတ်ကြီးကိုလည်း ကျွန်မက အစ်ကိုကြီးလို့ ခေါ်မယ်၊ ဟုတ်ပြီလား'

ယောက္ခမလောင်းကြီးဖြစ်သူ ဒေါ်နီနီက သူ့ကို တကယ့်အဘိုးကြီးအမှတ်နှင့် အစ်ကိုကြီးဟု ခေါ်မည်ဆိုသောစကားကြောင့် စံရှားမှာ ဟက်ဟက်ပက်ပက်ကြီး ရယ်ပစ်ချင်နေသည်။ သို့သော် သူမှာ ရယ်ရမည့်အချိန်မဟုတ်သေး၍ အတော်ပင် ရယ်ချင်စိတ်ကို အောင့်ထားရတော့သည်။ သူ့အဖို့တော့ အဘိုးကြီးအဖြစ်နှင့် အယောင်ဆောင်ထားသူမို့ အလိမ်မပေါ်မချင်း အဘိုးကြီးဟန်မျိုးနှင့်ပင် သူတို့တစ်တွေကို ပြောဆိုဆက်ဆံနေရမည် မဟုတ်လော။ သို့ဖြစ်၍ သူသည် မျက်နှာကို ပြုံးပြုံးကလေးထားကာ တကယ့်အဘိုးကြီးဟန်နှင့် ဒေါ်နီနီကို ပြန်ပြောသည်။

'ဟုတ်ကဲ့… ဟုတ်ကဲ့ ခင်ဒွေးဝင်းတို့အမေ၊ အဲလေ… မနီနီ သဘောကျသလို ခေါ်ပါ့မယ်၊ ဒါထက် မနီရဲ့အသက်ဟာ ဘယ်လောက်ရှိပြီလဲဗျ'

'ကျွန်မ အသက်လား၊ အခုလာမယ့် ဝါဆိုလပြည့်ကျော်လေးရက်နေ့ဆိုရင် လေးဆယ့်လေးနှစ် ပြည့်တော့မယ်'

'သြော်… မနီရဲ့အသက်ဟာ လေးဆယ့်လေးနှစ်တောင် ရှိနေပြီကိုး၊ ဒီလိုဆို တော်တော်ကြီးနေပြီပဲ'



'ရှင်… ဘကြီးတာလဲ'

'ဒီ… ဒီလိုပါလေ၊ ကျုပ်စိတ်ထဲမှာ မနီရဲ့ရုပ်ကိုကြည့်ပြီး အသက်သုံးဆယ်ကျော်လောက် ထင်နေတာ၊ အခု မနီပြောပြမှ လေးဆယ်ကျော်မှန်းသိရလို့ ကျွန်တော်ထင်နေတာထက် အသက်က ပိုကြီးနေလို့ တော်တော်ကြီးနေပြီလို့ ပြောတာပါ၊ မနီက နုထွားကြီးပဲ၊ ဟိုး… ဟိုး… ဟိုး…'

စံရှားက ယောက္ခမလောင်းကြီး ရွှေသဘောတော်ကျသွားစေရန် ခပ်မြှောက်မြှောက်ကလေး ပြောသည်။ ဒေါ်နီနီကတော့ စံရှား၏မြှောက်ပင့်သံကြောင့် သူ့ကို အဘိုးကြီးက ချိုတိုတိုတိုစကားပြောသည်ဟုမှတ်ကာ အပျိုကလေးတစ်ဦးပမာ ရှက်သွေးကလေးတွေ ဖြာသွားတော့သည်။ ထိုသို့ ရှက်သွေးကလေးတွေ ဖြာသွားသဖြင့် သူ၏မျက်နှာကို အောက်သို့ငုံ့ထားမိသည်။ ခင်ဒွေးဝင်းကတော့ သူ့မိခင်နှင့် အဘိုးကြီးတု စံရှားတို့ ပြောဆိုနေကြပုံကို သဘောကျနေဟန်နှင့် သွားကလေးများပေါ်အောင် ပြုံး၍ကြည့်နေမိသည်။ စံရှား၏ စကားဆုံးသွားလျှင် ခင်ဒွေးဝင်းက မိခင်ဘက်မှ ဝင်ကူကာ ပြောပေးသည်။

'မေမေကရော ပြန်ပြောပါလား၊ ကျွန်မကချည်း နုထွားကြီးမဟုတ်ဘူး၊ ရှင်လည်း နုထွားကြီးပါလို့၊ ခစ်… ခစ်…ခစ်'

ခင်ဒွေးဝင်းသည် ထိုသို့ပြောပြီးနောက် သူ့စကားကို သူပြန်သဘောကျသွားဟန်နှင့် ရယ်နေသည်။ ထိုအခါကျတော့မှ ဒေါ်နီနီမှာလည်း အနည်းငယ်အရှက်ပြေသွားဟန်နှင့် စံရှားကို ပြန်မေးသည်။

'ဟုတ်ပါရဲ့၊ အစ်ကိုကြီးကြည့်ရတာ သန်သန်မာမာကြီး

www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်နော်၊ ဒါထက် အစ်ကိုကြီးရဲ့ အသက်ကရော ဘယ်လောက်ရှိပြီလဲ'

'မသိဘူး'

'ဟောတော့… ဒီအသက်အရွယ်ကြီး ရှိနေပြီပဲ၊ ကိုယ့်အသက်ကိုယ် မသိဘူးလား'

ဒေါ်နီနီက အံ့အားသင့်သံနှင့် ပြောရင်း ရယ်နေသည်။

'မသိတာ မဟုတ်ဘူးဗျ၊ တမင်ကို အမေ့ခံပြီးထားတာ'

'ဘာဖြစ်လို့လဲ'

'တခြားကြောင့်တော့ မဟုတ်ဘူး၊ ကျုပ်အသက်ကို သေမင်းက သိသွားမှာစိုးလို့၊ ဟိုး… ဟိုး… ဟိုး…'

စံရှားက ပြောပြီး ရယ်နေသည်။ ဒေါ်နီနီနှင့် ခင်ဌေးဝင်းတို့မှာလည်း ထိုစကားကြောင့် ရောၡ ရယ်နေမိကြသည်။

'အစ်ကိုကြီးကတော့ ရယ်စရာ တော်တော်ပြောတယ်၊ သူ့မီးပြောလည်း ပြောစရာပဲ၊ ခစ်… ခစ်… ခစ်…'

ဒေါ်နီနီမှာ စံရှားကို အလွန်သဘောကျသွားဟန်နှင့် ပြောရယ်နေပြန်လျှင် အနီးတွင်ရှိသောခင်ဌေးဝင်းကလည်း ဝင်ပြောသည်။

'ဒါကြောင့် သမီး မပြောဘူးလား၊ ဘဘကြီးဟာ ရယ်စရာအင်မတန်ပြောတတ်ပါတယ်လို့၊ ဒါတောင် အစရှိသေးတယ်၊ နောက်ကို ဒီထက်ရယ်ရမယ့်စကားတွေ မေမေတို့ ကြားရဦးမယ်၊ သိလား'

'ဟယ်… တူမကြီးကလည်း၊ လူကို လူပြက်များမှတ်နေလို့ ဒီလိုပြောနေတာလား၊ ဒီလောက်လည်း မဟုတ်ပါဘူးကွယ်၊ ဟဲ… ဟဲ… ဟဲ…'



စံရှားသည် ကော်ကိုင်မျက်မှန်ကြီးအတွင်းမှ မျက်စိတစ်စုံကို လှန်၍ကြည့်ရင်း ခင်ဌေးဝင်းကို ပြန်ပြောသည်။

'ဟုတ်တယ်၊ ဘဘကြီးဟာ လူပြက်လုပ်စားဖို့ကောင်းတယ်၊ ဘဘကြီးသာ လူပြက်ဆိုရင် နာမည်ကျော်ပြီးသားပဲ'

'အောင်မယ်လေးလေး… ဒီလိုအားပေးမယ့်သူ စောစောက မရှိတာ နာလိုက်တာ၊ နို့မို့ဆို ဘဘကြီးဟာ လူပြက်ဝင်လုပ်ပါတယ်၊ ဟိုး… ဟိုး… ဟိုး…'

ထိုကဲ့သို့ သူတို့တစ်တွေ စကားပြောဆိုနေကြစဉ် အခန်းတံခါးခေါက်သံမှာ ပေါ်ထွက်လာသည်။

'ဟော… မောင်ကျားကြီး ရောက်လာပြီနဲ့ တူတယ်'

ဒေါ်နီနီက တံခါးခေါက်သံကြားရလျှင် စံရှားဘက်သို့ လှည့်ကာ ပြောသည်။

စံရှားမှာတော့ ကျားကြီးရောက်လာပြီဟူသော စကားကြောင့် စိတ်ထဲတွင် အတော်ပင် လန့်နေမိသည်။ ခင်ဌေးဝင်းကမူ အခန်းတံခါးကို သွား၍ဖွင့်ပေးသည်။ စံရှားသည် အခန်းတွင်းသို့ ဝင်လာမည့် ကျားကြီးကို တထိတ်ထိတ်နှင့် ကြည့်နေမိသည်။ ထိုသို့ ကြည့်နေရင်းမှ စိတ်တွင်းမှလည်း သူ့ကိုယ်သူ ဤသို့ အားပေးနေမိသည်။

'မကြောက်ပါနဲ့ စံရှားရယ်၊ မင်းမျက်နှာမှာ လိမ်းခြယ်ထားတဲ့ မိတ်ကပ်ဟာ အင်မတန်မှကောင်းလွန်းလို့ ကျားကြီးဟာ မင်းကို အဘိုးကြီးတစ်ယောက်ပဲ ထင်နေမှာပါ၊ အဘိုးကြီးတု စံရှားလို့ ထင်မှာမဟုတ်ပါဘူး၊ ဒီတော့ ဣန္ဒြေမပျက်ဘဲ ကိုကြီးသာ ရင်ဆိုင်လိုက်စမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ သူ့ကိုယ်သူ အားပေးနေစဉ်မှာပင် ကျားကြီးဆိုသူမှာ အခန်းတွင်းသို့ ရောက်လာတော့သည်။ ကျားကြီးကား အမည်နှင့်လိုက်အောင် တကယ်ပင်ကျားကျားယားယားနှင့် ကာယဗလ ကြီးမားလှသူဖြစ်သည်။ ဗလကြီးသလောက် အရပ်အမောင်းကလည်း ရှည်လှသည်။ သူ့အရပ်အမောင်းမျိုးနှင့်ဆိုလျှင် ဘော်လီဘောသမားတစ်ဦးအဖြစ်သာမက ဘတ်စကက်ဘောသမားတစ်ဦးပါ ဖြစ်နိုင်သည်။ ကျားကြီးသည် အခန်းတွင်းသို့ရောက်လျှင် ရောက်ချင်း မျက်နှာထားခပ်တင်းတင်းနှင့် စံရှားကို လှမ်းကြည့်သည်။ ထိုအကြည့်ကြောင့် စံရှားမှာ ဖင်တုန်ကာသွားမိသည်။

'ဘုရား… ဘုရား… ငါ့ကို ကြည့်ပုံကြီးကလည်း မနိုပ်လိုက်တာ၊ မျက်နှာထားနဲ့ ကြည့်နေတယ်၊ တကယ်လို့ ငါ့ကို ရန်မူရင် ဘယ့်နှယ်လုပ်မလဲ၊ ဒီလောက်ကြီးတဲ့ ဗလကြီးနဲ့ လူကို ငါနိုင်အောင် ထိုးနိုင်ပါ့မလား၊ အို… ဒီလိုလည်း မဖြစ်သေးပါဘူး၊ သူ့ကို နိုင်နိုင်ရှူးရှူး ပြန်ထိုးလို့ကို မဖြစ်သေးဘူး၊ ငါက ပြန်ထိုးတာနဲ့ ခင်ဋ္ဌေးဝင်းကို ငါစွန့်လွှတ်ရလိမ့်မယ်၊ ဒီတော့ သူက ရန်မူမယ်ကြံရင် မြန်မြန်သာထပြေးတာ အကောင်းဆုံးပဲ'

စံရှားသည် ကျားကြီးကိုကြည့်၍ အထက်ပါအတိုင်း တွေးနေစဉ် ဒေါ်နီနီက ကျားကြီးကို လှမ်းပြောသည်။

'မောင်ကျားကြီးရေ… ခင်ဋ္ဌေးဝင်း ပြောပြောနေတဲ့ ဟိုဒက်လမ်းက ဦးတုတ်ကြီးဆိုတာပဲကွယ့်'

ဒေါ်နီနီ၏ စကားအဆုံးတွင် ကျားကြီးသည် စံရှားကို လှမ်း၍ ပြုံးပြလိုက်သည်။ ထိုအခါကျမှ စံရှား၏ စိုးရိမ်စိတ်တွေမှာ ပြေငြိမ်းသွားတော့သည်။



'နိုပ်ဟ… သူလည်း ငါ အဘိုးကြီးယောင်ဆောင်ထားတာကို မရိပ်မိဘူး၊ ဒီလိုဆိုတော့လည်း ငါ့မိတ်ကပ်က မီးသေသားပဲ'

စံရှားသည် ကျေနပ်စွာနှင့် စိတ်တွင်းမှပြောနေစဉ် ကျားကြီးက လှမ်းမေးသည်။

'ရောက်နေတာ ကြာပြီလား ဘဘကြီး'

ထိုအမေးကို စံရှားက အယောင်ယောင် အမှားမှားနှင့် ပြန်ဖြေသည်မှာ…

'မီးသေသားပဲ'ဟူသတည်း။

စံရှား၏စကားကြောင့် ကျားကြီးမှာ အူကြောင်ကြောင်ဖြစ်ကာသွားတော့သည်။

'ဘာလဲဗျ… ဘာမီးသေတာလဲ'

ကျားကြီးက မျက်မှောင်ကြီးကြုတ်ကာ မေးသည်။ စံရှားမှာ သူမှား၍ပြောမိသော စကားအတွက် အစွမ်းကုန် မျက်နှာချိုသွေးရင်း ကမန်းကတန်း ပြန်ဖြေရသည်။

'ဪ… ဟို… ဟိုဒင်းပါ၊ ဟောဒီက တူမကြီးခင်ဋ္ဌေးဝင်းက ကျုပ်အကြောင်းကို အမွှန်းတင်ထားတာကို တစ်အိမ်လုံးမီးသေသေနဲ့ ယုံကြည်ထားကြတာကို တွေးမိလို့ပါ'

ထိုစကားကို ကြားရတော့မှ ကျားကြီးမှာ ကျေနပ်သွားဟန်နှင့် ပြုံးနေသည်။

'ဟုတ်တယ်၊ ညီမလေးကတော့ ဘဘကြီးအကြောင်းကို အမွှန်းတင်ထားတာ ရွှန်းရွှန်းကို ဝေနေတာပဲ'

ကျားကြီး ပြန်ပြောအပြီးတွင် အနီးတွင် ရပ်နေသော

www.burmeseclassic.com

www.burmeseclassic.com



ခင်ဒွေးဝင်းသည် ဘယ်ဘက်လက်တွင် ပတ်ထားသော လက်ပတ်နာရီကို ငုံ့ကြည့်ရင်း ပြောသည်။

'ဟင်… ဆယ်နာရီတောင် ကျော်နေပြီ၊ ဘဘကြီးကို ထမင်းကျွေးဖို့ လုပ်ဦးမှပဲ'

ခင်ဒွေးဝင်းသည် ထိုသို့ပြောပြီးနောက် နောက်ဖေးဘက်သို့ ဝင်သွားသည်။ ဒေါ်နီနီလည်း ထိုင်နေရာမှ ထရပ်ကာ စံရှားကို ပြောသည်။

'ကိုင်း… အစ်ကိုကြီးနဲ့ မောင်ကျားကြီးတို့ စကားပြောနေကြဦးနော်၊ ကျွန်မလည်း သမီးနဲ့ ကူညီပြီး လုပ်လိုက်ဦးမယ်'

ဒေါ်နီနီ ထွက်သွားပြီးသောအခါတွင် ကျားကြီးသည် စံရှားနှင့် မျက်နှာချင်းဆိုင် နေရာတွင်ရှိသော ကုလားထိုင်ပေါ်တွင် ဝင်ထိုင်သည်။ ပြီးတော့ စံရှား၏မျက်နှာကို ခပ်ပြုံးပြုံးကလေးနှင့် လှမ်းကြည့်ရင်း မေးသည်။

'ဒါထက် ဘဘကြီးနဲ့ ကျွန်တော့်ညီမလေးတို့ ဘယ်လိုလုပ် သိကြတာလဲဟင်'

ထိုအမေးကြောင့် စံရှားမှာ အဖြေရခက်နေတော့သည်။

သူ့အနေနှင့် အမှန်အတိုင်း ဖွင့်ပြောပြန်လျှင် ကျားကြီးက နှမအတွက် ဒေါပွမည်ကိုလည်း စိုးရိမ်မိသည်။ အဲ… တစ်ဖန် မုသာဝါဒီစကားနှင့် မမှန်တာကို ပြောပြန်လျှင်လည်း တစ်နေ့ အမှန်ကိုသိသွားလျှင် ကျားကြီးက သူ့ကို ရန်လုပ်မည်ကို စိုးရသည်။ စံရှားမှာ ကျားကြီး၏အမေးကို မည်သို့ပြန်ဖြေရမည်မသိ ဖြစ်နေစဉ် ကျားကြီးက နောက်တစ်ကြိမ် ထပ်မေးပြန်သည်။

'ပြောပါဦးဗျ၊ ကျွန်တော့်နှမနဲ့ ဘဘကြီးနဲ့ ဘယ်လိုသိကြတယ်ဆိုတာ'



'စာ… စာလိုက်ပေးကြရာက သိ… သိတာပဲ'

စံရှားမှာ ပြောမိပြောရာ စွတ်၍ပြန်ပြောမိသည်။

'ဘာဗျ… ဘဘကြီးက ကျွန်တော့်နှမကို စာလိုက်ပေးတယ်၊ ဟုတ်လား'

ကျားကြီးက မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ပြန်မေးသည်။ ထိုအခါကျမှ စံရှားမှာ အပြောမှားသွားသော သူ၏စကားကို ချက်ချင်းပင် ပြန်ပြင်ကာ ပြောရတော့သည်။

'မ… မ… မဟုတ်ပါဘူး မောင်ကျားကြီးရယ်၊ ကျွန်တော့် အဲ… ကျုပ်သား စံရှားက မောင်ကျားကြီးရဲ့နှမကို မေတ္တာရှိလို့ စာလိုက်ပေးတာမှာ မောင်ကျားကြီးရဲ့နှမက စိတ်ဆိုးပြီး အိမ်လာအတိုင်မှာ ဘဘကြီးနဲ့တွေ့ပြီး အခုလို အသိဖြစ်သွားတာပဲ'

စံရှားမှာ ပြောရင်းမှ ကျားကြီး၏ အမူအရာကို အကဲခတ်နေမိသည်။

'ဩော်… ဒီလိုလား၊ ဘာဖြစ်လို့ ဘဘကြီးရဲ့သားက ဒီလိုလုပ်ရတာလဲ၊ ဒါမျိုးဟာ မကောင်းပါဘူး'

'ဟုတ်တယ်…ဟုတ်တယ် မောင်ကျားကြီး၊ မိန်းကလေး တစ်ယောက်ကို လမ်းလယ်ခေါင်မှာ စာလိုက်ပေးတယ်ဆိုတာ တကယ်တော့ မကောင်းပါဘူး၊ ဒါကြောင့် ဘဘကြီးဟာ သားဖြစ်တဲ့သူကို နောက်တစ်ကြိမ် ဒါမျိုးမလုပ်ရဘူး၊ လုပ်ခဲ့ရင် သေခန်းအပြတ်ပဲလို့ ဝမ်နင်ပေးထားတယ်၊ သူလည်း နောက် လုပ်ရဲမှာ မဟုတ်ပါဘူးကွယ်'

စံရှားသည် ကျားကြီး ကျေနပ်စေရန် ပြောပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးဘက်တော့ ပြုံးနေသည်။ ထိုစဉ်မှာပင် ခင်ရွှေဝင်းသည် နောက်ဖေးခန်းမှ ထွက်လာပြီးနောက် စံရှားကို ထမင်းစားရန် ခေါ်သည်။

'ကိုင်း… ဘဘကြီး၊ ထမင်းသုံးဆောင်ဖို့ ကြွပါ'

စံရှားသည် ခင်ရွှေဝင်းဘက်သို့ ခေါင်းတစ်ချက်ညိတ်ပြရင်း ထိုင်နေရာမှ ထရပ်ပြီးနောက် ကျားကြီးဘက်သို့လှည့်ကာ မေးသည်။

'မောင်ကျားကြီးရော မစားသေးဘူးလား'

'ဟုတ်ကဲ့… ကျွန်တော်လည်း စားပါ့မယ်'

ကျားကြီးသည် ပြောပြီးနောက် စံရှားနှင့်အတူ ထမင်းစားခန်းသို့ လိုက်လာသည်။

ထို့နောက်တော့ သူတို့တစ်တွေသည် ပျော်ပျော်ပါးပါးနှင့် စားသောက်နေကြသည်။ စံရှားမှာ နဂိုကတည်းက အစားကြီးလှသူဖြစ်ရာ ယခုလို သူ အလွန်တရာမြတ်နိုးချစ်ခင်လှသည့် ခင်ရွှေဝင်းနှင့်အတူ လက်ဆုံစားကြရသောအခါတွင် မူလထက် နှစ်ဆတက်၍ စားတော့သည်။ သူသည် ယခင်က ခင်ရွှေဝင်းတို့အိမ်တွင် ထမင်းအစားနိုင်ဆုံး စံချိန်တင်ထားသော ကျားကြီးထက် တစ်နှမ်းကန်ခွဲခန့် ပိုစားပြကာ စံချိန်ကို ချိုးပစ်သည်။ သူ့အစားကြီးပုံကိုကြည့်၍ ခင်ရွှေဝင်းတို့မိသားစုမှာ အတော်လည်း စားနိုင်သော အဘိုးကြီးပါကလားဟူ၍ မှတ်ကျောက်တင်လိုက်ကြတော့သည်။

❑

## (တစ်ဆယ်)

## ဘဘကြီးကယ်ပေလို့

'ထင်ပေါ်ရေ… ငါ့ဘဝဟာ ဘဘကြီးအဖြစ်နဲ့ပဲ တစ်သက်လုံး ဟန်ဆောင်သွားရမှာလားကွာ၊ ငါတော့ အမှန်အတိုင်း ဖွင့်ပြီးတော့သာ ပြောလိုက်ချင်ပြီ'

နောက်တစ်နေ့ နံနက်တွင် စံရှားသည် သူငယ်ချင်းဖြစ်သူ ထင်ပေါ်ကို ညည်းညည်းညူညူနှင့် အထက်ပါအတိုင်း ပြောနေသည်။ ထင်ပေါ်ကတော့ စံရှား၏မျက်နှာကို ပြုံး၍ကြည့်နေသည်။

'ဟော့ကောင်… ငါပြောနေတာကို မင်းက ဘာလို့ပြုံးနေရတာလဲကွ၊ အကြံလေးဘာလေး ပေးဦးမှပေါ့၊ ဘာလဲ… မင်းက ဝမ်းသာနေလို့လား'

စံရှားသည် သူ့အား ပြုံး၍ကြည့်နေသော ထင်ပေါ်ကို မကျေနပ်သံနှင့် ပြောသည်။

'ပြုံးနေဆို မင်းအဖြစ်ကလည်း ပြုံးစရာ ရယ်စရာကြီးဖြစ်နေတာကိုးကွ၊ ပြီးတော့ အခုကိစ္စဟာလည်း ငါဖန်တီးခဲ့တဲ့ကိစ္စမဟုတ်ဘူး၊ မင်းဟာမင်း ဆတ်ခော့ပြီး ဖန်တီးခဲ့တဲ့ကိစ္စ မဟုတ်လား၊ ဒီတော့ ငါက ဘာအကြံတွေ ပေးရဦးမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အေးလေ… ဒါတော့ ဒါပေါ့ကွ၊ အခု ငါ့မှာ အခက်အခဲဖြစ်နေတဲ့အခါ နည်းနည်းပါးပါးလည်း အကြံပေးဦးမှပေါ့'

'အင်း… ပေးရမယ်ဆိုရင်တော့ မင်းဟာ အခုလို ဘဘကြီး ဦးတုတ်ကြီးအဖြစ်နဲ့ချည်း မနေနဲ့လို့ ပြောရမှာပဲ၊ ဒီလိုသာ ဘဘကြီးအဖြစ် ဟန်ဆောင်ပြီးနေရင် မင်းဟာ သမီးဖြစ်တဲ့ ခင်ရွှေး ဝင်းနဲ့တော့ ရမှာမဟုတ်ဘူး၊ အမေဖြစ်တဲ့ ဒေါ်နီနီနဲ့ ရကိန်းမြင် တယ်ကွ၊ ဟား… ဟား… ဟား…'

ထင်ပေါ်မှာ စကားအဆုံးတွင် သဘောကျစွာနှင့် ရယ်နေတော့သည်။ စံရှားကတော့ မျက်နှာကြီးကို မဲ့ပြရင်း ပြန်ပြောသည်။

'ဟာကွာ… မင်းဟာကလည်း မဟုတ်တာတွေပဲ၊ ဘာဆိုင်လို့ ငါက ဒေါ်နီနီနဲ့ ရရမှာလဲ၊ အရေးထဲ… နောက်မနေစမ်းပါနဲ့ကွာ'

'နောက်နေတာ မဟုတ်ဘူး၊ ဖြစ်လာမယ့်ဟာကို ကြိုတင်ပြီးမြင်လို့ အခုလိုပြောနေတာ'

'မင်းက ဘာဖြစ်လို့အခုလိုပြောနိုင်ရတာလဲ၊ ပြောစမ်းပါဦး'

'အေး… မင်းသိချင်ရင်လည်း ရှင်းပြရသေးတာပေါ့ကွာ၊ ဒီလို စံရှားရဲ့၊ ဒေါ်နီနီဟာ မုဆိုးမ မဟုတ်လား၊ ပြီးတော့ သူဟာ အခုမှ အသက်လေးဆယ်ကျော်အရွယ်သာ ရှိသေးတယ်၊ ရုပ်ရည်ကလည်း ချောတုန်းလှတုန်းပဲ၊ တစ်ခါ မင်းက ဘဘကြီးအယောင်ဆောင်တာမှာ မုဆိုးဖိုလို့ပြောပြီး အယောင်ဆောင်ထားတော့ မုဆိုးဖိုနဲ့ မုဆိုးမဆိုတာ အတူတူနေရင် ညားတတ်တဲ့ သဘောရှိကြလို့ ပြောတာပါ'

'ဟာကွာ…'



ထင်ပေါ်၏ စကားအဆုံးတွင် စံရှားမှာ မျက်နှာကြီးကို မဲ့ပစ်ရင်း ပြောပြန်သည်။ ထင်ပေါ်ကတော့ ရယ်နေသည်။

'မဆိုင်လိုက်တာ ထင်ပေါ်ရယ်၊ ငါဟာ တကယ့် မုဆိုးဖိုအစစ်မှ မဟုတ်ဘဲ၊ သက်သက်မဲ့ ဖြီးနေတဲ့ဟာ၊ ဘာလို့ ဒေါ်နီနီနဲ့ ရရမှာလဲ၊ မင်းပြောတာက တကယ့် မုဆိုးဖိုနဲ့ မုဆိုးမ နီးစပ်နိုင်တာပါ၊ တော်စမ်းကွာ…'

'တကယ်မဟုတ်ပေမယ့် မင်းကို ဒေါ်နီနီက သူ့စိတ်ထဲမှာ တကယ့်မုဆိုးဖိုကြီးလို့ ထင်နေတာကွ၊ ဒီတော့ သူငယ်ချင်း၊ သတိသာထားပေတော့၊ တစ်ခုလပ်တို့ မုဆိုးမတို့ဆိုတာ သူတို့နဲ့ နီးစပ်အောင်ဆွဲဆောင်တဲ့နေရာမှာ အပျိုစစ်ကလေးတွေထက်သာတယ်၊ ကပ်မိရင် ခွာရတာ မဟုတ်ဘူး၊ ဒါကြောင့် ငါက မင်းကို ကြိုတင်ပြီး သတိပေးတာပါ၊ တော်ကြာမင်း မှန်းထားတဲ့ ခင်ရွှေးဝင်းဟာ ဇနီးမဖြစ်ဘဲ သမီးအဖြစ် ရောက်နေမှာစိုးလို့ပါကွာ၊ ရှင်းပြီလား၊ ဟား… ဟား… ဟား…'

ထင်ပေါ်မှာ သူငယ်ချင်းအဖြစ်ကို သဘောကျစွာနှင့်ပြောပြီး ရယ်နေသည်။ စံရှားကတော့ မရယ်နိုင်ပေ။ ဦးနှောက်ခြောက်အေးဟန်နှင့် သူ၏ခေါင်းကိုသာ အတွင်းကုတ်နေသည်။

'အင်း… မင်းပြောလည်း ပြောစရာဖြစ်နေပြီ၊ ဒီလိုဆိုငါဟာ ဘဘကြီးအဖြစ်နဲ့ စခန်းမသွားတော့ဘဲ တစ်ခန်းရပ်လိုက်မှဆင်တယ်'

'ဟာ… အဲဒီလိုလည်း မလုပ်နဲ့လေ၊ မင်းအနေနဲ့ ခင်ရွှေးဝင်းနဲ့ အခုလို နီးနီးကပ်ကပ်နေနိုင်တာဟာ ဘဘကြီး အယောင်ဆောင်ထားလို့ မဟုတ်လား၊ ဒီတော့ ဘဘကြီးအဖြစ်နဲ့လည်း

www.burmeseclassic.com

www.burmeseclassic.com



အခုအတိုင်း ဣန္ဒြေမပျက်ဆက်လုပ်၊ အဲ… တစ်ခါ စံရှားအဖြစ်နဲ့လည်း ခင်ဌေးဝင်းကို မကြာခဏ တွေ့ပေးပေါ့ကွ၊ မင်းအနေနဲ့ အထူးသတိထားရမှာကတော့ ငါ စောစောကပြောသလို ခင်ဌေးဝင်းရဲ့ အမေကြီးကိုပဲ၊ ဒီမိန်းမကြီးရဲ့ အန္တရာယ်ကတော့ လွတ်အောင်ရှောင်ပေါ့ကွာ၊ ဟုတ်လား'

'ရှောင်ပါ့မယ်ကွာ… ငါ့အနေနဲ့လည်း ဒေါ်နီနီကို မကြာခင် တော်စပ်ရမယ့် ကိုယ့်ယောက္ခမလောင်းကြီးမို့ အမေလိုပဲ သဘောထားပါတယ်၊ ဒီတော့ မရှောင်နိုင်စရာ မရှိပါဘူး'

'ကောင်းပြီလေ၊ မင်းစိတ်သာ အခုအတိုင်းထားပေါ့၊ ကဲ… ငါလည်း စတူဒီယို သွားစရာရှိသေးတယ်၊ ဒီကနေ့ မင်းသမီးနဲ့ မင်းသားတွေကို အဘိုးကြီးနဲ့ အဘွားကြီးဘဝကို ပြောင်းပေးရဦးမယ်ကွ၊ မင်းရော ကျောင်းမတက်ဘူးလား'

ထင်ပေါ်သည် ပြောရင်း ထိုင်ရာမှ ထရပ်သည်။

'တက်မှာပေါ့ကွ၊ အချိန်နည်းနည်းစောသေးလို့ပါ၊ မင်းသာ သွားနှင့်လေ'

စံရှားက ပြောလျှင် ထင်ပေါ်သည် ခေါင်းတစ်ချက်ညိတ်ပြပြီးနောက် အဝတ်လဲကာ အဖြင့်သို့ထွက်သွားသည်။ စံရှားကတော့ ထင်ပေါ်သွားပြီး နာရီဝက်ခန့်ကြာမှ အိမ်ကိုသော့ခတ်ကာ ကျောင်းသို့ထွက်သွားသည်။ စံရှားမှာ ကျောင်းသို့ရောက်သောအခါတွင်လည်း စာတွင် စိတ်မဝင်စားနိုင်ဘဲ ခင်ဌေးဝင်းအကြောင်းကိုသာ တွေးနေမိသည်။ ထိုအထဲသူသင်ကြားနေသော အတန်းမှ မြန်မာစာပြဆရာကလည်း မြန်မာစာပေအကြောင်း သင်ကြားနေရာမှ ရုတ်တရက်ကောက်၍ ဦးပုည ရေးစပ်ခဲ့သော အောက်ဖော်ပြပါ တေးထပ်ကလေးကို ရွတ်ဆိုပြသည်။



*'မျက်ခုံးတော်ဖြစ်ချက်က၊ ရှစ်ရက်လသဖွယ်၊ ထင်မှားရ မင်းသားနှယ်ကို၊ မျှင်ဖျားသွယ် ကော့ဖြူး၊ မြမျက်နှာ မူသရေမှာ၊ ဇမ္ဗူရွှေ နှုန်းသာသင့်ဘူး၊ မျက်လုံးတော်ရတနာမှာ၊ မဂ်လာတဦး၊ သွယ်နှစ်ဆိုင် လှယ်ပြိုင်မြူးသည်သို့၊ ကြယ်စိုင်ရှူးပမာ၊ ရွှေနုတ်ရည် သာချိုသုံ့၊ ကြာညိုနုံ့ သင်းပျံ့ကြိုင်စွာ၊ ချစ်လောက်ပေ့ ပြစ်ခြောက်ကွာကို၊ စစ်ပေါက်ကာ ရှုနှိုင်းလို့၊ လူ့တိုင်း ဇမ္ဗူမြေရွာ နှိုင်မျှပေ၊ ခုံးမျက်တောင် တလှစ်ချွေရင်၊ ရှစ်ကုဋေရွှေထိုက်ကဲ့လေး'*

အတန်းပြဆရာက အထက်ဖော်ပြပါ ဦးပုည တေးထပ်ကို ရွတ်ဆိုပြပြီးနောက် စာသား၏အဓိပ္ပာယ်နှင့် အလင်္ကာမြောက်ပုံကို တစ်ပိုဒ်ပြီးတစ်ပိုဒ် ရှင်းပြနေသည်။ စံရှားကတော့ ဆရာရှင်းပြနေသည်ကို စိတ်မဝင်စားဘဲ ထိုတေးထပ်တွင်ပါသော စာသားနှင့် ခင်ဌေးဝင်း၏အလှကို နှိုင်းယှဉ်ကြည့်ရင်း ငေးငိုင်နေမိသည်။ သူ၏ ငေးငိုင်ငိုင်ဖြစ်ကာနေမှုကြောင့် သူနှင့် ခုံချင်းကပ်ထိုင်နေသော သူငယ်ချင်းဖြစ်သူ ဘမိုးက ခြေနှင့်တို့ကာ မကြာခဏ သတိပေးနေရသည်။ ကျောင်းဆင်းသွားသောအခါတွင်တော့ ဘမိုးမှာ စံရှား၏ ငေးငိုင်ငိုင်ကြီးဖြစ်နေမှုကို မေးတော့သည်။

'ဟကောင်ကြီး… နင် ဒီကနေ့ အတန်းထဲမှာ ဘာဖြစ်နေတာလဲကွ၊ ငေးတေးတေး ငိုင်တိုင်တိုင်နဲ့၊ ဘာလဲ… ရည်းစားပူမိနေလို့လားကွ၊ ဟော…'

စံရှားသည် မရွှင်သာသော မျက်နှာနှင့် ဘမိုးကိုပြန်ကြည့်ပြီးနောက် သူ၏အဖြစ်မှန်ကို ပြောသင့်မပြောသင့်စဉ်းစားနေသည်။

'ပြောပါဦးကွ… မင်းနဲ့ ငါဟာ တက္ကသိုလ်ကိုရောက်ကတည်းက အတူတူနေလာကြတဲ့ လူတွေပဲဟာ၊ ငါ့လိုကောင်မှ

www.burmeseclassic.com



မတော်င်ပင်ရင် ဘယ်အိမ်ထောင်စု ကော်မတီကို တိုင်ပင်မလဲ၊ ဟား… ဟား… ဟား…'

ဘမိုး၏ ဒုတိယမ္ပိ စကားကို ကြားရတော့မှ စံရှားမှာ ပြန်ပြောရန် ဆုံးဖြတ်ပြီးနောက် နှစ်ယောက်သား အဓိပတိလမ်းမကြီးအတိုင်း လျှောက်၍ပြန်လာရင်းမှ သူနှင့် ခင်ဌေးဝင်းတို့ အကြောင်းကို အစအဆုံး ပြောပြနေသည်။ ဘမိုးမှာ စံရှား၏စကားအဆုံးတွင် တဟားဟားနှင့် ရယ်နေမိသည်။

'ဖြစ်မှ ဖြစ်ရပလေ စံရှားရယ်၊ မိန်းမတစ်ယောက် ရဖို့အရေး နောက်ပိုးရတာကလည်း မသက်သာပါကလား၊ ပျို့ပျို့ရွှယ်ရွယ်ကလေး ဖြစ်ရက်သားနဲ့ အဘိုးကြီးယောင်ဆောင်ပြီး ပိုးရသတဲ့လား၊ ကြား ကြားဖူးပေါင်ကွာ'

'ဟ… ဒါကတော့ အဘိုးကြီးယောင်ဆောင်မှလည်း သူနဲ့ နီးစပ်ဖို့က မြင်တာကိုးကွ၊ ဒါကြောင့် ဆောင်ရတာပေါ့'

စံရှား ပြန်ပြောနေစဉ်မှာပင် (၁၆)ကားလိုင်း၏ မှတ်တိုင်သို့ ရောက်လာသဖြင့် ပြောလက်စ စကားကို ဖြတ်လိုက်သည်။

စံရှားက ဘမိုးကို ကားမှတ်တိုင်တွင်ထားပြီး သူက အင်းစိန်ဘက်မှလာသော အမှတ်(၈) ဟီးနိုးကို စောင့်စီးရန် ထွက်သွားမည်ပြုစဉ် ဘမိုးက သူ့ကို လှမ်းဆွဲထားသည်။

'ဟေ့ကောင်ကြီး… နေဦးလေကွာ၊ ငါ့အိမ်ကို လိုက်ခဲ့ပါဦး၊ မင်းဇာတ်လမ်းကြီးက ဆုံးမှမဆုံးသေးဘဲ၊ ငါလည်း တတ်နိုင်သမျှ အကြံကောင်းကလေးတွေ ပေးချင်လို့ပါ'

ဘမိုးက ပြောသဖြင့် စံရှားမှာ ထွက်မသွားတော့ဘဲ ဘမိုးနှင့်အတူ အမှတ် (၁၆) ဟီးနိုးငယ်ကလေးကို စောင့်နေသည်။



ထိုကားနှင့် ကုက္ကိုင်းထိပ်သို့ လိုက်သွားပြီးနောက် ထိုမှတစ်ဆင့် မြောက်ဥက္ကလာပဘက်မှလာသော အမှတ် (၅)ကို စောင့်စီးကြပြီး ဘမိုးနေထိုင်ရာ ဗဟန်း ရေတာရှည်လမ်းဟောင်းသို့ စံရှားမှာ လိုက်ပါခဲ့သည်။ ညနေငါးနာရီလောက်တွင်တော့ စံရှားသည် ဘမိုး၏အိမ်မှ ပြန်၍ထွက်လာသည်။ ဘမိုး၏အိမ်မှာ ရေတာရှည်လမ်းဟောင်းတွင်ဖြစ်သဖြင့် စံရှားမှာ အိမ်သို့ပြန်သောအခါတွင် ဗဟန်းဈေးဘက်မှ လှည့်ပြန်ရသည်။

ထိုဗဟန်းဈေးရှေ့ဘက်မှ လှမ်းမျှော်၍ကြည့်လိုက်လျှင် လေးဆူဓာတ်ပုံ ရွှေတိဂုံဘုရားကြီးကို အထင်းသား မြင်တွေ့နေရသည်။ စံရှားမှာ ယမန်နှစ် ပင်းယဆောင် ဘော်ဒါအဖြစ် နေထိုင်စဉ်က သူသည် ရွှေတိဂုံဘုရားသို့ တနင်္ဂနွေနေ့တိုင်း သွားရောက်ဖူးမြော်လေ့ရှိသည်။ ယခုနှစ်တွင်တော့ သူသည် သူငယ်ချင်းဖြစ်သူ ဘင်ပေါနှင့် ရန်ကုန်တွင်နေခဲ့စဉ်က တစ်ကြောင်း၊ ခင်ဌေးဝင်း ဘည်းဟူသော ယမင်းကညာကလေးကိုသာ နေ့စဉ် စွဲလမ်းခြင်းနှင့်သာ 'အချိန်ကုန်လွန်နေရသည်က တစ်ကြောင်းမို့ သူသည် ရွှေတိဂုံဘုရားကြီးဆီသို့ အဖူးအမြော် မရောက်တော့ပေ။

သို့ဖြစ်၍ သူသည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လှမ်းမျှော်၍ကြည့်မိရာ သူ၏နားထဲတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးက-

'ဟေ့… မောင်စံရှားရဲ့၊ မင်းလည်း ငါ့ဆီကို မရောက်တာ ကြာလှပါပြီကော၊ အခုရော မဝင်တော့ဘူးလားကွယ့်' ဟူ၍ ပြောနေသလိုလို စိတ်ထဲတွင် ကြားယောင်လာမိသည်။

ထိုသို့ ကြားမိသဖြင့် သူမှာ ရွှေတိဂုံ စေတီတော်မြတ်ကြီးသို့ ဖူးမြော်ဘဲ ဆက်၍လျှောက်သွားရမည်ကို မျက်နှာပူနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင်တော့ သူသည် ဘုရားဖက်တော့ အသက်ရှည်၊ တရားဖက်တော့ အမျက်ပြေပျောက်သော စကားအတိုင်း ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဖူးမြော်ရန် ဗဟန်းစောင်းတန်းဘက်မှ တက်သွားသည်။

ရွှေတိဂုံ ကုန်းပေါ်သို့ရောက်လျှင် သူသည် ဖောက်သည်တစ်ဦးဖြစ်သည့် ပန်းဆိုင်တစ်ဆိုင်တွင် ပန်းတစ်ကျပ်ဖိုး ဝယ်ပြီးနောက် သူ၏ဖိနပ်ကို ထိုဆိုင်တွင်ထားခဲ့ကာ ရွှေတိဂုံစေတီတော်မြတ်ကြီးကို လက်ျာရစ်လှည့်ကာ ထွက်သွားသည်။

အနောက်ဘက်တန်ဆောင်းသို့ ရောက်လျှင်တော့ စံရှားသည် ဝင်၍ ပန်းကပ်နေတော့သည်။ သူသည် မျက်စိကို စုံမှိတ်၍ ဘုရားကြည်ညိုနေစဉ် သူ၏နောက်ဘက်မှ မိန်းမသံများကို ကြားရသည်။ သို့ဖြစ်၍ သူသည် နောက်သို့ အသာခေါင်းငဲ့ကာ လှည့်ကြည့်မိသည်။ သူတွေ့လိုက်ရသူကား ခင်ဋ္ဌေးဝင်းနှင့် မိန်းမတစ်ယောက်ဖြစ်သည်။ စံရှားမှာ ခင်ဋ္ဌေးဝင်းကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရလျှင် အလွန့်အလွန်ပင် ဝမ်းသာ၍သွားတော့သည်။ ခင်ဋ္ဌေးဝင်းကတော့ သူ့ကို သတိမထားမိသဖြင့် မသိသေးပေ။ စံရှားအဖို့သော်စောစောပိုင်းက ဘုရားတွင် အာရုံဝင်စားခဲ့မိသလောက် ယခုတော့ မဝင်စားနိုင်တော့ပေ။ သူ့မှာ ဘုရားရှိခိုးလျက် တန်းလန်းကြီးမို့ ဆက်၍သာ ရှိခိုးနေရသော်လည်း သူ၏ခေါင်းကတော့ မကြာခဏပင် နောက်ဘက်သို့လှည့်၍သာ ကြည့်နေမိသည်။ သူ ထိုသို့ မကြာခဏ လှည့်ကြည့်မှုကြောင့် သူ၏ နောက်ဘက်တွင် ထိုင်၍ ဘုရားရှိခိုးနေသော ခင်ဋ္ဌေးဝင်းက မြင်တွေ့သွားတော့သည်။ သူ့ကို တွေ့မြင်ရသည်နှင့် ခင်ဋ္ဌေးဝင်း၏ မျက်နှာမှာ ရှုံ့မဲ့မဲ့ကြီး ဖြစ်လာ



သည်။ မည်မျှ သူ့အပေါ်တွင် မေတ္တာရှိသည်ကို ဤမြင်ကွင်းက ထင်လင်းစွာပြနေသည်။

'အင်း… ငါသာ ဘဘကြီးအဖြစ်နဲ့ ဟန်ဆောင်ထားရင် ခင်ဋ္ဌေးဝင်းဟာ အခုလို နှုတ်ခမ်းကြီးစူစူ မျက်နှာကြီးပုပ်ပုပ် ဖြစ်နေမှာမဟုတ်ဘူး၊ ဝမ်းသာအားရ ခေါ်မှာပဲ'

စံရှားသည် ခင်ဋ္ဌေးဝင်း၏ မျက်နှာကို မြင်ရသဖြင့် အထက်ပါအတိုင်း တွေးရင်း ပြုံးမိသည်။ ခင်ဋ္ဌေးဝင်းနှင့် ရွယ်တူအဖော်ပါလာသော အမျိုးသမီးမှာ စံရှားက မကြာခဏ နောက်သို့လှည့်ကြည့်နေမှုကြောင့် သူ၏ကိုယ်ကို မလုံသလိုလိုနှင့် ငုံ့ငုံ့ကြည့်နေမိသည်။ သို့ဖြစ်၍ စံရှားမှာ နောက်သို့လှည့်မကြည့်ရဲတော့ဘဲ ဘုရားကိုသာ ဆက်၍ ကြည်ညိုနေမိသည်။ ပြီးလျှင်တော့ သူသည် ခင်ဋ္ဌေးဝင်းဘက်သို့ မျက်နှာချိုသွေးကာ လှည့်ကြည့်ပြန်သည်။ ခင်ဋ္ဌေးဝင်းက မျက်နှာထားတင်းတင်းနှင့် လုပ်ကာနေသည်ကို တွေ့ရလျှင် သူသည် စပ်ဖြဲဖြဲနှင့်လုပ်ကာ လက်ထဲတွင် ကိုင်ထားသော ပန်းများကို ကပ်ရန်အတွက် စင်ပေါ်ရှိ ညောင်ရေအိုးများဘက်သို့ ထွက်လာသည့်တွင် ဘုရားကို ဆောင့်ကြောင့်ထိုင်၍ ဝတ်ပြုကာနေသော လူကြီးတစ်ဦးနှင့်တိုက်မိကာ ရှေ့သို့ ဟပ်ထိုးလဲကျသွားသည်။

'ဟဲ့… ဟဲ့… သူငယ်၊ ဗုဒ္ဓေါ… ဗုဒ္ဓေါ… လူတစ်ယောက်လုံးတောင် မမြင်ဘူးလားဟ'

လူကြီးမှာ စံရှားက အပြစ်တင်သံနှင့် ပြောသည်။ စံရှားမှာ ခင်ဋ္ဌေးဝင်း၏ ရှေ့တွင်မို့ အတော်ပင် ရှက်ကာသွားသည်။

'ကန်… ကန်တော့ပါ ခင်ဗျ၊ ကျွန်တော် မမြင်လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



စံရှားက တောင်းပန်သည်။ သို့သော် လျှာရှည်တော်မူသော လူကြီးက မကျေမနပ်နှင့် ထပ်ပြောပြန်သည်။

'မမြင်ရအောင် မောင်ရင်က မျက်စိကန်းနေလို့လား'

'ဟုတ်တယ်... ဟာ...ဟုတ်ပါဘူး၊ မျက်စိတော့ မြင်ပါတယ်လေ၊ အခုဟာက မတော်တဆမို့ တိုက်မိတာပါ၊ ခွင့်လွှတ်ပါ ခင်ဗျာ'

ခင်ဌေးဝင်းနှင့် အဖော်မိန်းမပျိုမှာတော့ စံရှားအဖြစ်ကို ကြည့်၍ ရယ်နေမိသည်။ စံရှားမှာ သူ့ကို ဝိုင်းရယ်နေကြသည်ကို သိရလျှင် ရှက်နေရာမှ ဒေါကလေးပါ ပွလာမိသည်။

ဒေါကလေးပွလာသည်ဟုဆိုလျှင် စောစောပိုင်းက ရှက်စိတ်တွေမှလည်း သူ၏ ကိုယ်ပေါ်မှ လွင့်စဉ်ကာသွားတော့သည်။ သူသည် ခင်ဌေးဝင်းတို့ အနီးသို့သွားကာ ဘုကျကျမေးသည်။

'ခင်ဗျားတို့က ဘာရယ်နေကြတာလဲဗျ'

စံရှားက မေးလျှင် ခင်ဌေးဝင်းကလည်း ဘုကျကျပင် ပြန်ပြောသည်။

'ရယ်စရာတွေ့လို့ ရယ်တာပေါ့၊ အဲဒါ ဘာဖြစ်လဲ'

'ဘာမှတော့ မဖြစ်ဘူးပေါ့၊ ဒါပေမဲ့ လူတစ်ဖက်သားကို အားနာဖို့တော့ ကောင်းပါတယ်'

'အို... မနာနိုင်ပါဘူး၊ ရယ်စရာတွေ့ရင် ရယ်ပစ်မှာပဲ'

ခင်ဌေးဝင်းသည် စံရှားကို ပြန်ပြောရင်းမှ ဆတ်ခနဲ ထရပ်ကာ ဘုရားပန်းများကိုကပ်ရန် ထွက်သွားသည်။ ခင်ဌေးဝင်းနှင့် အဖော်ပါလာသော အမျိုးသမီးကလည်း ခင်ဌေးဝင်းနောက်သို့ လိုက်သွားသည်။



စံရှားမှာ ခင်ဌေးဝင်းတို့ ဘုရားပန်းများ ညောင်ရေအိုးတွင်ထိုးပြီး သူ၏ထံသို့ ပြန်လာမည်အထင်နှင့် ဆောင့်ကြောင့်ကလေးထိုင်ကာ စောင့်နေသည်။ သို့သော် ခင်ဌေးဝင်းက သူရှိရာသို့ ပြန်မလာတော့ဘဲ တစ်ဖက်လှေကားမှ လှည့်၍ဆင်းသွားကြသည်။ စံရှားမှာ ခင်ဌေးဝင်းတို့ ထွက်သွားကြသည်ကို တွေ့ရလျှင် ထိုင်နေရာမှ ကပျာကယာထ၍ လိုက်သွားသည်။ ခင်ဌေးဝင်းတို့မှာ စံရှား နောက်မှလိုက်လာသည်ကို တွေ့ကြရလျှင် ခပ်သွက်သွက်ကလေး ရှေ့မှသွားနေကြသည်။

'ဒီမှာ မခင်ဌေးဝင်း၊ နေပါဦးဗျ...'

စံရှားက နောက်မှလှမ်းအော်ကာ ပြောသည်။ စံရှား၏ အော်ခေါ်သံကြောင့် ခင်ဌေးဝင်းတို့မှာ နောက်ဘက်သို့ သမင်လည်ပြန် ပြန်လှည့်ကြည့်ကြသေးသည်။ ပြီးတော့ သူတို့သည် ဆက်၍လျှောက်မြဲ လျှောက်သွားကြသည်။

ခင်ဌေးဝင်းတို့ ဆက်၍လျှောက်သွားကြသည်ကို တွေ့ရလျှင် စံရှားမှာ နောက်တစ်ကြိမ် အော်ခေါ်ပြန်သည်။

'ဟျို... ခင်ဌေးဝင်း၊ နေပါဦးဗျ'

စံရှားသည် အော်ခေါ်ရင်းမှ အပြေးကလေးအသွားတွင် ရင်ပြင်ပေါ်တွင် ခင်းထားသော ကျောက်ပြားမှာ ရေများစိုရွှဲနေသဖြင့် စံရှားမှာ ခြေချော်ကာ ဘိုင်းခနဲ လဲကျသွားတော့သည်။

'အောင်မယ်လေးဗျ...'

စံရှားမှာ နာကျင်စွာအော်ရင်း သူ၏တင်ပါးကို ရှုံ့မဲ့မဲ့နှင့် စမ်းသပ်နေမိသည်။ ရင်ပြင်ပေါ်ရှိ လူများမှာလည်း [illegible]ကျသွားသဖြင့် ဖင်ညှောင့်ရိုးကျိုးမတတ် နာကျင်သွားသော စံရှားကို

www.burmeseclassic.com

www.burmeseclassic.com



သနားရမည့်အစား တခစ်ခစ်နှင့်ရယ်ကာ ကြည့်သွားကြသည်။ ရှေ့မှ သွက်သွက်ကလေး သွားနေကြသော ခင်ဒွေးဝင်းတို့မှာလည်း စံရှား လဲကျသွားသည်ကို ခေတ္တမျှ လှည့်ကြည့်ပြီးနောက် တခစ်ခစ်နှင့်ရယ်ကာ ဆက်၍ထွက်သွားကြသည်။

ခင်ဒွေးဝင်းတို့ ထွက်သွားကြသည်ကို စံရှားသည် လဲကျနေရာမှ ငေးကြည့်ပြီးနောက် သူသည် တဖြည်းဖြည်းချင်း ထရပ်မိသည်။ သူ၏ဖင်ပိုင်းတွင်ရှိ လုံချည်မှာတော့ ရေတွေနှင့် အရွှဲသား ဖြစ်နေသည်။ သူသည် လုံချည်ကို လှည့်ဝတ်ပြီးနောက် ထော့နင်း ထော့နင်းနှင့် ခင်ဒွေးဝင်းတို့နောက်သို့လိုက်သွားသည်။ ခင်ဒွေးဝင်းတို့ကို မီလုလုတွင်တော့ သူ့မှာ ခင်ဒွေးဝင်း၏ အစ်ကိုဖြစ်သူ ကျားကြီးနှင့် ပက်ပင်းတိုးနေမိတော့သည်။

ကျားကြီးမှာ ခင်ဒွေးဝင်းနှင့် စကားရပ်၍ ပြောနေသည်။ ထိုသို့ ပြောနေရာမှ သူ့ဘက်သို့လည်း လက်ညှိုးထိုးကာပြနေသည်ကို တွေ့ရသည်။ ထိုမြင်ကွင်းကြောင့် စံရှားမှာ ခင်ဒွေးဝင်းတို့ဆီသို့ မသွားဝံ့တော့ဘဲ ကျားကြီးရန်မှ ကင်းဝေးရန် နောက်ဘက်သို့ ပြန်လှည့်ကာ ပြေးရတော့သည်။ ကျားကြီးကလည်း သူ့နောက်သို့ လိုက်လာသည်။ ကျားကြီးက လိုက်လာမှန်းသိရလျှင်တော့ စံရှားမှာ စောစောက ခြေချော်လဲကျထားသဖြင့် နာကျင်နေသောဝေဒနာကို သတိမထားနိုင်တော့ဘဲ သွက်သွက်ကြီး ရှေ့မှ သုတ်ခြေတင်တော့သည်။ သူသည် ကုန်းတော်ပေါ်သို့ တက်ခဲ့စဉ်က ဖိနပ်အပ်ထားခဲ့သော ပန်းဆိုင်တွင် သူ၏ဖိနပ်ကလေးကို ယူပြီးနောက် ဗဟန်းစောင်းတန်းအတိုင်း ဆင်းပြေးသွားသည်။ ကျားကြီးကလည်း သူ၏နောက်မှ လိုက်ပါလာသည်။



ဘုရားအဆင်း အုတ်လမ်းသို့အရောက်တွင် နောက်မှ လိုက်လာသော ကျားကြီးက သူ့ကို လက်ခုပ်တီး၍ ခေါ်သည်။ သူက လှည့်ကြည့်သောအခါ ကျားကြီးက ရပ်နေရန် သူ့ကိုလက်ပြသည်။ သူက မရပ်နိုင်ဘူးဟူသော အဓိပ္ပာယ်နှင့် ခေါင်းကိုခါပြပြီး ဆက်ပြေးသည်။ သူပြေးသည်ကို တွေ့ရလျှင် ကျားကြီးက နောက်တစ်ကြိမ် လက်ခုပ်တီးကာ ရပ်ခိုင်းသည်။

ဒီတစ်ကြိမ်တွင်မူ စံရှားက လှည့်၍ပင်မကြည့်ပေ။ နောက်ကလည်း လက်ခုပ်သံ တဖျောင်းဖျောင်းနှင့် တီးရင်း လိုက်လာသည်။ ထိုအသံကြောင့် စောစောက သူတို့နှစ်ဦးကို ဂရုမပြုမိကြသော လမ်းသွားလမ်းလာတို့မှာ ဂရုပြုမိလာကြသည်။

ထိုအထဲတွင် စေတနာ့ဝန်ထမ်း အကူအညီပေးရန် ဝါသနာပါသော လူတစ်ယောက်က စံရှား၏လက်ကို နောက်မှ ဖမ်းဆွဲထားရင်း ပြောသည်။

'ဟေ့လူ... ဟို နောက်က ခင်ဗျားမိတ်ဆွေက ခင်ဗျားကို လက်ခုပ်တီးခေါ်နေတယ်လေ၊ မကြားဘူးလား'

စံရှားမှာ ထိုသူ၏လက်မှ သူ့လက်ကို ရုန်းထွက်ရင်း စိတ်တိုတိုနှင့် ပြန်ပြောသည်။

'ဟာဗျာ...ဒါ ကျွန်တော့်မိတ်ဆွေမဟုတ်ဘူး၊ ကျွန်တော့်ကို ခေါ်တာလည်း မဟုတ်ဘူး'

'မဟုတ်ပါဘူး၊ ခင်ဗျားကို ခေါ်နေတာပါ၊ ဟော... တွေ့လား၊ ရပ်နေဖို့ လက်ပြနေတယ်လေ'

ထိုလူက စံရှား၏လက်ကိုလွှတ်မပေးဘဲ ဆက်ပြောနေသည်။

'ဟင့်အင်းဗျာ... မရပ်နိုင်ဘူး၊ ကျွန်တော့်ကိုသာ လွှတ်စမ်း

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ အဲဒီလူက စိတ်သိပ်နှံ့တာ မဟုတ်ဘူးဗျ၊ ရူးနေတာ'

'ဟင်… ဟုတ်လား'

စံရှား၏ စကားကြောင့် ထိုလူမှာ တကယ်ယုံကြည်သွားပြီး စံရှားလက်ကို လွှတ်ပေးသည်။ စံရှားလည်း ထိုနေရာမှ အမြန် ဆုံး သုတ်ခြေတင်ပြေးသွားတော့သည်။

'ခင်ဗျားနှယ်ဗျာ… ဖမ်းထားပါဆို၊ ဘာလို့ လွှတ်လိုက်ရတာလဲဗျာ' ကျားကြီးမှာ ထိုသူအနီးသို့ရောက်လာလျှင် အပြစ်တင်သံနှင့် ပြောသည်။ ထိုလူမှာ စံရှား၏စကားကြောင့် ကျားကြီး၏မျက်နှာကို အရူးတစ်ယောက်ကြည့်ခြင်းမျိုးနှင့်ကြည့်ကာပြောသည်။

'စိတ်ကောင်းကောင်းထားပါဗျာ၊ ခင်ဗျားခန္ဓာကိုယ်ကြီးနဲ့ ရူးတာဟာ ကြည့်မကောင်းပါဘူး'

ထိုလူက ပြောလျှင် ကျားကြီးမှာ ဒေါကန်သွားတော့သည်။

'ဘယ်သူလဲ ရူးတာ၊ ခင်ဗျားစကားပြောတာ ကောင်းကောင်းပြောပါဗျ'

'ကောင်းကောင်းပြောတာပဲ၊ နို့… မဟုတ်ဘူးလား'

'ဘယ်ကလာ ဟုတ်ရမှာလဲ၊ ကျုပ်က လူကောင်းပါ၊ အရူးလို့ ဘယ်သူကပြောသလဲ'

'ခုနင်က လူက ပြောသွားတာပဲ'

'အေး… အဲဒါ သက်သက်မဲ့ ခင်ဗျားကို တစ်ပတ်ရိုက်သွားတာ'

'နို့… ဘာလို့ ခင်ဗျားကရော လက်ခုပ်တီးပြီး လိုက်နေရတာလဲ'



'ဒါက ဒီလိုလေဗျာ၊ ဒီလူဟာ ကျွန်တော့်နှမကို ဘုရားပေါ်မှာ လိုက်ပြီးနှောင့်ယှက်နေလို့ ကျွန်တော်က သူ့ကို ဆုံးမဖို့ လိုက်ခေါ်တာ၊ ဒါကို သူက ထွက်ပြေးတယ်ဗျ'

'ဟင်… ဒီလိုဆို ဒီလူဟာ လမ်းသရဲမျိုး ဖြစ်နေရောသလား'

'လမ်းသရဲတော့မဟုတ်ပါဘူး၊ ကျောင်းသားတစ်ယောက်ပါ၊ ကဲ… ခင်ဗျားနဲ့ ကထိန်အမေးအဖြေလုပ်နေရတာနဲ့ ဟိုလူနောက်လိုက်ဖို့ ကြန့်ကြာနေပြီ၊ သွားဦးမယ်'

ကျားကြီးသည် ထိုသို့ပြောပြီး စံရှားနောက်သို့ ဆက်လိုက်သွားသည်။ ထိုအချိန်တွင် စံရှားမှာ ဆိုက်ကားတစ်စီးနှင့် ကြားတောရလမ်းအတိုင်း သွားနေသည်ကို တွေ့ရသည်။ ကျားကြီးမှာ စံရှားနောက်သို့ သုံးဘီးကားစီး၍လိုက်ရန် အနီးအနား ပတ်ဝန်းကျင်တွင် သုံးဘီးကားကို ရှာနေမိသည်။ သို့သော် မတွေ့ရသဖြင့် သူလည်း စံရှားလိုပင် ဆိုက်ကားစီး၍ လိုက်ရတော့သည်။

စံရှားမှာ နောက်သို့လှည့်ကြည့်ရာ သူ့နောက်သို့ ကျားကြီးမှာ ဆိုက်ကားစီး၍ လိုက်လာသည်ကို တွေ့ရလျှင် ဆိုက်ကားသမားကို အမြန်ဆုံး နင်းခိုင်းတော့သည်။ သူသည် ကြားတောရလမ်းမှထွက်ကာ ဘတ်(စ်)ကားဂိတ်ရှိရာ ဗဟန်း (၃)လမ်းဘက်သို့ ဆိုက်ကားကို နင်းခိုင်းသည်။

သုံးလမ်းထိပ်ရှိ ရန်ကုန်ဘက်သို့သွားသော မှတ်တိုင်သို့ ရောက်လျှင်တော့ သူသည် ဆိုက်ကားခ ပြားငါးဆယ်ကိုထုတ်ပေးပြီးနောက် အဆင်သင့်တွေ့သော အမှတ်(၅)ကားပေါ်သို့ ပြေးတက်သည်။ သူ ကားပေါ်သို့ တက်ပြီးသည့်နောက် ကားမှာထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ သူသည် နောက်မှလိုက်လာသော ကျားကြီးရှိရာသို့ လှည့်ကြည့်ရာ ကျားကြီးမှာ သူတက်လာသော မှတ်တိုင်တွင် ဆိုက်ကားပေါ်မှ ဆင်းနေသည်ကို တွေ့ရသည်။

'အင်း… ဒီအတိုင်းသာဆိုရင် ကျားကြီးဟာ ငါနေတဲ့ အိမ်အထိ လိုက်လာတော့မယ် ထင်တယ်၊ ဒီတော့ ငါဟာ အိမ် မပြန်ဘဲ လမ်းတစ်ဝက်ကတင် ဆင်းနေရ ကောင်းမလား၊ အို… ဒီလိုလည်း မဖြစ်သေးပါဘူး၊ အိမ်မြန်မြန်ပြန်ပြေးပြီး အဘိုးကြီး ယောင်ဆောင်ပြီးနေတာ ကောင်းပါတယ်'

စံရှားသည် ကားပေါ်တွင် အထက်ပါအတိုင်း တွေးပြီး နောက် အိမ်သို့သာ ပြန်လာတော့သည်။

သူနှင့် ထင်ပေါ်တို့အား အခန်းသော့ကို တစ်ယောက်လျှင် တစ်ချောင်းစီလုပ်၍ထားသည်မို့ ထင်ပေါ်မှာ စံရှားမရောက်သေးသော် လည်း အခန်းတံခါးကိုဖွင့်၍ဝင်နိုင်သည်။ ယခုလည်း ထင်ပေါ်က စံရှားအရင် အိမ်သို့ရောက်နေသည်။ စံရှားမှာ လှေကားအတိုင်း အပြေးတက်လာပြီးနောက် သူတို့၏အခန်းသို့ရောက်လျှင် တဒေါက် ဒေါက်နှင့် တံခါးကို အဆက်မပြတ် တအားခေါက်နေတော့သည်။ သူ၏ တံခါးခေါက်သံကြောင့် ထင်ပေါ်မှ အတွင်းမှ လှမ်း၍ဆူ တော့သည်။

'ဟကောင်ရ… တံခါးကို ဘာဖြစ်လို့ ဒီလောက် တရ ကြမ်း ခေါက်နေရတာလဲ့၊ မင်းနောက်ကို ကျားလိုက်လာလို့လား ကွ' ထင်ပေါ်သည် ပြောရင်းမှ အခန်းတံခါးကို ဖွင့်ပေးသည်။

'ဟုတ်တယ်ဟေ့… ကျားမှ တကယ် ကျားကြီး၊ ငါ့ နောက်ကို လိုက်လာလို့ကွ'



စံရှားသည် ပြန်ပြောပြီးနောက် အတွင်းသို့ လျင်မြန်စွာ ဝင်ကာ တံခါးကို ပိတ်လိုက်သည်။

'ဟယ်… မင်းကတော့ မဟုတ်တာ အတော်ကိုပြောတဲ့ ကောင်၊ ရန်ကုန်မြို့လယ်ခေါင်မှာ ဘယ်ကကျားက လိုက်ရမှာလဲ၊ တိရစ္ဆာန်ရုံက ကျားကြီး လွတ်သွားလို့လား'

ထင်ပေါ်က ဗျာယီးဗျာယာနိုင်လှသော စံရှား၏ အဖြစ်ကို ပြုံး၍ကြည့်ရင်း မေးသည်။

'အေး… အဲဒီ တိရစ္ဆာန်ရုံက ကျားလွတ်လာရင် ငါ ဒီလောက်လန့်မှာ မဟုတ်ဘူးကွ၊ အခုကျားက တကယ့်ကို လန့် စရာကောင်းတဲ့ ကျားမို့ဟေ့၊ သိပြီလား'

'နေစမ်းပါဦး… မင်းပြောနေတာတွေ ငါတော့ နားကို မလည်ဘူး၊ ဘယ်က ကျားလဲ၊ သေသေချာချာ ရှင်းစမ်းပါဦး'

'ဘယ်က ကျားရမှာလဲ၊ ခင်ရွှေးဝင်းရဲ့ အစ်ကို ကျားကြီး က ငါ့နောက်ကို ဒေါသတကြီးနဲ့ အုပ်ဖို့ လိုက်လာလို့ပေါ့ကွ၊ ကိုင်း… ကိုင်း… စကားတွေသိပ်ရှည်မနေစမ်းပါနဲ့၊ ငါ့ကို အဘိုး ကြီးဘဝ မြန်မြန်ပြောင်းပေးစမ်းပါ၊ ပြီးတော့ ငါပြောပြပါ့မယ်'

စံရှားသည် စကားအဆုံးတွင် ထင်ပေါ်၏လက်ကိုဆွဲကာ မိတ်ကပ်လိမ်းသော အခန်းသို့ ဆွဲခေါ်သွားသည်။

ထင်ပေါ်မှာလည်း စံရှား၏ ဆန္ဒအတိုင်း မိတ်ကပ်များကို လိမ်းပေးကာ အဘိုးကြီးဘဝကို ဖန်ဆင်းပေးရသည်။ စံရှားဘဝ မှ ဘဘကြီး တုတ်ကြီးအဖြစ်သို့ ပြောင်းပြီးသောအခါတွင် စံရှား က ရွှေတိဂုံ ကုန်းတော်ပေါ်တွင် ခင်ရွှေးဝင်းနှင့် တွေ့ဆုံပြီးရာမှ အစ အစ်ကိုဖြစ်သူ ကျားကြီးနှင့်တွေ့ကာ ပြေးခဲ့ရသည်အထိ ပြန်လည်ပြောပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်ပေါ်မှာတော့ စံရှား၏ စကားများကို တခစ်ခစ်နှင့် ရယ်ရင်း နားထောင်နေသည်။

'မင်းကလည်း တခစ်ခစ်နဲ့သာ ရယ်နေတော့တာပဲ၊ ဒါ ရယ်စရာလားကွ'

စံရှားက မကျေနပ်သံနှင့် ထင်ပေါ်ကို ပြောသည်။

'အေးလေ… ငါ့အဖို့တော့ ဒါဟာ ရယ်စရာကြီး ဖြစ်နေတာကိုးကွ၊ မင်းအဖို့သာ ထိတ်စရာ ဖြစ်နေတာ၊ မဟုတ်ဘူးလား၊ ဟား… ဟား… ဟား…'

'တော်စမ်းပါကွာ၊ မင်းဟာ တော်တော် ကိုယ်ချင်းစာတရား မရှိတဲ့ကောင်၊ မင်းလည်း တစ်နေ့သောအခါကျရင် ငါ့လို အဖြစ်မျိုး ကြုံမှာပါ၊ ဒီတော့မှ မင်းသိမယ်'

စံရှားမှာ တခစ်ခစ်နှင့် ရယ်နေသော ထင်ပေါ်ကို ဒေါပွပွနှင့် ပြောနေသည်။

'ဟား… ဟား… ဟား… ငါ့ကောင်ကလည်း ကုလားမနိုင် ရခိုင်မဲဆိုတဲ့ စကားလို ငါ့ကိုပဲ ဖိပြီးကြိမ်းနေတာကိုးကွ၊ အေးလေ… ငါကတော့ မင်းလိုအဖြစ်မျိုး မကြုံသေးလို့ မင်းအဖြစ်ကို ရယ်စရာတစ်ခုအနေနဲ့ပဲ သဘောထားနိုင်သေးတယ် စံရှား'

ထင်ပေါ် ပြောနေစဉ်မှာ သူတို့၏အခန်းကို တဒေါက်ဒေါက်နှင့် တံခါးခေါက်သံများမှာ ပေါ်ထွက်လာသည်။

'ဟော… ကျားကြီးတော့ ရောက်လာပြီထင်တယ်'

စံရှားက လေသံကလေးနှင့် ထင်ပေါ်ကို ပြောသည်။ ပြီးတော့ စံရှားကပင် ဆက်၍ပြောသည်။

'ကဲ… ထင်ပေါ်၊ တံခါးကို မင်းကသွားဖွင့်၊ ငါကတော့ အိမ်ရှေ့ခန်းမှာထွက်ပြီး ဣန္ဒြေမပျက် နေမယ်၊ ဟုတ်ပြီလား'

စံရှားကပြောလျှင် ထင်ပေါ်သည် ခေါင်းကို ညိတ်ပြသည်။ ထို့နောက်တော့ စံရှားက အိမ်ရှေ့ခန်းသို့ သွား၍ထိုင်နေပြီး ထင်ပေါ်မှာမူ အခန်းတံခါးကို သွားဖွင့်ပေးသည်။ သူတို့ထင်သည့်အတိုင်းပင် တံခါးခေါက်သူမှာ ခင်ဌေးဝင်း၏အစ်ကို ကျားကြီး ဖြစ်နေသည်။

'ဘယ်သူ့ကို တွေ့ချင်လို့လဲ ခင်ဗျာ'

ထင်ပေါ်က မသိဟန်ဆောင်၍ မေးသည်။

'ကိုစံရှားဆိုတဲ့သူ မရှိဘူးလားဗျ'

ကျားကြီးက ပြန်ပြောသည်။

'ရှိ… အဲ… မရှိဘူး ခင်ဗျ၊ ဘာကိစ္စရှိလို့လဲ ခင်ဗျာ'

'သူနဲ့ ဖြေရှင်းစရာရှိလို့ပါ၊ ရှိရင် တွေ့ပါရစေ'

'ရှိရင်တော့ တွေ့နိုင်ပါတယ်၊ အခုတော့ စံရှား မရှိဘူး ခင်ဗျ၊ အပြင်သွားရာကနေ ပြန်မလာသေးဘူး'

'ဟုတ်ရဲ့လားဗျာ၊ ဒီအိမ်ပေါ်တက်သွားတာ ကျွန်တော်ကိုယ်တိုင် မြင်လိုက်ရပါတယ်'

ကျားကြီးသည် ပြောရင်းမှ အခန်းတွင်းသို့ ဟိုဟိုသည်သည် လှမ်းမျှော်ကြည့်နေသည်။ စံရှားကတော့ အိမ်ရှေ့ခန်းမှနေ၍ သူတို့ပြောဆိုနေကြသည်ကို နားစွင့်နေသည်။

'မရှိလို့ မရှိဘူးပြောနေတာ၊ အဲ… ခင်ဗျားတွေ့ချင်ရင် ဘဘကြီးတော့ ရှိတယ်၊ တွေ့မလား'

'အင်းလေ… ကျွန်တော်ကိုယ်တိုင် မျက်စိနဲ့ သေသေချာချာ မြင်လိုက်ရဲ့သားနဲ့ ခင်ဗျားက မရှိဘူး ပြောနေတော့လည်း ရှိတဲ့ ဘဘကြီးကိုပဲ တွေ့ရတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းမှ ကျားကြီးသည် အိမ်တွင်းသို့ ဝင်လာသည်။

ထင်ပေါ်ကတော့ ကျားကြီး၏နောက်ဘက်မှ အနည်းငယ် ခွာလိုက်လာသည်။

စံရှားမှာ ကျားကြီး အခန်းတွင်းသို့ ဝင်လာသည်ကို တွေ့ရလျှင် ယခုမှ မြင်တွေ့ဟန်လုပ်ကာ လှမ်းနှုတ်ဆက်သည်။

'အလို… မောင်ကျားကြီးပါကလား၊ ဘယ်က လှည့်လာသလဲကွယ့်၊ ဟဲ… ဟဲ…'

စံရှားသည် ဟန်ပါပါနှင့် မေးရင်းမှ ကျားကြီး၏မျက်နှာကို အကဲခတ်နေသည်။ ကျားကြီးကတော့ ရုတ်တရက် ပြန်မဖြေသေးဘဲ အခန်းတစ်ခုလုံးကို မျက်စိကစားကာ ကြည့်နေသည်။ ပြီးမှ သူသည် ပြန်ဖြေသည်။

'လှည့်လာတာမဟုတ်ဘူး ဘဘကြီးရဲ့၊ ကိုစံရှားနောက်ကို လိုက်လာတာ၊ သူ အခုဘယ်မှာလဲ'

'သူက ကျောင်းက ပြန်မလာသေးဘူးကွယ့်၊ ဘာကိစ္စရှိလို့လဲ၊ ဘဘကြီးကို ပြောခဲ့လေ၊ သူလာတော့ ဘဘကြီး ပြောလိုက်ပါ့မယ်'

စံရှားက မျက်နှာချိုသွေးရင်း ပြောသည်။

'ဟာ… ဘဘကြီးကိုပြောလို့ မဖြစ်ပါဘူး၊ ကျွန်တော်က သူနဲ့မျက်နှာချင်းဆိုင်တွေ့ပြီး ဖြေရှင်းချင်တယ် ဘဘကြီးရဲ့၊ သူ တကယ်ပဲ ဒီအိမ်မှာ မရှိဘူးလား၊ ရှိရင် တွေ့ပါရစေ'

'ရှိရင်တော့ တွေ့ရပါတယ်၊ အခုတော့ သူမှမရှိဘဲ၊ စောင့်ရင်လည်း စောင့်နေပါလား'

'ဟာ… စောင့်နေရော တွေ့ရမှာမှမဟုတ်ဘဲ၊ ကျွန်တော်



ကိုယ်တိုင် မျက်စိနဲ့ ဒီအိမ်ပေါ်တက်သွားတာ သေသေချာချာ မြင်ရရဲ့သားနဲ့တောင်မှ မတွေ့ရတာ'

ကျားကြီးက စိတ်ပျက်သံနှင့် ပြောနေလျှင် စံရှားသည် ထင်ပေါ်၏မျက်နှာသို့ အသာအယာ လှမ်းကြည့်ပြီး မေးသည်။

'ဟဲ့… ထင်ပေါ်၊ မောင်စံရှားတစ်ယောက် ပြန်လာပြီလား'

'မလာသေးပါဘူး ဘဘကြီးရဲ့၊ လာရင် ရှိရမှာပေါ့၊ ဒီမှာ ကိုကျားကြီး၊ ဒီအိမ်မှာ စံရှား မရှိတာတော့ အမှန်ပဲ၊ အဲဒါကို ခင်ဗျား မယုံကြည်ရင် တစ်အိမ်လုံး ကြိုက်သလို ရှာနိုင်တယ်၊ ကဲ… ရှာပေတော့'

'အာ… ရှာမနေတော့ပါဘူး၊ ကျွန်တော် မြင်လိုက်ရတာကတော့ အမှန်ပဲဗျ'

'ခင်ဗျား မျက်စိမှားနေလို့ ဖြစ်ပါလိမ့်မယ်၊ ဒီတိုက်မှာက ကျွန်တော်တို့ချည်းနေတာမှ မဟုတ်ဘဲ၊ အပေါ်ထပ်မှာရော၊ အောက်ဘက်မှာရော အခန်းတွေကရှိတော့ အဲဒီအခန်းက လူတစ်ယောက်ယောက်ကို စံရှားလို့ ခင်ဗျား ထင်ချင် ထင်နိုင်တာပဲ'

ထင်ပေါ် မှင်သေသေနှင့် ကျားကြီး၏မျက်နှာကို ကြည့်၍ ပြောနေသည်။ စံရှားကတော့ အသာရပ်ကာ နားထောင်နေသည်။

'ဟာ… မမှားနိုင်ပါဘူးဗျာ၊ သူ့ကို ရွှေတိဂုံမှာကတည်းက စမြင်လိုက်ရတာပဲဟာ၊ ဟော… ကျွန်တော် သေသေချာချာကြီးကို သူဝတ်ထားတဲ့ အဝတ်ကို ပြောပြမယ်၊ ကိုယ်ပေါ်မှာ ရှိုးတိုက်ပုံအစင်း ဝတ်ထားတယ်၊ ခါးကလုံချည်က အပြာကွက်

www.burmeseclassic.com

www.burmeseclassic.com



ကလေးဗျ၊ ကိုင်း... ဒီထက် သေချာရဦးမလား'

ကျားကြီးကလည်း အခိုင်အမာ ပြန်ပြောနေသည်။ သို့ဖြစ်၍ ထင်ပေါ်မှာ မည်သို့ပြန်ပြောရမည်မသိ ဖြစ်နေတော့သည်။

'အင်း... မောင်ကျားကြီးက ဒီလောက်ခိုင်ခိုင်မာမာပြောနေရင် စံရှားပဲ ဖြစ်မှာပဲ၊ ဒါပေမဲ့ ဒီကောင်က ဘဘကြီးတို့ဆီကို မရောက်သေးဘူး၊ အပေါ်ထပ်က အခန်းများ သွားလည်နေသလားမှ မသိတာ'

ငြင်းမရသည့်အဆုံးတွင် စံရှားသည် စကားကို တစ်မျိုးပြင်၍ ပြောရတော့သည်။

'ဒီလိုဆို ကျွန်တော် အပေါ်ထပ်မှာ သွားရှာပေးရမလား'

ထင်ပေါ်ကလည်း စံရှား၏ စကားအတိုင်း အလိုက်အထိုက် ပြောသည်။

'ဟာ... ရှာမနေပါနဲ့တော့ဗျာ၊ သူဟာ ကျွန်တော်လိုက်လာမှန်းသိလို့ တခြား သွားပုန်းနေမှတော့ ကျွန်တော်လည်း မတွေ့တော့ပါဘူး၊ ကိုင်း... သွားမယ် ဘဘကြီး'

ကျားကြီးက မကျေနပ်သံနှင့် ပြန်ပြောသည်။

'သွားတော့မလားကွယ့်၊ ရောက်တဲ့အခါ စကားကလေးဘာလေး ပြောရအောင် ထိုင်ပါဦးလား'

'မထိုင်တော့ပါဘူး ဘဘကြီးရယ်၊ နောက်မှပဲ သက်သက်အလည်လာခဲ့ပါ့မယ်၊ အခုတော့ ကျွန်တော့်မှာ အလုပ်ကိစ္စလေးတွေရှိသေးလို့ သွားပါဦးမယ်'

ကျားကြီးသည် ထိုသို့ပြန်ပြောပြီးနောက် စံရှားကို နှုတ်ဆက်၍ အခန်းတွင်းမှ ပြန်ထွက်သွားသည်။



ကျားကြီး အခန်းတွင်းမှ ထွက်သွားလျှင် စံရှားနှင့် ထင်ပေါ်တို့မှာ ပြတင်းပေါက်ဆီသို့ အပြေးကလေးသွားကာ ချောင်းကြည့်နေကြသည်။ သူတို့နှစ်ဦး၏ မြင်ကွင်းမှ ကျားကြီး ပျောက်ကွယ်သွားသောအခါတွင်တော့ နှစ်ဦးသားမှာ ကြိတ်၍ တိုင်ပင်ထားကြသည့်အလား ဟက်ဟက်ပက်ပက်ကြီး ပြိုင်တူရယ်နေကြတော့သည်။

'ဟား... ဟား... ဟား... ကျားကြီးတစ်ယောက်တော့ ငါတို့တစ်တွေ ခပ်တည်တည်နဲ့ လိမ့်လိုက်တာ အရူးကြီးဘဝရောက်ပြီး ပြန်သွားရတာပဲနော်၊ ဟား... ဟား... ဟား...'

စံရှားသည် တဟားဟားနှင့်ရယ်ရင်း ထင်ပေါ်ဘက်သို့ လှမ်းပြောသည်။

'အေး... မင်း အခုလို ရယ်ရယ်မောမောနဲ့ နေနိုင်တာဟာ ဘဘကြီးက ကယ်လိုက်လို့ကွ၊ နို့မို့ဆိုရင် မင်းဟာ ကျားကြီး ရဲ့ လက်သီးချက်အောက်မှာ ပြားပြားဝပ်ပြီး မချိမဆံ့ ခံရမှာ၊ နောက်ကို ငမ်းရင် လာမယ့်ဘေးကို ကြည့်ရှောင်ပြီး ငမ်းကွ'

'ကြည့်တော့ ရှောင်တာပဲ၊ အခုဟာက မမျှော်လင့်ဘဲ ဘုရားမှာ တွေ့ကြရာက အခုလို ဖြစ်သွားတာပါ ထင်ပေါ်ရယ်၊ အောင်မယ်လေးလေး... တွေးမိတိုင်း ရင်တွေတုန်လိုက်ပါဘိတော့' စံရှားသည် ပြောရင်းမှ သူ၏ညာလက်နှင့် ရင်ဘတ်ကို ဖိ၍နေသည်။ ထင်ပေါ်ကတော့ သူငယ်ချင်းဖြစ်သူကို ပြုံး၍ ကြည့်နေသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်တစ်)

# ဆယ့်နှစ်မျိုးတင်ထွန်း

ထိုနေ့သည် ကျောင်းများ၊ ရုံးများနှင့် ဗိုလ်ချုပ်ဈေးကြီး ပိတ်သော တနင်္ဂနွေနေ့မို့ စံရှားမှာ ခင်ဌေးဝင်း၏ ပူဆာချက်အရ သန်လျင်ဘက်ရှိ ကျောက်တန်းမြို့မှ ကျိုက်မှော်ဝင်း ရေလယ်ဘုရားသို့ ဘုရားဖူးထွက်ခဲ့ကြသည်။

ထိုသို့ ထွက်ခဲ့ကြရာတွင် စံရှားတစ်ယောက်တည်းမဟုတ်ဘဲ အဖော်အဖြစ် ထင်ပေါ်ပါ ပါလာခဲ့သည်။ ခင်ဌေးဝင်းတို့အိမ်ကမူ ခင်ဌေးဝင်းနှင့် မိခင်ဖြစ်သူ ဒေါ်နီနီပါ ပါကြသည်။ ကျားကြီးကတော့ ဘော်လီဘောကစားရန် ရှိသဖြင့် မလိုက်ပေ။

ထိုသို့ သန်လျင်ဘက်သို့ သွားကြရာတွင် စာဖတ်သူများ သိရှိပြီးဖြစ်ကြသည့်အတိုင်း စံရှားမှာ ဘဘကြီးအယောင်ဆောင်၍ သွားရသည်။

ဒေါ်နီနီမှာ ဦးတုတ်ကြီးဘဝသို့ ပြောင်းထားသော စံရှားကို တကယ့်အဘိုးကြီး မှတ်နေသဖြင့် အစ်ကိုကြီးဟူ၍ ခေါ်သည်၊

ထင်ပေါ်မှာ ယောက္ခမလောင်းကြီးဖြစ်သူက သမက်လောင်းဖြစ်သူကို အစ်ကိုကြီးဟူ၍ခေါ်သံကို ကြားရသဖြင့် အလွန်



ပင် ရယ်ချင်နေသည်။ ထိုခေါ်သံကြားရတိုင်း ထင်ပေါ်၏မျက်နှာမှာ ပြုံးဖြီးဖြီးကြီး ဖြစ်ကာနေသဖြင့် စံရှားမှာ ခင်ဌေးဝင်းတို့ သားအမိ မမြင်အောင် မျက်စောင်းကြီးထိုး၍ တစ်မျိုး၊ တံတောင်ဆစ်နှင့်တွတ်၍တစ်ဖုံ သတိပေးနေသည်။

သူတို့လေးဦးအနက် သန်လျင်သို့ သုံး၊ လေးခေါက်မျှ ရောက်ဖူးသူမှာ ထင်ပေါ်တစ်ဦးတည်းသာ ဖြစ်သည်။ ကျန်လူများမှာတော့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးကြပေ။

သို့ဖြစ်၍ သန်လျင်သို့သွားရာတွင် ထင်ပေါ်ကို ဆရာတင်ကာ ထားကြရသည်။ သန်လျင် သင်္ဘောဆိပ်သို့ ရောက်ကြလျှင် သူတို့ ဘတ်(စ်)ကားနှင့် ကျောက်တန်းမြို့သို့ မသွားကြဘဲ အငှားဂျစ်ကားတစ်စီးကို သုံးဆယ့်ငါးကျပ် ပေး၍ငှားကာ သွားကြသည်။ ဂျစ်ကားပေါ်တွင် စံရှားနှင့် ထင်ပေါ်တို့က ကားမောင်းသူ၏ဘေးဘက်ထိုင်ခုံတွင် ထိုင်ကြပြီး ခင်ဌေးဝင်းတို့ သားအမိကတော့ နောက်ခုံတွင် ထိုင်ကြသည်။

ထိုကဲ့သို့ သူတို့တစ်တွေ ဘုရားဖူးလာချိန်တွင် သန်လျင်မြို့တွင် နာမည်ကြီး လူဆိုးဗိုလ် ဆယ့်နှစ်မျိုးတင်ထွန်း ဆိုသူမှာ မြို့ပေါ်တွင် ပြန်လည်ရောက်ရှိနေကြောင်း ကောလာဟလသတင်းများ ဖြစ်ပေါ်နေသည်။ ထိုသတင်းများ ပျံ့နှံ့နေမှုကြောင့် ထိုမြို့ပေါ်မှ စုံထောက်များနှင့် ရဲများမှာ သန်လျင်တစ်ဝိုက်တွင် အရပ်ဝတ်နှင့်တစ်ဖုံ၊ ရဲဝတ်စုံနှင့်တစ်မျိုး စောင့်ကြပ်ကာ နေကြသည်။

ဤနေရာတွင် စာဖတ်သူများအား ဆယ့်နှစ်မျိုးတင်ထွန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလိုပါသည်။ ဆယ့်နှစ်မျိုးတင်ထွန်းဟူ၍ ပေးထားရခြင်းမှာ အခြားမဟုတ်ပေ။

www.burmeseclassic.com



တင်ထွန်းသည် ဓားပြလည်းတိုက်သည်။ ငွေစက္ကူလည်း လုပ်သည်။ အတုအယောင်လည်း ဆောင်သည်။ လိမ်လည်မှု၊ ဖောက်ထွင်းမှုများလည်း လုပ်သည်။ ခါးပိုက်လည်း နှိုက်သည်။ ထိုသို့သော မကောင်းမှုမျိုးစုံကို အကုန်အစင် လုပ်ကိုင်ဖူးသဖြင့် သူ့ကို ဆယ့်နှစ်မျိုးဟူ၍ ရှေ့မှ ဘွဲ့တစ်ခုကို ချီးမြှင့်ကာ ပေးထားကြခြင်းဖြစ်သည်။ တင်ထွန်းသည် ထိုကဲ့သို့သော မကောင်းမှုဒုစရိုက်မျိုးစုံကို လုပ်ကိုင်ခဲ့ဖူးသော်လည်း သူသည် ယခုအချိန်အထိ တစ်ကြိမ်တစ်ခါမျှ ထောင်ကျခဲ့ဖူးခြင်း မရှိသေးပေ။

သူကလည်း ထောင်ထဲသို့ မဝင်ရအောင် သက်သေသက်ကာယတွေ စုံစုံလင်လင်နှင့် တရားဥပဒေကို လက်တစ်လုံးခြားလှည့်ကာ ရှောင်ကွင်းခဲ့သည်ချည်းပင်။ သို့သော် ရာဇဝတ်ဘေးပြေးမလွတ်နိုင်ဟူသော စကားကလေးအရ တင်ထွန်းမှာ လွန်ခဲ့သောလပိုင်းက ရန်ကုန်မြို့တွင် နေထိုင်သော မိုးကုတ်မြို့မှ ရတနာကုန်သည်ကြီးတစ်ဦး၏အိမ်ကို ဓားပြတိုက် အနုကြမ်းစီးမှုနှင့် ပတ်သက်၍ ရဲဘက်မှ သက်သေသက်ကာယ ခိုင်ခိုင်လုံလုံနှင့် ရရှိထားသဖြင့် တင်ထွန်းမှာ ယခင်ကလို လူတောထဲတွင် ထင်ထင်ပေါ်ပေါ်နှင့်မနေဝံ့တော့ဘဲ ဝရမ်းပြေးဘဝနှင့်နေရတော့သည်။

ယနေ့တွင်တော့ ဆယ့်နှစ်မျိုးတင်ထွန်းမှာ သန်လျင်မြို့ပေါ်တွင် ရာဇဝတ်မှုတစ်ခုခုကိုပြုလုပ်မည်ဟူ၍ ရဲဘက်မှ သတင်းရထားကြသည်။ သို့ဖြစ်၍ ရဲနှင့် စုံထောက်ဘက်မှလူများမှာ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို ဆယ့်နှစ်မျိုးတင်ထွန်း ပြုလုပ်မည့် ရာဇဝတ်ပြုမှုကြီးကိုလည်း အချိန်မီတားဆီးနိုင်ရန်နှင့် တင်ထွန်းကိုပါ တစ်ပါတည်း ဖမ်းဆီးနိုင်ရန် အထူးသတိထား၍ စောင့်ကြပ်နေကြသည်။



ဆယ့်နှစ်မျိုးတင်ထွန်းမှာ နာမည်သာ ကြီးနေသည်။ သူ၏ရုပ်ရည်ကို မြင်ဖူးသူမှာ အတော်ပင် နည်းလှသည်။ ယခုအချိန်တွင် တင်ထွန်း၏အသက်မှာ ငါးဆယ်ကျော်နေပြီ ဖြစ်သည်။

ဤတွင် ထူးထူးဆန်းဆန်း တိုက်ဆိုင်မှုတစ်ခုမှာ မမျှော်လင့်ဘဲ ပေါ်ပေါက်လာတော့သည်။ ဤသည်ကတော့ အခြားမဟုတ်ပေ။ ဆယ့်နှစ်မျိုးတင်ထွန်း၏ မူလရုပ်ရည်နှင့် ယခု စံရှားမိတ်ကပ်နှင့် ရုပ်ဖျက်ကာထားသော ဘဘကြီး ဦးတုတ်ကြီးရုပ်ရည်မှာ အမြွှာမွေးဟူ၍ ထင်မှတ်ရလောက်အောင် ချွတ်စွပ်တူနေသောကြောင့်ပင်။ ရုပ်ရည်သာမကသေး၊ အရပ်အမောင်းတို့ကလည်း စံရှားနှင့် လာရောက်၍တူနေသည်။

နောက်တစ်ချက် လာရောက်၍ တိုက်ဆိုင်နေသည်မှာ စံရှားတို့ သန်လျင်ကို ဘုရားဖူးလာရောက်သည့်နေ့တွင်မှ ဆယ့်နှစ်မျိုးတင်ထွန်းလည်း သန်လျင်ဘက်သို့ ရောက်နေခြင်းဖြစ်သည်။

ထိုအကြောင်းကို စံရှားတို့ကတော့ မသိပေ။ မသိ၍လည်း သူတို့တစ်တွေမှာ ပျော်ပျော်ပါးပါးနှင့် ပထမဆုံး သန်လျင်ကျိုက်ခေါက်ဘုရားသို့ တက်ရောက်ဖူးမြော်ကြသည်။ သူတို့ကို သန်လျင်သင်္ဘောဆိပ်မှနေ၍ မသိမသာ နောက်ယောင်ခံကာ လိုက်လာကြသော လူနှစ်ယောက်တို့သည် တစ်ယောက်မှာ စုံထောက်ဘက်မှဖြစ်ပြီး တခြားတစ်ယောက်ကတော့ ဆယ့်နှစ်မျိုးတင်ထွန်း၏ တပည့်တစ်ဦး ဖြစ်သည်။

စုံထောက်က မော်တော်ဆိုင်ကယ်တစ်စီးဖြင့် စံရှားတို့အငှားဂျစ်ကားနောက်မှ မယောင်မလည်နှင့် မောင်းလိုက်လာသည်။ လူဆိုးကတော့ စက်ဘီးကလေးနှင့်သာ အတော်ဝေးဝေးမှ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လာသည်။ စုံထောက်ဘက်မှ စံရှားကို ဆယ့်နှစ်မျိုးတင်ထွန်းဟူ၍ ထင်မှတ်နေကြသလို လူဆိုးကလည်း သူတို့၏ ဆရာကြီးဟု လွဲမှားစွာ မှတ်ယူနေကြသည်။

သန်လျင် ကျိုက်ခေါက်ဘုရား၏ ခြေရင်းဘက်ရှိ သစ်ပင်ရိပ်အောက်တွင် စံရှားတို့၏ အငှားဂျစ်ကားက ထိုးရပ်သည်။ ကားရပ်ပြီးနောက် စံရှားက ပထမဆင်း၍ သူ၏နောက်မှ ထင်ပေါက ဆင်းလိုက်လာသည်။ တတိယမြောက် ဆင်းလာသူမှာ ခင်ဌေးဝင်းဖြစ်ပြီး နောက်ဆုံးဆင်းသူကား ဒေါ်နီနီဖြစ်သည်။

သူတို့ ကားပေါ်မှ ဆင်းနေကြစဉ် မော်တော်ဆိုင်ကယ်နှင့် စုံထောက်က သူတို့၏ ဂျစ်ကားနှင့် မနီးမဝေးနေရာတွင် ဆိုင်ကယ်ကိုရပ်ကာ သူတို့ အရင်ဦးအောင် ဘုရားပေါ်သို့ ဣန္ဒြေမပျက် တက်လာသည်။

စံရှားတို့ကတော့ ထိုအကြောင်းကို မသိကြသဖြင့် အရယ်အရွှန်းတွေကို ပြောဆိုကြရင်း ဘုရားရင်ပြင်ပေါ်သို့ တက်လာကြသည်။ ဘုရားတန်ဆောင်းကြီးအတွင်းရှိ ရောက်လျှင် ဝယ်ယူလာကြသော ဘုရားပန်းများကို ကပ်ကြသည်။ သူတို့နောက် လိုက်နေသော စုံထောက်ကတော့ ခပ်လှမ်းလှမ်းမှနေ၍ သူတို့ကို ကြည့်နေသည်။ ထိုဘုရားတွင် နာရီဝက်ကျော်ခန့် လှည့်ပတ်ကြည့်ရှုကြပြီးနောက် သူတို့တစ်တွေ ပြန်ဆင်းလာကြသည်။ သူတို့ဆင်းလာကြလျှင် စုံထောက်ကလည်း နောက်မှလိုက်လာသည်။

ဆယ့်နှစ်မျိုးတင်ထွန်း၏ တပည့်တစ်ဦး ဖြစ်သူကတော့ စံရှားတို့၏ ဂျစ်ကားအနီးတွင် စက်ဘီးကို ပြင်ဆင်ပြုပြင်နေသလို လိုနှင့် ရောက်နေသည်။



'ကိုင်း… သန်လျင်ကျိုက်ခေါက်ဘုရားတော့ ဖူးလို့ပြီးပြီ။ ရေလယ်ဘုရားကို သွားကြမလား၊ ဒါမှမဟုတ် ဒီအနီးအနားမှာ ရှိကြတဲ့ ဘုရားတွေကို လှည့်ဖူးဦးမလား'

သန်လျင်ဘက်သို့ မကြာခဏရောက်ဖူးသူ ထင်ပေါက ဘုရားပေါ်မှ ပြန်အဆင်းတွင် ဒေါ်နီနီကို မေးသည်။

'ရေလယ်ဘုရားပဲ အရင်သွားကြရအောင်ကွယ်၊ ဒီဘုရားဖူးပြီးတော့ အပြန်ကျမှ ကျန်တဲ့ဘုရားတွေကို လျှောက်ဖူးကြတာပေါ့၊ အစ်ကိုကြီးရော ဒါကို သဘောတူရဲ့လား'

ဒေါ်နီနီသည် ထင်ပေါကို ပြန်ပြောရင်း စံရှားကို လှမ်းမေးသည်။

'အာ… ကောင်းသားပဲ၊ ဒီအတိုင်းပဲ သွားကြတာပေါ့'

စံရှားက ပြန်ပြောသည်။ သူတို့တစ်တွေ ပြောဆိုနေကြပုံကို နောက်ဘက်မှ လိုက်ပါလာသော စုံထောက်က သေသေချာချာ နားစွင့်ထောင်နေသည်။ ထို့နောက်တော့ သူတို့သည် ဂျစ်ကားပေါ်သို့ပြန်တက်ပြီးနောက် ကျောက်တန်းဘက်သို့ ကားကိုမောင်းနှင်းသည်။ သူတို့ကား ထွက်သွားလျှင် စုံထောက်ကလည်း သူ၏ မော်တော်ဆိုင်ကယ်ကို စက်နှိုးကာ မောင်းလိုက်သွားသည်။

တင်ထွန်း၏ တပည့်မှာမူ ခင်ဌေးဝင်းနှင့်အတူ ယှဉ်တွဲကာ ဂျစ်ကားပေါ်သို့ တက်သွားသည့် စံရှားကိုကြည့်ကာ ကျေနပ်စွာနှင့်ပြုံးရင်း တိုးတိုးကလေး ရေရွတ်သည်။

'ဆရာတို့များ တယ်စွံတာပဲ၊ စမူ အနိုပ်ကလေးနဲ့ တွဲနေလို့ တပည့်ကိုတောင် နှုတ်ဆက်မသွားနိုင်ဘူး၊ အဟိ…'

ထိုသို့ပြောပြီးနောက် သူလည်း စံရှားတို့၏နောက်သို့

www.burmeseclassic.com



ခင်ဒွေးဝင်းကာ လိုက်သွားသည်။ ထိုနေရာတွင် ချစ်စွာသောစာဖတ်သူများအနေနှင့် စောဒကဝင်ရန် တစ်ချက်ရှိပါသည်။ ဒါကတော့ တခြားမဟုတ်ပေ။ ဆယ့်နှစ်မျိုးတင်ထွန်း၏ တပည့်ကို စုံထောက်ဖြစ်သူ မသိဘူးလား။ ဒါမှမဟုတ်လည်း လူဆိုးဖြစ်သူက စံရှားတို့နောက်သို့ စုံထောက်ကလိုက်နေသည်ကို မသိဘူးလားဟူ၍ပင်။

ထိုအမေးကိုဖြေရလျှင် မသိဟုသာဖြေရမည်။ အကြောင်းမှာ စုံထောက်ဖြစ်သူသည် တင်ထွန်း၏တပည့်ကို တစ်ကြိမ်တစ်ခါမျှ မမြင်ဖူး၍ မသိသလို တင်ထွန်း၏ တပည့်ကလည်း မော်တော်ဆိုင်ကယ်နှင့် စုံထောက်ကို ဘုရားဖူးလာသူတစ်ယောက်ဟုသာ ထင်မှတ်နေသောကြောင့်ပင်။ ကျောက်တန်းမြို့သို့ ရောက်ကြလျှင်တော့ စံရှားတို့သည် ကျိုက်မှော်ဝန်း ရေလယ်ဘုရားသို့ မကူးမီ နံနက်စာကိုစားကြရန် ထမင်းဆိုင်ရှိရာသို့ လာကြသည်။

'ကိုင်း… ထင်ပေါ် မနက်စာစားကြဖို့ ဆိုင်ကောင်းကောင်းကို ပို့စမ်းကွာ'

စံရှားက ထင်ပေါ်ကို ပြောသည်။

'ဟာ… စိတ်ချ ဘဘကြီး၊ ဒီကို ကျွန်တော်လာတိုင်း စားနေကျ ထမင်းဆိုင်ကို ပို့ပေးမယ်၊ အဲဒီဆိုင်က အကောင်းဆုံးပဲ'

ထင်ပေါ်သည် ခင်ဒွေးဝင်းတို့ သားအမိရှေ့တွင်မို့ စံရှားကို ဘဘကြီးအဖြစ်နှင့် ဆက်ဆံကာ ပြန်ပြောသည်။ ကျောက်တန်းမြို့ရှိ ကျိုက်မှော်ဝန်းရေလယ်ဘုရား၏ ကူးတို့ဆိပ်အနီးတွင် ဖွင့်လှစ်ထားကြသော ထမင်းဆိုင်များမှာ အခြားသော ထမင်းဆိုင်များနှင့် မတူပေ။ အကြောင်းမှာ ထိုထမင်း ဆိုင်များသည် ဆိုင်၏အသွင်သဏ္ဍာန်မပေါ်ကြဘဲ လူနေအိမ်ကို ဆိုင်အဖြစ်နှင့်သာ ဖွင့်လှစ်ထားကြသည်။



သို့ဖြစ်၍ အကြောင်းမသိသူများအဖို့ ထိုဆိုင်ကို ထမင်းဆိုင်ဟူ၍ ထင်မှတ်ကြမည်မဟုတ်ဘဲ အိမ်အတွင်းတွင် ခင်းကျင်းထားသော စားပွဲဝိုင်းများကိုကြည့်၍ အလှူအတန်းပြုလုပ်သောအိမ်ဟုသာ ထင်မှတ်ကြမည်ကား မလွဲပေ။ ယခုလည်း စံရှားမှာ တစ်ကြိမ်တစ်ခါမျှ ရောက်ဖူးခြင်း မရှိသဖြင့် ထင်ပေါ် ညွှန်ပြသည့်ဆိုင်ကို ထမင်းဆိုင်ဟု မထင်သောကြောင့်…

'ဟ… ထင်ပေါ်ရ၊ မင်းဟာက ဟုတ်မှလည်း လုပ်စမ်းပါဦး၊ ဒါဟာ ထမင်းဆိုင်မှထင်ပါဘူး၊ ဘုန်းကြီးတွေ ဆွမ်းကျွေးနေတဲ့အိမ်နဲ့ တူပါတယ်'ဟူ၍ ပြောသည်။

စံရှား၏ စကားကြောင့် ထင်ပေါ်မှာ တခစ်ခစ်နှင့် ရယ်ရင်း ပြန်ပြောသည်။

'မဟုတ်ပါဘူး ဘဘကြီးရဲ့၊ ဒါဟာ ထမင်းဆိုင်ပါ၊ ဒီနေရာက ဆိုင်တွေဟာ ဒီအတိုင်းပဲ၊ အိမ်ကို ဆိုင်လုပ်ပြီး ရောင်းကြတယ်'

ထင်ပေါ်က ပြန်ပြောတော့မှ စံရှားမှာ စိတ်ချသွားဟန်နှင့် ဆိုင်တွင်းသို့ ဝင်သွားသည်။ သူ၏နောက်ဘက်မှ ခင်ဒွေးဝင်းတို့ သားအမိက လိုက်သွားသည်။ သူတို့လေးဦး စားပွဲဝိုင်းတွင် ထိုင်မိကြသောအခါ စံရှားက ရယ်ရင်း ပြောသည်။

'အဟိ… ထင်ပေါ် ခေါ်လာတဲ့ဆိုင်မှာ စားရတာ ဆွမ်းကျွေးနေတဲ့အိမ်မှာ ထမင်းစားရတဲ့အတိုင်းပါပဲဟ၊ မဟုတ်ဘူးလား တူမကြီး၊ ဟိုး… ဟိုး… ဟိုး…'

စံရှား၏စကားကြောင့် ခင်ဒွေးဝင်းနှင့် ဒေါ်နီနီမှုလည်း တခစ်ခစ်နှင့် ရယ်နေမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါရဲ့နော်၊ ဒီအရပ်က ဆိုင်တွေကလည်း တစ်မျိုးပဲ၊ အဝင်းတို့ချည်းသာဆိုရင် ဒီဆိုင်ကို အိမ်မှတ်ပြီး ဝင်စားကြမှာ မဟုတ်ဘူး'

ခင်ဌေးဝင်းကလည်း စံရှား၏စကားကို ဝင်ရောက်၍ ထောက်ခံသည်။ ခင်ဌေးဝင်းမှာ ဦးတုတ်ကြီးအဖြစ်နှင့် အယောင်ဆောင်ထားသော စံရှားနှင့် ယခုအခါတွင် အလွန်ရင်းနှီးနေသဖြင့် ကျွန်မဟူသော စကားအစား 'အဝင်း' ဟူ၍ ရင်းရင်းနှီးနှီးကြီး သုံးနေသည်။ ခင်ဌေးဝင်းစကားအဆုံးတွင် ထင်ပေါ်က ဝင်ရောက်ပြောသည်။

'ဒါက ဒီလိုရှိတယ်ဗျ၊ ဒီနေရာက မြင်ကြတဲ့အတိုင်းပဲ၊ ဖုတ်က အင်မတန်ထူတော့ ရန်ကုန်ကဆိုင်တွေလို လူမြင်ကွင်းမှာ ဟင်းတွေ ရှိုးပြမထားနိုင်ဘူး၊ ဒီလိုထားရင်လည်း ဖုတ်တွေဝင်ပြီး စားတဲ့လူတွေအတွက် ကျန်းမာရေးကို ထိခိုက်နိုင်တယ်၊ ဒါကြောင့် သီးခြားဆိုင် လုပ်မထားကြတော့ဘဲ အခုလိုအိမ်ကို ဆိုင်လုပ်ထားကြတာ၊ ဟင်းတွေကိုလည်း ဖုတ်တွေမလာနိုင်တဲ့ နောက်ဖေးခန်းမှာထားပြီး ဆိုင်ကလူတွေက ရှိတဲ့ဟင်းတွေကို ပါးစပ်နဲ့ပဲ ပြောပြကြတယ်၊ ကိုယ်ကြိုက်တဲ့ဟင်းတွေကို မှာစားကြပေါ့ဗျာ'

ထင်ပေါ်က ရှင်းပြတော့မှ စံရှားနှင့် ခင်ဌေးဝင်းတို့မှာ သဘောပေါက်ကြပြီး ဦးခေါင်းတွေတညိတ်ညိတ်လုပ်နေကြသည်။

'ဖုတ်ဆိုလို့ ပြောရဦးမယ်၊ အဝင်းလည်း ဒီကိုလာတာ ဖုတ်ထူမှန်းမသိလို့ တက်ထရွန်အဖြူ ဝတ်လာခဲ့တာ၊ အခုဆိုကြည့်ပါဦး၊ အဖြူရောင်ကနေ နီညိုရောင်ဖြစ်နေပြီ၊ ခစ်... ခစ်...ခစ်'

ခင်ဌေးဝင်းသည် ပြောနေရင်းမှ သူ၏ကိုယ်ပေါ်မှ အင်္ကျီ



ကိုပြ၍ ရယ်နေသည်။ စံရှားတို့မှာ ရော၍ရယ်နေမိကြသည်။

ထို့နောက်တော့ သူတို့သည် ထမင်းအဆင်သင့် ရောက်နေပြီဖြစ်သော ထမင်းနှင့် ဟင်းတို့ကို နှိုက်ယူစားသောက်နေကြသည်။ သူတို့ ထမင်းစားနေကြစဉ် မော်တော်ဆိုင်ကယ်နှင့် စုံထောက်မှာလည်း သူတို့နှင့် မနီးမဝေးနေရာတွင် ရောက်လာသည်။ ထင်ပေါ်မှာ ထိုအခါတွင်တော့ ထိုစုံထောက်ကို ဂရုပြုမိဟန်နှင့် စံရှား၏လက်ကို အသာတို့ရင်း လေသံနှင့်ပြောသည်။

'ဟိုမှာတွေ့လား ဘဘကြီးရဲ့'

'ဘာလဲကွ... ဘာကိုတွေ့တာလဲ'

'ဟိုလူလေ... ကျွန်တော်တို့ ကျိုက်ခေါက်ဘုရားမှာတုန်းက တွေ့ခဲ့ကြတဲ့ မော်တော်ဆိုင်ကယ်နဲ့ လူလေ၊ အခုလည်း ဒီနေရာမှာ လာဆုံနေပြန်ပြီ၊ ဒါကိုပြောတာပါ'

ထင်ပေါ်၏ စကားအဆုံးတွင် စံရှားသာမက ထမင်းစားနေကြသော ခင်ဌေးဝင်းတို့ သားအမိကပါ စုံထောက်ဘက်သို့ မသိမသာ လှမ်း၍ကြည့်ကြသည်။ စုံထောက်ကတော့ သူတို့ဘက်သို့ လှည့်မကြည့်ဘဲ ဟင်းလျာများကို မှာကြားနေသည်။

'အေးကွ... ဒီလူနဲ့တော့ တို့တစ်တွေဟာ ရေစက်တော်တော်ဆုံနေတယ်။ ဟိုး... ဟိုး... ဟိုး...'

စံရှားက ပြောပြီးရယ်နေသည်။ ထိုဆိုင်တွင် စားသောက်၍ ပြီးစီးသွားကြသောအခါတွင်တော့ သူတို့တစ်တွေသည် ရေလယ် ဘုရားသို့ ကူးတို့သမ္ဗာန်နှင့် ကူးကြသည်။

သူတို့နောက်သို့လိုက်နေသော စုံထောက်ကတော့ ရေလယ်ဘုရားသို့ မလိုက်ဘဲ ကူးတို့ဆိပ်မှာပင် ချန်နေခဲ့သည်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



င်းသော သမ္ဗာန်ပေါ်တွင် ပေါက်ပေါက်ဆုပ်များ ရောင်းသဖြင့် စံရှားက ငါးများကိုကျွေးရန် နှစ်ကျပ်ဖိုးဝယ်သည်။

'ဒါထက် ဘဘကြီးကို မေးရဦးမယ်၊ ဒီ ရေလယ်ဘုရား က ဘယ်သူတည်ခဲ့တာလဲဟင်' ခင်ဌေးဝင်းက မေးသည်။

'အဲဒါ ဘဘကြီးတော့ မသိဘူး၊ ဟောဒီ ထင်ပေါ်က တော့ သိချင်သိလိမ့်မယ်၊ ကဲဟေ့... ထင်ပေါ်၊ တူမကြီးမေးနေ တာကို သိရင် ဖြေစမ်းကွာ'

စံရှားက ထင်ပေါ်ဘက်သို့ လှည့်ကာပြောသည်။

'ဟုတ်ကဲ့...ကျွန်တော်သိပါတယ်၊ ဒီလိုဗျ... သာသနာ တော် သက္ကရာဇ် ရှစ်ဆယ့်လေးခုနှစ်မှာ အိန္ဒိယပြည် မဟာဗောဓိ က အရှင်ဝိစိတြညာဏနဲ့ မဟာရေဝတမထေရ် ခေါင်းဆောင်ကြ တဲ့ ရဟန္တာအရှင် ခုနစ်ပါးတို့ဟာ သွားတော်ဓာတ်တော် ခုနစ်ဆူ၊ ဆံတော်ဓာတ် လေးဆူ၊ မွေကရိဏ်တော် တစ်ဆူတို့ကို သင်္ဘောသုံး စင်းနဲ့ ပါဒပြည်ကို ဆောင်ယူလာပြီး ပါဒပြည်ကဘုရင် ဇယသေန မင်းဆီ နှင်းအပ်သတဲ့၊ ယခု ကျောက်တန်းလို့ ခေါ်နေကြတဲ့မြို့ဟာ အဲဒီအချိန်တုန်းက ဥမ်းမြို့လို့ ခေါ်ကြတယ်'

ထင်ပေါ်က ရာဇဝင်ခင်း၍နေရာ ကျန်လူများက စိတ်ဝင် စားစွာ နားထောင်နေကြသည်။ သူတို့သာ မကသေး၊ သမ္ဗာန်ပေါ် တွင် လိုက်ပါလာကြသော အခြားမိန်းမခရီးသည်နှစ်ဦးနှင့် သမ္ဗာန် ခတ်သူပါ နားထောင်နေကြသည်။

ထင်ပေါ်သည် သူပြောဆိုနေသည်ကို စိတ်ဝင်စားစွာနှင့် အားလုံးက နားထောင်နေကြမှန်းသိလျှင် အတော်ပင် ကျေနပ်သွား ပြီး စကားကိုပြန်ဆက်သည်။



'ပါဒဘုရင်ကလည်း သူတို့ဆီ ဓာတ်တော်မွေတော်များ ဆောင်နှင်းလာတဲ့အကြောင်းကို သိရတဲ့အခါ ဒီဥမ်းမြို့ဆိပ်ကမ်း မှာ စစ်အင်္ဂါလေးပါး ခင်းကျင်းပြီး ကြိုဆိုတော်မူသတဲ့။ ပြီးတော့ ရေအလယ်တည့်တည့်မှာ အလိုအလျောက် ဖြစ်ထွန်းနေတဲ့ ဂဝံ ကျောက်ကျွန်းပေါ်မှာ ဉာဏ်တော်ခုနစ်တောင်ရှိတဲ့ စေတီတော် တစ်ဆူကို တည်ထားပြီး သွားတော်၊ ဆံတော်နဲ့ မွေကရိဏ်တော်တို့ ကို ဌာပနာထားသတဲ့။ ဘုရားရဲ့ ဘွဲ့တော်ကိုလည်း ကျိုက်မှော်ဝန်း လို့ ကမ္ပည်းထိုးတော်မူတယ်။ တချို့ကလည်း ကျိုက်မျှော်ကလော့ လို့ ဆိုကြတယ်။ အမှန်တော့ ကျိုက်မှော်ဝန်းဆိုတာက မှန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတုန်းက ဒီမြစ်ထဲမှာ မှော်ဝန်းပင်၊ တန်စွန်းပင်၊ ထော်ပည်ပင်တွေ ပေါက်နေလို့ ကျိုက်မှော်ဝန်းလို့ ခေါ်တာပါ၊ ကျွန်တော်သိသလောက်တော့ ဒါပဲဗျ'

ထင်ပေါ်မှာ ကျိုက်မှော်ဝန်း ရေလယ်ဘုရား၏ရာဇဝင်ကို ခင်းလိုက်ရသဖြင့် မောသွားဟန်နှင့် လမ်းမှ ဝယ်ယူလာသော ဇွမ်းယာတစ်ယာကို ပါးစပ်တွင်းသို့ထည့်ကာဝါးနေသည်။ ထိုစဉ် မှာပင် သူတို့စီးလာကြသော သမ္ဗာန်မှာ ရေလယ်ဘုရားသို့ ရောက် လာသဖြင့် သူတို့အားလုံး ကူးတို့သမ္ဗာန်ပေါ်မှ ဆင်းကြသည်။ ဘုရား၏ပတ်ဝန်းကျင်တွင် အမျိုးသမီးကလေးများ ဓာတ်ပုံရိုက်နေ ကြသဖြင့် ခင်ဌေးဝင်းက စံရှားကို အားကျသံနှင့်လှမ်းပြောသည်။

'ဘဘကြီး အဝင်းတို့လည်း ဓာတ်ပုံရိုက်ကြရအောင်နော်၊ ဟုတ်လား'

'ဟာ... ရိုက်ရမှာပေါ့၊ ဒါမှ အမှတ်တရအဖြစ် သိမ်း ထားလို့ရမှာ တူမကြီးရဲ့'

www.burmeseclassic.com

www.burmeseclassic.com



စံရှားကလည်း ဝမ်းသာအားရ ပြန်ပြောသည်။

ထို့နောက်တော့ သူတို့သည် ဘုရားရင်ပြင်ပေါ်တွင် ဖွင့်လှစ်ထားသော ခတ်ပုံဆိုင်သို့သွားကာ သူတို့လေးဦးသည် ခတ်ပုံလေးပုံခန့်ရိုက်ကြသည်။ ခတ်ပုံရိုက်အပြီးတွင် ဘုရားကိုကန်တော့ကြသည်။ ထင်ပေါ်မှာ ခင်ဌေးဝင်းနှင့် စံရှားကို လွှတ်လွှတ်လပ်လပ်ထားသွားလိုသဖြင့် ဒေါ်နီနီဘက်သို့ ဉာဏ်ဆင်ကာပြောသည်။

'ဒီမှာ ဒေါ်ဒေါ်၊ ဗေဒင်များ ဝါသနာပါရင် ဟောဒီဘုရားမှာ အဘိုးကြီးတစ်ယောက်ရှိတယ်၊ သူဟောရင် သိပ်မှန်တယ်ဆိုပဲ'

ထင်ပေါ်၏စကားကြောင့်ပင် ဗေဒင်နှင့် နတ်ကို ဝါသနာပါလှသော ဒေါ်နီနီမှာ ချက်ချင်းပင်ခေါင်းညိတ်ပြရင်းပြန်ပြောသည်။

'အေး··· ဒီလိုဆို အဒေါ် မေးချင်တယ်၊ ငါ့တူ လိုက်ပြစမ်းပါ'

ဒေါ်နီနီ၏ စကားအဆုံးတွင် ထင်ပေါ်သည် စံရှားတို့ကိုထားခဲ့ပြီး ဗေဒင်မေးရန်အတွက် ဒေါ်နီနီကို ခေါ်သွားတော့သည်။ စံရှားကလည်း ခင်ဌေးဝင်းကို ငါးများ အစာကျွေးသည့် နေရာသို့ ခေါ်သွားသည်။

'ဘဘကြီး စောစောက ဝယ်လာတဲ့ ပေါက်ပေါက်ဆုပ်တွေကို ငါးကြီးတွေ ကျွေးကြရအောင်လား'

ခင်ဌေးဝင်းက ပြောလျှင် စံရှားမှာ အလွယ်တကူပင်သဘောတူဟန်နှင့်ခေါင်းညိတ်ပြပြီး ရေစပ်ဆီသို့ဆင်းလာကြသည်၊ ရေစပ်တွင်တော့ ငါးများကို ပေါက်ပေါက်ဆုပ်ကျွေးနေကြသူများမှာ ဆယ်ဦးခန့်ရှိသည်။ စံရှားနှင့် ခင်ဌေးဝင်းတို့မှာ လွယ်အိတ်ထဲတွင်ထည့်ထားသော ပေါက်ပေါက်ဆုပ်လုံးများကို နှိုက်ကာ ရေထဲ



တွင် တဝုန်းဝုန်းနှင့် မြူးထူးစွာ ကူးခတ်နေကြသော ငါးတန်ကြီးများကို ပေါက်ပေါက်ဆုပ်တွေဖဲ့၍ တပျော်တပါးကျွေးနေကြသည်။

သူများထက် တစ်ထွာလောက် ကဲပြရမှ ကျေနပ်သောစံရှားမှာ ငါးကြီးများကို ရေစပ်တွင် ကျွေးနေရသည်ကို အားမရဘဲ သူသည် ရေထဲသို့ ခြေမျက်စိခန့်နစ်အောင် ဆင်းကာ ပေါက်ပေါက်ဆုပ်ကို ပစ်ပေါက်ကာကျွေးရင်း တဟားဟားနှင့် လုပ်နေသည်။

ငါးတန်ကြီးတွေကလည်း ငါးတန်ကြီးတွေကလည်း ရေထဲသို့ ငုပ်လိုက်၊ ရေပေါ်သို့ ဝုန်းခနဲ ခေါင်းကိုဖော်ကာ ပေါက်ပေါက်ဆုပ်ကို ဟပ်လိုက်နှင့် လုပ်ကာနေမှုကြောင့် ခေါင်းကိုငုံ့ကာ ပေါက်ပေါက်ဆုပ် ကျွေးနေသော စံရှား၏မျက်နှာတစ်ဝိုက်၏ မြစ်တွင်းမှရေများမှာ အနည်းငယ် စင်ကုန်တော့သည်။ ရေတွေစင်လာသဖြင့် သူ၏ နှုတ်ခမ်းမွေးတစ်ဖက်မှာ အသားတွင် ကပ်မနေတော့ဘဲ လေကလည်း တဟူးဟူးနှင့်တိုက်ခတ်ကာနေမှုကြောင့် ဖတ်ခနဲရေထဲသို့ ပြုတ်ကျသွားတော့သည်။

စံရှားမှာ သူ၏ နှုတ်ခမ်းမွေးတစ်ဖက် ပြုတ်ကျသွားသည်ကို သိရလျှင် ဟိုက်ခနဲ နှုတ်မှအော်မိရင်း ပြုတ်ကျသွားသောနှုတ်ခမ်းမွေးကို အထိတ်တလန့်နှင့် ရေထဲသို့ လိုက်ဆယ်သည်။ သို့သော် သူအစာကျွေးနေသော ငါးတန်ကြီးတစ်ကောင်မှာ သူ၏နှုတ်ခမ်းမွေးတစ်ဖက်ကို အစာမှတ်၍လော မသိ။ သူ မဆယ်မိခင်သော၏ လျင်မြန်ခြင်းနှင့် ထိုငါးတန်ကြီးက ပါးစပ်နှင့်ဟပ်ကာရေအောက်သို့ ငုပ်ကာ ပြေးသွားတော့သည်။

'အဲဗျ··· အခုမှ ဒုက္ခကိုဖြစ်ပြီ'

စံရှားသည် စိတ်နှလုံးထိခိုက်စွာနှင့် ညည်းရင်း ခင်ဌေးဝင်းဘက်သို့ အထိတ်တလန့်နှင့် လှည့်ကြည့်မိသည်။ ခင်ဌေးဝင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ သူ့ဘက်သို့ ကျော့ပေးနေသည်က တစ်ကြောင်း၊ ငါးများကို ပျော်ရွှင်စွာ အစာကျွေးနေသည်က တစ်ကြောင်းမို့ သူ၏ နှုတ်ခမ်းမွေးတစ်ဖက် ပြုတ်သွားသည်ကို မသိလိုက်ပေ။

စံရှားမှာ ပြုတ်ကျသွားသော နှုတ်ခမ်းမွေးနေရာကို လက်တစ်ဖက်နှင့် စမ်းကြည့်ပြီးနောက် သူသည် ခင်ဌေးဝင်း မမြင်စေရန် လက်ကိုင်ပဝါတစ်ထည်ကို အပေါ်အင်္ကျီတွင်းမှ ထုတ်ယူပြီး ပါးစပ်ကို ပိတ်ထားသည်။ ထိုသို့ ပိတ်ထားရင်းမှ ခင်ဌေးဝင်းက မေးလျှင် အဆင်ပြေပြေဖြေနိုင်ရန် စကားကို ရှာကြံစဉ်းစားနေသည်။ သူ၏ပါးစပ်သို့ လက်ကိုင်ပဝါနှင့် ပိတ်အပြီးတွင်တော့ ခင်ဌေးဝင်းသည် ငါးများကိုကျွေးရန် ပေါက်ပေါက်ဆုပ်များ ကုန်သွားပြီမို့ သူ့ဘက်သို့လှည့်ကြည့်သည်။

'ဘဘကြီးရေ... အဝင်းဆီမှာရှိတဲ့ ပေါက်ပေါက်ဆုပ်တွေတော့ ကုန်သွားပြီ။ ပျော်စရာကောင်းတယ်နော်'

ခင်ဌေးဝင်းက ရယ်ရယ်မောမောနှင့် ပြောသည်။ စံရှားကတော့ ပါးစပ်ကို လက်ကိုင်ပဝါနှင့် ပိတ်ထားရင်းမှ ခေါင်းပြန်ညိတ်ပြသည်။

'ဟင်... ဘဘကြီး ပါးစပ် ဘာဖြစ်လို့ ပိတ်ထားရတာလဲ၊ ပြောပါဦး'

ခင်ဌေးဝင်းမှာ စံရှား၏ ပါးစပ်တွင် လက်ကိုင်ပဝါနှင့် ပိတ်ထားသည်ကို တွေ့မြင်သွားသဖြင့် တအံ့တသြမေးတော့သည်။

'နှုတ်ခမ်းမွေး ပြုတ်သွားလို့'

'ရှင်...'

စံရှားမှာ ယောင်၍ စကားမှားပြောမိသည်။ ပြီးမှ ကမန်းကတန်း စကားကို ပြန်ပြင်ပြောရတော့သည်။



'သွော်... သွော်နံ့ နံ့သလားလို့ တူမကြီးရဲ့'

စံရှားက ဖြေမိဖြေရာ ပြန်ဖြေသည်။ စံရှား၏စကားကြောင့် ခင်ဌေးဝင်းမှာ လေထဲတွင် သွော်နံ့ကို ရှူရှိုက်ကြည့်သည်။

'ဟာ... ဘဘကြီးကတော့ မဟုတ်တာပြောပြီ၊ ဘာအသွော်နံ့မှ မရပါလား'

'ရပါတယ်လေ၊ တူမကြီးနှာခေါင်းက နှာပိတ်နေလို့ ဖြစ်ပါလိမ့်မယ်၊ အောင်မယ်... ပြောရင်း ပိုတောင်နံ့လာပြီ၊ သွားကြစို့လား'

စံရှားသည် ပြောရင်း ခင်ဌေးဝင်းအနီးမှ ထွက်ဟန်ပြင်သည်။

'မဟုတ်တာ ဘဘကြီးရယ်၊ အဝင်းရဲ့ နှာခေါင်းက မပိတ်ပါဘူး၊ ကောင်းပါတယ်၊ အသွော်ကိုမရလို့ မရဘူးပြောတာပါ၊ သွော်ရော ဘာဖြစ်လဲ၊ ဘဘကြီးမှာ ဘာရောဂါရှိလို့ ကြောက်ရတာလဲ၊ ကဲပါ... ဒီလက်ကိုင်ပဝါကြီးကို ပါးစပ်က ဖယ်ပစ်လိုက်စမ်းပါ၊ ကြည့်လို့မကောင်းပါဘူး'

ခင်ဌေးဝင်းသည် ပြောရင်းမှ စံရှား၏ပါးစပ်မှ လက်ကိုင်ပဝါကို ဖယ်ရန်ပြင်သည်။

စံရှားက အဖယ်မခံဘဲ ခင်ဌေးဝင်း၏လက်ကို အားနေသော ဘယ်ဘက်လက်နှင့် အတိတ်တလန့်လှမ်းတားရင်း ပြောသည်။

'မ... မ... မလုပ်ပါနဲ့ တူမကြီးရယ်၊ ဘဘကြီးက အသွော်ဆိုရင် ဘာအသွော်မှ မခံဝံ့ဘူး'

စံရှား ပြန်ပြောနေစဉ်မှာပင် ဒေါ်နီနီနှင့် ထင်ပေါ်တို့မှာ သူတို့ရှိရာသို့ ရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော… အစ်ကိုကြီးနဲ့ သမီးက ဒီမှာကိုး၊ ကျွန်မတို့က ခရပ်ပေါ်မှာမှတ်လို့ လိုက်ရှာနေကြတယ်၊ ဘာလဲ… ငါးတွေကို ပေါက်ပေါက်ဆုပ် ကျွေးနေကြသလား'

ဒေါ်နီနီသည် သူတို့ကို တပြုံးပြုံးနှင့်မေးရင်း အနီးသို့ ရောက်လာသည်။ ထင်ပေါ်ကတော့ လက်ကိုင်ပဝါနှင့် ပါးစပ်ကို ပိတ်ကာနေသော စံရှားကိုအကဲခတ်သည့်အသွင်နှင့်ကြည့်နေသည်။

'ဟုတ်တယ် မေမေ၊ သမီးတို့ ငါတွေးကို ပေါက်ပေါက်ဆုပ်ကျွေးနေကြတယ်၊ မေမေ့ဆီမှာ ပေါက်ပေါက်ဆုပ် ရှိသေးသလား'

'အေး… ရှိတယ်၊ လာ… ကျွေးကြရအောင်၊ အစ်ကိုကြီးရော မကျွေးတော့ဘူးလား'

ဒေါ်နီနီသည် သူ၏ပခုံးတွင် လွယ်ထားသော လွယ်အိတ်တွင်းမှ ပေါက်ပေါက်ဆုပ်များကိုထုတ်ရင်း စံရှားဘက်သို့ လှမ်းပေးသည်။

'ဟင့်အင်း… မကျွေးတော့ဘူး၊ မနီတို့ သားအမိပဲ ကျွေးကြတော့၊ ကျုပ် အပေါ်ခဏသွားလိုက်ဦးမယ်'

စံရှားသည် ထိုသို့ပြောပြီးနောက် သူတို့၏အပြောကိုပင် စောင့်မနေတော့ဘဲ ထင်ပေါ်ကို မျက်ရိပ်ပြကာ ခေါ်သွားသည်။

ထင်ပေါ်ကလည်း အလိုက်သိသိနှင့် စံရှားနောက်သို့ တက်လိုက်သွားသည်။ သူတို့သည် ဘုရားရင်ပြင်ပေါ်ရှိ အိမ်သာအနီးသို့ ရောက်အောင်သွားကြသည်။ ထိုနေရာသို့ ရောက်လျှင်တော့ ထင်ပေါ်က စ၍မေးသည်။

'ဟော့ကောင်ကြီး… နင့်ပါးစပ်က ဘာဖြစ်လို့လဲ၊ ခင်များ



ဝင်းကို သွားစလို့ ဟိုက တီးလွှတ်လိုက်လို့လားကွ၊ ဟော…'

'ဟာ… မင်းကတော့ မဟုတ်တာပြောပြီ၊ ဒါကြောင့် မဟုတ်ဘူးကွ၊ ငါ့နှုတ်ခမ်းမွေးတစ်ဖက်က ပြုတ်ကျသွားလို့ပါ'

ပြောအပြီးတွင် စံရှားသည် လက်ကိုင်ပဝါကို ဖြုတ်၍ပြသည်။

'အဲဗျ… အခုမှ တုတ်ကောက်ပဲ၊ အဲလေ… ဒုက္ခပဲ၊ ဒါကို ဘယ်လိုလုပ်ကြမလဲ'

ထင်ပေါ်မှာ ပါးစပ်ကြီးအဟောင်းသားနှင့် ဖြစ်ရင်း စံရှားကို ပြန်မေးသည်။

'ဟာကွာ၊ ငါ မကြံတတ်လို့ မင်းကို အခုလိုခေါ်ပြီးအကြံတောင်းတာပေါ့ကွ၊ ဒါကို မင်းက ငါ့ပြန်ပြောနေရသလားဟ'

'ပြန်ပြောဆို ငါလည်း မကြံတတ်လို့ပေါ့၊ မင်းဆိုတဲ့ကောင်ကတော့ မလုပ်လိုက်နဲ့၊ လုပ်လိုက်ရင် အရာရာအကြောင်းကြောင်းနဲ့ချည်းပဲကိုး၊ ငါ့မှာလည်း နှုတ်ခမ်းမွေး အပိုပါမလာဘူး၊ မင်းကို ငါ အတန်တန်မှာထားသားပဲ၊ ငါ့နှုတ်ခမ်းမွေးကပ်တဲ့ကော်က သိပ်မကောင်းလို့ ရေမထိပါစေနဲ့၊ သတိထားပါလို့ အတန်တန်မှာထားတယ် မဟုတ်လား၊ ဒါကို မင်းက နားမထောင်ဘဲကိုး'

ထင်ပေါ်မှာ တဖျစ်တောက်တောက်နှင့် ပြောနေသည်။

'ကဲပါကွာ… ညည်းညူတော်မူမနေစမ်းပါနဲ့၊ ငါ ဘယ်လိုလုပ်ရမယ်ဆိုတာ ပြောပါဦး'

'မပြောတတ်ဘူးကွာ၊ နို့… အဲဒီ ပြုတ်သွားတဲ့ နှုတ်ခမ်းမွေးကရော'

'မရှိဘူးလေကွာ၊ ဒေသနာကျင်ငါးက အစာမှတ်ပြီး အသင်းလျှိုတော်မူသွားတယ်ကွ'

www.burmeseclassic.com

www.burmeseclassic.com



‘အဲ… ကောင်းကွ၊ ဒီလိုဆို ငါလည်း ဘယ်လိုမှ မကြံဘတ်တော့ဘူး စံရှား၊ မင်းထိုက်နဲ့ မင်းကံပဲ၊ ငါတော့ စိတ်ညစ်ပါတယ်ကွာ’

‘မင်း စိတ်ညစ်တာက နည်းနည်းရယ်၊ ငါကတော့ စိန်အောင်မင်းလို သံကုန်ဟာစ်ပြီးကို ငိုချလိုက်ချင်တယ်ကွ၊ သိလား’

‘အခုမှတော့ အသံကုန်ဟာစ်ပြီးတော့ ငိုချင်းချမနေနဲ့တော့ဟေ့၊ ဒီကိစ္စကို ခင်ဒွေးဝင်းကို မသိအောင် ဘယ်လိုလုပ်ကြမယ်ဆိုတာကိုသာ ကြံပေတော့’

‘ခင်ဒွေးဝင်းတို့မသိအောင် လုပ်ရမယ်ဆိုရင်တော့ ငါဟာဒီနေရာကနေ အမြန်ဆုံးလစ်ပြေးချင်တာပဲကွ’

စံရှား၏စကားကို ကြားရလျှင် ထင်ပေါ်မှာ အံ့အားသင့်သွားတော့သည်။

‘ဟ… ဒီလိုလုပ်လို့ ဖြစ်မလားကွ’

‘မဖြစ်လည်း မတတ်နိုင်ဘူးလေ၊ အကောင်းဆုံးနည်းကတော့ ဒါပဲရှိတာပဲ၊ ဒီတော့ ငါက သူတို့မသိအောင် တိတ်တိတ်ကလေး ပြန်လစ်ပြေးမယ်၊ မင်းက နေခဲ့ပြီး အဆင်ပြေသလိုသာကောင်းအောင်ကြည့်ပြီး ဖြီးပေတော့၊ ဘယ့်နှယ်လဲ…’

စံရှားကပြောလျှင် ထင်ပေါ်မှာ အကြံရခက်နေဟန်နှင့်ခေါင်းကုတ်ကာ စဉ်းစားနေသည်။

‘အင်း… မင်းအဖြစ်ကလည်း ဆုပ်လည်းရှူး၊ စားလည်းရူးဆိုတာမျိုး ဖြစ်နေပြီ၊ မင်းပြောသလို လစ်မပြေးဘဲ ဒီမှာနေပြန်ရင်လည်း ဟိုက နှုတ်ခမ်းမွေးပြုတ်တဲ့ကိစ္စကိုသိပြီး မင်းဟာဘဘကြီးအယောင်ဆောင်မှန်း သိကုန်တော့မယ်၊ သူတို့မသိအောင်ပြန်ပြန်ရင်လည်း ဟိုသားအမိက မင်းကို ဒေါကန်ပြီးသားပဲ’



‘ကန့်ပေ့စေကွာ၊ ဒေါကန်တာက နောက်တစ်နေ့ကျရင်တောင်းပန်တိုးလျှိုးလိုက်ရင် ကျေနပ်ကြမှာ၊ အေး… ဘဘကြီးအယောင်ဆောင်တာ အလိမ်ပေါ်သွားရင်တော့ ဘယ်လိုမှတောင်းပန်လို့ရမှာ မဟုတ်ဘူး၊ ဒီတော့ ငါလစ်ပါရစေကွာ’

‘လစ်ချင်သပဲ့ဆိုလည်းလစ်ပေ့ကွာ၊ ဩော်… ဒါထက်မင်း လစ်မယ်ဆိုရင် ဒီရုပ်အတိုင်းတော့ မလစ်နဲ့၊ ငါလုပ်ထားတဲ့မိတ်ကပ်တွေကို ဖျက်ပြီးလစ်ကွ’

‘အေး… ဟုတ်တယ်၊ မင်းပြောတာ ကောင်းတယ်၊ ကိုင်း… ဒီလိုဆို ငါသွားမယ်၊ မင်းကတော့ သူတို့ကို သွားလိမ့်နေကွာ၊ ဟုတ်ပြီလား’

စံရှားက ပြောပြီးနောက် မျက်နှာပေါ်တွင် လိမ်းခြယ်ထားသော မိတ်ကပ်များကိုဖျက်ရန် ဇရပ်တစ်ခုသို့ ဝင်သွားသည်။ ထင်ပေါ်ကတော့ ခင်ဒွေးဝင်းတို့ သားအမိရှိရာသို့ ပြန်လာသည်။

ခင်ဒွေးဝင်းတို့သားအမိမှာ ထင်ပေါ် ပြန်ရောက်သောအချိန်တွင် ငါးမျှားကို ပေါက်ပေါက်ဆုပ်များ ကျွေးပြီးပြီမို့ အုတ်လှေကားအတိုင်း ပြန်အတက်တွင် ထင်ပေါ်နှင့် ဆုံမိကြပေသည်။

‘ဟဲ့… မောင်ထင်ပေါ်၊ အစ်ကိုကြီးရော ဘယ်သွားနေလဲ’

ဒေါ်နီနီက သွားကလေးများပေါ်အောင်ပြုံးရင်း မေးသည်။

‘မရှိတော့ဘူး ခင်ဗျာ၊ ပြန်သွားပြီ’

‘ဟ… မင်းကလည်း မဟုတ်တာ ပြောနေပြန်ပါပြီ၊ သူက ဘာလို့ပြန်ရမှာလဲ’

ဒေါ်နီနီက လုံးဝ ယုံကြည်ခြင်းမရှိသော မျက်နှာနှင့်ထင်ပေါ် ကို ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ရွှေးဝင်းကတော့ မည်သို့မျှ ဝင်မပြောဘဲ အသာကြည့်နေသည်။

'တကယ်ပြောနေတာပါ ဒေါ်ဒေါ်၊ ဘဘကြီး ပြန်သွားတာတော့ အမှန်ပဲ'

'ဟောတော့ … မင်း တကယ်ပြောနေတာလား'

ဒီတစ်ကြိမ်တွင် ဒေါ်နီနီသည် ယုံကြည်လာဟန်နှင့် မေးသည်။

'ခက်ပါဘိ၊ ကျွန်တော်က ဘာလို့လိမ်ရမှာလဲ၊ ကျွန်တော့်မျက်စိရှေ့မှာတင် ပြန်သွားတာ ဒေါ်ဒေါ်ရဲ့၊ ယုံပြီလား' ထင်ပေါ်၏ စကားအဆုံးတွင် ခင်ရွှေးဝင်းက ဝင်မေးပြန်သည်။

'နေပါဦး … ဘာလို့ ဘဘကြီးက အခုလို ပြန်သွားရတာလဲ၊ ကျွန်မတော့ ဘဘကြီးလုပ်ပုံ နားမလည်ဘူး၊ တကယ်လို့ ပြန်ချင်ရင်လည်း ကျွန်မတို့ကိုပါခေါ်ပြီး ပြန်ဖို့ကောင်းတယ်'

'ဒါကတော့ ဒီလိုပါလေ၊ ခင်ဗျားတို့ကို သူက မခေါ်တာက အနှောင့်အယှက်မပေးချင်လို့ပါ၊ ကျွန်တော့်ကိုလည်း ဘဘကြီးက သန်လျင်မှာရှိသမျှ ဘုရားတွေဖူးဖို့ အနံ့လိုက်ပြပေးလိုက်ပါလို့ မှာသွားတယ်' ထင်ပေါ်ကတော့ မှင်သေသေနှင့် ကောင်းအောင်ကြည့်ပြောနေရသည်။

'အင်း … အစ်ကိုကြီးလုပ်ပုံက တွေးရကျပ်လိုက်တာ၊ လိုက်တုန်းကတော့လိုက်လာပြီး အခုလို မြန်မြန်စားကြီး တစ်ယောက်တည်းပြန်သွားရတာက ဘာဖြစ်လို့လဲ'

'ဒီလိုပါ ဒေါ်ဒေါ်၊ ဘဘကြီးမှာက လေရောဂါရှိနေတယ်၊ သူ့လေရောဂါက ထရင် အင်မတန်ဆိုးတယ်၊ အခုလည်း ဒီလေရောဂါဟာ ထစပြုလာလို့ အမြန်ဆုံး ပြေးသွားတာပါ၊



ဒီအတွက် သူ့အပေါ်မှာ ခွင့်လွှတ်ဖို့ကိုလည်း ဒေါ်ဒေါ်နဲ့ မခင်ရွှေးဝင်းကို မှာသွားပါတယ်'

ထင်ပေါ်မှာ စံရှားအတွက် ကြားက အာပုပ်ခံကာ လိမ်နေရသည်။

ဒေါ်နီနီတို့ သားအမိမှာ ထင်ပေါ် ပြောသမျှတွေကို အဟုတ်မှတ်ထင်နေကြသည်။

'ဒီလိုဆိုရင်လည်း ငါတို့လည်း သွားကြစို့လား မောင်ထင်ပေါ်'

ဒေါ်နီနီမှာ စံရှားမရှိတော့သဖြင့် သူတို့လည်း ပြန်ချင်ဟန်နှင့် ပြောသည်။

ထင်ပေါ်သည် ဒေါ်နီနီ၏ စကားအဆုံးတွင် ခင်ရွှေးဝင်းဘက်သို့ လှည့်ကြည့်သည်။

ခင်ရွှေးဝင်းမှာလည်း နှုတ်မှဖွင့်မပြောသော်လည်း သူ၏ခေါင်းကဲ့သို့ပင် ပြန်လိုဟန်နှင့် ခေါင်းညိတ်ပြသည်။

'ကိုင်း … ဒါဖြင့်ရင်လည်း သွားကြစို့'

ထင်ပေါ်သည် ပြောရင်း ရှေ့မှထွက်သွားသည်။ ဒေါ်နီနီနှင့် ခင်ရွှေးဝင်းတို့လည်း နောက်မှ လိုက်ပါသွားကြသည်။

သူတို့သည် ကားတိုသမှာန်ကလေးဖြင့် မြန်လည်၍လာကြရာ သူတို့၏အပြန်ကို စောင့်နေသောစုံထောက်မှာ အဘိုးကြီးဆောင်ဆောင်ထားသော စံရှား ပါလာခြင်းမရှိသဖြင့် မျက်လုံးကြီးအပြူးသားနှင့် သူတို့ကို ကြည့်နေတော့သည်။

ထင်ပေါ်တို့ကမူ စုံထောက်ကို ဂရုပြုမိဟန်မရှိဘဲ သူ၏အနီးမှ ဖြတ်၍ ထွက်သွားသည်။

စုံထောက်ခမျာမှာ စံရှားတစ်ယောက် ပျောက်နေ၍ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ကို မေးရကောင်းနိုးနိုး မမေးဘဲနေရ ကောင်းနိုးနိုးနှင့် ဇဝေဇဝါ ဖြစ်နေမိသည်။ နောက်ဆုံးတွင်တော့ သူတို့ကို မေးမြန်းခြင်းထက် ရေလယ်ဘုရားသို့ကူးကာ ကိုယ်တိုင်သွားရှာခြင်းက ပိုမိုကောင်းမွန်သည်ဟု သဘောပေါက်ကာ သူသည် ကူးတို့သမ္ဗာန်သို့ ရေလယ်ဘုရားသွားရန် တက်သွားတော့သည်။

ထိုအချိန်တွင် စုံထောက်နှင့် ရဲများ အလွန်စိတ်ဝင်စားစွာနှင့် လိုက်နေကြသော ဆယ့်နှစ်မျိုးတင်ထွန်းမှာ ထင်ပေါ်တို့ အငှားဂျစ်ကားရပ်ထားရာ ကမ်းနားဘုရားကြီးပေါ်မှ တစ်ယောက်တည်း ဆင်းလာသည်။ သူဆင်းလာသောအချိန်တွင် ထင်ပေါ်တို့မှာလည်း ထိုဘုရားကို ဖူးမြော်ပြီးပြီမို့ ရှေ့မှဆင်းလာကြပြီး ဂျစ်ကားပေါ်သို့ တက်နေကြသည်။

ခင်ဒွေးဝင်းမှာ ဂျစ်ကားနောက်ခုံသို့ တက်ပြီးနောက် ဘုရားကြီး၏ အုတ်လှေကားပေါ်သို့ အမှတ်တမဲ့ လှမ်းအကြည့်တွင် ဆယ့်နှစ်မျိုးတင်ထွန်းကို သွားရှု်မြင်ရတော့သည်။ ကျွန်တော် အထက်တွင် ရေးသားခဲ့သည့်အတိုင်း ဆယ့်နှစ်မျိုးတင်ထွန်း၏ ရုပ်သွင်မှာ စံရှား အဘိုးကြီးအသွင် မိတ်ကပ်နှင့် ရုပ်ဖျက်ထားသည့်ရုပ်ရှည်နှင့် ချွတ်စွပ်လာရောက်ကာ တူနေသဖြင့် ခင်ဒွေးဝင်း၏ စိတ်ထဲတွင် ဆယ့်နှစ်မျိုးတင်ထွန်းကို ဦးတုတ်ကြီးအမည်ခံ စံရှားဟု မှတ်ထင်နေသဖြင့် ဝမ်းသာအားရဖြစ်ကာ ထင်ပေါ်နှင့် ဒေါ်နီနီကို လှမ်းပြောသည်။

'ဟော… မေမေ၊ ဟိုမှာ ဘဘကြီးမဟုတ်လားဟင်'

ခင်ဒွေးဝင်း၏ လှမ်းပြောသံကြောင့် ထင်ပေါ်နှင့် ဒေါ်နီနီတို့မှာ ပြိုင်တူ လှမ်းရှု်ကြည့်မိကြသည်။

'ဟယ်… ဟုတ်ပါရဲ့၊ အစ်ကိုကြီးပါလား'



ဒေါ်နီနီကလည်း ခင်ဒွေးဝင်းနည်းတူပင် ဆယ့်နှစ်မျိုးတင်ထွန်းကို စံရှားပင် မှတ်ထင်ကာ ပြောသည်။ ကောင်းပြီ။ သူတို့မှားလျှင် မှားကြပါစေတော့။

စံရှားနှင့် ငယ်သူငယ်ချင်းလည်းဖြစ် အတူတကွလည်း နေထိုင်နေပြီး သူကိုယ်တိုင် မိတ်ကပ်နှင့် အဘိုးကြီးအသွင်သို့ ပြောင်းပေးခဲ့ရသော ထင်ပေါ်မှာလည်း ဆယ့်နှစ်မျိုးတင်ထွန်းကို သူ၏သူငယ်ချင်း စံရှားပင် မှတ်ထင်နေသည်။ ထိုသို့ မှတ်ထင်နေသည့်အတွက်လည်း သူသည် စံရှား အမှတ်နှင့် ဆယ့်နှစ်မျိုးတင်ထွန်းကိုကြည့်ရင်း စိတ်တွင်းမှ ဤသို့ တွေးနေသည်။

'ဟင်… ဒီကောင် ဘယ်လိုဖြစ်လာတာလဲ။ စောစောက ငါ့ကိုပြောတုန်းကတော့ သူ့နှုတ်ခမ်းမွှေးတစ်ဖက်ဟာ ရေထဲကျပြီး ငါးစားသွားလို့တဲ့၊ အခု သူ့နှုတ်ခမ်းမွှေးက ဘယ်လိုကနေ ဘယ်လို ပြန်ရပြီး နှုတ်ခမ်းမွှေးကြီးတစ်ရှည်း ဖြစ်နေရပြန်တာလဲ။ အဝတ်အစားတွေကလည်း တစ်မျိုးပါလား။ စောစောက ဒီကောင် ဝတ်ထားတာက ကျူထရ်ကွက် အညိုရောင် ဘန်ကောက်လုံချည်၊ အခု ဝတ်ထားတာက အင်းလေးပိုးလုံချည်အပြာကြီး၊ ပြီးတော့ တိုက်ပုံအင်္ကျီကလည်း အဖြူကနေ ချောကလက်အရောင် ဖြစ်နေပြီ။ ဖိနပ်ကလည်း ဂျပန်ရော်ဘာဖိနပ်ကြီး၊ ဒီအဝတ်တွေကို ဒီကောင် ဘယ်လိုလုပ်ပြီး လဲဝတ်လိုက်ပါလိမ့်'

ထင်ပေါ်မှာ အထက်ပါအတိုင်း တွေးနေစဉ် ဆယ့်နှစ်မျိုးတင်ထွန်းမှာ သူတို့အနီးမှဖြတ်၍ တခြားသို့သွားမည်အပြုတွင် ခင်ဒွေးဝင်းက လှမ်း၍အော်ခေါ်သည်။

'ဘဘကြီး… ဒါက ဘယ်ကိုသွားမလို့လဲ၊ ဒီကားပေါ်ကို လာလေ'

www.burmeseclassic.com

www.burmeseclassic.com



ခင်ဌေးဝင်း၏ ခေါ်သံကြောင့် ဆယ့်နှစ်မျိုးတင်ထွန်းမှာ အိုးအားသင့်သွားသည်။ သို့ဖြစ်၍ တင်ထွန်းသည် ဂျစ်ကားတွင်းရှိ သူ့ဘိုကို ကြည့်နေစဉ်မှာပင် တစ်ဖက်မှ ရဲကားတစ်စီးကို တွေ့မြင်လိုက်ရသဖြင့် သူသည် မျက်နှာကို ချက်ချင်းပြင်ကာ ပြုံးမြရင်း ဂျစ်ကားအနီးသို့ ကပ်လာသည်။ တင်ထွန်း ပြုံးလိုက်မှပင် စံရှား၏ အဘိုးကြီးရုပ်နှင့် ခွဲမရအောင် ပိုမို၍တူသွားသည်။

'တူမကြီးတို့က ပြန်ကြတော့မလို့လား'

ချက်ဆိုလျှင် နားခွက်ကထ၍ မီးတောက်သော တင်ထွန်းက သူ့ကို ဘဘကြီးဟူ၍ ခေါ်သံကြောင့် သူကလည်း တူမကြီးဟူ၍ အဆင်ပြေပြေနှင့် ပြန်ခေါ်သည်။

'ပြန်တော့မှာပေါ့၊ ဘဘကြီးက ဘာလို့ အဝင်းတို့ကို ထားပြီး လစ်ပြေးရတာလဲ၊ လာတုန်းက အတူတူလာကြပြီး ပြန်ကြရင်လည်း အတူတူပြန်ကြမှပေါ့၊ အခုတော့ ဘဘကြီးက အဝင်းတို့ကိုပစ်ပြီး လစ်ပြေးတာ ဘယ်ကောင်းပါ့မလဲ၊ ဒီလိုမှန်းသိရင် ဘဘကြီးနဲ့ မလိုက်ပါဘူး'

ခင်ဌေးဝင်းမှာ ဆယ့်နှစ်မျိုးတင်ထွန်းကို စံရှားအမှတ်နှင့် ရန်တွေ့နေတော့သည်။ တင်ထွန်းကလည်း ခင်ဌေးဝင်းပြောပုံဆိုပုံ ကို နားထောင်နေပြီးနောက် အဆင်ပြေပြေနှင့် ပြန်ပြောရမည့် စကားကို ဉာဏ်နီဉာဏ်နက်ထုတ်၍ စဉ်းစားနေသည်။ ထင်ပေါ်က တော့ တင်ထွန်းထံမှ မည်သည့်စကား ထွက်ပေါ်လာမည်ကို အသာနားထောင်နေသည်။

'ဘဘကြီးလစ်ပြေးတယ်လို့ ဘယ်သူကပြောသလဲ တူမကြီးရဲ့၊ ဟဲ… ဟဲ… ဘဘကြီး လစ်မပြေးပါဘူး၊ ဒီနေရာမှာ ကိစ္စရှိလို့ ခဏလာတာပါ'



ထင်ပေါ်မှာ တင်ထွန်း၏စကားကို ကြားရလျှင် မျက်လုံးကြီးပြူးကာ ဗုဒ္ဓေါဟူ၍ တလိုက်မိသည်။

ခင်ဌေးဝင်းမှာ တင်ထွန်း၏ စကားကို ကြားရလျှင် ထင်ပေါ်ကို စိတ်ဆိုးဟန်နှင့် လှမ်းကြည့်ပြီး ပြန်ပြောသည်။

'ဘယ်သူကပြောသလဲဆိုတော့ ဟောဒီက ဘဘကြီးရဲ့တူ ထင်ပေါ်က ပြောတာပေါ့။ သူက ဘယ်လိုပြောသလဲဆိုတော့ ဘဘကြီးဟာ လေနာရောဂါအခံရှိတယ်တဲ့၊ အခုလည်း အဲဒီလေနာရောဂါထလာတဲ့အတွက် ဘဘကြီးဟာ အိမ်ကိုပြန်ပြေးသွားတယ်လို့ ပြောတယ် ဘဘကြီးရဲ့'

ခင်ဌေးဝင်းသည် ဂျစ်ကားရှေ့တွင်ထိုင်နေသော ထင်ပေါ်ဘက်သို့ လက်ညှိုးကလေးထိုးကာပြရင်း ပြောနေသည်။ ထင်ပေါ်ခမျာမှာတော့ မျက်စိကလေး ပေကလပ်နှင့် တင်ထွန်းကိုပြန်ကြည့်နေသည်။ တင်ထွန်းမှာ ထင်ပေါ်ကို မျက်စောင်းထိုးကာကြည့်ပြီး ခင်ဌေးဝင်းကို ပြန်ပြောသည်။

'အလကား… ဒီကောင် မဟုတ်ကဟုတ်က ပလီစီ ချောက်ချက်ပြောတာ၊ ဘဘကြီးမှာ ဘာရောဂါမှ မရှိပါဘူး၊ ဒီကောင့်မှာသာ ရောဂါပေါင်းစုံရှိတာ၊ ဂမ်းမသား'

တင်ထွန်း၏ စကားအဆုံးတွင် တင်ပေါ်မှာ မြတ်စွာဘုရားဟူ၍ တရင်း တင်ထွန်းဘက်သို့ ဒေါပွသော မျက်နှာနှင့် လှမ်းကြည့်နေသည်။ တင်ထွန်း ပြောအပြီးတွင် ဒေါနီနီကလည်း ဝင်ပြောပြန်သည်။

'ဟုတ်တယ် အစ်ကိုကြီးရဲ့၊ မောင်ထင်ပေါ်က အစ်ကိုကြီးမှာ လေရောဂါရှိတယ်လို့ပြောတော့ ယုံကိုမယုံဘူး၊ ဒါပေမဲ့ သူက မျက်နှာတည်တည်နဲ့ ပြောနေတော့ ကျွန်မလည်း မယုံတစ်

www.burmeseclassic.com

www.burmeseclassic.com



ဝက် ယုံတစ်ဝက်နဲ့ နေလိုက်ရတာပေါ့' ဒေါ်နီနီသည် တင်ထွန်းကို စံရှားအမှတ်နှင့်ပြန်ပြောပြီးနောက် ကုတ်ကုတ်ကလေးထိုင်နေသော ထင်ပေါ်ဘက်သို့ ဆက်၍မေးသည်။

'နေစမ်းပါဦး… မောင်ထင်ပေါ်ရဲ့၊ မင်းက ဘာသဘော နဲ့ အစ်ကိုကြီးမှာ လေရောဂါရှိတယ်လို့ ပြောရတာလဲ၊ လိမ်စရာ မရှိ ကြံဖန်လိမ်တဲ့သူငယ်ပဲ'

ထင်ပေါ်မှာ သူ့ကို ဝိုင်းဝန်း၍ အပြစ်တင်နေသံကြောင့် ဒေါ်ပွပွနှင့်…

'ကျွန်တော် လိမ်သလား၊ မလိမ်ဘူးလားဆိုတာ ဘုရား သိပါတယ်ဗျာ၊ ဘုရားသိပါတယ်'ဟူ၍ ဆောင့်ကြီးအောင့်ကြီးနှင့် ပြန်ပြောသည်။

'ဘုရားတင် ဘယ်ကမလဲကွာ၊ မင်းလိမ်တာ ငါတောင် သိတဲ့ဟာ'

တင်ထွန်းသည် အသံမာမာနှင့် ပြန်ပြောပြီးနောက် ထင် ပေါ်ထိုင်နေရာသို့ လျှောက်လာပြီး 'တိုးစမ်း ဟိုဘက်ကို'ဟူ၍ ငေါက်ငမ်းကာပြောရင်း ထင်ပေါ်၏ဘေးတွင် ဝင်ထိုင်သည်။ ထင်ပေါ်ကတော့ တင်ထွန်း၏ အပြုအမူကို စံရှားလုပ်နေသည်မှတ် ကာ စိတ်ထဲတွင် အတော့်ကို ဒေါ်ပွနေတော့သည်။ ဒေါ်ပွနေသဖြင့် စိတ်တွင်းမှလည်း 'အေး… နေနှင့်ဦးပေါ့ စံရှားရယ်၊ အိမ်ပြန် ရောက်မှ မင်းရဲ့အပြုအမူ အပြောအဆိုတွေအတွက် ကောင်း ကောင်းကြီး ဆုံးမရဦးမယ်'ဟူ၍ တေးထားသည်။ ဆယ့်နှစ်မျိုး တင်ထွန်း ကားပေါ်သို့အရောက်တွင် စောစောက ရဲကားမှရဲအရာရှိ တစ်ဦးနှင့် လက်နက်ကိုင် ရဲသားနှစ်ဦးမှာ သူတို့ကားအနီးသို့ ရောက်လာကြသည်။



ဆယ့်နှစ်မျိုးတင်ထွန်းမှာ သူတို့အနီးသို့ ရောက်လာကြ သော ရဲများကိုတွေ့ရလျှင် ပထမတော့ ကွက်ခနဲ မျက်နှာပျက်သွား သည်။ ပြီးမှ သူသည် မျက်နှာကိုပြန်ပြင်ကာ ခပ်တည်တည်နှင့် ထိုင်နေသည်။ ရဲအရာရှိဖြစ်သူသည် ထင်ပေါ်၏ဘေးတွင် ထိုင်နေ သော ဆယ့်နှစ်မျိုးတင်ထွန်းကို တစ်ချက်လှမ်းကြည့်ပြီးနောက် ဂျစ်ကားပေါ်ရှိ လူများအားလုံးကို သိမ်းကျုံးကြည့်ရင်း မေးသည်။

'ခင်ဗျားတို့ ဘယ်ကလာကြတာလဲဗျ'

ထိုအမေးကို တင်ထွန်းကတော့ မည်သို့မျှ ပြန်မဖြေပေ။ သူ့အနေနှင့် ဖြေလိုက်လျှင် ကားပေါ်တွင် ပါရှိသော လူတွေနှင့် တလွဲတချော်တွေ ဖြစ်ကုန်မည်မို့ တိတ်တိတ်နေကာ တစ်ဖက်မှ ပေါ်ထွက်လာမည့် စကားများကို နားစွင့်နေသည်။

ရဲအရာရှိများ၏ အမေးကိုဖြေသူမှာ ထင်ပေါ်ဖြစ်နေသည်။

'ကျွန်တော်တို့ ရန်ကုန်က ဘုရားဖူးလာကြတဲ့လူတွေပါ'

'ဩော်… ဘုရားဖူးလာကြတဲ့ လူတွေလား၊ ခင်ဗျားတို့ အားလုံးဟာ တစ်အိမ်သားတည်းပဲလား'

ရဲအရာရှိသည် ထပ်မံမေးရင်းမှ ဆယ့်နှစ်မျိုးတင်ထွန်း၏ မျက်နှာကို မသင်္ကာသောအသွင်နှင့် ကြည့်နေသည်။

'မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်နဲ့ ဟောဒီ ဘဘကြီးက တစ်အိမ်တည်း၊ နောက်က အမျိုးသမီးနှစ်ယောက်က တစ်အိမ်ပါ'

ထင်ပေါ်က ရှင်းလင်းပြောပြနေသည်။ ရဲအရာရှိသည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

'ဒီလိုဆို ခင်ဗျားတို့ဟာ ဘာမှမတော်ကြဘူးပေါ့၊ နာမည် တွေကရော ဘယ်လိုခေါ်ကြပါသလဲ ခင်ဗျာ'

ထိုအမေးကိုလည်း ထင်ပေါ်ကပင် ဖြေရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်နာမည်က ထင်ပေါ်ပါ၊ ဟောဒီကတော့ ကျွန်တော့်ဘဘကြီးပါ၊ နာမည်က ဦးတုတ်ကြီးတဲ့၊ ကျွန်တော်တို့ဟာ သုံးဆယ့်တစ်လမ်းထဲမှာ နေကြပါတယ်'

ထင်ပေါ် ပြောပြနေသည်ကို အကြံသမားတင်ထွန်းက စိတ်တွင်းမှ သေသေချာချာ မှတ်သားနေသည်။

'ကျွန်မတို့ကတော့ လမ်းသုံးဆယ်ထဲမှာ နေကြပါတယ်၊ နာမည်က မနီပါ၊ ဟောဒါက ကျွန်မသမီး ခင်ဌေးဝင်းပါ၊ ကျွန်မဟာ ဗိုလ်ချုပ်ဈေးထဲမှာ အထည်ဆိုင်ဖွင့်ပါတယ်။ ကျွန်မသမီးကတော့ အတွင်းဝန်ရုံးက စာရေးမပါရှင်'

ထင်ပေါ်၏ စကားမဆုံးမီ ဒေါ်နီနီက ထပ်မံဖြည့်စွက်၍ ဖြေမေးသည်။

ရဲအရာရှိသည် သူတို့၏အဖြေစကားကို မှတ်စုစာအုပ်ထဲတွင် ဖောင်တိန်ထုတ်ကာ ရေးမှတ်နေသည်။

'အေးဗျာ၊ အခုလို အနှောင့်အယှက်ပေးတာကို ဘယ်လိုမှသဘောမထားပါနဲ့၊ ကျွန်တော်တို့ဟာ တာဝန်ရှိလို့ အခုလိုစစ်ဆေးနေရတာပါ၊ ခွင့်ပြုပါဦး'

ရဲအရာရှိသည် သူတို့တစ်တွေကို အားနာသောမျက်နှာနှင့်ကြည့်ကာ ပြောပြီးနောက် လက်နက်ကိုင် ရဲသားများနှင့်အတူ ထွက်သွားသည်။

'ဘာဖြစ်လို့များ အဝင်းတို့ကို ဒီ ရဲအရာရှိက လာစစ်ပါလိမ့်နော်'

ရဲများထွက်အသွားတွင် ခင်ဌေးဝင်းက တွေးမရသောမျက်နှာနှင့် တင်ထွန်းဘက်သို့ လှမ်းပြောသည်။

'စစ်ဆို ဒီနယ်တစ်ဝိုက်မှာ သူတို့ရဲတွေ လက်မြှောက်



ထားကြရတဲ့ နာမည်ကြီး လူဆိုးဗိုလ် ဆယ့်နှစ်မျိုးတင်ထွန်းဆိုတာပေါ်နေလို့ပေါ့ တူမရဲ့'

တင်ထွန်းက ခပ်ကြွားကြွားကလေးနှင့် ပြန်ပြောသည်။

'ဟင်··· ဘဘကြီးက ဒီအကြောင်းကို ဘယ်လိုလုပ်သိတာလဲ၊ သန်လျင်ဘက်လည်း တစ်ခါမှ မရောက်ဖူးဘဲနဲ့'

တင်ထွန်း၏စကားကြောင့် ခင်ဌေးဝင်းက အံ့အားသင့်သံနှင့် ပြန်မေးသည်။

ထင်ပေါ်မှာလည်း ခင်ဌေးဝင်းလိုပင် အလွန်ပင် မေးချင်နေသည်။ ယခုတော့ သူမေးလိုသော မေးခွန်းကို ခင်ဌေးဝင်းက မေးလိုက်သဖြင့် ထင်ပေါ်မှာ အလွန်ကျေနပ်သွားသည်။ ဆယ့်နှစ်မျိုးတင်ထွန်းမှာ ခင်ဌေးဝင်း၏စကားကို ကြားရလျှင် ကွက်ခနဲမျက်နှာပျက်သွားသည်။ ပြီးမှ ချက်ချင်းမျက်နှာကိုပြင်ကာ လူလည်တစ်ဦးပီပီ စကားကို အဆင်ပြေစွာနှင့် ပြန်ပြောတော့သည်။

'ဟဲ··· ဟဲ··· သိဆို မေးပါများ စကားရဆိုတာမျိုးလို ဘဘကြီးဟာ ဒီအကြောင်းတွေကို စပ်စပ်စုစုနဲ့ မေးထားလို့ပါ'

'ဆယ့်နှစ်မျိုးတင်ထွန်း ပေါ်လာတာနဲ့ အဝင်းတို့ကို လာပြီးစစ်တာက ဘာဆိုင်တာမှတ်လို့လဲ'

ခင်ဌေးဝင်းက မကျေမနပ်နှင့် ဆက်၍မေးနေပြန်သည်။

'မဆိုင်ပေမယ့် စစ်ရမယ့်အကြောင်းက ရှိနေလို့ပေါ့ တူမကြီးရဲ့၊ သူတို့ အင်မတန်အလိုရှိနေကြတဲ့ ဆယ့်နှစ်မျိုးတင်ထွန်းဆိုတာ ဘဘကြီးအရွယ်လောက် ရှိတာကိုး၊ ဒီတော့ ဘဘကြီးတို့အရွယ်ကိုမြင်ရင် သူတို့စိတ်ထဲမှာ ဆယ့်နှစ်မျိုးတင်ထွန်း မှတ်ပြီး အခုလို စစ်စစ်ဆေးဆေး လုပ်ကြရတာပဲ'

တင်ထွန်း၏ အဖြေစကားများကို ဘေးမှနားထောင်နေ

www.burmeseclassic.com

www.burmeseclassic.com



သော ထင်ပေါ်မှာ အလွန်ပင် အံ့ဩမဆုံး ဖြစ်နေမိတော့သည်။ သန်လျှင်သို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသော စံရှားမှာ မကြာခဏရောက်ဖူးသော မိမိပင် ကြားသိဖူးခြင်း မရှိသေးသော ဆယ့်နှစ်မျိုးတင်ထွန်း၏အကြောင်းကို ဂဃနဏ သေသေချာချာကြီး သိရှိနေသည်မှာ အလွန်ပင် ထူးဆန်းနေသည်။ ယခင်ကတည်းက ကြားသိဖူး၍လောဟု ထင်ရအောင်ကလည်း စံရှားသည် တစ်ကြိမ်တစ်ခါမျှ မိမိကို မပြောဖူးခဲ့ပေ။ ဤမျှ တိုတောင်းသောအချိန်အတွင်း စံရှားသည် မည်သို့သောနည်းနှင့် ထိုအကြောင်းကို သိရှိနိုင်သနည်း။ ထင်ပေါ် တွေးနေစဉ်မှာပင် ခင်ဌေးဝင်းက ဆက်မေးပြန်သည်။

'ဘဘကြီး ပြောတဲ့အတိုင်းဆိုရင် သူတို့ရဲတွေဟာ ဆယ့်နှစ်မျိုးတင်ထွန်းကို မမြင်ဖူးကြဘူး ထင်တယ်နော်'

ခင်ဌေးဝင်း၏အမေးကို ဆယ့်နှစ်မျိုးတင်ထွန်း ကြားရလျှင် ဝင့်ကြွားသော အပြုံးနှင့်ပြုံးပြရင်း ပြန်ဖြေသည်။

'ဟဲ… ဟဲ… သင်းတို့ရဲတွေ ဘယ်မှာမြင်ဖူးပါ့မလဲ၊ ဆယ့်နှစ်မျိုးတင်ထွန်းဆိုတဲ့ လူက အင်မတန် လျင်တာလား တူမကြီးရဲ၊ သူတို့ဟာ တင်ထွန်းကို အသက်အရွယ်လောက်နဲ့ ဓာတ်ပုံထဲမှာပါတဲ့ ရုပ်ရည်လောက်သာ မှန်းဆနိုင်ကြတာ၊ ဒါကြောင့်လည်း အဘိုးကြီးတွေမြင်ရင် နောက်က တကောက်ကောက်လိုက်စစ်ဆေးစုံစမ်းကြတာပေါ့'

'အောင်မယ်… ဘဘကြီးက တော်တော့်ကို သိနေတာပဲနော်၊ နို့… မေးလက်စနဲ့ ဆက်မေးရဦးမယ်၊ ဆယ့်နှစ်မျိုးတင်ထွန်းလို့ ဘာကြောင့်ခေါ်ကြတာလဲဟင်၊ ဒါကိုရော ဘဘကြီး သိသလား'

'အာ… သိတာပေါ့၊ ဆယ့်နှစ်မျိုးတင်ထွန်းလို့ ခေါ်ကြ



တာက အဲဒီလူဟာ ဥပဒေနဲ့ဆန့်ကျင်ပြီး အမျိုးမျိုးလုပ်ခဲ့ဖူးလို့ပဲ၊ သူဟာ ဓားပြလည်းတိုက်ဖူးတယ်၊ ပြန်ပေးလည်း ဆွဲဖူးတယ်၊ လူလည်း သတ်ဖူးတယ်၊ ခါးပိုက်လည်း နှိုက်ဖူးတယ်၊ ငွေစက္ကူအတုလည်း လုပ်ဖူးတယ်၊ ဒီလို စွယ်စုံလုပ်ကိုင်ဖူးလို့ သူ့ကို လူတွေက ကြောက်ရွံ့နေကြပြီး ဆယ့်နှစ်မျိုးတင်ထွန်းလို့ ချီးကျူးပြီး ခေါ်ကြတာ'

တင်ထွန်းမှာ သူ့ဘက်သူယက်၍ အမွှန်းတင်ကာပြန်ပြောနေသည်။ အနီးတွင် နားထောင်နေရသော ထင်ပေါ်မှာတော့ ဆယ့်နှစ်မျိုးတင်ထွန်း ပြောနေသော စကားများဟုမှတ်ကာ သူ့နားကိုပင် မယုံကြည်နိုင်လောက်အောင် အံ့ဩနေမိသည်။

'သြော်… တော်တော့်ကို စိတ်ဝင်စားစရာ ကောင်းတယ်နော်'

တင်ထွန်း၏ စကားအဆုံးတွင် ခင်ဌေးဝင်းက အံ့ဩသံနှင့် ပြန်ပြောသည်။

ခင်ဌေးဝင်း ပြောအပြီးတွင် ဒေါ်နီနီသည် တင်ထွန်း၏အသံကို ယခုမှ ဂရုပြုမိဟန်နှင့် ဝင်မေးသည်။

'ဒါထက် အစ်ကိုကြီးအသံတွေက ဝင်သလိုလိုဖြစ်နေတယ်နော်၊ ကျွန်မတို့နဲ့ လာတုန်းက ဒီလိုမဟုတ်ဘူး၊ အခုတော့ အစ်ကိုကြီးအသံက တစ်မျိုးဖြစ်နေတယ်၊ ဘာဖြစ်လို့လဲဟင်'

ဒေါ်နီနီကမေးလျှင် တင်ထွန်းမှာ ကွက်ခနဲ မျက်နှာပျက်သွားကာ မည်သို့ပြန်ဖြေရမည်မသိ ဖြစ်နေသည်။ ထင်ပေါ်မှာလည်း ဒေါ်နီနီက မေးတော့မှ တင်ထွန်း၏အသံကို ဂရုပြုမိသည်။ တင်ထွန်းသည် ဒေါ်နီနီ၏အမေးကို ဉာဏ်နီဉာဏ်နက်ထွေဆင်ကာ ဤသို့ ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဩော်… အသံဝင်နေတာကို မေးနေတာလား၊ ဟဲ… ဟဲ… ဒီလိုဗျ၊ စောစောတုန်းက ကျုပ်ဟာ ဒူးရင်းသီးတွေကို စားကောင်းကောင်းရှိတာနဲ့ နင်းကန်စားပစ်လိုက်တာ အပူဝင်သွားတယ် ထင်ပါရဲ့၊ အသံဟာ အခုကြားရတဲ့အတိုင်း ဖြစ်နေတော့တာပဲ'

တင်ထွန်း၏ ဖြီးဖြန်းလိုက်သောစကားကို ဒေါ်နီနီနှင့် ခင်ရွှေးဝင်းတို့က ယုံကြည်သွားကြသော်လည်း ထင်ပေါ်မှာတော့ အံ့အားသင့်လွန်းသဖြင့် ပါးစပ်ကြီးအဟောင်းသားဖြစ်ကာ နေတော့သည်။ အကြောင်းမှာ စံရှားသည် ဒူးရင်းသီးများကို မည်သည့်အခါကမျှ စားသောက်ခြင်းမရှိသောကြောင့်ပင်။

စံရှားသည် ဒူးရင်းသီးကို စားသောက်ရန်ဖယ်ထား၊ အနံ့ပင် ခံနိုင်သူတစ်ယောက် မဟုတ်ပေ။ တစ်ခါတစ်ရံ သူက ဒူးရင်းသီးကို အိမ်သို့ဝယ်ယူကာ စားသောက်လျှင်ပင် စံရှားက…

'ဟော့… ထင်ပေါ်၊ ဒူးရင်းသီးကို မင်းကြိုက်လို့ စားချင်ရင် ဆိုင်မှာစားစမ်းပါကွာ၊ ဒီအနံ့ကြီးကို ငါမခံနိုင်လို့ပါ'

ဟူ၍ ပြောလေ့ရှိသည်။ ထိုမျှ ဒူးရင်းသီးကိုမုန်းသော စံရှားက ဒေါ်နီနီတို့သားအမိကို ဒူးရင်းသီးစားမိသဖြင့် အသံဝင်သွားရပါသည်ဟူ၍ ပြောနေသဖြင့် ထင်ပေါ်မှာ အလွန်အံ့အားသင့်နေခြင်း ဖြစ်သည်။

အံ့အားသင့်နေရာမှလည်း ထင်ပေါ်၏ စိတ်ထဲဝယ် ဆယ့်နှစ်မျိုးတင်ထွန်းဘက် မျက်စောင်းထိုးကြည့်ရင်း စိတ်တွင်းမှ ဤသို့ ပြောနေသည်။

'ဒီအကောင်ဟာ ဒီကနေ့ ပြောပုံ ဆိုပုံ ဝတ်ပုံကအစ သိပ်ကိုထူးနေတာပဲ၊ စိတ်မှန့်သေးရဲ့လား မသိဘူး'



ထိုစဉ် ဒေါ်နီနီ၏အသံမှာ ထွက်ပေါ်လာပြန်သည်။

'အသံတွေကတော့ ဟုတ်ပါပြီ၊ အခု အစ်ကိုကြီးရဲ့ ကိုယ်ပေါ်က အဝတ်တွေကရော တစ်မျိုးပါလား၊ ကျွန်မတို့နဲ့ ရန်ကုန်ကလာတုန်းက ဒီအဝတ်တွေ မဟုတ်ပါဘူး၊ ဘယ်ကများ လဲပြီးဝတ်လာတာလဲဟင်'

ထင်ပေါ်မှာ သူအလွန်မေးချင်နေသော အဝတ်အကြောင်းကို သူ့ကိုယ်စား ဒေါ်နီနီက မေးပေးသဖြင့် စိတ်ထဲမှကြိတ်၍ ဝမ်းသာနေမိသည်။

'ဟဲ… ဟဲ… ဒီအဝတ်တွေလား၊ ဟို… ဟို… ဟိုဒင်းလေ၊ ဒီလိုပါ… အဲ… ရန်ကုန်တုန်းက ဝတ်လာတဲ့ အဝတ်တွေက ဖုန်တွေ မြင်မကောင်းအောင် ပေကျံကုန်တာနဲ့ ဒီကျောက်တန်းမြို့က အသိအိမ်တစ်အိမ်မှာ ဝင်လဲခဲ့တာပဲ၊ သူတို့ကလည်း အဝတ်လဲဖို့ အတင်းတိုက်တွန်းကြတယ်လေ၊ ဒါကြောင့် အဝတ်တစ်မျိုးဖြစ်နေတာပေါ့'

ဆယ့်နှစ်မျိုးတင်ထွန်း၏ စကားအဆုံးတွင်တော့ ထင်ပေါ်မှာ အံ့အားသင့်သည့်ဒဏ်ကို မတားဆီးနိုင်တော့သဖြင့်…

'ဟောဗျ' ဟူ၍ အာမေဍိတ်သံကြီးမှာ ပေါ်ထွက်လာသည်။

တင်ထွန်းမှာ ထင်ပေါ်၏အသံကိုကြားရလျှင် ဆတ်ခနဲ လှမ်းကြည့်ပြီး မေးသည်။

'ဒါက ဘာဖြစ်တာလဲ'

'ဘာမှမဖြစ်ပါဘူး'

ထင်ပေါ်က ခေါင်းကို ခါယမ်းပြရင်း ပြန်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တင်ထွန်းသည် သူတို့တစ်တွေ ပြောဆိုနေကြသည်ကို ဘေးမှအငေးသားနှင့် နားထောင်ကာနေသော ဂျစ်ကားမောင်းသူဘက် လှည့်၍ပြောသည်။

'ကိုင်း… ဘယ်လိုလဲ ကားဆရာ၊ ကားကို စက်မနှိုးဘဲ ဒီလိုပဲနေတော့မှာလား'

တင်ထွန်းက ပြောတော့မှ ကားမောင်းသူမှာ သတိရသွားဟန်နှင့် ဟီးခနဲသွားကြီးဖြီးကာရယ်ရင်း ကားကိုစက်နှိုးတော့သည်။

'စိတ်မဆိုးပါနဲ့ ဘဘကြီး ခင်ဗျား၊ ကျွန်တော်လည်း ဘဘကြီးတို့ စကားပြောနေကြတာကို နားထောင်ကောင်းကောင်းနဲ့ နားထောင်နေမိလို့ ကားစက်နှိုးဖို့ မေ့နေတာပါ၊ အဟီး…'

ကားမောင်းသူသည် ကားစက်ကို နှိုးနေရာမှ ပြန်ပြောပြီးနောက် ကားကို ထိုနေရာမှ မောင်းထွက်သွားသည်။ ခင်ဒွေးဝင်းတို့က ရယ်နေကြသည်။

'ခင်ဗျားရော ဆယ့်နှစ်မျိုးတင်ထွန်းအကြောင်း ကြားဖူးသလားဗျ'

ကားထွက်အသွားတွင် ထင်ပေါ်က ကားမောင်းသူကို မေးသည်။

'အာ… ကြားဖူးတာပေါ့၊ အဲဒီ လူဆိုးကြီးက သိပ်စွမ်းတာဗျ၊ ခုနင်က ဘဘကြီးပြောသွားတဲ့ အတိုင်းပဲ'

ကားမောင်းသူက ဆယ့်နှစ်မျိုးတင်ထွန်း၏ စကားကို ထောက်ခံလိုက်သည်။

'ဘာလဲကွ… မင်းက ငါပြောတာကိုမယုံလို့ အခုလို မေးနေတာလား၊ ဟေ…'



ဆယ့်နှစ်မျိုးတင်ထွန်းက ထင်ပေါ်ကို မျက်စောင်းကြီးခဲကာ ကြည့်ရင်း မေးသည်။

'မ… မ… မဟုတ်ပါဘူးလေ၊ သူရော ကြားဖူးသလားလို့ပါ'

ထို့နောက်တော့ သူတို့တစ်တွေသည် စကားပြတ်သွားကြသည်။ စကားပင် ပြတ်သွားကြသော်လည်း ထင်ပေါ်၏ ခေါင်းထဲတွင်တော့ အောက်ပါအတိုင်း တွေးနေမိသည်။

'ဒီကောင်ဟာ ဘယ်လိုများဖြစ်နေပါလိမ့်၊ ငါ့ကို ပြောဆိုဆက်ဆံတာဟာ တစ်မျိုးပဲ၊ ဘုကျကျ ဘောက်ဆတ်ဆတ်နဲ့၊ အရင်ကနဲ့ နည်းနည်းမှကို မတူဘူး၊ ခင်ဒွေးဝင်းတို့ သားအမိရှေ့မှာမို့ ပါဝါများပြနေတာလား၊ ပြီးတော့လည်း သူ့အဝတ်တွေကို ဒီကျောက်တန်းမြို့က အသိအိမ်တစ်အိမ်က လဲခဲ့တာတဲ့၊ သူ့မှာ ဘယ်ကအသိများ ရှိလို့လဲ၊ အသိရှိတယ်ဆိုတာလည်း ငါဟာ တစ်ခါမှ သူ့အသိဆိုတာ မကြားဖူးဘူး၊ သူကလည်း ပြောမပြဖူးဘူး၊ အခုမှ ဒီစကားကြားရတာ တယ်ဆန်းတာပဲ၊ အဝတ်တွေ ဆောင် လဲလှယ်ပြီး ဝတ်ရပုံထောက်ရင် တော်တော်ရင်းနှီးတဲ့ မိတ်ဆွေတွေထဲက ဖြစ်ရမယ်၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒီကောင့်ကိုတော့ ရန်ကုန်ပြန်မရောက်ခင် ဒေါ်နီနီတို့သားအမိအလစ်မှာ ခေါ်မေးကြည့်ဦးမှပဲ'

ထင်ပေါ်သည် အထက်ပါအတိုင်း တွေးနေစဉ်မှာပင် သူတို့၏ ဂျစ်ကားကလေးမှာ ပါဒကြီးရွာဘက်သို့ ရောက်လာချိန် ကားမောင်းသူက သူတို့ကို မေးသည်။

'ပါဒကြီးရွာတော့ ရောက်လာပြီ၊ အဲဒီရွာက ငါးထပ်ဘုရားကြီးကို ဖူးကြဦးမလား'

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကားမောင်းသူက မေးလျှင် ဒေါ်နီနီက ချက်ချင်းပင် ပြန်ပြောသည်။

'ဟာ… ဖူးမှာပေါ့၊ ဘုရားတွေဖူးဖို့လာတာ၊ မဖူးဘဲနဲ့ ဘယ်နေပါ့မလဲ'

ဒေါ်နီနီက ပြန်ပြောလျှင် ကားမောင်းသူသည် ခေါင်းကို ညိတ်ပြရင်း ငါးထပ်ဘုရားကြီးဘက်သို့ ဂျစ်ကားကိုမောင်းဝင်သွားသည်။

အကြံသမား ထင်ပေါ်မှာ ထိုဘုရားရောက်လျှင်တော့ တင်ထွန်းကို သူငယ်ချင်းဖြစ်သူ စံရှားအမှတ်နှင့် လက်တို့ကာ ဒေါ်နီနီတို့သားအမိနှင့် ဝေးရာနေရာသို့ ခေါ်သွားသည်။

ဆယ့်နှစ်မျိုးတင်ထွန်းမှာလည်း သူ့ကို ထူးထူးခြားခြား လက်တို့ကာခေါ်မှုကြောင့် ဘာကိစ္စများပါလိမ့်ဟူသော သဘောနှင့် ထင်ပေါ် ခေါ်ရာသို့ လိုက်သွားသည်။

ထင်ပေါ်သည် ဘုရားတန်ဆောင်းနှင့် အတန်ငယ်ဝေးရာ သို့ရောက်လျှင် သူ၏နောက်မှ လိုက်ပါလာသော တင်ထွန်းကို လှည့်ကြည့်ပြီး ပြောသည်။

'ဟေ့ကောင်… မင်းလုပ်နေတာတွေက ဘာသဘောလဲ ကွ၊ ဟေ…'

ထင်ပေါ်က တင်ထွန်းကို သူငယ်ချင်းစံရှားအမှတ်နှင့် မင်းနဲ့ ငါတွေသုံးကာ ယခုကဲ့သို့ ပြောသည်။ ထင်ပေါ်၏စကားကို ကြားလိုက်ရသော တင်ထွန်းကတော့ သူ၏သားအရွယ်သာသာ ရှိသေးသောသူက ဖအေအရွယ်လောက်ရှိနေသော သူလိုလူကို ရိုင်းရိုင်းပျပျ သုံးရမည်လောဟု အလွန်ပင် ဒေါပွသွားတော့သည်။



'ဘယ်သူ့ကိုလဲကွ၊ မင်းနဲ့ ငါနဲ့ သုံးနေတာ၊ ဟင်…'

တင်ထွန်းက ဒေါသသံနှင့်မေးသည်။ ထိုအမေးကို ကြားရလျှင် ထင်ပေါ်မှာလည်း လူမှားနေမှန်း မသိဘဲ စံရှားပင်မှတ်နေဖြင့် သူကလည်း ဘုကျကျပင် ပြန်ပြောသည်။

'ဘယ်သူ့ကိုသုံးရမှာလဲ၊ ဒီနေရာမှာ မင်းနဲ့ ငါပဲရှိတာ၊ မင်းကိုသုံးတာပေါ့၊ မင်းကို'

'ဘာကွ… မင်းက ငါ့ကိုလား၊ မင်းနဲ့ငါနဲ့ ပြောတာ'

'အောင်မာ… ကြီးကျယ်လိုက်တာ၊ မင်းလိုကောင်ကို မင်းနဲ့ ငါနဲ့ မပြောလို့ ခင်ဗျား၊ ကျွန်တော်နဲ့ ပြောရမှာလားကွ'

'ပြောရမယ်ကွ၊ ပြောရမယ်၊ ငါက မင်းအဖေအရွယ် လောက် ရှိတယ်ဆိုတာ မသိဘူးလား'

ကိုင်း… ချစ်စွာ စာဖတ်သူ၊ သင်းတို့နှစ်ဦးရဲ့ အဖြစ်ဟာ ရယ်စရာ မကောင်းဘူးလား။ ထင်ပေါ်မှာ သူ့ကို ဒေါသတကြီးနှင့် ပြန်ပြောနေသော ဆယ့်နှစ်မျိုးတင်ထွန်း၏ စကားကြောင့် ဒေါပွသွားတော့သည်။

'ဘာအဖေအရွယ်လောက်လဲ၊ မင်းနဲ့ ငါဟာ သူငယ်ချင်း ပါကွ၊ ဒီလို ဖင်ခေါင်းမကျယ်ပါနဲ့'

'တယ်… ဒီကောင်တော့ ငါလုပ်ရရင် သေတော့မယ်၊ ဘာသူငယ်ချင်းလဲ၊ မင်းအရွယ်နဲ့ ငါ့အရွယ်ဟာ သူငယ်ချင်းဖြစ်ပါ့မလား၊ စဉ်းစားများလည်း ပြောပါဦး'

'ဖြစ်နိုင်တာပေါ့၊ မင်း အခုလို အသိုးကြီးဖြစ်နေတာကို ငါလုပ်ပေးလို့ဆိုတာ သတိရစမ်းပါ၊ အခုမှ ကျေးဇူးမကန်းပါနဲ့ ခွေးကောင်ရဲ့'

www.burmeseclassic.com

www.burmeseclassic.com



ထင်ပေါ်မှာ ဒေါသဖြစ်ဖြစ်နှင့် တင်ထွန်းကို စံရှားအဖြစ် အစွတ်နှင့် တုပ်တော့သည်။

တင်ထွန်းမှာလည်း သားအရွယ်လောက်က ရိုင်းရိုင်းစိုင်းစိုင်းပြောရုံမက သူ့ကိုပါ တိုင်းလားထွာလားနှင့် လုပ်နေမှုကြောင့် ဒေါပွကာ ထင်ပေါ်၏ခေါင်းကို လက်သီးနှင့် ခပ်နာနာကလေး တစ်ချက်ပိတ်ထိုးရင်း ပြောသည်။

'ကိုင်း… ငါ့ကို ဆဲဦးကွာ၊ ဂန်းမသား'

'အောင်မယ်လေးဗျ…'

တင်ထွန်း၏ လက်သီးချက်ကို မိသွားသဖြင့် ထင်ပေါ်မှာ နာကျင်စွာနှင့် အော်မိသည်။

'မင်း… မင်း…မင်း ငါ့ကိုထိုးတယ်ပေါ့လေ၊ ဟင်…'

ထင်ပေါ်မှာ နာကျင်သွားသော ဦးခေါင်းကိုပွတ်ရင်း တင်ထွန်းကို မေးသည်။

'ထိုးတယ်လေ၊ မင်းလို လူကြီးမှန်းမသိ၊ လူငယ်မှန်းမသိတဲ့ အရိုင်းကောင်ကို အခုလိုပဲ ဆုံးမပေးရမယ်၊ နောက်တစ်ခါ မင်းနဲ့ ငါနဲ့ပြောရင် ဒီထက်နာမယ်၊ မှတ်ထား'

တင်ထွန်း ပြန်ပြောနေစဉ်မှာပင် ဒေါ်နီနီနှင့် ခင်မြွေးဝင်းတို့မှာ သူတို့အနီးသို့ ရောက်လာတော့သည်။

'အလို… တူအရီးနှစ်ယောက် ဘာဖြစ်နေကြတာလဲရှင့်'

ဒေါ်နီနီက ဆယ့်နှစ်မျိုးတင်ထွန်းကို ပြုံးရွှင်သော မျက်နှာနှင့် မေးသည်။

'ဟာ… ပြောချင်ပါဘူးဗျာ၊ ဒီအကောင်က ကျုပ်ကို ရိုင်းရိုင်းစိုင်းစိုင်းပြောနေတာနဲ့ ဆုံးမနေတာပါ၊ တော်တော် မိုက်ရိုင်းတဲ့ကောင်ဗျ'



တင်ထွန်း၏ စကားကို ကြားရလျှင် ဒေါ်နီနီမှာ ထင်ပေါ်ကို လှမ်းကြည့်ပြီး ဆုံးမသည်။

'ဟုတ်သားပဲ မောင်ထင်ပေါ်ရယ်၊ ကိုယ့်ဘကြီးကို ရိုရိုသေသေပြောပေါ့၊ မင်းဟာ သိပ်ရိုင်းတာပဲ'

ထင်ပေါ်ကတော့ သူ့ကို ဆုံးမသော ဒေါ်နီနီကို မျက်လုံးကြီးအပြူးသားနှင့်ကြည့်ရင်း 'ကျုပ်က ရိုင်းတာမဟုတ်ဘူး၊ ဒီအကောင်ဟာ အဘိုးကြီးအစစ်မဟုတ်လို့ ပြောနေတာဗျ၊ သိလား' ဟူ၍သာ ပြန်လည်အော်ပြောလိုက်ချင်သည်။ သို့သော် ထိုသို့ပြောလိုက်လျှင် စံရှားမှာသာ နစ်နာသွားမည်မို့ သူသည် သဘောထားကြီးစွာနှင့် မည်သို့မျှ ပြန်မပြောတော့ဘဲ ငြိမ်နေလိုက်သည်။

ထို့နောက်တော့ ထင်ပေါ်သည် စိတ်ကောက်သွားဟန်နှင့် ဂျစ်ကားဆီသို့ တစ်ယောက်တည်း ထွက်လာသည်။ သူထွက်သွားသည်ကို ဒေါ်နီနီတို့ သားအမိနှင့် တင်ထွန်းက နောက်ဘက်မှ ရပ်ကြည့်နေကြသည်။

'ကိုင်း… ကျွန်မတို့ သွားကြစို့လား အစ်ကိုကြီး'

ဒေါ်နီနီက တင်ထွန်းကို မော့ကြည့်ရင်း ပြောသည်။

အကြံသမား တင်ထွန်းမှာ သူတို့နှင့် ဆက်မလိုက်လိုတော့သဖြင့် ဒေါ်နီနီအား ပြုံးရွှင်သောမျက်နှာနှင့် လှမ်းကြည့်ရင်း ပြန်ပြောသည်။

'ကျုပ် မလိုက်သေးဘူးဗျာ၊ ခင်ဗျားတို့ပဲ သွားနှင့်ကြ'

တင်ထွန်း၏စကားကို ကြားရလျှင် ခင်မြွေးဝင်းမှာ အံ့အားသင့်သံနှင့် ဝင်ပြောသည်။

'ဟင်… ဘဘကြီးက ဘာလို့မလိုက်တာလဲ၊ အတူတူသွားကြပြီး ခွဲခြားခွဲခြား မလုပ်ပါနဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ခွဲခြား ခွဲခြားလုပ်တာ မဟုတ်ပါဘူးကွယ်၊ ဘဘကြီးမှာ ကိစ္စရှိသေးလို့ပါ၊ ဒီလိုလုပ်ပါလေ၊ အခု တူမကြီးတို့ သွားနှင့်ကြ၊ သဘော်ဆိပ်ကျတော့ ဘဘကြီးနဲ့ ဆုံကြတာပေါ့'

တင်ထွန်းက ခင်ဌေးဝင်း မျက်နှာကို လှမ်းကြည့်ရင်း ပြန်ပြောသည်။

'ဘာကိစ္စတွေများ ပေါ်နေလို့လဲ ဘဘကြီးရဲ့၊ အဝင်းတို့ကားနဲ့ တစ်ခါတည်းသွားရော ဖြစ်တဲ့ဟာ၊ လာပါ... အဝင်းတို့ကို အားနာမနေပါနဲ့၊ ဘဘကြီးကိစ္စ ပြီးတဲ့အထိ အဝင်းတို့ နေမှာပါ၊ ဟုတ်ပြီလား'

ခင်ဌေးဝင်းက မလွှတ်လိုဟန်နှင့် ပြောနေသည်။

'ကျေးဇူးတင်ပါတယ် တူမကြီးရယ်၊ ဘဘကြီး တွေ့ရမယ့်လူဟာ ဒီပြင် လူစိမ်းတွေနဲ့ တွေ့လို့ မဖြစ်လို့ပါ၊ ကဲ... ကဲ... သွားကြပေတော့'

တင်ထွန်းက အတွင်သာ နှင်နေသဖြင့် နောက်ဆုံးတွင် ခင်ဌေးဝင်းတို့မှာ လက်လျှော့၍ ထိုနေရာမှ ထွက်လာကြသည်။

ဂျစ်ကားပေါ်တွင်တော့ ထင်ပေါ်မှာ စိတ်ကောက်နေသော မျက်နှာနှင့် ထိုင်နေသည်။

ဒေါ်နီနီသည် ထင်ပေါ်၏အနီးသို့ရောက်လျှင် ပြောသည်။

'မောင်ထင်ပေါ်ရေ... မင်းဘကြီးကတော့ ကိစ္စရှိလို့ မလိုက်သေးဘူးတဲ့၊ သဘော်ဆိပ်ကျမှ ဆုံကြရအောင်တဲ့ကွယ့်'

ဒေါ်နီနီသည် ပြောရင်း ဂျစ်ကားနောက်သို့ တက်ထိုင်သည်။ ဒေါ်နီနီ၏စကားကြောင့် ထင်ပေါ်မှာ အံ့သြရပြန်သည်။

'နေပါဦး... သူက ဘာကိစ္စပေါ်ပြန်ပြီလဲ'



'အဲဒါတော့ ဒေါ်ဒေါ်လည်း မသိဘူး၊ မင်းပဲ သွားမေးပေတော့'

'ဟာဗျာ... မေးမနေတော့ပါဘူး၊ သူနဲ့ ကျွန်တော်လည်း စကားပြောလို့ အဆင်ပြေကြတာမှ မဟုတ်ဘဲ၊ ကဲ... ကဲ... သူ မလိုက်ချင်ရင်လည်း သွားကြစို့၊ ကားဆရာ မောင်းပေတော့'

ထင်ပေါ်သည် ဒေါ်နီနီကို ပြန်ပြောရင်းမှ ကားမောင်းသူကို တစ်ဆက်တည်းပြောသည်။ ထင်ပေါ်၏ စကားအတိုင်း ကားမောင်းသူကလည်း တင်ထွန်းကိုထား၍ ထိုနေရာမှ မောင်းထွက်သွားသည်။

တင်ထွန်းကတော့ သူတို့၏ ဂျစ်ကားကလေးကို နောက်ဘက်မှကြည့်ရင်း ဤသို့ တိုးတိုးကလေး ရေရွတ်နေသည်။

'ကျေးဇူးပဲဟေ့... မင်းတို့တစ်တွေ ငါ့ကို လူမှားပြီး ခေါ်လာကြလို့ ငါဟာ ရဲတွေရဲ့လက်က သီသီကလေး လွတ်လာတယ်၊ ဟား... ဟား... ဟား... တင်ထွန်းတို့ကတော့ ကံကိုထူးပါပေတယ်၊ ရဲတွေက မိမယ်ကြံရင် အခုလိုပုံမျိုးနဲ့ချည်း လက်ခောင်ကလေးလွတ်လာတာချည်းပဲ၊ ဟား...ဟား...ဟား...ဟား'

တင်ထွန်းသည် တစ်ယောက်တည်းပြောရင်းမှ တဟားဟားနှင့် အားပါးတရ ရယ်မောနေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်နှစ်)

# စိတ်ကောက်နေသူ

ဒေါ်နီနီတို့မှာ ဘုရားများကို ဂျစ်ကားတစ်စီးနှင့် အနှံ့လျှောက်ဖူးကြပြီးနောက် ရန်ကုန်မြို့သို့ ပြန်ရန်အတွက် သန်လျင်သင်္ဘောဆိပ်သို့သွားကာ တင်ထွန်းကိုစောင့်နေကြသည်။ တင်ထွန်းမှာ သူတို့ကို ဓာမင် တစ်ပတ်ရိုက်ကာ လွှတ်လိုက်သည်မို့ ညနေစောင်းသည့်အချိန်အထိ စောင့်ဆိုင်းကာနေကြသော်လည်း နောက်ဆုံးတွင်တော့ သူတို့သည် လက်လျှော့ကာ သီတာသင်္ဘောနှင့် ရန်ကုန်မြို့သို့ ပြန်လာကြသည်။

ထိုအချိန်တွင် နှုတ်ခမ်းမွေးတစ်ဖက် မရှိတော့သဖြင့် ရန်ကုန်သို့ အမြန်ဆုံးနည်းနှင့် ပြန်လစ်ကာလာသော စံရှားမှာတော့ ထင်ပေါ် ပြန်အလာကို လည်တဆန့်ဆန့်နှင့် တိုက်ခန်းမှနေ၍ စောင့်ကြိုနေသည်။

သူသည် နေ့လယ်ဓာတည်းက ထင်ပေါ်၏အလာကို စောင့်ကြိုနေခဲ့ရာ ည (၇)နာရီထိုးတော့မှ ထင်ပေါ်၏ အခန်းတံခါးခေါက်သံကို ကြားရတော့သည်။



တံခါးခေါက်သံကို ကြားရသည်နှင့် စံရှားသည် ဝမ်းသာအားရနှင့် တံခါးကို ပြေးဖွင့်ပေးပြီး ထင်ပေါ်ကို တွေ့ရသည်နှင့် ဖမ်းကြိမ်းတော့သည်။

'ငါ့လခွီးမှပဲ… ငါ့မှာဖြင့် မင်းကို စောင့်လိုက်ရတာ လည်ပင်းကို တစ်ကိုက်လောက်ရှည်နေပြီ၊ အခုမှပဲ ပြန်လာရသလားကွ'

စံရှားက သွားကြီးကိုဖြီးပြရင်း ထင်ပေါ်ကို ပြောနေသော်လည်း ထင်ပေါ်ကတော့ စံရှားကို အကြီးအကျယ် စိတ်ကောက်နေဟန်နှင့် မျက်နှာကြီး ခပ်တင်းတင်းထားကာ စံရှားမျက်နှာကို လှမ်းမကြည့်ဘဲ ရှေ့မှဖြတ်ကာ အခန်းတွင်းဝင်လာသည်။

စံရှားမှာ သူ၏သူငယ်ချင်း အပြုအမူကြောင့် အလွန်ပင် အံ့အားသင့်သွားတော့သည်။

'ဟေ့ကောင်ကြီး… ဒါကဘာဖြစ်ရတာလဲကွ၊ပြောပါဦး'

စံရှားသည်ထင်ပေါ်၏နောက်သို့ လိုက်သွားပြီးမေးသည်။

ထင်ပေါ်ကတော့ စံရှား၏မျက်နှာကို မကြည့်လိုဟန်နှင့် တစ်ဖက်သို့လှွဲရင်း ကုလားထိုင်တွင် ထိုင်နေသည်။ စံရှားမှာ ထင်ပေါ်၏ အပြောင်းလဲကြီး ပြောင်းလဲကာနေသော အမူအရာကို ကြည့်၍ ပါးစပ်ကြီးအဟောင်းသားနှင့် အံ့အားသင့်နေတော့သည်။

'ဟေ့ကောင်… ထင်ပေါ်၊ ဒါက ဘယ်လိုအဖြစ်မျိုးဖြစ်နေတာလဲကွ၊ သန်လျင်ကအပြန် ရည်းစားပူပဲ မိနေလို့လား၊ ဒါမှမဟုတ် လူပြုစားပဲ ခံလိုက်ရလို့ ရူးလာတာလားကွ ဟေ… ပြောစမ်းပါဦး၊ ဟား… ဟား… ဟား…'

သူ့အပေါ်တွင် ထင်ပေါ်က စိတ်ကောက်နေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



လုံး၀မသိသေးသော စံရှားကတော့ ရယ်ရယ်မောမောနှင့် ပြောနေသည်။ ထင်ပေါ်မှာ စံရှား၏ရယ်သံကြောင့် ဒေါသထွက်လာဟန်နှင့် စံရှားကို လှမ်းမာန်တော့သည်။

'ဟေ့ကောင် စံရှား၊ ငါ့ကို စကားမပြောဘဲနေရင် ကောင်းမယ် သိလား'

'အလို… ဘာဖြစ်လို့လဲကွ၊ ဒီအိမ်မှာ မင်းနဲ့ ငါနဲ့ နှစ်ယောက်တည်းရှိတာ၊ မင်းကိုမပြောရင် ငါက ဘယ်တိရစ္ဆာန်ကို စကားပြောရမှာလဲ၊ ဟား… ဟား… ဟား…'

စံရှားကတော့ အရယ်မပျက်ဘဲ ပြန်ပြောနေသည်။

'မင်းနော် မင်း… ငါစိတ်ထွက်လာရင် ထထိုးမိလိမ့်မယ်၊ ဒါပဲ၊ သူငယ်ချင်းချင်း ရန်မဖြစ်ချင်ရင် ငါ့အနားက ရှောင်နေစမ်းကွာ၊ မင်းကို ငါ ဒေါသထွက်လွန်းလို့ပါ'

'ဘုရား… ရေတစ်ထမ်းပြားငါးဆယ်'

ထင်ပေါ်၏ စကားကို ကြားရလျှင် စံရှားသည် အံ့သြသံနှင့်ပြောပြီး လျှာကလေးကို ထုတ်လိုက်မိသည်။

'ဟေ့ကောင်… ငါကောင်းကောင်းပြောနေတာ မရဘူးလား၊ ဘာလဲ… မင်းက ငါ့ကို ဒေါသမဖြစ်ဖြစ်အောင် လုပ်နေတာလား စံရှား'

ထင်ပေါ်မှာတော့ ဒေါသအလွန်ထွက်နေဟန်နှင့် အသံများပင် တုန်နေသည်။ ထိုအခါတွင်တော့ စံရှားမှာ သူငယ်ချင်းဖြစ်သူကို ဆက်၍နောက်ပြောင်မနေတော့ဘဲ စိတ်ထိခိုက်သောအသွင်နှင့် ထင်ပေါ်ကို ပြန်မေးသည်။

'ဩော်… မင်းက ငါ့ကို တကယ်ပဲ စိတ်ဆိုးနေတာကိုး၊ ငါကတော့ နောက်နေတယ်မှတ်လို့ပါ၊ ကဲ… ကဲ… ပြောစမ်းပါဦး၊ ငါ့အပေါ်မှာ ဘယ်လိုမကျေနပ်တာတွေများ ရှိနေလို့လဲ ထင်ပေါ်၊ ရှင်းရှင်းဖွင့်ပြောစမ်းကွာ'



စံရှား၏စကားအဆုံးတွင် ထင်ပေါ်က သရော်ပြုံးကလေး တစ်ချက် ပြန်လည်ပြုံးပြသည်။ ပြီးတော့ သူ၏မျက်နှာကို တခြားသို့လွှဲထားသည်။

'ဟေ့ကောင်ကြီး… ဒီလိုတော့ ကုလားမူ မူမနေနဲ့ကွာ၊ ငါ့အပေါ်မှာ ဘယ်လိုအပြစ်တွေရှိလို့ အခုလို စိတ်ဆိုးနေတယ်ဆိုတာ ဖွင့်ပြောဦးလေ၊ ဒါမှ ငါက ပြန်ဖြေရှင်းနိုင်မှာပေါ့ကွ'

ဒုတိယအကြိမ် စံရှားထံမှ စကားပေါ်လာတော့မှ ထင်ပေါ်က အသံမာမာနှင့် ပြန်ပြောတော့သည်။

'မင်းမှာ ဘယ်လိုအပြစ်တွေ ရှိနေတယ်ဆိုတာ မင်းမသိဘူးလား စံရှား'

'ဟ… မသိလို့ မေးနေတာပေါ့၊ သိမှဖြင့် အာညောင်းခံပြီး မေးနေ၀ါ့မလား'

စံရှား၏ စကားအဆုံးတွင် ထင်ပေါ်မှာ မရယ်ချင့် ရယ်ချင်ရယ်ရင်း ပြောသည်။

'ဟဲ… ဟဲ… ရယ်စရာတော့ တော်တော်ကောင်းတဲ့ကောင်၊ ဒီမှာ စံရှား၊ မင်းဟာလေ ရုပ်ရှင်မင်းသား ၀င်လုပ်နေမှ ကောင်းတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့အမူအရာတွေက အင်မတန်ကို ပြောင်မြောက်လွန်းအားကြီးလို့ပဲကွ၊ သိလား'

'ဒီမှာဟေ့… ငါ့ကို ဒီလိုတော့ ငေါ့မနေစမ်းနဲ့ကွာ၊ ရှင်း ရှင်းကလေးသာ ဖွင့်ပြောစမ်းပါ၊ မင်းနဲ့ ငါဟာ အရင်းဆုံး သူငယ်ချင်းပါ၊ ဒီလောက်ချစ်ကြတဲ့ သူငယ်ချင်းချင်း ပေါ်၀မ်းကွဲတာမျိုးကို ငါမလိုလားဘူးကွ၊ သိလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ဟား… ဟား…'

စံရှား၏ စကားအဆုံးတွင် ထင်ပေါ်က ဟက်ဟက်ပက်ပက်ကြီး ရယ်ချသည်။

စံရှားမှာမူ ထင်ပေါ်၏ အပြုအမူကို နားမလည်ဟန်နှင့် ငေးကြည့်နေသည်။

ထင်ပေါ်သည် ရယ်၍အပြီးတွင် စံရှားကို ခပ်မဲ့မဲ့ကလေးနှင့် ကြည့်ရင်း ပြောသည်။

'တော်စမ်းပါကွာ၊ အခုမှ ဒီစကားမျိုးတွေကို ပြောမနေစမ်းပါနဲ့၊ မင်းဟာက ဘုန်းကြီးခေါင်းကို သေသေချာချာခေါက်ပြီးမှ ကန်တော့ ကန်တော့ဆိုတာမျိုးလိုဖြစ်နေတယ်။ မင်းလုပ်ခဲ့ပုံတွေဟာ ဘယ်လောက်တရားလွန်တယ်ဆိုတာ မင်းသိလား၊ ဟင်…'

'မသိလို့ မေးနေတာပေါ့ကွ၊ ဒီစကားကို စောစောကလည်း တစ်ခါပြောခဲ့ပြီးပြီ၊ အေး… အခုလည်း ထပ်ပြောပြီ၊ ငါ့အနေနဲ့ ပြောရရင် မင်းအပေါ်မှာ ငါဟာ အခုလို စိတ်ဆိုးလောက်အောင် ဘာအပြစ်မှ လုပ်ခဲ့ဖူးတယ် မထင်ဘူးကွ၊ ဒီတော့ မင်းပါးစပ်က ဖွင့်ပြောမှပဲ သိရမှာ'

စံရှားက မျက်နှာငယ်ကလေးနှင့် ပြောပြနေသည်။ ထင်ပေါ်သည် စံရှား၏မျက်နှာကို သေသေချာချာစိုက်ကြည့်ကာ အကဲခတ်နေသည်။ သူ့ကို ယခုပြောနေသော စံရှား၏မျက်နှာတွင် လိမ်လည်ကောက်ကျစ်သော ဟန်မျိုး လုံးဝမပေါ်ပေ။ အရိုးခံ အမူအရာနှင့်ပြောနေသည်ကို တွေ့ရသည်။ ထိုအမူအရာကိုကြည့်၍ ထင်ပေါ်၏စိတ်ထဲတွင် တွေးရခက်သွားတော့သည်။ အကယ်၍ သာ သန်လျင်ဘက်တွင် သူ့ကို အနိုင်ကျင့်၍ ဆက်ဆံခဲ့သူမှာ စံရှားမဟုတ်ဘဲ ဆယ့်နှစ်မျိုး တင်ထွန်းသာဖြစ်သည်ကို သိရလျှင်



သူ့အနေနှင့် စံရှားကို ခွင့်လွှတ် နိုင်မည်ဖြစ်သော်လည်း ယခုမူ သူ၏စိတ်ထဲတွင် စံရှားက ပြုလုပ်ခဲ့သည်ဟု ထင်မှတ်နေမှုကြောင့် ထင်ပေါ်မှာ စံရှားအပေါ်တွင် ခွင့်မလွှတ်နိုင်ဘဲ ဖြစ်နေသည်။

'မင်းကတော့ စွတ်သာဘူးကွယ်နေတော့တာပဲနော်၊ ဒီမှာ စံရှား၊ မင်းဟာ အမူအရာ ဘယ်နှမျိုးလောက် ကျွမ်းကျွမ်းကျင်ကျင်ကြီး လုပ်တတ်သလဲကွ'

'ဟော… လုပ်ပြန်ပြီ၊ ဒီကောင်နဲ့တော့ ခက်နေပါပြီ၊ မင်းက ဘာကိုဆိုလိုတာလဲ၊ စကားကို သွယ်ဝိုက်မနေပါနဲ့ကွာ၊ ရှင်းရှင်းပြောစမ်းပါ၊ မင်း အခုလို ဝေ့လည်ကြောင်ပတ်ပြောနေတာတွေ ငါနားမလည်ဘူး'

'ကောင်းပြီ၊ မင်းက အခုမှ မသိဟန်ဆောင်နေတော့လည်း ငါက ပြောရသေးတာပေါ့၊ ဒီမှာကွ… ကျောက်တန်းရေလယ်ဘုရားမှာတုန်းက မင်းဟာ ငါ့ကို ဘယ်လိုပြောပြီး ပြန်သွားသလဲ'

'ဟ… ဘယ်လိုပြောပြန်ရမှာလဲ၊ မင်းမြင်တဲ့အတိုင်း ငါ့နှုတ်ခမ်းမွေးတစ်ဖက်ဟာ ရေထဲကျပြီး ငါးတစ်ကောင်က မျိုချသွားလို့ ခင်ချေးဝင်းတို့ဆီမှာ မနေဝံ့တော့ဘဲ တိတ်တိတ်ကလေး လစ်ပြေးသွားတယ်လေ၊ မင်းကိုလည်း ခင်ချေးဝင်းတို့မေးရင် ကြည့်ဖြေလိုက်ပါလို့ ပြောသွားတယ် မဟုတ်လား'

'မှန်တယ်၊ ငါ့ကိုတော့ ဒီအတိုင်းပဲ မှာသွားတာပဲ၊ ငါက လည်း မင်းအတွက် ခင်ချေးဝင်းတို့ကို ဖုံးဖုံးဖိဖိနဲ့ပြောခဲ့တယ်၊ ဒီလို ပြောတဲ့အခါ သူတို့သားအမိကလည်း ကျေနပ်သွားကြပါတယ်'

'ဟ… ဒါဆို ပြဿနာက ရှင်းနေပြီပဲ၊ ငါ့ကို စိတ်ဆိုးစရာ ဘာရှိလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



ထင်ပေါ်၏ စကားမဆုံးမီ စံရှားက ဖြတ်ပြောသည်။

'နေဦး… နေဦး စံရှား၊ ငါ့ကို ဒီလို အပါးနှပ်မသွားနဲ့၊ ပြောစရာတွေ ကျန်သေးတယ်၊ အဲဒီလို ငါ့ကိုပြောသွားပြီး မင်းဟာ ဘာလို့ ရန်ကုန်ကို မပြန်တာလဲ၊ ပြောပါဦး'

ထင်ပေါ်၏ စကားကို ကြားရလျှင် စံရှားမှာ အံ့အားသင့်သွားတော့သည်။

'ဟေ… ငါက ရန်ကုန်ကို မပြန်ဘူးလား'

'အောင်မာ… ဟုတ်လားတွေ ဘာတွေနဲ့ ငါလာပြီး အကြောင်းရိုက်ပြန်ပြီ'

'အကြောင်းရိုက်တာ မဟုတ်ဘူးကွ၊ မင်းပြောတာတွေ ငါ နားမလည်လို့ မေးနေတာ၊ ငါကတော့ မင်းကိုပြောပြီး ငါ့ မျက်နှာပေါ်က အဘိုးကြီးအဖြစ် ခြယ်သထားတဲ့ မင်းရဲ့မိတ်ကပ်တွေကို ရေနဲ့ဖျက်ပစ်ခဲ့တယ်၊ နောက် ကူးတို့သမ္ဗာန်ပေါ်တက်ပြီး ရန်ကုန်ကို အမြန်ဆုံးလစ်ပြေးလာတာပဲ၊ ငါ ဒီတိုက်ကိုပြန်ရောက်တော့ နှစ်နာရီတောင် ထိုးနေပြီ၊ ကဲ… ရှင်းပြီလား'

'မရှင်းပါဘူး ခင်ဗျာ၊ ပြီးတော့ ဒီကို ပြန်ရောက်နေတယ် ဆိုတာလည်း မဟုတ်ပါဘူး၊ ငါနဲ့ ခင်ဒွေးဝင်းတို့ သားအမိ ရေလယ်ဘုရားက ပြန်လာပြီး ကားပေါ်အတက်မှာ မင်းနဲ့ တွေ့ကြသေးတယ်လေ၊ ဒါကို မေ့နေပြီလား'

စံရှားမှာ ထိုစကားကို ကြားရလျှင် အံ့အားသင့်သွားတော့သည်။

'ဟယ်… မင်းကလည်း မဖြစ်နိုင်တာတွေ ပြောနေပြန်ပါပြီ၊ မင်းတို့နဲ့ ငါဟာ တွေ့ကို မတွေ့ပါဘူးကွ၊ သေသေချာချာ များ စဉ်းစားပြောစမ်းပါ'



'စဉ်းစားပြောနေစရာ မလိုဘူး၊ ငါကိုယ်တိုင် ဟောဒီနား၊ ဟောဒီမျက်စိ၊ ဟောဒီပါးစပ်နဲ့ မင်းကို တွေ့ခဲ့ရလို့ ပြောတာကွ၊ ပြီးတော့ မင်းဟာ အခုရုပ်မျိုးနဲ့ မဟုတ်ဘူး၊ ဦးတုတ်ကြီးအဖြစ်နဲ့ပဲ တို့တွေ့ခဲ့ရတာ၊ မင်း ဘာပြောချင်သေးသလဲ'

ထင်ပေါ်မှာ သူ့ကို စံရှားက တမင်အကြောင်းရိုက်ကာ ပြောနေသည်ထင်သဖြင့် ဒေါသတကြီးနှင့် အော်ပြောနေတော့သည်။

'ဒုက္ခပါပဲ ထင်ပေါ်ရယ်၊ မင်းဟာ ရူးများနေသလားကွာ၊ နှုတ်ခမ်းမွေးတစ်ဖက်မရှိတော့တဲ့ ငါဟာ ဘယ်လိုလုပ်ပြီး ခင်ဒွေးဝင်းတို့ကို အတွေ့ခံဝံ့မှာလဲကွ၊ ဧကန္တ မင်းတို့ လူမှားနေပြီထင်တယ်၊ ငါကတော့ ရန်ကုန်ကို တစ်ချိုးတည်း တန်းပြန်ခဲ့တာ အမှန်ပါပဲ၊ မင်း မယုံရင် ဟောဒီ တို့အောက်ထပ်က ကိုမြကို မေးကြည့်၊ ငါပြန်လာတာ နေပူကြီးထဲမို့ သူကတောင် 'ဟဲ့လူ… နေပူကြီးထဲမှာ ထီးမပါ ဘာမပါနဲ့ ပြန်လာသလားဗျ' လို့တောင် ဆီးပြောသေးတယ်'

'အေး… မင်းမှာချည်း သက်သေပြစရာရှိတယ် မထင်နဲ့၊ ငါ့မှာကလည်း ခင်ဒွေးဝင်းတို့သားအမိ သက်သေပြနိုင်တယ်။ မင်းမယုံရင် အခုသွားသာမေးကြည့်ပေတော့၊ ပြီးတော့ မင်းဟာ အဝတ်တွေကိုလည်း ကျောက်တန်းမြို့က အသိအိမ်တစ်အိမ်မှာ လဲဝတ်ခဲ့တယ်တဲ့၊ ဒီတော့ သန်လျင်ကိုသွားတုန်းက မင်းအဝတ်တွေ အိမ်မှာရှိသလား၊ ပြစမ်း'

ထင်ပေါ်က စံရှားကို အပိုင်ကိုင်၍ မေးသည်။

'အယ်… ရှိပါတယ် ခင်ဗျာ၊ ရှိပါတယ်၊ ငါဟာ ဘယ် အဝတ်ကိုမှ လဲပြီးမဝတ်ခဲ့ပါဘူး၊ လဲဝတ်ရအောင် ငါ့အသိဟာ

www.burmeseclassic.com

www.burmeseclassic.com



လည်း ကျောက်တန်းမှာမရှိပါဘူး၊ နေဦး… ငါယူပြမယ်'

စံရှားသည် ပြောရင်းမှ ထရပ်ကာ သန်လျင်သို့သွားစဉ်က ဦးတုတ်ကြီးအဖြစ်ဖြင့် ဖန်တီးကာ ဝတ်သွားသော အဝတ်များကို ယူရန် သူ၏အခန်းသို့ ထွက်သွားသည်။

ထင်ပေါ်ကတော့ ထိုင်ရာမထ စံရှားကို ကြည့်နေသည်။ မိနစ်ဝက်ခန့်အကြာတွင် စံရှားသည် သန်လျင်သွားစဉ်က သူဝတ်ခဲ့သော အဝတ်များကိုယူ၍ ထွက်လာသည်။

'ကိုင်း… ဟောဒီဟာတွေပဲ၊ မင်းတို့နဲ့ သွားကြတုန်းက ဘဘကြီးတုတ်ကြီးအဖြစ် ငါဝတ်သွားတဲ့ အဝတ်တွေ'

စံရှား၏ စကားများကိုကြားရလျှင် ထင်ပေါ်မှာ ဦးနှောက်ခြောက်သွားတော့သည်။

'အင်း… ဒီလိုဆိုတော့လည်း တွေးရခက်နေပြန်ပြီ ဒါပေမဲ့ကွာ… မင်းဟာ ငါတို့နဲ့ ငါးထပ်ဘုရားကြီးမှာ ပြန်ပြီး ခွဲထွက်သွားတဲ့အတွက် ဒီအဝတ်တွေကိုလည်း ပြန်လဲဝတ်လာရင် ဖြစ်နိုင်တာပဲ'

ထင်ပေါ်က သူ့အတွေးကို ပြောပြသည်။

'မဟုတ်တာပဲ ထင်ပေါ်ရယ်၊ ငါဟာ မင်းပြောတဲ့ ငါးထပ်ကြီးဘုရားကို မရောက်ခဲ့ပါဘူး၊ အဆင်သင့်တွေကရတဲ့ ဘတ်စ်ကားနဲ့ သန်လျင်ဆိပ်ကမ်းအရောက် ပြန်လာတာပါ၊ ဒီမှာ ငါ့ကို ရှင်းရှင်းကလေး အစကနေ အဆုံး ပြောပြစမ်း၊ ငါမရှိတဲ့ နောက်ပိုင်း မင်းတို့တစ်တွေ ဘာဖြစ်ခဲ့ကြတယ်ဆိုတာ၊ မင်းပြောတာတွေ နားထောင်ပြီးရင် ငါကလည်း ပြန်ရှင်းပါ့မယ်'

စံရှားက ပြောလျှင် ထင်ပေါ်သည် ဆယ့်နှစ်မျိုးတင်ထွန်းနှင့် ကမ်းနားဘုရားတွင် တွေ့ခဲ့ရသည်မှ အစ၊ ရဲများက လာခေါ်



သည် အလယ်၊ ငါးထပ်ဘုရားကြီးတွင် သူ့ထိပ်ကိုထိုးပြီး ဇူချင်းခွဲခွာခဲ့သည် အဆုံး တစ်လုံးမကျန် ပြောပြနေသည်။

စံရှားမှာတော့ ထင်ပေါ်၏စကားကို နားထောင်ရင်း ယုံရအခက် မယုံရအခက် ဖြစ်နေတော့သည်။

'မင်း… မင်း… အခုပြောနေတာတွေဟာ အမှန်တွေပဲလား၊ ဒါမှမဟုတ် ဝတ္ထုထဲက ဇာတ်လမ်းကို ပြောနေတာလားကွာ'

ထင်ပေါ်၏ စကားအဆုံးတွင် စံရှားက ပြန်မေးသည်။

'ဘယ်ကလာ ဝတ္ထုထဲက ဟာတွေရမှာလဲ၊ အမှန်တွေကို ပြောပြနေတာပေါ့ကွ၊ အေးလေ… မင်းမယုံရင် ခင်မွေးဝင်းတို့သားအမိကို မေးကြည့်ပေါ့၊ ငါ့မှာ သက်သေပြနိုင်ပါတယ် စံရှားရယ်'

'အေး… မင်းမှာ သက်သေပြနိုင်ရင်တော့ ငါကလည်း ယုံရမှာပေါ့၊ ဒါပေမဲ့ အဲဒီ မင်းတို့နဲ့ တွေ့ရတယ်ဆိုတဲ့ အဘိုးကြီးဟာ ငါမဟုတ်ဘူးဆိုတာကိုတော့ ကျမ်းကျိန်ပြီးပြောရဲတယ်၊ ပြီးတော့ မင်းသိတဲ့အတိုင်းပဲ၊ ငါဟာ ဒူးရင်းသီးလည်း စားတာမဟုတ်ဘူး၊ ပြီးတော့ သန်လျင်ကိုလည်း ရောက်ဖူးတာမဟုတ်တော့ ဘယ်အသိအိမ်က အဝတ်ဝင်လဲရမှာလဲ၊ နောက်တစ်ချက်ကလည်း ငါ့နှုတ်ခမ်းမွေးတစ်ဖက်က ဘယ်ကနေရလို့ ငါဟာမင်းတို့နဲ့ လာတွေ့ရမှာလဲ၊ ဒီတော့ မင်းတို့ တွေ့ခဲ့ရတယ်ဆိုတဲ့လူဟာ ငါတော့ မဟုတ်ဘူး၊ ငါနဲ့ ရုပ်ချင်းခွဲမရအောင်တူတဲ့ ဒွိဗြင် အဘိုးကြီးဖြစ်မှာပဲကွ၊ ဆန်းတော့ တော်တော်ဆန်းတယ်'

စံရှားသည် တအံ့တဩနှင့် ထင်ပေါ်ကို ပြန်ပြောသည်။

ထင်ပေါ်မှာလည်း ယခုအခါတွင်တော့ စံရှား၏စကား

www.burmeseclassic.com

www.burmeseclassic.com



များကို ယုံကြည်စပြုပြီမို့ စိတ်ဆိုးပြေသွားသည်။

'အင်း… စဉ်းစားရတော့ တော်တော်ကျပ်တဲ့ကိစ္စပဲကွ၊ အဲဒီ အဘိုးကြီးရဲ့ရုပ်ကတော့ မင်းရဲ့ ဘဘကြီးရုပ်နဲ့ ချွတ်စွပ်ပဲကွ၊ ဘယ်အထိအောင်များ တူသလဲဆိုရင် လမ်းသွားပုံလာပုံရော၊ အရုပ်အမောင်းရောဟာ မင်းရဲ့ အဘိုးကြီးရုပ်အတိုင်းပဲ၊ အေး… တစ်ခုပဲရှိတယ်၊ အဲဒါကတော့ အသံပဲ၊ သူ့အသံက ဝင်နေသလို အသံအက်ကြီးကွ'

'ဟော့… ငါ အခုမှစဉ်းစားမိတယ်၊ အဲဒီအဘိုးကြီးဟာ ရဲဘက်ကအလိုရှိနေတဲ့ ဆယ့်နှစ်မျိုးတင်ထွန်းဆိုတာများလားကွာ'

စံရှားက သူစဉ်းစားရသည်ကို ပြောပြသည်။

'ဟာ… မင်း အခုပြောမှ ငါလည်း စဉ်းစားမိတော့တယ်၊ ဟုတ်လိမ့်မယ်ကွ၊ ဆယ့်နှစ်မျိုးတင်ထွန်း ဖြစ်ဖို့များတယ်၊ တောက်… စောစောကမသိတာ နာလိုက်တာကွာ'

'နာတာက ကိစ္စမရှိဘူး မောင်၊ တော်ကြာ ရဲဘက်က မင်းတို့ကိုပါ မသင်္ကာဖြစ်နေမှာစိုးရတယ်'

'မသင်္ကာဖြစ်လည်း မတတ်နိုင်ဘူးလေ၊ ဒီအကြောင်းကို ငါတို့မှမသိတာ၊ သိမှဖြင့် ရဲတွေလက်ကို အပ်လိုက်မှာပေါ့ကွ'

ထင်ပေါ် ပြန်ပြောနေစဉ်တွင် အခန်းတံခါးခေါက်သံမှာ ပေါ်ထွက်လာသည်။

ထိုအသံကြောင့် စံရှားနှင့် ထင်ပေါ်တို့မှာ ပြိုင်တူ တံခါးဆီသို့ လှမ်းကြည့်ကြပြီးနောက် တစ်ဦးမျက်နှာကို တစ်ဦး ကြည့်နေကြသည်။

'တံခါးခေါက်နေတယ်၊ ဘယ်သူများလဲ မသိဘူး'

ထင်ပေါ်သည် ပြောရင်း ထိုင်ရာမှထကာ တံခါးဆီသို့



ထွက်သွားသည်။ စံရှားလည်း နောက်မှ လိုက်သွားသည်။ တံခါး အနီးသို့ရောက်လျှင် ထင်ပေါ်က တံခါးချက်ကို ဖွင့်ပေးသည်။ သူတို့ တွေ့မြင်ကြရသူများမှာ ရဲအရာရှိတစ်ဦးနှင့် ရဲသားနှစ်ဦး ဖြစ်လေသည်။

ထိုရဲများကိုမြင်ရလျှင် ထင်ပေါ်သည် ကျောက်တန်းမြို့တွင် သူတို့ကို လာရောက်စစ်ဆေးသော ရဲများဖြစ်သည်ကို ချက်ချင်းပင် မှတ်မိသည်။

'ကျွန်တော်တို့ကို သိပါတယ်နော်၊ ဟဲ… ဟဲ…'

ရဲအရာရှိများက သွားများကိုဖြီးပြရင်း ထင်ပေါ်ကို မေးသည်။

'ဟုတ်… ဟုတ်ကဲ့… သိပါတယ်၊ ကြွပါ ခင်ဗျာ၊ ဘာကိစ္စရှိလို့ပါလဲ'

ထင်ပေါ်က အခန်းတွင်းသို့ ဖိတ်ခေါ်သည်။ ရဲများသည် အခန်းတွင်းသို့ မျက်စိကစားကာကြည့်ရင်း ဝင်လာသည်။

'ဒီအိမ်မှာနေတဲ့ ဦးတုတ်ကြီးဆိုတဲ့လူကို တွေ့ချင်လို့ပဲ၊ အဲဒါ တစ်ဆိတ်ခေါ်ပေးပါဗျာ'

အခန်းတွင်းသို့အရောက်တွင် ရဲအရာရှိက ပြောသည်။ ဤတွင် အနီးတွင်ရှိသော စံရှားက ဝင်ပြောသည်။

'ဟုတ်ကဲ့… ကျွန်တော့်ကို ဘာကိစ္စတွေ့ချင်တယ်ဆိုတာ သိပါရစေ'

စံရှား၏စကားကိုကြားရလျှင် ရဲအရာရှိမှာ မျက်လုံးပြူး သွားတော့သည်။ ပြီးတော့ စံရှားကို အူကြောင်ကြောင်နှင့် ကြည့်ရင်း ပြန်ပြောသည်။

'ခင်ဗျားကို ဘယ်သူက တွေ့ချင်တယ်ပြောလို့လဲဗျ'

www.burmeseclassic.com



'နို…  ဦးတုတ်ကြီးကို တွေ့ချင်တယ်ဆို'

'ဟုတ်တယ်လေ၊ ဦးတုတ်ကြီးကိုသာ တွေ့ချင်တာ၊ ခင်ဗျားကို တွေ့ချင်တာမှ မဟုတ်ဘဲ'

'ဦးတုတ်ကြီးဆိုတာ ကျွန်တော်ပဲဗျ'

'ဘ… ဘ… ဘာ… ဘာ… ဘာ… ဘာ…'

စံရှား၏စကားကြောင့် ရဲအရာရှိမှာ တအံ့တသြဖြစ်ကာ စကားတွေ ထစ်ထစ်ငေါ့ငေါ့ ဖြစ်ကုန်သည်။ ထင်ပေါ်ကလည်း စံရှားသည် ဦးတုတ်ကြီးဖြစ်ကြောင်း ဝင်၍ထောက်ခံပြန်သည်။

'ဟုတ်ပါတယ်ဗျ၊ ခင်ဗျားတို့တွေ့ချင်တဲ့ ဦးတုတ်ကြီးဆိုတာ သူပဲ'

ထိုအခါတွင်တော့ ရဲအရာရှိမှာ သူတို့နှစ်ဦးကို အရူးသဖွယ် ကြည့်နေပြီးနောက် သူ၏နောက်တွင် ပါလာသော ရဲသားနှစ်ဦးဘက်သို့လှည့်ကာ ပြောသည်။

'ကိုင်း… တို့တော့ ဂျောက်ပဲဟေ့၊ စိတ်မနှံ့တဲ့လူတွေနဲ့ လာတွေ့နေကြပြီ၊ ဘယ်လိုလုပ်မလဲ'

ရဲအရာရှိက ပြောလျှင် ပခုံးတွင် စတင်းသေနတ်များကို ကိုယ်စီလွယ်ထားကြသော ရဲသားနှစ်ဦးမှာ ထင်ပေါ်နှင့် စံရှားတို့၏ မျက်နှာများကိုကြည့်ကာ သူတို့၏သေနတ်ကို အလုမခံရစေရန် လက်ထဲတွင် တင်းကျပ်စွာ ဆုပ်ကိုင်ထားကြသည်။ လူကိုလည်း စံရှားတို့နှင့် ဝေးရာသို့ ရွှေ့ကာနေကြသည်။

'ကျွန်တော်တို့ဟာ စိတ်မနှံ့လို့ ဒီလိုပြောနေကြတာ မဟုတ်ပါဘူး၊ ဦးတုတ်ကြီးဆိုတာဟာ ဟောဒီက စံရှားမို့ သူပါပဲလို့ ပြောနေတာပါ'

ထင်ပေါ်က ထပ်မံ၍ ပြန်ပြောသည်။



'ဟာ… မဖြစ်နိုင်တာဗျာ၊ ဒီလူက ငယ်ငယ်ကလေး ရှိသေးတာပဲ၊ ကျွန်တော်တို့ တွေ့ချင်တဲ့ ဦးတုတ်ကြီးဆိုတာက အဘိုးကြီးပါ၊ အသက်ငါးဆယ်ကျော်နေပြီ'

'ဟုတ်ပါတယ်၊ အဲဒီလူဟာ သူပါပဲ'

'ဟာဗျာ… မဖြစ်နိုင်တာတွေ ပြောနေပြန်ပါပြီ'

ရဲအရာရှိကလည်း ပြန်ငြင်းသည်။

'ဖြစ်နိုင်ပါတယ်ဗျ၊ ကျွန်တော်တို့ လိမ်ပြောနေတာ မဟုတ်ပါဘူး၊ ပြီးတော့ ရူးနေလို့ပြောနေတာလည်း မဟုတ်ပါဘူး၊ ထဲ… လာ… ကျွန်တော်ဟာ ဦးတုတ်ကြီးဖြစ်ကြောင်း သက်သေပြမယ်'

စံရှားသည် ပြောရင်းမှ ရဲအရာရှိ၏လက်ကို ဖမ်းဆွဲကာ အခန်းတွင်းသို့ ခေါ်သည်။

သူတို့ကို အရူးတွေဟု မှတ်ထင်နေသော ရဲအရာရှိမှာ စံရှားက လက်ဆွဲခေါ်လျှင် ကြောက်လန့်တကြားနှင့် ရုန်းရင်း ပြန်ပြောသည်။

'ဟာ… ဟာ… ဘယ့်နှယ် ကျုပ်လက်ကို ဆွဲနေတာလဲ၊ လွှတ်ပါဗျ၊ မ… မ… မလိုက်ပါရစေနဲ့၊ ဟေ့ကောင်တွေ… ဘာငေးကြည့်နေတာလဲ၊ ငါ့ကို ကူကြဦးလေကွာ၊ ရှီးမှပဲ'

ရဲအရာရှိမှာ သူ့ကိုငေးကြည့်နေသော ရဲသားနှစ်ဦးဘက်သို့ပါ လှမ်းအော်ကာပြောပြီး အကူအညီတောင်းသည်။ ထိုအခါတွင်တော့ ရဲသားနှစ်ဦးမှာ ငေးကြည့်မနေကြတော့ဘဲ သူတို့၏ ရဲအရာရှိကို ပြန်၍ဆွဲထားကြသည်။

တစ်ဖက်မှလည်း စံရှားက ဆွဲထားသဖြင့် ရဲအရာရှိမှာ ဟိုဘက်ယိမ်းလိုက်၊ ဒီဘက်ယိမ်းလိုက်နှင့် နွေခေါင်ခေါင်တွင်

www.burmeseclassic.com

www.burmeseclassic.com



လွန်ဆွဲခံနေရသလို ဖြစ်နေတော့သည်။ ထိုအခါတွင် ထင်ပေါ်သည် အလယ်တည့်တည့်မှရပ်ကာ ဝမ်းသာအားရနှင့်အော်ပြောသည်ကား-

'ဟုတ်ပြီ… ကြိုးစားကြဗျို့၊ နှစ်ယောက်နဲ့ တစ်ယောက် ဘယ်သူက နိုင်မယ်ဆိုတာ ကြည့်ကြရအောင်၊ စံရှားရေ…တောင့်ထားကွ'

ထင်ပေါ်၏ စကားအဆုံးတွင် စံရှားသည် ရဲအရာရှိ၏ လက်မောင်းကို သူ့ဘက်သို့ပါအောင် တအားဆွဲသည်။ တစ်ဖက်မှ ရဲသားများကလည်း သူတို့၏ အရာရှိ ပါမသွားအောင် တအားပြန်ဆွဲတော့ရာ ရဲအရာရှိခမျာ နာကျင်လွန်းသဖြင့်…

'အောင်မယ်လေး… သေပါပြီဗျ၊ နာလှပါပြီ၊ လွှတ်ကြပါတော့'

ဟူ၍ သံကုန်ဟစ်ကာ အော်နေရသည်။

ရဲအရာရှိ၏ အော်သံကို ကြားရလျှင် စံရှားမှာ လန့်ဖျပ်ပြီး ဆွဲထားသောလက်ကို လွှတ်ပေးလိုက်သည်။ ဤတွင် ရဲအရာရှိမှာ တစ်ဖက်မှ သူ့ကိုဆွဲထားကြသော ရဲသားများနှင့်အတူ ကျွမ်းထိုးမှောက်ခုံ လဲကျသွားကြတော့သည်။ ရဲသားနှစ်ယောက်မှာလည်း ရဲအရာရှိ၏အောက်တွင် တုံးအောက်က ဖားများသဖွယ် ပြားနေကြတော့သည်။

စံရှားနှင့် ထင်ပေါ်တို့ကတော့ ရဲများဖြစ်ပုံကိုကြည့်၍ ဟားတိုက်ကာ ရယ်နေကြသည်။ ရဲအရာရှိလည်း လဲကျနေရာမှ ကမန်းကတန်းထရပ်ကာ စံရှားနှင့် ထင်ပေါ်တို့ကို အလွန်ဒေါသထွက်သော မျက်နှာနှင့် ကြည့်ကာမေးသည်။

'ခင်ဗျားတို့ ဘာလုပ်ကြတာလဲ'

'ရယ်နေကြတာလေ'



စံရှားနှင့် ထင်ပေါ်တို့က ပြိုင်တူပြန်ဖြေကြသည်။

'ဘာရယ်နေကြတာလဲ၊ ဒါဟာ ရယ်စရာလားဗျ၊ တောက်…'

'ဟာ… ဒီဟာလောက်ရယ်စရာကောင်းတာ ရှိဦးမလား၊ တကယ့်ကို ရယ်စရာကြီးဗျ၊ ဟား… ဟား… ဟား… ဟား…'

ထင်ပေါ်က ပြန်ပြောရင်း ရယ်နေသည်။ စံရှားကလည်း သွားကြီးဖြီးကာ ရယ်နေသည်။

'တယ်လေ… ခင်ဗျားတို့တော့ ကျုပ်လုပ်ရရင် နာကုန်တော့မယ်၊ ဒါဟာ ရယ်စရာမဟုတ်ဘူးဗျ၊ ကျုပ် အခုလာတာဟာ အလုပ်ဝတ္တရားနဲ့ လာတာမို့ ခင်ဗျားတို့နှစ်ယောက်စလုံးကို ဝတ္တရားနှောင့်ယှက်မှုနဲ့ ဖမ်းချုပ်နိုင်တယ်၊ သိလား'

ရဲအရာရှိမှာ ရဲပီပီ ဥပဒေနှင့် ခြိမ်းခြောက်နေသည်။

'အာ…နောင်ကြီးကလည်း ကျွန်တော်တို့က နှောင့်ယှက်တာမှမဟုတ်ဘဲ၊ နောင်ကြီးကို အကူအညီပေးချင်လို့ ခေါ်တဲ့ဟာ၊ နောင်ကြီးက မလိုက်ဘဲရုန်းနေလို့ အခုလိုဖြစ်တာပါ၊ စိတ်မဆိုးပါနဲ့ဗျာ'

စံရှားက တောင်းပန်သံနှင့် ဝင်ပြောသည်။

'ရုန်းမှာပေါ့၊ ခင်ဗျားက ဘာလို့ အတင်းဆွဲခေါ်ရတာလဲ၊ ခင်ဗျားတို့ကြည့်ရတာ စိတ်တွေနှံ့ကြပုံ မပေါ်ဘူး'

'နှံ့ပါတယ်ဗျာ၊ နှံ့ပါတယ်၊ နှံ့လို့သာ နောင်ကြီးမေးနေတဲ့ ဦးတုတ်ကြီးအစစ်ကို ပြမလို့ခေါ်တာပေါ့၊ ဟား…ဟား…ဟား'

စံရှားက ရယ်ရင်းပြန်ပြောသည်။

'ပြချင်ရင် ရိုးရိုးပြပါလား၊ ကဲ… ဘယ်မှာလဲ၊ ဦးတုတ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးရှိရင် ခေါ်ပေးစမ်းဗျာ၊ ကျုပ်တို့ အချိန်တွေအကုန်မခံနိုင်ဘူး'

'ခေါ်နေစရာမလိုပါဘူး၊ အခု ခင်ဗျားကို စကားပြောနေတဲ့လူဟာ ဦးတုတ်ကြီးခေါ် ကျွန်တော် စံရှားပါပဲ'

'ဟာ… ဒီလူတွေနဲ့တော့ ဒုက္ခပါပဲ၊ ငါတော့ သေချင်ပါပြီ'

'မသေချင်ပါနဲ့ဗျူ၊ တကယ်ပြောနေတာပါ၊ ဒီမှာ စိတ်ရှည်ရှည်ထားပြီး နားထောင်စမ်းပါ၊ ဟောဒီက ကျွန်တော့်သူငယ်ချင်း ထင်ပေါ်ဟာ မိတ်ကပ်ဝိဇ္ဇာပဲ၊ သူဟာ မိတ်ကပ်လုပ်တဲ့နေရာမှာ သိပ်တော်တာဗျ'

'ဟာ… အရေးထဲမှာ မိတ်ကပ်ကြော်ငြာ လုပ်နေပြန်ပြီ။ ငါတော့ ရူးတော့မယ်'

'မိတ်ကပ်ကြော်ငြာလုပ်နေတာ မဟုတ်ဘူးဗျ၊ အဲဒါက စပြောမှ လိပ်ပတ်လည်မှာမို့ အခုလိုပြောနေတာပါ'

'ကိုင်း… ကိုင်း… ဒီလိုဆိုရင်လည်း ပြောစမ်းဗျာ၊ ဝင္ရှိသရွေ့တော့ နားထောင်ရသေးတာပေါ့'

ရဲအရာရှိမှာ စိတ်ညစ်သံနှင့် ညည်းညူလိုက်သည်။

'ကဲပါဗျာ… ခင်ဗျားနားထောင်ရမှာ စိတ်မပါရင်လည်း ကျွန်တော်က ပြောမနေတော့ပါဘူး၊ ဒီတော့ ဆယ့်ငါးမိနစ်လောက်သာ သည်းခံပြီး ကျွန်တော်တို့ လုပ်တာတွေကို စောင့်ကြည့်ပါ၊ ဟုတ်ပြီလား'

စံရှားက ပြောလျှင် ရဲအရာရှိမှာ ခေါင်းညိတ်ပြသည်။

စံရှားနှင့် ထင်ပေါ်တို့သည် ရဲအရာရှိရှေ့မှာပင် မိတ်ကပ်များ ခြယ်သနေကြသည်။

ရဲအရာရှိနှင့် ရဲသားနှစ်ဦးမှာ သူတို့တစ်တွေ လုပ်ကိုင်နေ



ကြပုံကို မျက်လုံးအပြူးသားနှင့် ထိုင်ကာကြည့်နေကြသည်။ ဆယ့်ငါးမိနစ်ခန့်အကြာတွင်တော့ ရဲအရာရှိ အလွန်တွေ့ချင်နေသော ဦးတုတ်ကြီးကို တွေ့မြင်ရတော့သည်။

စံရှားသည် ရဲများဘက်သို့ တပြုံးပြုံးနှင့် လှမ်းကြည့်ပြီး ပြောသည်။

'ဘယ့်နှယ်လဲ ငါ့တူတို့၊ ဘဘကြီးကို တွေ့ချင်နေကြတယ်ဆို၊ ဟိုး… ဟိုး… ဟိုး…'

စံရှားက အဘိုးကြီးဟန်နှင့် ပြောသည်။

'ဩော်… လက်စသတ်တော့ ခင်ဗျားတို့က ဒီလိုကိုး'

ရဲအရာရှိမှာ အဘိုးကြီးအသွင်သို့ ပြောင်းလဲကာသွားသော စံရှားကို တအံ့တသြနှင့်ကြည့်ကာ ပြောသည်။ စံရှားနှင့် ထင်ပေါ်တို့က ပြိုင်တူပြုံးရင်း ခေါင်းညိတ်ပြကြသည်။

'နေပါဦးဗျ၊ ခင်ဗျားတို့က ဘာသဘောနဲ့ အခုလိုလုပ်ကြတာလဲဟင်'

ရဲအရာရှိ၏ အမေးကို စံရှားကပင် ပြန်ဖြေသည်။

'ဒီလိုဗျ… ဒီကနေ့ ခင်ဗျားတို့ သန့်လျှင်မှာ လာစစ်တုန်းက ကားပေါ်မှာပါလာတဲ့ ခင်ဌွေးဝင်းဆိုတဲ့ မြာအနိပ်ကလေးကို ကျွန်တော်က အသေအလဲကြိုက်နေတာ၊ အဲဒါ တစ်နေ့ကျတော့ ကျွန်တော်က စာလိုက်ပေးမိတယ်၊ ဒါကို သူက စိတ်ဆိုးပြီး ရှင့်မိဘတွေနဲ့ တိုင်ပြောမယ်ဆိုပြီးလုပ်တော့ ကျွန်တော်ဟာ ဟောဒီက မိတ်ကပ်ဝိဇ္ဇာထင်ပေါ်ရဲ့ အကူအညီယူပြီး အခုလို အဘိုးကြီး ယောင်ဆောင်တာပဲ၊ အဲဒီလို အဘိုးကြီးယောင်ဆောင်တော့မှပဲ သိပ်ကိုစားသာနေတာဗျ၊ ဟိုကလည်း ကျွန်တော့်ကို တကယ့် အဘိုးကြီးပဲ မှတ်နေတာ၊ ခက်နေတာက ခင်ဌွေးဝင်းဟာ စံရှား

www.burmeseclassic.com



အဖြစ်နဲ့ဆိုရင် ကျွန်တော်နဲ့ ဘယ်တော့မှမတည့်ဘူး၊ အနားကပ်လည်း မခံဘူးဗျ၊ အဲ… အဘိုးကြီးအသွင်နဲ့ဆိုရင်တော့ အကပ်ခံအထိခံတယ်ဗျ၊ ဒါကြောင့် ကျွန်တော်ဟာ သူ့အနားကိုကပ်ချင်တိုင်း အဘိုးကြီးအဖြစ်နဲ့လုပ်ပြီး ကပ်ရတယ်၊ ဒီကနေ့လည်း သန်လျင်က ရေလယ်ဘုရားကို ဖူးချင်တယ်ဆိုလို့ ကျွန်တော်ဟာ အခုအတိုင်းပဲ အဘိုးကြီးယောင်ဆောင် လိုက်သွားတယ်၊ အဲဒါကုသိုလ်ဆိုးချင်တော့ ရေလယ်ဘုရားမှာ ငါးတွေကို အစာကျွေးနေတုန်း ကျွန်တော့်နှုတ်ခမ်းမွေးတစ်ဖက်ဟာ ရေထဲပြုတ်ကျပြီး ငါးတစ်ကောင်က အစာမှတ်လို့ မျိုချသွားပါရော၊ ဒီတင် ကျွန်တော့်မှာလည်း နှုတ်ခမ်းမွေးတစ်ဖက်တည်းနဲ့ ဒုက္ခဖြစ်နေတော့တာပေါ့၊ ဟား… ဟား… ဟား…'

စံရှားက ပြောရင်း ရယ်နေလျှင် ရဲအရာရှိနှင့် ရဲသားနှစ်ဦးမှာလည်း တဟားဟားနှင့် လိုက်ရယ်နေကြတော့သည်။

'ဟား… ဟား… ဟား… ခင်ဗျားအဖြစ်က ရယ်စရာကောင်းလိုက်တာ၊ ကဲ… ဆက်ပါဦး'

'အဲဒီလို နှုတ်ခမ်းမွေးတစ်ဖက် မရှိတော့ ကျွန်တော်ဟာ ခင်ဌေးဝင်းမမြင်အောင် ပါးစပ်တစ်ခုလုံး လက်ကိုင်ပဝါနဲ့အုပ်ပြီး ဟောဒီက ထင်ပေါ်ကို ပြောပြရတာပေါ့၊ နောက်တော့ သူတို့နဲ့ဆက်နေလို့မဖြစ်တာနဲ့ ကျွန်တော်ဟာ မျက်နှာပေါ်က မိတ်ကပ်တွေကို ရေနဲ့ဖျက်ပြီး ရေလယ်ဘုရားကနေ ပြန်လာခဲ့ရတာပဲ'

'နေ… နေ… နေပါဦး၊ ဒီလိုဆို ကျွန်တော် ဂျစ်ကားမှာ လာစစ်တုန်းက အဘိုးကြီးဟာ ခင်ဗျား မဟုတ်ဘူးပေါ့'

ရဲအရာရှိက ဖြတ်၍မေးသည်။ ထိုအခါတွင် ထင်ပေါ်က ဝင်ဖြေသည်။



'မဟုတ်ဘူးဗျ၊ အဲဒါက ခင်ဗျားတို့ အလိုရှိနေကြတဲ့ ဆယ့်နှစ်မျိုးတင်ထွန်းလေ'

'ဟာ… ဒါနဲ့များ ခင်ဗျားတို့က အဲဒီတုန်းက ဘာလို့ မပြောတာလဲ၊ ဘာလဲ… ခင်ဗျားတို့က သူ့ကို လွတ်အောင်အကူအညီပေးတာလား'

'အောင်မယ်… အောင်မယ်… ဒီလိုတော့ အထင်မမှားလိုက်ပါနဲ့၊ ကျွန်တော် ရှင်းပြပါ့မယ်၊ ဒီလိုဗျ… ခင်ဗျားတို့ အခု မြင်ကြရတဲ့အတိုင်းပဲ၊ ဒီကောင် အဘိုးကြီးယောင်ဆောင်ထားတဲ့ရုပ်နဲ့ ဆယ့်နှစ်မျိုးတင်ထွန်းရဲ့ မူရင်းရုပ်ဟာ အရုပ်အမောင်းရော၊ သွားပုံ လာပုံရော၊ ရုပ်ရော်ဟာ ခွဲမရအောင် တူတာနဲ့ ကျွန်တော်တို့ စိတ်ထဲမှာ ဆယ့်နှစ်မျိုးတင်ထွန်းကို သူပဲမှတ်နေကြတာ၊ အခု ဒီအိမ်ပြန်ရောက်တော့မှပဲ ကျွန်တော်တို့ ဂျစ်ကားပေါ်မှာပါလာတဲ့ လူဟာ ဆယ့်နှစ်မျိုးတင်ထွန်းဆိုတာ သိရတာပဲ၊ နို့မို့ရင် ခင်ဗျားတို့လက်ထဲ ဖမ်းပို့မှာပေါ့'

ထင်ပေါ်က ရှင်းပြလျှင် ရဲအရာရှိများမှာ သဘောပေါက်သွားသည်။

'အင်း… ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကျွန်တော်တို့ဟာ မနက်ကတည်းက တင်ထွန်းလာမယ်ဆိုတာသိရလို့ တစ်မြို့လုံး ရုပ်ဖျက်ပြီး စောင့်နေကြတာဗျ၊ သူဟာ ကျောက်တန်းမြို့ဘက်ကို ရောက်လာတယ်လို့ ကျွန်တော့်ဆီကို စုံထောက်တစ်ယောက်က သတင်းပေးလို့ သူ့ကို ဖမ်းဖို့အလာမှာ သူဟာ ခင်ဗျားတို့နဲ့ရောပြီး ဟောဒီက မိတ်ဆွေယောင်ဆောင်လိုက်တာကိုး၊ အေး… အေး… ဒီတစ်ခါတော့ လွတ်သွားသေးတာပေါ့၊ နောက်တစ်ချီတော့ လွတ်တော့ပါဘူး တင်ထွန်းရယ်'

www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိမှာ သူ၏လက်မှ လွတ်ထွက်သွားသော ဆယ့်နှစ်မျိုးတင်ထွန်းကို မကျေမချမ်းနိုင်ဖြစ်ကာ ကြုံးဝါးနေသည်။

ထင်ပေါ်ကလည်း ဝင်၍ အားပေးစကားပြောသည်။

'နောက်တစ်ကြိမ်ဆိုရင်တော့ မလွတ်နိုင်ပါဘူး၊ တကယ်လို့ ကျွန်တော်တို့နဲ့တွေ့ကြရင်လည်း ဒီတစ်ခါတော့ ဟောဒီ စံရှားယောင်ဆောင်လို့ မရတော့ပါဘူး၊ ကျွန်တော်တို့ကလည်း ရဲဘက်ကို အကူအညီပေးပါ့မယ်'

ထင်ပေါ်၏ စကားကို ကြားရလျှင် ရဲအရာရှိမှာ တစ်ခုံတစ်ခုကို စဉ်းစားရမိသွားဟန်နှင့် ညာဘက်လက်ကို ဖျောက်ခနဲတီးကာ ပြန်ပြောသည်။

'ဟာ... ခင်ဗျားပြောလို့ ကျွန်တော် အကြံရပြီ၊ ဒီလိုလုပ်ကြရအောင်၊ ဟောဒီက မိတ်ဆွေရဲ့ အဘိုးကြီးရုပ်ဟာ ဆယ့်နှစ်မျိုးတင်ထွန်းရုပ်နဲ့ ခွဲမရအောင်တူလေတော့ ကျွန်တော်တို့ဟာ ဆယ့်နှစ်မျိုးတင်ထွန်းယောင်ဆောင်ပြီး သူလာတာတတ်တဲ့နေရာမှာ လွှတ်ထားမယ်၊ ဒီအခါမှာ သူ့ရဲ့ဂိုဏ်းက တပည့်တစ်ယောက်ယောက်ကတော့ ခင်ဗျားနဲ့ လာပြီးဆက်သွယ်မှာပဲ၊ ဒါဆိုရင် ကျွန်တော်တို့ဟာ သူတို့စခန်းကို သဲလွန်စရမှာပဲ၊ ဒီကမှတစ်ဆင့် ပြည်သူလူထုကို အမျိုးမျိုးဒုက္ခပေးနေတဲ့ ဆယ့်နှစ်မျိုးတင်ထွန်းကို အမိဖမ်းကြရုံပဲ၊ ဒီတော့ မိတ်ဆွေက ကျွန်တော်တို့ကို အကူအညီပေးနိုင် မပေးနိုင်ကိုသာ ပြောပါ၊ အန္တရာယ်ကတော့ များချင်များမယ်ဗျ'

ရဲအရာရှိ၏စကားအဆုံးတွင် စံရှားက စိတ်အားထက်သန်စွာ ပြန်ပြောသည်။

'အာ... စိတ်ချ၊ ဘယ်လို အန္တရာယ်မျိုးနဲ့ပဲ တွေ့ရတွေ့ရ



ကျွန်တော် မကြောက်ပါဘူး၊ ပေးပါ့မယ်၊ နောင်ကြီးတို့ကသာ အလိုရှိတဲ့နေ့မှာ လာခေါ်ပေါ့၊ ဟုတ်ပြီလား'

'ခင်ဗျားဆီက ဒီလိုကြားရတာ ကျေးဇူးတင်တယ်ဗျာ၊ ကောင်းပြီ၊ ကျွန်တော်ဟာ ဒီအကြောင်းကို မင်းကြီးနဲ့ တိုင်ပင်ဦးမယ်၊ သူ့ဆီက သဘောတူညီချက်ကိုရရင် ခင်ဗျားတို့ဆီ လာအကြောင်းကြားမယ်ဗျာ'

'ကောင်းပြီလေ... ကျွန်တော်တို့ကတော့ အချိန်မရွေးတူညီပါ့မယ်'

'ကိုင်း... ဒီလိုဆို ကျွန်တော်တို့ ပြန်လိုက်ဦးမယ်၊ အမှန်တော့ ကျွန်တော်တို့ ဒီကိုလာတာဟာ ဆယ့်နှစ်မျိုးတင်ထွန်း ဒီမှာနေတယ်မှတ်ပြီး ဖမ်းဖို့လာတာပဲဗျ၊ အခုတော့ ခင်ဗျားတို့ဟာ ဆယ့်နှစ်မျိုးတင်ထွန်း အတုဖြစ်နေတာကိုး၊ ဟား...ဟား...ဟား'

ရဲအရာရှိက ပြောပြီးရယ်နေလျှင် စံရှားနှင့် ထင်ပေါ်တို့ကလည်း ရောရယ်နေကြသည်။ ထို့နောက်တော့ ရဲအရာရှိသည် သူတို့ကို နှုတ်ဆက်၍ ရဲသားနှစ်ဦးနှင့်အတူ ပြန်သွားကြတော့သည်။

❑

www.burmeseclassic.com

## (တစ်ဆယ့်သုံး)

## ငွေတိုး၍ လိမ်ရသူ

ထိုသို့ဖြစ်ပျက်ပြီး သုံးရက်ခန့်အကြာတွင်တော့ စံရှား၏ ဖခင်ဖြစ်သူ ဦးကျော်နှင့် မိခင်ဖြစ်သူ ဒေါ်သောင်းတို့မှာ ထင်ပေါ်တို့ တိုက်ခန်းသို့ ရောက်လာကြသည်။ စံရှားမှာ သူ၏မိဘများကို တွေ့ရလျှင် ဝမ်းသာအားရနှင့်နှုတ်ဆက်ကာ တိုက်ပေါ်မှ ပြေးဆင်းပြီး အငှားသုံးဘီးကားပေါ်ရှိ မိဘများ၏ပစ္စည်းများကို သူတို့၏ တိုက်ခန်းသို့ သယ်ပေးနေသည်။ ထင်ပေါ်မှာတော့ တိုက်တွင် မရှိပေ။ ပစ္စည်းများ သယ်ယူပြီးစီးပြီးနောက် တိုက်ခန်းသို့အရောက်တွင် စံရှားက ဖခင်ကိုပြောသည်။

'ဖေဖေတို့လာတာ အတော်ပဲ၊ ကျွန်တော်လည်း ဖေဖေတို့ဆီကို စာရေးပြီးခေါ်မလို့'

စံရှားက စကားကို နိဒါန်းပျိုးလိုက်သည်။

'ဘာကိစ္စများ ပေါ်လာလို့လဲ သားရဲ့၊ ငွေလိုနေပြန်လို့လား'

'ငွေလိုနေလို့ မဟုတ်ဘူး ဖေဖေရဲ့၊ ကျွန်တော် ချစ်ရကြိုက်ရမယ့်သူကို တွေ့ထားလို့ပါ'



စံရှားက စပ်ဖြီးဖြီးမျက်နှာနှင့် ပြန်ပြောသည်။

'ဟော… ငါ့သားကပေမယ့် အစွံကြီးပဲ၊ ကဲ… ပြောစမ်း၊ ဘယ်က သူငယ်မလဲ၊ ရပ်က ချောရဲ့လား၊ မင်းတို့ချင်းကြိုက်နေကြတာရော ကြာပြီလား'

'ဟိုး… ဟိုး… ဆွတ်ဘွတ်ကရိုး၊ နေပါဦး ဖေဖေ၊ သိပ်ပြီးမလောနဲ့ဦး၊ ကျွန်တော့်ချစ်သူလို့ ဆိုလိုက်တာနဲ့ ဖေဖေက သားကို သိပ်ပြီးအထင်ကြီးသွားပြီထင်တယ်၊ ဟား…ဟား…ဟား'

'အေးလေကွာ… နို့… မဟုတ်ဘူးလား၊ မင်းဟာက အကြောင်းကြောင်းနဲ့'

'ဒီလိုပါ၊ ကျွန်တော့်ချစ်သူဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ဘက်ကသာ သေချာနေတဲ့ချစ်သူ ဖေဖေရဲ့၊ သူ့ဘက်ကတော့ ကျွန်တော့်ကို မေတ္တာတစ်စက်မှရှိသေးတာမဟုတ်ဘူး'

စံရှား၏စကားအဆုံးတွင် သူ၏မိဘနှစ်ပါးမှာ ရယ်နေကြတော့သည်။ ဦးကျော်မှာ အကြောင်းကြောင်းနိုင်လှသော သားကို တဟားဟားနှင့်ကြည့်ကာပြောသည်။

'ဖြစ်မှဖြစ်ရပလေ သားရယ်၊ မင်းဘက်ကသာ ကျိန်းသေပြီး ဟိုဘက်က မကျိန်းသေဘဲနဲ့များ မင်းက ကြီးကြီးကျယ်ကျယ်နဲ့ ချစ်သူကလေး ဘာလေး ပြောနေရသလားကွ၊ မင်းဟာက ဝမ်းဆိုက်ဒက်လပ်(ဗ်)ကြီးပဲ၊ ဟား… ဟား… ဟား…'

'ဟာ… ဖေဖေကလည်း ဝမ်းဆိုက်ဒက်လ်(ဗ်)ရော ဘာဖြစ်သလဲ၊ ကိုယ်ချစ်တာသာ လိုရင်းပဲမဟုတ်လား'

'မင်းချစ်တာသာ လိုရင်းဆိုပေမယ့် ဟိုတစ်ဖက်ကမှ ပြန်မချစ်တာ၊ ဘယ်လိုလုပ်ပြီး နီးစပ်နိုင်မှာလဲ သားရဲ့'

'အဲဒီကိစ္စအတွက် ဖေဖေတို့ကို အကူအညီတောင်းမလို့'

www.burmeseclassic.com

www.burmeseclassic.com



'ဘုရားရေ… တို့က ဘာလုပ်ပေးရမှာလဲ၊ ကောင်မလေး ကို ကားတင်ပေးပြီး အတင်းကြိုက်ခိုင်းရမယ်လားကွ၊ မဟုတ်တာ တွေတော့ မလုပ်ခိုင်းပါနဲ့ကွာ၊ တို့လည်း အသက်ကြီးပါပြီ၊ ဒါမျိုး တွေ ဝါသနာမပါတော့ဘူး၊ ငယ်ငယ်တုန်းကတော့ ဝါသနာပါ ပါတယ်လေ'

'အို… ကိုကျော်ကလည်း၊ ကလေးတွေကို ဘာတွေ လျှောက်ပြောနေတာလဲ'

သူတို့သားအဖ စကားပြောနေကြပုံကို တပြုံးပြုံးနှင့် ဘေးမှထိုင်၍ နားထောင်နေသော ဒေါ်သောင်းက ဝင်မာန်သည်။ ဒီတော့မှ ဦးကျော်မှာလည်း တိတ်သွားတော့သည်။

ဦးကျော် စကားတိတ်သွားလျှင် ဒေါ်သောင်းကပင် ဆက် ၍ စံရှားဘက်လှည့်ကာ မေးသည်။

'ကဲ… သား ပြောစမ်းပါဦး၊ သားက ဒီကိစ္စကို ဘယ်လို စိတ်ကူးထားလို့လဲ'

'ဒီလိုပါလေ… ကျွန်တော်တို့ လူငယ်ချင်း နီးစပ်ဖို့ မလွယ်တဲ့အတွက် မေမေတို့က သူ့မိဘများနဲ့ သွားတွေ့ပြီး စေ့စပ် ပြောဆို တောင်းရမ်းပေးဖို့ပါပဲ၊ လူကြီးချင်းသဘောတူရင် လူငယ် ချင်းလည်း မကြာခင် နီးစပ်ဖို့များပါတယ်လေ'

စံရှား ပြောအပြီးတွင် ဦးကျော်က ဝင်ပြောပြန်သည်။

'မင်းသားပြောနေပုံက သူ့အနေနဲ့ စွံအောင်မပိုးနိုင်လို့ ငါတို့က ဝင်ပြီးကူညီဖို့ပဲဟ၊ သိပြီလား'

'ဟုတ်တယ်၊ ဖေဖေပြောတဲ့အတိုင်းပဲ၊ အဲဒါ မြန်မြန် ကလေး ကူညီစမ်းပါ'

'အေးလေ… မင်းလည်း အချိန်အရွယ်ရောက်နေမှတော့



ငါတို့က မငြင်းပါဘူး၊ ဒါထက် အဲဒီကလေးမက ဘယ်မှာနေ သလဲကွယ့်' ဦးကျော်က သားဖြစ်သူကို မေးသည်။

'ဟောဒီ ကျွန်တော်တို့နောက်ကတိုက်မှာပဲ ဖေဖေ၊ ရုပ် ကတော့ သိပ်ချောတာ၊ ဖေဖေသာမြင်ရရင် သိပ်သဘောကျမှာပဲ'

'အောင်မယ်… အောင်မယ်… ဖေဖေတော့ သဘော တွေ့ပါရစေနဲ့၊ ကျုလည်း မကျချင်ပါဘူး၊ သားပဲ သဘောကျပါ၊ ဖေဖေကတော့ မင်းမေမေ မှုလလက်ဟောင်းကြီးကိုပဲ စိဘောကျ တာကွ၊ ဟား… ဟား… ဟား…'

'အို… ဘယ်လိုလူကြီးပါလိမ့်၊ စကားပြောတာ ကလေး သလားနဲ့၊ သားကိုပြောတာ ဒီလိုပြောရသလားတော့'

ဒေါ်သောင်းက သဘောမကျသံနှင့် ဆူတော့မှ ဦးကျော် မှာ ပြုံးစိစိနှင့် လုပ်နေတော့သည်။ စံရှားကလည်း သူ့အဖေစကား ကြောင့် တဟားဟားနှင့် ရယ်ရင်း ပြောသည်။

'ဟား… ဟား… ဟား… ဖေဖေကတော့ အခုထက် ထိ မေမေ့ကို အလိုလိုက်ရတုန်းပဲနော်'

ကျွန်တော်ပြောတာက ကျွန်တော့်ချစ်သူရဲ့ ရုပ်ဟာ ချော သွန်းလို့ ဖေဖေတို့မြင်ရင် ချွေးမတော်ဖို့ သဘောကျမှာကို ပြော တာပါ'

ဦးကျော်က စံရှား၏မျက်နှာကို တပြုံးပြုံးနှင့်ကြည့်ရင်း ပြန်ပြောသည်။

'ဒီလိုဆို ဒီကနေ့ညနေမှာပဲ ဖေဖေတို့ သွားတောင်းပေး မယ်တော့'

'ဟေ… မင်းဟာကလည်း မြန်လှချည်လားကွ၊ ဖြည်း ဖြည်းပေါ့ သားရယ်'

www.burmeseclassic.com

www.burmeseclassic.com



'အာ… မဖြည်းနိုင်ပါဘူး၊ တော်ကြာ ဒီပြင်လူက ဦးသွားလို့ ကျွန်တော့်မှာ ကျန်ရစ်ဖြစ်နေပါဦးမယ်'

'ကျန်ရစ်ဖြစ်တော့လည်း မထီးတူမ သမ္ဘူလကိုရှာပြီး ယူလိုက်ပေါ့ကွာ၊ ဟား… ဟား… ဟား…'

'ဟာ… ဖေဖေကလည်း နောက်နေပြန်ပါပြီ၊ ဒါပဲ… ကျွန်တော်ပြောတဲ့အတိုင်း ဒီညနေကျရင် တောင်းပေးရမယ်'

'အေးပါကွာ၊ မင်းက ဒီလောက်တောင် တောင်းပေးစေချင်လည်း တောင်းပေးပါ့မယ်၊ ကဲ… တောင်းမယ့်တောင်းလည်း ညနေထိအောင် စောင့်မနေနဲ့တော့၊ အခုပဲ တို့ သွားတောင်းပေးမယ်၊ ဟုတ်ပြီလား'

'အာ… ဒီလိုလည်း မဖြစ်သေးဘူးလေ၊ သူတို့က ညနေကမှရှိတာ၊ ကျွန်တော့်ချစ်သူက ရုံးမှာစာရေးမလုပ်တယ်။ သူ့အမေက ဗိုလ်ချုပ်ဈေးထဲမှာ ဈေးရောင်းနေတာ၊ ဒီတော့ ညနေကျမှပဲ တွေ့နိုင်မှာ ဖေဖေရဲ့'

'ဪ… ဪ… ဒီလိုလား၊ ကောင်းပြီလေ၊ မင်းဆန္ဒအတိုင်း ဖြစ်စေရမပေါ့၊ ကိုင်း… မသောင်းရေ၊ တို့လည်း သွားစရာရှိတာကလေးတွေ သွားလိုက်ကြဦးစို့လား'

ဦးကျော်သည် အနီးတွင်ထိုင်နေသော ဇနီးဖြစ်သူကို လှမ်းပြောသည်။

'ဖေဖေတို့က ဘယ်သွားကြဦးမလို့လဲ၊ ဒီမှာ မနက်စာ မစားကြတော့ဘူးလား'

'မစားတော့ပါဘူးကွာ၊ တို့မှာ အရေးကြီးတဲ့ ကိစ္စကလေး လုပ်ရဦးမယ်၊ မင်းကိစ္စကို ဆောင်ရွက်ပေးဖို့ ညနေအရောက် ပြန်လာမှာပါကွ'



ဦးကျော်သည် စံရှားကိုပြောပြီးနောက် ဇနီးဖြစ်သူ ဒေါ်သောင်းနှင့်အတူ အပြင်သို့ထွက်သွားသည်။

စံရှားကတော့ ဖခင်နှင့် မိခင်တို့ ထွက်သွားကြသည်ကို ကြည့်နေပြီးနောက် အခန်းထဲတွင် တစ်ယောက်တည်း စိတ်ကူးယဉ်ရင်း ကျန်ရစ်သည်။ စံရှား၏ ဖခင်နှင့် မိခင်တို့မှာ ပထမဆုံး ဗိုလ်ချုပ်ဈေးရှိ အထည်ဆိုင်တစ်ဆိုင်သို့ သွားသည်။ ထိုအထည်ဆိုင်မှ ဆိုင်ရှင်နှင့် အလုပ်ကိစ္စအတွက် စကားပြောဆိုနေကြစဉ် ထိုဆိုင်နှင့်မျက်စောင်းထိုးဆိုင်တွင် အထည်ရောင်းနေသော ဒေါ်နီနီနှင့် တွေ့ကြတော့သည်။

'ဟာ… ကိုကျော်နဲ့ မမသောင်းတို့ပါလား'

ဒေါ်နီနီမှာ စံရှား၏ မိဘများကိုမြင်လျှင် ဝမ်းသာအားရနှင့် လှမ်းနှုတ်ဆက်တော့သည်။ ဦးကျော်နှင့် ဒေါ်သောင်းတို့မှာလည်း ဒေါ်နီနီကို တွေ့ရလျှင် ဝမ်းမြောက်ဝမ်းသာနှင့် ပြန်လည်နှုတ်ဆက်ကြသည်။

'အလို… မနီနီပါလား၊ ဒီမှာ အထည်ရောင်းနေတယ် ဟုတ်လား'

ဒေါ်သောင်းက ပြန်လည်နှုတ်ဆက်သလို ဦးကျော်ကလည်း…

'ကျွန်တော်က ဘယ်သူများလဲလို့၊ မနီကိုး'

ဟူ၍ ပြောရင်း ဒေါ်နီဆိုင်သို့ လျှောက်သွားကြသည်။

ဒေါ်နီနီမှာလည်း စံရှား၏ မိဘများကို ဆိုင်ပေါ်တွင် ထိုင်ခုံများကို ပျာပျာသလဲခင်းပေးရင်း ဧည့်ခံသည်။

'ပြောစမ်းပါဦး… ကျွန်တော်တို့ အခု ဘယ်မှာလဲ။ ပြည်မှာပဲလားဟင်'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နီနီက ပြန်မေးသည်။

'ဟုတ်တယ်ဗျ၊ ပြည်မှာပါပဲ၊ ဒါထက် မနီကရော ဘယ်မှာနေသလဲ၊ ကလေးတွေရော နေကောင်းကြရဲ့လား'

'ကလေးတွေ မဟုတ်တော့ဘူး ကိုကျော်ရဲ့၊ အခု လူပျို အပျိုကြီးတွေ ဖားဖားကြီးဖြစ်ကုန်ကြပြီ၊ ခစ်… ခစ်… ခစ်…'

'အဲ… ဟုတ်ပါရဲ့၊ ကျွန်တော်တို့လည်း လူချင်းမတွေ့ကြတာ ဆယ်နှစ်ကျော်ကျော်နေမှပဲဟာ၊ ရောင်းလို့ ဝယ်လို့ရော ကောင်းရဲ့လား'

'ကောင်းလှတယ်လို့တော့ မဟုတ်ပါဘူး ကိုကျော်ရယ်၊ သင့်ရုံပါပဲ၊ ဒါထက် ကိုကျော်တို့ ဒီကို ဘာလာလုပ်ကြတာလဲ၊ ကိုကျော်ရဲ့သားရော ကြီးလှရောပေါ့နော်'

'ဟုတ်ကဲ့…၊ အခု ကောလိပ်တောင် ရောက်နေပါပြီ၊ ကျွန်တော်တို့ အခုလာကြတာဟာ အစကတော့ ရစရာငွေတွေ လာတောင်းတာပါပဲ၊ အဲဒါ သားတော်မောင်က ခရီးရောက်မဆိုက်ဘဲ မိန်းမတောင်းပေးပါဆိုလို့ ဒီညနေကျရင် မိန်းမသွားတောင်းပေးရဦးမယ်၊ ဟား… ဟား… ဟား…'

ဦးကျော်က ပြောပြီးရယ်နေသည်။

'ဟင်… ကိုကျော်ရဲ့သားက မိန်းမတွေ့ ဘာတွေတောင် လိုချင်ပြီကိုး၊ ဘယ်က မိန်းကလေးလဲရှင့်၊ တော်ရော တော်ရဲ့လား'

ဒေါ်နီနီမှာ သူ၏သမီးဖြစ်သူကို လာတောင်းမည်မှန်းမသိ၍ ဦးကျော်တို့က ပြန်မေးနေသည်။ ထိုအမေးကို ဒေါ်သောင်းက ဝင်ဖြေသည်။

'ကျွန်မတို့လည်း မသိသေးပါဘူး မနီရယ်၊ အဲဒီ တောင်းရမယ့် သတို့သမီးလောင်းကို မြင်တောင် မမြင်သေးဘူး၊ ဘယ်မှာ



နေမှန်းလဲ မသိသေးဘူး၊ သားက ပူဆာလို့သာ တောင်းပေးရမှာ'

ဒေါ်သောင်းတို့ကလည်း သူတို့နှင့် စကားပြောနေသော ဒေါ်နီနီတို့၏ သမီးကိုသွားတောင်းရမည်မှန်းမသိ၍ ပြန်ပြောနေသည်။

'ကြည့်လည်းလုပ်ဦး မမသောင်းရေ၊ ရန်ကုန်က မိန်းကလေးတွေက ဆပ်ကော့လပ်ကော့တွေ ရှုပ်ရှုပ်ထွေးထွေးတွေကလည်း များပါဘိနဲ့၊ တော်ကြာ မမသောင်းလိုချင်တဲ့ မိန်းကလေးဟာ ရိုးရိုးသားသားထဲက မဟုတ်ဘဲ မိန်းမလည်သိန်းကြွယ်ဆိုတာမျိုး ဖြစ်နေဦးမယ်'

ဒေါ်နီနီက စိုးရိမ်သံနှင့် ဝင်ရောက်၍ သတိပေးသည်။

'ဖြစ်လည်း မတတ်နိုင်ပါဘူး၊ သင်းထိုက်နဲ့ သင်းကံပေါ့ မနီရယ်၊ ကျွန်တော်တို့ကတော့ သူသဘောကျတယ်ဆိုရင် ငြင်းမနေပါဘူးလေ၊ ငြင်းရင်လည်း ကျွန်တော့်ကောင်က ရမယ့်ကောင် မဟုတ်ဘူး၊ အခုခေတ် ကလေးတွေကလည်း မနီသိတဲ့အတိုင်းပဲ၊ သူတို့လုပ်ချင်တာ လုပ်နေကြတာ၊ လူကြီးမိဘ ဆိုဆုံးမရင်လည်း သိပ်နားထောင်ကြတာမှ မဟုတ်ဘဲ။ ဒီတော့ တားလည်းမနေဘူး၊ ယောကျ်ားကလေးပဲဗျာ၊ မဟုတ်တာနဲ့ ဖြစ်ရင်လည်း အရှုံးမရှိပါဘူး၊ ဟား… ဟား… ဟား…'

ဦးကျော်က ပြောပြီး ရယ်နေသည်။

'အို… ဒီလိုလည်း ဘယ်ဟုတ်မလဲ ကိုကျော်ရဲ့၊ ယောကျ်ားကလေးအလျောက် လူပျိုဆိုတဲ့ဂုဏ်ဟာ အင်မတန်မှ တန်ဖိုးရှိပါတယ်၊ ဒီတော့ အရမ်းလည်းမလုပ်ကြပါနဲ့ဦး၊ ကဲပါလေ… ကိုကျော်တို့နဲ့အတူ ညနေကျရင် ကျွန်မပါလိုက်ပြီး ကြည့်ကျွသား လိုချင်တယ်ဆိုတော့ မိန်းကလေးကို အကဲခတ်ပေးပါ့မယ်၊ မဟန်ရင်တော့ မပေးစားပါနဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီဗျာ၊ မနီက ဒီဘက်မှာ ကျုပ်တို့ထက် လည်လည်ပယ်ပယ်ရှိတော့ မနီ လိုက်မယ်ဆိုရင် အလွန်ကောင်း သိပ်ကောင်းပေါ့'

'ဟာ… လိုက်ရမှာပေါ့၊ ကိုကျော်တို့ဟာ တခြားလူတွေမှ မဟုတ်တာ၊ ကျွန်မယောက်ျားနဲ့ ကိုကျော်တို့ဟာ ယေ်သူငယ်ချင်းတွေမို့ တစ်ဦးကိုတစ်ဦး ကူညီရမှာပေါ့၊ ဒီတော့ တစ်လက်စတည်းပဲ ကိုကျော်တို့ကို ဖိတ်လိုက်ရဦးမယ်၊ ဒီညနေကျရင် မိန်းမတောင်းမသွားခင် ကျွန်မအိမ်မှာ ညစာစားကြပါ၊ ကိုကျော်ရဲ့သားကိုလည်း မြင်ဖူးရအောင် ခေါ်ခဲ့ပေါ့၊ ကျွန်မသားသမီးတွေနဲ့လည်း မိတ်ဆက်ပေးချင်လို့ပါ၊ ဟုတ်ပြီလား'

'အို… မနီကလည်း ဒုက္ခရှာပြီး ထမင်းတွေ ဘာတွေ ကျွေးမနေပါနဲ့၊ မစားချင်ပါဘူး'

ဒေါ်သောင်းက အားနာသံနှင့် ဝင်ပြောသည်။

'မစားချင်လို့ မရဘူး မမသောင်း၊ တစ်ခါတလေ ကြုံတုန်းကျွေးရတဲ့ဟာ၊ ဒီတော့ မငြင်းပါနဲ့၊ ကျွန်မလည်း ဆိုင်ကို အစောကြီးပိတ်ပြီး ပြန်မယ်၊ အဲဒါပဲ… လာမစားဘဲနေရင်တော့ မမသောင်းတို့ကို ကျွန်မဟာ စိတ်ဆိုးလို့ဆုံးမှာ မဟုတ်ဘူး'

ဒေါ်နီနီက အတင်းပြောသဖြင့် နောက်ဆုံးတွင်တော့ ဦးကျော်တို့မှာ သဘောတူလိုက်ရသည်။

'ကောင်းပြီလေ… မနီက ဒီလောက်တောင် စေတနာသဒ္ဓါတရား ထက်သန်နေရင်လည်း စားရတာပေါ့၊ ဒါထက် မနီတို့ အိမ်လိပ်စာလည်း ပေးဦးလေဗျာ၊ ကျုပ်တို့က သိတာမှမဟုတ်တာဘဲ'

'ဟုတ်သားပဲ… ထမင်းစားသာ အတွင်ဖိတ်နေတာ၊ အိမ်လိပ်စာပေးဖို့တော့ မေ့နေတယ်၊ နေဦး… ကျွန်မရေးပေးမယ်'



ဒေါ်နီနီသည် ပြောရင်း အနီးရှိ စာအုပ်တွင်းမှ စာရွက်တစ်ရွက်ကိုစုတ်ကာ ခဲတံနှင့် လိပ်စာကိုရေးပေးသည်။

ထို့နောက် စံရှား၏ မိဘများမှာ သွားရန်ကိစ္စရှိသေး၍ ဒေါ်နီနီကို နှုတ်ဆက်ကာ ထွက်သွားကြသည်။ ထိုနေ့ နေ့လယ်နှစ်နာရီအချိန်လောက်တွင်တော့ ထင်ပေါ်သည် အပြင်မှ အမြန်ဆုံးသုတ်ခြေတင်ကာ အိမ်သို့ပြန်ပြေးလာသည်။ ထိုအချိန်တွင် စံရှားမှာ သူ၏အခန်းတွင် အိပ်ပျော်နေသည်။ ထင်ပေါ်ကတော့ တံခါးခေါက်တော့မှ အိပ်ရာမှနိုးတော့သည်။

'ဟကောင်ကြီးရ၊ မောကြီးပန်းကြီးနဲ့ဘာဖြစ်လာတာလဲကွ'

စံရှားမှာ ချွေးတွေသံတွေအရွှဲသားနှင့် ဖြစ်နေသော ထင်ပေါ်ကိုတွေ့လျှင် ဆီးမေးသည်။

'မင်းအတွက် အရေးတော်ပုံ ပေါ်နေလို့ပေါ့ကွ'

ထင်ပေါ်က မျက်နှာပေါ်မှ ချွေးများကို လက်ကိုင်ပဝါနှင့် သုတ်ရင်း ပြန်ပြောသည်။

'ဟော… ငါ့အတွက် ဟုတ်လား၊ နေပါဦး… ဘာအရေးတော်ပုံ ပေါ်လို့လဲ'

'မင်းအတွက် အင်မတန်ကို အရေးကြီးနေတဲ့ အရေးတော်ပုံပေါ့ကွ၊ မင်းက အေးစက်စက်လုပ်မနေနဲ့ကွ'

'ငါက အေးစက်စက်လုပ်တာ မဟုတ်ပါဘူး၊ မင်းစကားက မရှင်းမရှင်းနဲ့မို့ မေးနေတာပါ၊ ပြောပါဦး… ဘာတွေများ ထိတ်စရာတွေ့လာလို့လဲ'

'မင်းယောက္ခမလောင်းကြီး ဒေါ်နီနီကိစ္စပေါ့'

'ဟော… ဒေါ်နီနီ ဟုတ်လား၊ ဘာဖြစ်လို့လဲ ကားတိုက်ခံရလို့သေပြီလား'

www.burmeseclassic.com

www.burmeseclassic.com



စံရှားက မျက်လုံးအပြူးသားနှင့် ပြန်မေးသည်။

'ဟာကွာ... မင်းကတော့ မဦးမချွတ်ပြောပြီ၊ ဘာလဲ ယောက်ျမမှ တော်မယ်မကြံရသေးဘူး၊ မင်းက အမွေလိုချင်လှပြီလား'

'အမွေလိုချင်လို့ မဟုတ်ပါဘူး၊ မင်းပြောတဲ့စကားက မထိတ်သာ မလန့်သာနဲ့မို့ပါ၊ ဒီမှာ ထင်ပေါ်၊ ဂျပန်ရေချိုးသလို ရှင်းရှင်းပြောစမ်းပါဟ'

'အေးပါ... ငါကလည်း ပြောမလို့ပါပဲ၊ မင်းက ဖြတ်ဖြတ်ပြီး ထင်တာတွေ စွတ်ပြောနေတော့ ငါ့စကားက လိုရင်းမရောက်နိုင် ဖြစ်နေရတာပေါ့ကွ၊ ကဲ... ငါမေးမယ်၊ ဒီကနေ့ မင်းရဲ့ အဖေနဲ့ အမေ ဒီကိုလာကြတယ် မဟုတ်လား'

'ဟုတ်တယ်လေ၊ အဲဒါ မင်းပြောမှာနဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့ကွ၊ ဒီကိုလာတဲ့အခါ မင်းက အဘိုးကြီးနဲ့ အဘွားကြီးကို ဘာပြောသလဲ'

'ဟာ... လုပ်ပြန်ပြီ၊ ဒီကောင် ဘာတွေလာပြီးမေးနေတယ် မသိဘူး၊ ဒါတွေနဲ့ ဆိုင်လို့လားကွ'

'ဆိုင်လို့လားကွ လုပ်မနေနဲ့၊ ဆိုင်ကြောင်း နောက်တော့ မင်း နားလည်လာလိမ့်မယ်၊ အခုတော့ ငါမေးတာကိုပြောစမ်း'

'ကောင်းပါပြီ ခင်ဗျာ၊ မင်း ဒီလောက်တောင် သိချင်နေရင်လည်း ပြောရတာပေါ့၊ ငါက ခရီးရောက်မဆိုက်ဘဲ ဖေဖေနဲ့ မေမေကို ဟိုဘက်လမ်းက ခင်ဒွေးဝင်းကို တောင်းပေးဖို့ပြောတယ်၊ သူတို့ကလည်း ဒီညနေကျရင် တောင်းပေးမယ်တဲ့၊ ရှင်းပြီလား'

'မရှင်းဘူး မောင်၊ ရှုပ်နေလို့ ငါက အခုလို မင်းဆီ



အမြန်ပြန်ပြေးလာပြီး အကြောင်းကြားရတာ၊ သိပြီလား'

ထင်ပေါ်၏စကားကြောင့် စံရှားမှာ အူကြောင်ကြောင် ပြန်ကြည့်မိသည်။

'တခုတွေများ ရှုပ်ကုန်လို့လဲ ထင်ပေါ်ရ၊ ငါတော့ နားမလည်ပါဘူး'

'အေး... မင်း နားမလည်ရင် ငါရှင်းပြမယ်၊ နားထောင်၊ ဒီကနေ့ ဆယ့်နှစ်နာရီကျော်လောက်မှာ ငါဟာ ရှစ်မိုင်ခြံက ရုပ်ရှင်စတူဒီယိုထဲက လူတွေနဲ့အတူ ဗိုလ်ချုပ်ဈေးက ထမင်းဆိုင်မှာ ထမင်းစားလိုက်သွားတယ်ကွ၊ ဗိုလ်ချုပ်ဈေးရောက်တော့ ဒေါ်အေးဆိုင် သွားကြတယ်၊ အဲဒီဆိုင်မှာ တစ်နာရီနီးပါး စားသောက်ကြပြီး ငါဟာ သူတို့နဲ့အတူ ခြံထဲကို ပြန်မလိုက်တော့ဘဲ ဗိုလ်ချုပ်ဈေးထဲကနေ အိမ်ပြန်ဖို့ ဈေးထဲကဖြတ်အလာမှာ ဒေါ်နီနီနဲ့တွေ့ပါရော၊ ဒီလို တွေ့တဲ့အခါ ငါက လှမ်းပြီး ဟော... ဒေါ်ဒေါ်ပါလား၊ ဒီကနေ့ ဆိုင်မထွက်ဘူးလားလို့ မေးတယ်၊ သူက ငါ့ကို ဘာပြန်ပြောသလဲဆိုတော့ ထွက်ပါတယ်တဲ့ကွယ်၊ ဒါပေမဲ့ ဒီညနေကျရင် ဧည့်သည်တွေကို ထမင်းကျွေးရမှာမို့ ဆိုင်ကို နေ့ဝက်နဲ့ပဲ သိမ်းလိုက်တယ်လို့ ပြောတယ်၊ ဒီတစ်ခါ ငါကလည်း လျှာရှည်ပြီး ဘာဆက်မေးပြန်သလဲဆိုတော့ ဘယ်ကဧည့်သည်တွေ ရောက်နေလို့လဲ ဒေါ်ဒေါ်၊ ကျွန်တော်တို့ရော လာမစားရဘူးလားနဲ့ ပြောတဲ့အခါ စားရပါတယ်ကွာ၊ ဧည့်သည်တွေကတော့ တခြားကမဟုတ်ပါဘူး၊ သွားလေသူ ဒေါ်ဒေါ့်ရဲ့ယောက်ျားနဲ့ အင်မတန်ခင်မင်ကြတဲ့ ကိုကျော်တို့လင်မယားပါ၊ သူတို့က ပြည်မြို့ကကွယ့်၊ အိမ်မှာ တည်းကြတာတော့ မဟုတ်ပါဘူး၊ တခြားမှာ တည်းတာပါလို့ ပြောတယ်၊ ငါဟာ ပြည်မြို့က ဦးကျော်လို့ဆိုတဲ့သူကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ကြားရော မင်းအဖေရဲ့မျက်နှာကို ကွက်ခနဲလှမ်းမြင်မိတာနဲ့ ဆက်မေးပြန်တယ်၊ ပြည်မြို့က ဦးကျော် ဟုတ်လား၊ နေပါဦး... ကျွန်တော်သိတဲ့လူတွေများလား မသိဘူးလို့ ငါက စကားကိုအစ်ကြည့်တယ်။ ဒီတော့ သူက မင်းသိချင်သိမှာပေါ့ကွယ်၊ သူတို့က ပြည်မြို့မှာတော့ ထိပ်ထိပ်ကျဲတွေပဲ၊ စက်သူဌေး ဦးကျော်နဲ့ ဒေါ်ဒေါ်သောင်းတို့လေကွယ်လို့ ပြောတယ်၊ အဲဒီလိုလည်းကြားရရော ငါဟာ စံရှားရဲ့ အဖေနဲ့ အမေတော့ ရောက်နေပြီဆိုတာ တွေးလိုက်မိတယ်၊ ဒီလို တွေးနေတုန်း သူတို့ကို မင်းသိသလားကွယ့်လို့ ဒေါ်နီနီက ထပ်မေးတယ်၊ ငါကလည်း ဘယ်လိုပြန်ပြောရမှန်း မသိတာနဲ့ သိတယ်ထင်တာပဲလို့ မတင်မကျ ပြန်ပြောလိုက်တယ်၊ ဒီအခါ ဒေါ်နီနီက ဘာဆက်ပြောပြန်သလဲဆိုတော့ ဒီလိုဆိုအတော် ပဲ၊ ဒီနေ့ညနေကျရင် မင်းရော အစ်ကိုကြီးရော အိမ်မှာ ညစာလာ စားကြပေါ့ကွယ်၊ ငါလည်း အစ်ကိုကြီးကို တော်ကြာလာဖိတ်ဦး မယ်၊ မင်းကလည်း ပြောထားလိုက်၊ ဧည့်သည်တွေနဲ့ သိကြရင်လည်း မိတ်ဟောင်းဆွေဟောင်းတွေ ထမင်းလက်ဆုံစားကြရတာပေါ့၊ မသိရင်လည်း ဒေါ်ဒေါ်က မိတ်ဆက်ပေးပါ့မယ်၊ ပြီးတော့လည်း အဲဒီ ဧည့်သည်တွေရဲ့သားအတွက် မိန်းမပါ တစ်လက်စတည်း လိုက်တောင်းပေးဖို့ မင်းတို့ပါ အဖော်အဖြစ် လိုက်ခဲ့ကြပေါ့ကွယ်လို့ ပြောတယ်၊ ဒီစကားလည်းကြားရရော ငါဟာ အချိန်ဆွဲမနေတော့ဘဲ မင်းဆီကို အခုလို ကဆုန်ပေါက်ပြေးလာခဲ့တာပေါ့ကွ၊ ရှင်းပြီလား'

ထင်ပေါ်၏ စကားအဆုံးတွင် စံရှားမှာ ဟောခနဲဖြစ်ကာ သွားတော့သည်။ ထင်ပေါ်ကတော့ စံရှားကို ရှင်းလင်းပြောပြလိုက်ရသဖြင့် မောပန်းသွားဟန်နှင့် အနီးရှိ ကုလားထိုင်ပေါ်တွင်



ခြေပစ်လက်ပစ် ဝင်ထိုင်နေသည်။

'အင်း... ဒီအတိုင်းသာဆိုရင် ငါဟာ လူကိုယ်ထဲမှာ နှစ်ကိုယ်ခွဲရမယ့် ကိန်းဆိုက်နေပါပကော'

စံရှားက ဦးနှောက်ခြောက်နေမာန်နှင့် သူ့ခေါင်းကို ကုတ်ခြင်း ညည်းနေသည်။

'ဘာဖြစ်လို့လဲကွ'

'ဘာဖြစ်ရမှာလဲ၊ မိန်းမတောင်းသွားမယ့် သတို့သားလောင်း စံရှားအဖြစ်က တစ်ကိုယ်၊ ဘဘကြီးအဖြစ်က တစ်ကိုယ်၊ တစ်ချိန်တည်းမှာ နှစ်ကိုယ်ခွဲမှဖြစ်တော့မှာပေါ့၊ ဒီလိုလုပ်ဖို့ကျတော့ မင်းလို မိတ်ကပ်ဝိဇ္ဇာလည်း တတ်နိုင်မှာ မဟုတ်ပါဘူး'

'တတ်နိုင်ပါ့မလားကွ၊ ဒါမျိုးဆိုတာ သိကြားမှ လုပ်နိုင်တဲ့ဟာ၊ ငါက သိကြားမှ မဟုတ်တာ၊ ထန်းလျက်ပဲ ရှိသေးတယ်၊ ဟား... ဟား... ဟား...'

'တော်စမ်းပါကွာ၊ ဦးနှောက်ခြောက်ရတဲ့အထဲ မင်းက ပြက်လုံးထုတ်မနေစမ်းပါနဲ့၊ ကိုင်း... ဆိုစမ်းပါဦး၊ ဒီလိုဆို ငါ ဘယ်လိုလုပ်ရမလဲ'

'ဘယ်လိုမှ လုပ်မနေနဲ့၊ မင်း ကလိမ်ကျထားတာတွေကိုသာ မင်းယောက္ခမလောင်းကြီးလာရင် အမှန်အတိုင်း ဖွင့်ပြောပြီး တောင်းပန်လိုက်ပေါ့ကွာ၊ ဒါပဲရှိတယ်'

'ဟာ... ဒီလိုတော့ မလုပ်ချင်သေးဘူး၊ စံရှားအဖြစ်နဲ့ သူ့သမီးကိုရဖို့ သေချာမှ ဖွင့်ပြောချင်တယ်၊ အခုတော့ လိမ်လက်စနဲ့ ဆက်လိမ်နေချင်သေးတယ်'

'အေးလေ... ဒါကတော့ မင်းသဘောပေါ့ကွာ၊ ကိုင်း... ဘဘကြီးအယောင်ဆောင်ပြီး ဆက်လိမ်ချင်သေးတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်လည်း ဒေါ်နီနီ မလာခင် မိတ်ကပ်လုပ်ကြရအောင်လား'

ထင်ပေါ်ကပြောလျှင် စံရှားသည် ခေါင်းညိတ်ပြသည်။

တစ်နာရီခန့်အကြာတွင်တော့ ဒေါ်နီနီနှင့် ခင်မွေးဝင်းတို့မှာ စံရှားတို့အခန်းသို့ ရောက်လာကြသည်။

ထိုအချိန်တွင် စံရှားမှာ ဦးတုတ်ကြီးအဖြစ် မိတ်ကပ်နှင့် မန်ဆင်း၍ ပြီးနေပြီဖြစ်သည်။

'အလို... တူမကြီးတို့ပါကလား၊ ဘယ်က လှည့်လာကြသလဲကွယ့်၊ ဟိုး... ဟိုး... ဟိုး...'

စံရှားသည် ခင်မွေးဝင်းတို့ သားအမိကို မြင်လျှင်မြင်ချင်း နှုတ်ဆက်သည်။

'ဘယ်ကမှ လှည့်လာတာ မဟုတ်ဘူး၊ ဘဘကြီးဆီကိုပဲ လာတာ'

ခင်မွေးဝင်းက ပြန်ပြောသည်။ ဒေါ်နီနီကလည်း ခင်မွေးဝင်း ပြောအပြီးတွင် စံရှားကိုပြောသည်။

'အစ်ကိုကြီးကို ဒီကနေ့ ညစာစားဖို့ လာဖိတ်တာ၊ မောင်ထင်ပေါ်က ဒီအကြောင်းကို ဘာမှ ပြောမထားဘူးလား'

'ပြောပါတယ်၊ ပြောပါတယ်၊ ခက်တာက ကျုပ်လည်း မနက်ကတည်းက အတော့်ကို နေထိုင်မကောင်းဖြစ်နေတဲ့အတွက် မနီတို့ ထမင်းစားဖိတ်တာကို လာနိုင်မယ် မထင်ဘူး၊ ဟောဒီက မောင်ထင်ပေါ်ပဲ လာပါလိမ့်မယ်'

အကြံသမား စံရှားက ဉာဏ်များများနှင့် နေမကောင်းချင်ယောင်ဆောင်သည်။

'ဟာ... ဒီလိုဆို ခက်တာပဲ၊ ကျွန်မတို့က အစ်ကိုကြီးကိုပါ ဒီည လာစေချင်တာ၊ ပြီးတော့ ကျွန်မတို့ကျွေးကြမယ့် မိတ်



ဆွေတွေကိုလည်း အစ်ကိုကြီးရဲ့တူ မောင်ထင်ပေါ်ကပြောတော့ သိတယ်ဆို၊ ဒီလိုဆို လာဖို့ကောင်းတာပေါ့ အစ်ကိုကြီးရဲ့'

ဒေါ်နီနီက အတင်းသာ ခေါ်နေသည်။ စံရှားမှာလည်း ထိုစကားကြောင့် မည်သို့ပြန်ဖြေရမည်ကို မသိဖြစ်နေစဉ် အခန်းနံရံ တစ်နေရာတွင် ချိတ်ထားသော စံရှား၏ မိဘနှစ်ပါးပုံကို လှမ်းမြင်ရတော့သည်။ အမှန်တော့ ထိုပုံများမှာ ယခုမှ ချိတ်ထားသော ပုံဖြစ်သည်။ ဒေါ်နီနီအနေနှင့် ယခင်က စံရှားတို့ နေထိုင်ကြသော အခန်းသို့ ရောက်ဖူးသူမဟုတ်ပေ။ ခင်မွေးဝင်းသာလျှင် တြောခဏရောက်ဖူးသည်။ သို့သော် ခင်မွေးဝင်းမှာ စံရှား၏မိဘများကို သိရှိသူမဟုတ်၍ ထိုပုံကို မြင်ရသော်လည်း အမှတ်တမဲ့သာ နေခဲ့သည်။ ဒေါ်နီနီသည် စံရှား၏ မိဘများပုံကို စူးစူးစိုက်စိုက်နှင့်ကြည့်ရင်း မေးသည်။

'ဟင်... ဟိုနံရံမှာ ချိတ်ထားတဲ့ပုံဟာ ကိုကျော်နဲ့ မမသောင်းတို့ ပုံပါလား၊ အဲဒါ အစ်ကိုကြီးနဲ့ ဘာတော်သလဲဟင်'

'အဖေနဲ့ အမေလေ'

'ဘယ့်နှယ်'

အမှတ်တမဲ့မို့ ယောင်များကာဖြေလိုက်သော စံရှား၏ စကားကြောင့် ဒေါ်နီနီမှာ ပါးစပ်ကြီးအဟောင်းသား ဖြစ်သွားတော့သည်။ ခင်မွေးဝင်းကတော့ ရယ်နေသည်။

'သြော်... သြော်... ဒီလိုပါလေ၊ အဲဒီပုံထဲက ဦးကျော်ဆိုတာက ကျုပ်နဲ့ အဖေတူ အမိတူကမွေးတဲ့ ညီအငယ်လို့ ပြောတာပါ၊ ဟိုး... ဟိုး... ဟိုး...'

စံရှားမှာ မှားထားသော သူ့စကားအတွက် အဆင်ပြေအောင် မနည်းကြီးပြောနေရသည်။ ဖအေအရင်းခေါ်ခေါက်ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ညီလုပ်လိုက်ရ၍ စိတ်တွင်းမှကြိတ်ကာ ကန်တော့နေမိသည်။

'အဲဒီလိုလုပ်စမ်းပါ၊ အစ်ကိုကြီးရဲ့ အဖေနဲ့ အမေဆိုလို့ ကျွန်မဖြင့် သိပ်ကို အံ့သြသွားတာပဲ၊ လက်စသတ်တော့ ကိုကျော်ဟာ အစ်ကိုကြီးရဲ့ညီကိုး၊ နို့··· နေပါဦး၊ အစ်ကိုကြီးကိုတော့ ကျွန်မဟာ ပြည်မြို့မှာတုန်းက တစ်ခါမှ မမြင်ဖူးပါလား'

'ဘယ်မြင်ဖူးမလဲ၊ ကျုပ်က ပြည်မြို့ကို အင်မတန်လာခဲတာ၊ ဒါကြောင့်ပါ'

စံရှားက ဖြီးလက်စနှင့် ဆက်၍ဖြီးနေတော့သည်။

'ဒါနဲ့တောင်မှ ဟောဟိုက မောင်ထင်ပေါ်ဟာ ဈေးမှာတွေ့ကြတုန်းက အစ်ကိုကြီးရဲ့ညီလို့ မပြောဘူး၊ သိသလိုလိုပဲလို့သာ ပြောတယ်'

ဒေါ်နီနီမှာ သူတို့နှင့် မနီးမဝေးတွင်ရပ်ကာ နားထောင်နေသော ထင်ပေါ်ဘက်သို့လှည့်ကာ အပြစ်တင်သံနှင့် ပြောသည်။ ထိုစကားကြောင့် ထင်ပေါ်မှာ စံရှားဘက်သို့လှည့်ကြည့်နေသည်။

'သူ့ကိုတော့ ထည့်ပြောမနေနဲ့ မနီ၊ ဒီကောင်ဟာ ဒီလိုပဲ၊ အူကြောင်ကြောင်ရယ်၊ အခုမှ အူကြောင်ကြောင်ဖြစ်နေတာ ဟုတ်ပါဘူး၊ ငယ်ငယ်ကလေးတည်းက ဒီအတိုင်းပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မမွေးခင်တုန်းက သူ့အမေဟာ ဗိုက်ကြီးနဲ့လေ၊ အဲ··· ဟုတ်ပါဘူး၊ သူ့အမေဟာ လျှောင်လှုပ်တုန်း သူ့ကိုယ်ဝန်အရင့်အမာနဲ့ လဲကျသွားခဲ့တဲ့အတွက် သူ့ကိုမွေးလာတော့ အခုလိုပဲ အူကြောင်ကြောင် သွပ်တွပ်တွပ် ဖြစ်နေတာပေါ့၊ ဟိုး··· ဟိုး··· ဟိုး···'

စံရှားက ပြောပြီး ရယ်နေသည်။ ဒေါ်နီနီနှင့် ခင်ဌေးဝင်းတို့မှာလည်း စံရှား ပြောစကားကို အဟုတ်မှတ်ကာ ထင်ပေါ်၏



မျက်နှာကို လှမ်းကြည့်ပြီး ရယ်နေကြသည်။ ထင်ပေါ်ကတော့ စံရှားကို အလွန်ပင် ဒေါသူနေတော့သည်။

ဒေါသူရသည်မှာလည်း ခင်ဌေးဝင်းတို့သားအမိရှေ့တွင်မို့ ခြင်မြင်ထင်ထင် မပွဝံ့ပေ။ စိတ်တွင်းမှသာလျှင် စံရှားကို တတ်သမျှမှတ်သမျှ ဆဲနည်းမျိုးစုံနှင့် အားမနာတမ်း ဆဲနေမိတော့သည်။

ထိုစဉ်မှာပင် သူတို့၏အခန်းတံခါးခေါက်သံမှာ ပေါ်ထွက်လာပြန်သည်။

စံရှားမှာ အခန်းတံခါးခေါက်သံကို ကြားရလျှင် ထိုင်ရာမှ အကြီးအကျယ် မျက်နှာပျက်နေတော့သည်။ အကြောင်းမှာ ခင်ဌေးဝင်းတို့ သားအမိရှေ့တွင် သူ၏မိဘတွေ ဖြန်လာမည်ကို အလွန်စိုးရိမ်နေသောကြောင့် သူ့အနေနှင့် ခင်ဌေးဝင်း၏ရှေ့တွင် မိဘများအို မတွေ့လိုပေ။ တွေ့လျှင်လည်း အလိမ်တွေ ပေါ်ကုန်မည်ကို စိုးရသည်။

သို့ဖြစ်၍ သူသည် စိတ်တွင်းမှကြိတ်ကာ ဤတံခါးခေါက်သံသည် သူ၏မိဘများကခေါက်သော အသံမဟုတ်ပါစေနှင့်ဟု ဆုတောင်းနေမိသည်။ မည်သို့ပင် သူ ဆုတောင်းစေကာမူ ဆုတောင်းကားမပြည့်ဝပေ။ ထင်ပေါ် တံခါးကိုသွားဖွင့်၍ပေးလျှင် ဆေးချင်း ပထမဆုံး ဝင်လာသူမှာ သူ၏ဖခင် ဦးကျော်ဖြစ်သည်။ သူ့နောက်မှ မိခင်ဖြစ်သူ ဒေါ်သောင်းက ကပ်၍ဝင်လာသည်။

ဦးကျော်မှာ အခန်းထဲတွင် ဒေါ်နီနီ ရောက်နေသည်ကို မြင်လျှင် တအံ့တသြနှင့် လှမ်းနှုတ်ဆက်သည်။

'အလို··· မနီပါလား၊ ခင်ဗျားက ဒီအိမ် သိနေသကိုး၊ ဟား··· ဟား··· ဟား···'

'ကိုကျော်တို့ ဒီအိမ်မှာနေကြတယ်ဆိုတာ ဘယ်လို မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ဟောဒီက ကိုကျော်အစ်ကိုကြီးနဲ့ ကျွန်မတို့နဲ့ဟာ ခင်နေတာ ကြာပါပြီ၊ အခုလည်း ကိုကျော်တို့ကို ညစာကျွေးမှာမို့ ဒီက အစ်ကိုကြီးကိုပါ လာအဖိတ်မှာ အခုလို ကိုကျော်တို့နဲ့ ဆုံရတာပါ'

ဒေါ်နီနီက သူ၏ရှေ့တွင် မျက်လုံးအပြူးသားနှင့် ထိုင်နေသော စံရှားကိုညွှန်ပြရင်း ရှင်းလင်းပြောပြနေသည်။

ဒေါ်နီနီ၏စကားကြောင့် ဦးကျော်နှင့် ဒေါ်သောင်းတို့မှာ စံရှားရှိရာသို့ လှမ်းကြည့်လိုက်ကြသည်။ ဘဘကြီးအသွင်နှင့် ရုပ် ဖျက်ထားသော သားတော်မောင် စံရှားကို မိဘများက မှတ်မိခြင်း မရှိကြသဖြင့် သူတို့မှာ ပါးစပ်ကြီးတွေ အဟောင်းသား ဖြစ်နေကြသည်။

ထင်ပေါ်မှာတော့ မဟာ့မဟာ ချောက်ကြီးထဲသို့ ရောက်နေသော စံရှားသည် မည်ကဲ့သို့သောနည်းနှင့် ဉာဏ်စွမ်းပြကာ ထိုချောက်တွင်းမှ လွတ်အောင်ရုန်းရမည်ကို သိလိုဟန်နှင့် ဘေးမှ အသာရပ်ကြည့်နေသည်။

ဦးကျော်နှင့် ဒေါ်သောင်းတို့မှာ သူတို့၏တစ်သက်တွင် မြင်တွေ့ဖူးခြင်းမရှိကြသော ဘဘကြီးအထင်နှင့် စံရှားကို ဒေါ်နီနီ က အစ်ကိုကြီးဟူ၍ ပြောဆိုနေသဖြင့် သူတို့လင်မယားမှာ တစ်ဦး မျက်နှာကိုတစ်ဦး လှမ်းကြည့်ပြီး တအံ့တဩဖြစ်နေကြတော့သည်။ ပြီးတော့ ဦးကျော်သည် ဒေါ်နီနီဘက်သို့ ပြန်လှည့်ကာ မေးသည်။

'ဘာဗျ… ဘယ်… ဘယ်သူ့အစ်ကိုကြီး'

'ဟောဒီက ကိုကျော်အစ်ကိုကြီးလေ'

ဒေါ်နီနီသည် စံရှားဘက်သို့ လက်ညှိုးထိုးပြရင်း တပြုံး ပြုံးနှင့် ပြန်ပြောလေသည်။ ဒေါ်နီနီ၏စကားကြောင့် ဦးကျော်၏ နှုတ်ဖျားမှ ဟေခနဲ ထွက်သွားတော့သည်။



ဒေါ်သောင်းကလည်း ဦးကျော်ဘက်သို့ ဘယ်လိုလဲဟူ သော အမူအရာမျိုးနှင့် လှမ်းကြည့်နေသည်။

စံရှားမှာ ဆက်၍ ငြိမ်ငြိမ်ကလေးထိုင်နေလျှင် အလိမ် ပေါ်ကုန်တော့မည်ကို သိသဖြင့် သူသည် ထိုင်နေရာမှ လှမ်း၍ ခေါင်ဖြစ်သူထံသို့ အစ်ကိုကြီးတစ်ဦးကမာန်နည်းနှင့် လှမ်းမာန်သည်။

'ဟေ့… မောင်ကျော်၊ ဒါက ဘယ်လိုဖြစ်နေရတာလဲ၊ အကြောင်ကြောင် ငိုင်တိုင်တိုင်နဲ့၊ လာကြစမ်း… ဒီကို၊ ဟိုတစ် ယောက်ကရော ဘာငေးနေတာလဲ'

စံရှား၏အသံကို ကြားကြရလျှင် ဦးကျော်နှင့်ဒေါ်သောင်း တို့မှာ ဗုဒ္ဓေါဟူ၍ အသီးသီး နှုတ်ဖျားမှအသံများ ထွက်ပေါ်လာ ကြသည်။

ခင်ဌေးဝင်းနှင့် ဒေါ်နီနီတို့မှာ ဦးကျော်နှင့် ဒေါ်သောင်း တို့၏ အမူအရာကိုကြည့်၍ နားမလည်နိုင်အောင် ဖြစ်နေကြသည်။

ထို့နောက်တော့ စံရှားသည် သူတို့တစ်တွေကို မျက်လုံး ကြီးတွေကလည်း အပြူးသား၊ ပါးစပ်ကြီးတွေကလည်း တစ်ပေ လောက် အဟောင်းသားနှင့်ဖြစ်ကာ ကြည့်နေကြသော ဒေါ်နီနီနှင့် ခင်ဌေးဝင်းတို့ သားအမိဘက်သို့ ဟန်ပါပါနှင့် လှည့်ကာ ဆက်ဖြီး တော့သည်။

'ဟဲ… ဟဲ… ကျုပ်ညီနဲ့ ခယ်မက ကျုပ်နဲ့မတွေ့ရတာ အတော်ကြာနေတော့ အခုလို ဗြုန်းခနဲတွေ့လိုက်ရတဲ့အခါ သူတို့ ဘာ ဝမ်းအသာလွန်ပြီး သိပ်ကိုအံ့ဩနေကြလို့ အခုလို ဖြစ်နေကြ တာဗျ၊ ဟိုး… ဟိုး… ဟိုး…'

ထိုပြောသံကို ကြားလိုက်ကြရသော စံရှား၏ မိဘများမှာ တော့ နေရာတွင်ပင် ရှုးချင်စိတ်တွေ ပေါက်လာဘုန်ကြတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့သည် စံရှားဘက်သို့လှည့်၍ ဘယ်က အူကြောင်ကြောင် သတ္တဝါတစ်ယောက် ရောက်နေပါလိမ့်ဟူသော မျက်နှာမျိုးနှင့် ကျောက်ရုပ်ကြီးများကဲ့သို့ မတုန်မလှုပ် ရပ်နေကြရင်းမှ ငေးကြည့်နေကြသည်။

ထိုသို့ ငေးကြည့်နေကြရင်းမှ ဦးကျော်၏စိတ်ထဲတွင် ဘဘကြီးအသွင် ရုပ်ဖျက်ကာထားသော သားတော်မောင် စံရှားကို စိတ်မနှံ့သော လူကြီးတစ်ယောက် ဖြစ်ရမည်ဟု ယူဆကာ အနည်းငယ်လန့်နေမိသည်။ ပြီးတော့ သူသည် မလှမ်းမကမ်းတွင် ရပ်နေသော ထင်ပေါ်ဘက်သို့ လှမ်း၍လည်း ဘယ်လိုလဲကွဟူသော အဓိပ္ပာယ်မျိုးနှင့် မေးငေါ့ပြသည်။ ထင်ပေါ်က မသိဘူးဟူသော သဘောနှင့် သူ၏ပခုံးနှစ်ဖက်ကို တွန့်ကာပြသည်။ သို့ဖြစ်၍ ဦးကျော်သည် မဝံ့မရဲလေသံနှင့် စံရှားကို မေးသည်။

'ခင်··· ခင်··· ခင်ဗျားက···'

'အို··· ခင်ဗျားတွေ ဘာတွေ လုပ်မနေစမ်းပါနဲ့၊ ဘာလဲ မမျှော်လင့်ဘဲ တွေ့လိုက်ရလို့ သိပ်အံ့သြနေကြတယ် မဟုတ်လား အေး··· အေး··· အံ့သြလို့ မေးချင်ရင် နောက်မှမေး၊ အခုတော့ ဧည့်သည်တွေ ရှိသေးတယ်၊ ကိုင်း··· ဒီမှာ လာထိုင်ကြစမ်း'

စံရှား၏ပြောသံကြောင့် ဦးကျော်နှင့် ဒေါ်သောင်းတို့မှာ ကိုယ်ကလေးတွေ ကိုယ်စီ တွန့်ခနဲဖြစ်ကာသွားကြတော့သည်။ ပြီးတော့ သူတို့လင်မယားသည် တစ်ဦးမျက်နှာကိုတစ်ဦး ပြိုင်တူ လှမ်း၍ကြည့်မိကြသည်။ ထိုစဉ်မှာပင် စံရှား၏အသံမှာ ထပ်မံ၍ ပေါ်ပေါက်လာပြန်သည်။

'ဟော့··· ဒီမှာ လာထိုင်ကြဆိုတာ မကြားဘူးလား ဘယ့်နှယ်ကြောင့် လွတ်လပ်ရေးကျောက်တိုင်ကြီးတွေလို မတ်ခနဲ



ကြီးရပ်နေကြရတာလဲ၊ တောက်···· ဒီနှစ်ယောက်နဲ့တော့ ဒုက္ခပါပဲ'

စံရှားသည် သူ၏ဘေးဘက်တွင်ရှိသော ကုလားထိုင်များဆီသို့ လက်ညှိုးညွှန်ကာပြရင်း ဦးကျော်တို့ကို ထိုင်ခိုင်းနေသည်။ ဦးကျော်နှင့် ဒေါ်သောင်းတို့မှာတော့ စံရှားခေါ်သည့်အတိုင်း သွား၍ ထိုင်ရအခက်၊ မထိုင်ဘဲနေရအခက်နှင့် ဇဝေဇဝါဖြစ်နေကြတော့သည်။ တစ်ဖန် သူတို့ဖြစ်နေကြပုံကို ဘေးမှကြည့်နေကြသော ဒေါ်နီနီနှင့် ခင်ဌေးဝင်းတို့မှလည်း ရယ်ရကောင်းနိုးနိုး၊ ငိုရကောင်းနိုးနိုးနှင့်ဖြစ်ကာ နေကြတော့သည်။ စံရှားမှာ သူခေါ်သည့်အတိုင်း မိဘများက လာရောက်ကြခြင်း မရှိသဖြင့် သူသည် ထိုင်နေရာမှ ဆတ်ခနဲထရပ်ကာ မိဘများ ရပ်နေရာသို့ လျှောက်ကာသွားကြတော့သည်။ ဦးကျော်နှင့် ဒေါ်သောင်းတို့မှာ သူတို့ထံသို့ စံရှား လျှောက်လာသည်ကို တွေ့ရလျှင် အရူးတစ်ယောက်က သူတို့ကို အန္တရာယ်ပြုရန် လာရောက်တော့မည်ဟုထင်ကာ အထိတ်တလန့်နှင့် နောက်ပြန်လှည့်ပြေးကြရန် ပြင်တော့သည်။

သို့သော် စံရှားက သူတို့ထက် လျင်မြန်စွာနှင့် နောက်မှ လက်မောင်းများကို လှမ်းဆွဲကာထားသဖြင့် သူတို့မှာ မပြေးနိုင်ကြတော့ပေ။

'ဒါက ဘယ်သွားမလို့လဲ၊ ဟိုမှာ ဧည့်သည်တွေ ရောက်နေလို့၊ လာပါလို့ ပြောနေတာ မကြားဘူးလား ဟင်၊ ကဲ··· လာ··· ထိုင်ကြ'

စံရှားသည် ပြောရင်း သူ၏လက်တွင်းမှ ရုန်းကန်နေသော ဦးကျော်၏လက်မောင်းကို ခပ်နာနာကလေး ဆွဲလိမ်သည်။

'အလား··· လား··· နာလိုက်တာ'

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်သည် နာကျင်စွာနှင့်အော်ရင်း သားတော်မောင်ဆွဲခေါ်ရာသို့ ကန့်လန့်ကန့်လန့်နှင့် ပါလာတော့သည်။ ဒေါ်သောင်းမှာတော့ စံရှား၏လက်ထဲတွင် ပါသွားသော ခင်ပွန်းဖြစ်သူကိုကြည့်ရင်း စံရှားခေါ်ရာသို့ လိုက်သွားရကောင်းနိုးနိုး သို့မဟုတ် အခန်းတွင်းမှလှည့်ကာ လွတ်ရာသို့ဆင်းပြေးသွားရ ကောင်းနိုးနိုးနှင့် ဖြစ်ကာနေတော့သည်။ ထိုစဉ် စံရှား၏ အော်လိုက်သံကြောင့် ဒေါ်သောင်းမှာ လန့်ဖျပ်ကာသွားသည်။

'ဟော့… ဟိုတစ်ယောက်ကရော အခုထက်ထိ လာမထိုင်သေးဘူးလား၊ ဘာ အူကြောင်ကြောင်နဲ့ ရပ်နေရတာလဲ၊ လာ… ဒီမှာ လာထိုင်'

ထိုအခါတွင်တော့ ဒေါ်သောင်းမှာ ဆက်၍မငြင်းဝံ့တော့ဘဲ စံရှားတို့ရှိရာသို့ လျှောက်လာပြီးနောက် ဦးကျော် ထိုင်နေသော ကုလားထိုင်ဘေးတွင် ကုတ်ကုတ်ကလေး ဝင်ထိုင်နေတော့သည်။

စံရှားသည် သူ၏ဘေးတွင် ကုတ်ကုတ်ကလေး ထိုင်နေကြသော မိဘနှစ်ပါး၏မျက်နှာကို ခပ်ပြုံးပြုံးကလေး လှမ်းကြည့်ပြီးနောက် သူ့ကို ငေးကြည့်နေကြသော ဒေါ်နီနီတို့သားအမိဘက်လှည့်ကာ ခပ်ကြွားကြွားကလေး ပြန်ပြောသည်။

'အဟာမ်း… ကျုပ်ညီနဲ့ ခယ်မကတော့ မနီတို့ မြင်ကြတဲ့အတိုင်းပဲ၊ ကျုပ်ကို အင်မတန်မှ ကြောက်ကြတာဗျ၊ ဒါကြောင့် ကျုပ်ရှေ့မှာဆိုရင် သူတို့ဟာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူး၊ ဟိုး… ဟိုး… ဟိုး…'

စံရှား၏စကားကို ကြားရသော ဒေါ်နီနီနှင့် ခင်မွှေးဝင်းတို့၏ မျက်နှာများမှာ ပြုံးနေကြသလောက် ဦးကျော်နှင့် ဒေါ်သောင်းတို့ကတော့ ဘယ်လိုသတ္တဝါမျိုးကြီးနဲ့ လာတွေ့နေရပါလိမ့်ဟူသော



မျက်နှာမျိုးနှင့် နီးနေတော့သည်။

ဒေါ်နီနီကလည်း စံရှား၏စကားကို အဟုတ်မှတ်ကာ ဤသို့ ပြန်ပြောသည်။

'ဒါပေါ့ အစ်ကိုကြီးရဲ့၊ ယဉ်ကျေးတဲ့မိဘက ပေါက်ဖွားကြတဲ့ လူတွေမှန်ရင် အစ်ကိုကြီးတော့ အဖအရာဆိုတဲ့ စကားလိုသဘောထားကြပြီး ကိုယ့်အစ်ကိုကြီးကို အင်မတန်မှ ရိုသေကြတာ၊ ကဲ… ကဲ… အချိန်လည်း သိပ်မရှိတော့ဘူး၊ ညကျရင်လည်း ဧည့်သည်တွေကို ထမင်းကျွေးရဦးမှာမို့ ကျွန်မတို့ ပြန်လိုက်ဦးမယ်။ဒါပဲနော်၊ ညနေကျရင် ဟောဒီက ကိုကျော်တို့နဲ့အတူ အစ်ကိုကြီးပါ ထမင်းစားလိုက်ခဲ့ရမယ် သိလား၊ အောင်ကိုကျော်နဲ့ မသောင်းတို့ကို ကျွန်မသမီးနဲ့တောင် မိတ်ဆက်မပေးရသေးဘူး၊ သူက ကျွန်မသမီးအငယ်လေ၊ နာမည်က ခင်မွှေးဝင်းတဲ့၊ သူ့အထက်က မောင်ကျားကြီးတဲ့၊ မောင်ကျားကြီးကတော့ အိမ်မှာအပ်တယ်လို့ကို မရှိဘူး၊ ဘော်လီဘောကစားနေတာနဲ့ အချိန်ကုန်နေတာပါပဲ၊ ကိုင်း… ကျွန်မတို့ ပြန်လိုက်ဦးမယ်'

ဒေါ်နီနီကပြောလျှင် ဦးကျော်တို့လင်မယားမှာ ခေါင်းကလေးတွေ ကိုယ်စီညိတ်ပြကြသည်။ ခင်မွှေးဝင်းမှာ စံရှားအနီးသို့ကပ်ကာပြောသည်။

'ဘဘကြီး… ညနေကျရင် ဆက်ဆက်လာရမယ်နော်၊ နေမကောင်းဘူးတွေ ဘာတွေ လုပ်မနေနဲ့၊ ဟုတ်ပြီလား'

'အဟီး… တူမကြီးက သိပ်စေတနာရှိနေရင်လည်း ဘဘကြီး နေမကောင်းပေမယ့် လာရတာပေါ့ကွယ်၊ လာရတာပေါ့၊ ဟိုး… ဟိုး… ဟိုး…'

စံရှားသည် ခင်မွှေးဝင်း၏ ကျောကလေးကို အသားယူ

www.burmeseclassic.com



ကာပုတ်ရင်း တဟားဟားရယ်ကာ ပြန်ပြောသည်။

သူသည် ခင်ဌေးဝင်းတို့သားအမိကို အခန်းဝအထိ လိုက်ပို့သည်။ ခင်ဌေးဝင်းတို့သားအမိ ပြန်သွားကြလျှင်တော့ စံရှားသည် အခန်းတံခါးကိုပိတ်ကာ အိမ်ရှေ့တွင် ငုတ်တုတ်ကလေး ထိုင်နေကြသော မိဘများထံသို့ အပြေးကလေးသွားသည်။ ပြီးတော့ သူသည် မိဘများ၏ရှေ့တွင်ရှိ ကြမ်းပေါ်တွင် ဆောင့်ကြောင့်ထိုင်ကာ ကန်တော့တော့သည်။

'ဖေဖေနဲ့ မေမေတို့ရေ၊ စောစောက ပြောမိဆိုမိတာတွေကို ခွင့်လွှတ်ပါလို့ သားက ရှိခိုးကန်တော့ရင်း တောင်းပန်ပါတယ်'

ဦးကျော်နှင့် ဒေါ်သောင်းတို့မှာ သားဖြစ်သူမှန်း မသိကြသေးသဖြင့် စံရှားက ထိုသို့ပြောပြီး ထိုင်ကန်တော့သောအခါတွင် သူတို့တစ်တွေမှာ ရှိုးတိုးရှန့်တန့်တွေ ဖြစ်ကုန်ကြတော့သည်။

'အို... အို... နှောင်ကြီး၊ ကျုပ်... ကျုပ်တို့ကို မကန်တော့ပါနဲ့လေ၊ ငရဲတွေကြီးကုန်ပါ့မယ်ဗျ'

ဦးကျော်က လက်ကာကာပြရင်း ပြန်ပြောသည်။

ထင်ပေါ်မှာ စောစောပိုင်းက အောင့်ထားခဲ့ရသမျှ ရယ်ချင်စိတ်တွေကို ယခုအခါတွင်တော့ အတိုးချကာ အူလှိုက် သည်းလှိုက်နှင့် အော်ရယ်နေတော့သည်။

ထင်ပေါ်၏ အားပါးတရ ရယ်သံကြောင့် ဦးကျော်မှာ အူကြောင်ကြောင်နှင့် လှမ်းကြည့်ကာ ပြောသည်။

'ဟဲ့... မောင်ထင်ပေါ်ရဲ့၊ ရယ်လှချည်လား၊ ဘာဖြစ်လို့ ဒီလောက်ရယ်နေရတာလဲ၊ ဒီမှာ လာလုပ်ပါဦးဟ'

ဦးကျော်၏ စကားအဆုံးတွင် စံရှားမှာလည်း တဟားဟားနှင့် အော်ရယ်နေတော့သည်။ ဦးကျော်နှင့် ဒေါ်သောင်းတို့မှာတော့ သူတို့ကိုဝိုင်း၍ရယ်နေကြသော လူများကိုကြည့်၍ ဦးနှောက်ခြောက်နေကြသည်။



'ဖေဖေကလည်းဗျာ... ကိုယ့်သားအရင်းခေါက်ခေါက်ကြီးကိုတောင် မမှတ်မိတော့ဘူးလား၊ ဒီလောက်ပဲ ကျွန်တော်ဟာ ရုပ်ပြောင်းသွားသလား၊ ဟား... ဟား.... ဟား...'

စံရှားသည် ရယ်ရင်း သူ၏နှုတ်ခမ်းမွေးများကို ဖြုတ်ပစ်သည်။

ဦးကျော်နှင့် ဒေါ်သောင်းတို့မှာတော့ စံရှား လုပ်နေပုံကို ကြက်သေသေကာ ကြည့်နေကြသည်။

'ထင်ပေါ်ရေ... ဇလုံနဲ့ရေ ယူခဲ့စမ်းပါကွာ၊ ဖေဖေနဲ့ မေမေတို့ကို မျက်လှည့်ပြမလို့'

စံရှားသည် ဒွားကြီးကိုဖြဲ၍ ရယ်နေသော ထင်ပေါ်ဘက်သို့ လှမ်းပြောသည်။

ထင်ပေါ်ကလည်း ခေါင်းတစ်ချက်ညိတ်ပြရင်း နောက်ဖေးခန်းသို့ အမြန်ဆုံးပြေးဝင်သွားသည်။ မိနစ်ဝက်ခန့်အကြာတွင် ကြွေဇလုံတစ်ခုတွင် ရေများထည့်၍ ထင်ပေါ်က စံရှားထံ ယူလာသည်။

ဦးကျော်တို့ကတော့ စကားပင် မပြောနိုင်ကြပေ။ ကြည့်မြဲ ငေးကြည့်နေကြသည်။

စံရှားသည် ထင်ပေါ်ယူလာသော ရေဇလုံတွင်းမှ ရေများနှင့် သူ၏မျက်နှာကို သစ်နေသည်။ ပြီးတော့ သူသည် အိမ်တွင်းမှ လက်ကိုင်ပဝါကိုထုတ်၍ မျက်နှာပေါ်မှ ရေများကို သုတ်ပစ်သည်။ ထိုအခါကျမှ စံရှား၏အမေ မွေးထားသော ရုပ်မှန် ပြန်လည်ပေါ်ပေါက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟောတော့…'

ဒေါ်သောင်းမှာ ဘဘကြီးအသွင်ပျောက်ကာ စံရှား၏ရုပ်ပေါက်လာသည်ကို တွေ့ရလျှင် တအံ့တသြဖြစ်ကာ အထက်ပါအတိုင်း နှုတ်ဖျားမှ ထွက်ပေါ်လာသည်။

'သြော်… လက်စသတ်တော့ဒီလိုကိုး၊ ဟား…ဟား…ဟား…'

ဦးကျော်လည်း စံရှား၏ရုပ်သွင်ကို မြင်ရလျှင် အထက်ပါတိုင်း ပြောပြီးရယ်နေတော့သည်။ ထို့နောက် သူတို့အားလုံးသည် ဟား… ဟားနှင့် ပြိုင်တူရယ်နေကြသည်။

'နေစမ်းပါဦးကွ၊ မင်းဟာက ဘာသဘောနဲ့ အခုလို အသက်ငါးဆယ်ကျော်အရွယ် လူကြီးအဖြစ် ရုပ်ပြောင်းထားရတာလဲ၊ ရှုးလည်း ရှုးတဲ့အကောင်ပဲ၊ ဟား… ဟား… ဟား…'

ဦးကျော်သည် တဟားဟားနှင့် ရယ်ရင်း သားဖြစ်သူကို မေးနေသည်။ ထိုအခါတွင် ထင်ပေါ်က စံရှား အဖြေမပေးမီ ဝင်ပြောသည်။

'အဲဒါလား… ဦးလေးတို့ သားတော့်မောင်ရဲ့ မိန်းမနောက်ပိုးနည်းလေ၊ ဟား… ဟား… ဟား…'

ထင်ပေါ်၏စကားကြောင့် ဦးကျော်မှာ အံ့သြရပြန်သည်။

'ဟေ… မိန်းမနောက်ပိုးနည်း ဟုတ်လား၊ ငါတစ်သက်မှာ ဒီလိုဟာမျိုး ကြားလည်း မကြားဖူးဘူး၊ မြင်လည်း မမြင်ဖူးပါဘူးကွာ'

ဦးကျော်သည် တအံ့တသြနှင့် ပြောနေပြီးနောက် သွားကြီးဖြီးကာပြုံးနေသော စံရှားဘက်သို့လှည့်ကာ ဆက်မေးပြန်သည်။

'ဒီမှာ သားရဲ့၊ သူများတကာတွေ မိန်းမနောက်ပိုးကြတာ



သားလိုတော့ မဟုတ်ပါဘူး၊ တချို့ လူတွေများ အသက်အရွယ်ကြီးနေလို့ ကိုယ့်ကိုယ်ကိုယ် ငယ်ငယ်ရွယ်ရွယ်ဖြစ်အောင် အမျိုးမျိုးဖန်တီးပြီး ကိုယ်သဘောကျတဲ့ မိန်းမကို ပိုးကြပန်းကြရတယ်၊ ငါ့သားကဖြင့် ပြန်ပြောင်းကြီးပါကလား၊ ဟား… ဟား… ဟား… ဘာသဘောနဲ့များ သားက အဘိုးကြီးယောင်ဆောင်ပြီး အခုလို လုပ်ရတာလဲကွ၊ ဖေဖေ့ကို ရှင်းပြစမ်းပါဦး'

'ဘယ်လိုသဘောကြောင့်မှမဟုတ်ဘူး ဖေဖေ၊ ကျွန်တော့်ချစ်သူက ဘဘကြီးအယောင်ဆောင်ပြီးနေမှ အနားကပ်ခံတာနဲ့ ကျွန်တော်လည်း အခုလို လုပ်ရတာပဲ'

စံရှား၏ စကားဆုံးလျှင် သူ၏မိဘများမှာ ရယ်ကြရပြန်သည်။

'မင်းတို့ အခုကာလများ ကြားလိုက်ရ မြင်လိုက်ရရင် အဆန်းချည်းပဲ၊ ခစ်… ခစ်… ခစ်…'

ဒေါ်သောင်းသည် သားဖြစ်သူမျက်နှာကိုကြည့်ကာ ပြောရင်း ရယ်နေသည်။

'နေပါဦး သားရဲ့၊ မင်းပြောသလိုသာဆိုရင် မင်းဟာ အခုလိုပဲ ဘဘကြီးအဖြစ်နဲ့ နေရတော့မှာလား'

ဦးကျော်က မေးပြန်သည်။

'ဒီလိုလည်း ဘယ်ဟုတ်မလဲ ဖေဖေရဲ့၊ ဒါကြောင့်မို့ အဖေတို့ကို ကျွန်တော်က အကူအညီတောင်းတာပေါ့၊ ဒါထက် ကျွန်တော့်ချစ်သူဟာ ချောပါတယ်နော်'

'ဟေ… မင်းချစ်သူ ဟုတ်လား၊ ငါတို့မှ မမြင်ဖူးသေးဘဲနဲ့၊ ချောတယ် မချောဘူး ဘယ်လိုလုပ်ပြောနိုင်မှာလဲ သားရဲ့'

'ဟာ… ဖေဖေကလည်း ဘယ့်နှယ် မမြင်ဖူးရမှာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ခုနကပဲ ဖေဖေတို့ရှေ့မှာတင် ပြန်သွားတဲ့ဟာ'

'ဟော်ဗျ… ဒီ… ဒီလိုဆို မင်း… မင်းယူမယ့်သူဟာ မနီနီရဲ့ သမီးလား'

'ဟုတ်တယ်လေ၊ ဒီကမ္ဘာလောကကြီးမှာ ကျွန်တော် အကြိုက်ဆုံးနဲ့ အချစ်ဆုံးဟာ အဲဒီ ဒေါ်နီနီရဲ့သမီး ခင်ဇွေဝင်းဆိုတဲ့ လှယမင်းလေးပဲ ဖေဖေရဲ့'

'အဲ… ကောင်းရောကွာ၊ တို့ကဖြင့် သူ့သမီးမှန်း မသိကြလို့ သူ့ကိုတောင်မှ ဒီညနေ မင်းမိန်းမတောင်းခိုင်းတဲ့ကိစ္စမှာ အကူအညီခေါ်နေမိသေးတယ်၊ ဟား… ဟား… ဟား…'

ဦးကျော်မှာ ပြောပြီး တဟားဟားနှင့် ရယ်နေသည်။ ကျန်လူများမှာလည်း ရယ်နေမိကြသည်။ ဒေါ်သောင်းသည် သားဖြစ်သူ၏ မျက်နှာကို လှမ်းကြည့်ပြီး မေးပြန်သည်။

'ပြောစမ်းပါဦး သားရဲ့၊ မင်းနဲ့ မနီနီရဲ့သမီးနဲ့ ဘယ်လိုကနေ ဘယ်လိုတွေ့ကြပြီး အခုလို ဘဘကြီးအယောင်ဆောင်ရတယ်ဆိုတာ မေမေနားလည်အောင် ရှင်းပြစမ်းပါဦး'

မိခင်ဖြစ်သူက မေးလျှင် စံရှားသည် ခင်ဇွေဝင်းကို တွေ့ရသည်မှစ၍ စာလိုက်ပေးသည် အလယ်၊ ဘဘကြီးအဖြစ် အယောင်ဆောင်ရသည် အဆုံး အလုံးစုံကို ပြန်လည်ပြောပြနေသည်။ မိဘများကတော့ သားဖြစ်သူ ပြောပုံဆိုပုံကို နားထောင်ရင်း တခစ်ခစ်နှင့် ဖြစ်နေကြတော့သည်။

'အင်း… မင်းပြောသလိုသာဆိုရင်တော့ ငါတို့ ဒီညနေ သွားကြမယ့်ကိစ္စဟာ သိပ်တော့အောင်မြင်လိမ့်မယ် မထင်ဘူးကွ'

စံရှား၏ စကားအဆုံးတွင် ဦးကျော်က ပြောသည်။

'ဘာဖြစ်လို့လဲ ဖေဖေ၊ သွားမယ်ဖြင့် မကြံရသေးဘူး၊



ဖေဖေက အရှုံးပေးချင်ပြီလား'

'အရှုံးပေးချင်လို့ မဟုတ်ဘူး၊ မင်းနဲ့ ခင်ဇွေဝင်းနဲ့ဟာ မင်းပြောတဲ့ စကားအတိုင်းဆိုရင် သင့်မြတ်ကြတာ မဟုတ်လို့ပါ'

'အိုတော်… ကိုကျော်ကလည်း သား စိတ်မကောင်းအောင် ပြောမနေပါနဲ့၊ လူချင်း တစ်ဦးအကြောင်းကို တစ်ဦး မသိကြခင် မသင့်မြတ်ကြပေမယ့် အခုလို သိထားကြတဲ့အခါမှာတော့ သင့်မြတ်ချင် သင့်မြတ်မှာပေါ့'

မိခင်ဖြစ်သူ၏စကားကို ကြားရလျှင် စံရှားမှာ အားတက်သွားတော့သည်။

'အဲဒီလိုပေါ့ မေမေရဲ့၊ ဪ… ဒါထက် တစ်ခုတော့ မှာထားပါရစေ'

'ဘာများလဲ သားရဲ့၊ မေမေတို့ကို ပြောပါဦး'

'တခြားတော့ မဟုတ်ပါဘူး၊ ကျွန်တော် အခုလို ဘဘကြီး အယောင်ဆောင်တာ ဒေါ်နီနီရော ခင်ဇွေဝင်းပါ မသိပါစေနဲ့နော်'

'အေးပါ… မသိစေချင်ရင် မသိစေရပါဘူး'

သူတို့သားအမိတွေ ပြောဆိုနေကြစဉ် ထင်ပေါ်က ဝင်ပြောသည်။

'ဒါပဲနော်၊ မင်းတို့ ညနေသွားကြရင် ငါတော့ မလိုက်ဘူး၊ မင်းတို့ချည်းပဲ သွားကြ'

'ဘာဖြစ်လို့လဲကွ၊ မင်းပါ လိုက်ခဲ့မှပေါ့'

'ဟာ… မလိုက်ချင်ပါဘူးဆိုနေမှ၊ မင်းတို့ချည်းပဲ သွားကြပါကွာ၊ ရှိခိုးပါရဲ့'

'အေးလေ… မလိုက်ချင်ရင်လည်း နေပေါ့ ဪ…

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့ မေမေတို့ကို သားကန်တော့ပါတယ်နော်၊ စောစောတုန်းက ဒေါ်နီနီရှေ့မှာ ပြောမိဆိုမိတာတွေ အပြစ်မယူပါနဲ့’

စကားအဆုံးတွင် စံရှားသည် သူ၏မိဘများကို ထိုင်ကန်တော့နေသည်။

‘အေးပါကွာ၊ ဖေဖေတို့က ခွင့်လွှတ်ပါတယ်၊ ငါ့သားဟာ ဖေဖေတို့ကို မရိုသေလို့၊ အခုလိုပြောတာမှ မဟုတ်ဘဲ၊ အလိမ်ပေါ်မှာစိုးလို့ လုပ်ရတဲ့ဟာ၊ ဒါပေမဲ့ ငါ့လက်မောင်းကို မင်း ဆွဲလိမ်တာကတော့ အတော့်ကို နာသဟေ့၊ ဟား… ဟား… ဟား…’

ဦးကျော်က ပြောပြီးရယ်နေလျှင် စံရှားကလည်း ရောနှော၍ ရယ်ရင်း ပြန်ပြောသည်။

‘ဆောရီးပဲ ဖေဖေ၊ ဒီလိုလုပ်မိတဲ့အတွက်လည်း ဖေဖေ့ကို ကန်တော့ပါတယ်၊ အမှန်တော့ ကျွန်တော့်အနေနဲ့ အခုလို မလိမ်ချင်ပေမယ့် မတတ်သာလို့ ဇွတ်လိမ်ရတာပါ’

ရှုံ့ကာမဲ့ကာနှင့် ပြောနေသော စံရှားကိုကြည့်၍ ကျန်လူများမှာ တခစ်ခစ်နှင့် ရယ်နေကြတော့သည်။

□

(တစ်ဆယ့်လေး)

## စံရှားနှင့် ခင်ငွေးဝင်း

ထိုနေ့ ညနေ (၆)နာရီခန့်တွင်တော့ စံရှားတို့ မိသားစု သုံးယောက်တို့မှာ ဒေါ်နီနီတို့၏အိမ်သို့ မိန်းမတောင်းသွားကြရန် ပြင်ဆင်ကြတော့သည်။

စံရှားမှာ ခင်ငွေးဝင်း သူ့ကိုမြင်လျှင် အံကျကြီးကျစေရန် အတွက် တစ်ကိုယ်လုံး အဝတ်သစ်များဝတ်ကာ ရှိုးပေးထားသည်။ ဈောင်ခိုဈေးမှ ရှားရှားပါးပါး ဝယ်ထားသော ဘလက်(ခ်)ဂိုယာ ရေမွှေးကိုလည်း တစ်ပုလင်းကုန်ခါနီးပါးဆွတ်ကာထားသဖြင့် သူ့ တစ်ကိုယ်လုံးသာမကဘဲ တစ်ခန်းလုံး မွှေးကြိုင်နေတော့သည်။

ထင်ပေါ်ကတော့ ရှိုးကျကျဝတ်ထားသော သူငယ်ချင်း ဖြစ်သူကိုကြည့်၍ ရယ်ရင်းပြောသည်။

‘ဟား… ဟား… ဟား… စံရှားတို့ကတော့ ဒီကနေ့ အဖို့ ဝတ်ထားလိုက်တာက အစွမ်းကုန်ပဲဟေ့၊ တစ်ကိုယ်လုံးလည်း ရေမွှေးတွေဆွတ်ထားလိုက်တာ မှိုင်မှိုင်ကိုမွှေးပြီး မွှေးမွှေးကြိုင်ကြိုင် နေတာပဲ၊ မင်းဟာက နည်းနည်းတော့မလွန်ဘူးလားကွ

www.burmeseclassic.com



ထင်ပေါ်ကပြောလျှင် ဦးကျော်ကလည်း သားဖြစ်သူကို ကြည့်ပြီး ပြောပြန်သည်။

'ဟုတ်သားပဲ သားရာ၊ မိန်းမတောင်းသွားမယ့်ဟာ ဒီ ယော်က်ပဲ တရားလွန် ဝတ်ရသလားကွ၊ မင်းဟာက ငမ်းမှန်း တယ်သိသာတာပဲ၊ ဟား... ဟား... ဟား...'

ဦးကျော်၏စကားကို အနီးတွင်ရှိသော ဒေါ်သောင်းက ကြားရလျှင် သဘောမကျဟန်နှင့် မျက်နှာတစ်ချက်ရှုံ့မဲ့ရင်း ဝင် ပြောသည်။

'အောင်မယ်... တော်က ဒီလိုမပြောပါနဲ့၊ တော်ရော ကျုပ်ဆီ လူပျိုလှည့်လာစဉ်က အခုလိုပဲ ဝတ်စားလာတာ မဟုတ် လား၊ ဘာအခုမှ တော်က လူကောင်းကြီးလုပ်ပြီး သားကို အပြစ် တင်နေရတာလဲ၊ တော်က သားထက်တောင်ဆိုးသေးတယ်၊ ဟင်း'

ဒေါ်သောင်း၏စကားကြောင့် ဦးကျော်မှာ သွားကြီးဖြီး ကာ ဟီးခနဲရယ်ချသည်။ စံရှားကတော့ မိခင်၏စကားကို လက် ခုပ်လက်ဝါးတီးရင်း ထောက်ခံသည်။

'ဖြောင်း... ဖြောင်း... ဖြောင်း... ဝေး... ဟေး... ဟေး... ဒါမှ တို့မေမေကွ၊ ဟုတ်တယ်... ဖေဖေဟာ ကိုယ်ချင်း မစာတတ်ဘူး၊ သားကို အမြဲအပြစ်ပြောနေတာ မေမေရဲ့၊ ဒါထက် မေးရဦးမယ်၊ ဖေဖေ လူပျိုလှည့်လာတော့ မေမေက ဘယ်လိုတွေ့ အတွေ့ခံလဲ၊ မေမေကလည်း ရှိုးကောင်းကောင်းနဲ့ ဝတ်ထားတာပဲ မဟုတ်လား၊ ဟား... ဟား... ဟား...'

စံရှားက ပြောင်ချော်ချော်နှင့် မိခင်ဖြစ်သူကို မေးနေသဖြင့် ဒေါ်သောင်းမှာ 'ဟယ်... ငါ့ကို ဘာတွေလာမေးနေတာလဲ၊ သွားစမ်း' ဟူ၍ပြောကာ ရယ်နေသည်။



ထို့နောက်တော့ ဦးကျော်နှင့် ဒေါ်သောင်းတို့က ရှေ့မှ အတူတွဲကာဆင်းပြီး စံရှားကတော့ နောက်မှ လိုက်ပါသွားသည်။

စံရှားတို့ နေထိုင်ကြသော လမ်းထဲတွင် ခွေးဝဲစားနှစ် ကောင်၊ သုံးကောင်ခန့်ရှိသည်။ ထိုခွေးများမှာ လူများကို အူလေ့ ဟောင်လေ့မရှိကြပေ။ သူတို့ဘာသာဘာဝ အေးအေးလူလူ ရှာဖွေ စားသောက်၍သာနေကြသည်။ ယခုမူ စံရှားကိုမြင်လိုက်ကြရ သည်နှင့် သူတို့၏စိတ်ထဲတွင် မည်သို့ထင်မှတ်သွားကြသည်မသိ တဝုတ်ဝုတ်နှင့် နောက်မှလိုက်ဟောင်တော့သည်။

ပထမတော့ စံရှားသည် ခွေးတွေက သူ့ကိုဟောင်နေ သည်ကို မသိဟန်ဆောင်နေသေးသည်။ သို့သော် ခွေးများမှာ ရပ်နားခြင်းမရှိဘဲ စံရှားသွားရာနောက်သို့ တဝုတ်ဝုတ်နှင့်လိုက်ကာ ညံဘာသံပေးနေသဖြင့် ကြာတော့ စံရှားမှာ ရှက်စိတ်နှင့် ဒေါပွ လာတော့သည်။ လမ်းသွားလမ်းလာများနှင့် လမ်းတွင်းရှိ တိုက် များမှ လူတွေကလည်း အဝတ်သစ်တွေနှင့် ရှိုးထုတ်ကာ ဝတ်လာ သော စံရှားကို ခွေးတွေက ဝိုင်းဟောင်နေကြသည်ကို တွေ့ကြ လျှင် ကူညီ၍ ခွေးများကို မောင်းကြမည့်သူမရှိဘဲ ဝိုင်း၍သာ ရယ်နေကြတော့သည်။

သို့ဖြစ်၍ စံရှားသည် ငြိမ်မနေသာတော့ဘဲ လမ်းပေါ်တွင် တွေ့ရသော ခဲလုံးများကိုကောက်ကာ ရှက်ရှက်နှင့် ခွေးများကို ထိုက်လံ၍ပေါက်တော့သည်။ ထိုသို့ ပေါက်တော့မှ ခွေးများ၏ ဟောင်သံတွေကလည်း ပိုမို၍ဆူညံလာတော့သည်။

ခွေးတွေက ဆူဆူညံညံနှင့် ဟောင်လာလေလေ စံရှားသ ည်း တွေ့သမျှ ခဲတွေနှင့် လိုက်ပေါက်လေလေ ဖြစ်လာတော့ သည်။ မိခင်ဖြစ်သူ ဒေါ်သောင်းမှာတော့ သားနှင့် ခွေးတွေအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်၍ ရယ်နေသော်လည်း ဖခင်ဖြစ်သူ ဦးကျော်မှာမူ မျက်ခုံး နောက်လာဟန်နှင့် သားကို နောက်မှအတင်းဆွဲထားရင်းပြောသည်။

'ဟဲ့… ဟဲ့… သားရဲ့၊ ဘယ့်နှယ်ကြောင့် ခွေးတွေနဲ့ ပြိုင်မိုက်နေရတာလဲကွ'

'သူတို့က ကျွန်တော့်ကို လိုက်ဟောင်နေတာကိုး ဖေဖေရ၊ တော်တော်လူပါးဝတဲ့ ခွေးတွေ'

စံရှားက မကျေမချမ်းအသံကြီးနှင့် ပြန်ပြောသည်။

'မင်းကလည်း… လူမပြောနဲ့ ခွေးတွေကိုယ်တိုင် မျက်စိ နောက်လာလို့ ဖြစ်မှာပေါ့ကွ၊ ဟား… ဟား… ဟား…'

'ဟာဗျာ… ဖေဖေကလည်း ဒါကိုပဲပြောနေတာပဲ၊ နို့… ကျွန်တော်က မိန်းမသွားတောင်းရမှာ အခုလို ရှိုးကျကျမဝတ်ဘဲ သူတောင်းစားရုပ်နဲ့ သွားရမှာလားလို့'

စံရှားက ဖခင်၏စကားကြောင့် စိတ်ကောက်သံနှင့် ပြန် ပြောသည်။ ထိုအခါတွင် မိခင်ဖြစ်သူ ဒေါ်သောင်းကလည်း သား ဘက်မှ လိုက်၍ပြောသည်။

'ဟုတ်သားပဲတော်၊ တဆိတ်ရှိ သားဝတ်တဲ့ အဝတ်ကိုပဲ တော်က အပြစ်ပြောနေတာပဲ'

'ငါက အပြစ်ပြောနေတာ မဟုတ်ပါဘူးကွာ၊ မင်း သား ဝတ်ထားတာက နည်းနည်းလွန်လွန်းလို့ပါ၊ မင်းတို့ မကြိုက်ရင် လည်း ငါ မပြောတော့ပါဘူး၊ ကဲ… ခွေးတွေကိုလည်း လိုက်ပြီး ခဲနဲ့ပေါက်မနေပါနဲ့တော့၊ မင်းပေါက်တာတွေကလည်း ခွေးတွေကို အခုထက်ထိ တစ်ချက်မှမထိသေးဘူး၊ လက်တည့်တဲ့နေရာမှာ တော့ ငါ့သားက စံပဲဟေ့၊ လာမယ့်ကျွန်းဆွယ်ပွဲကျရင် မင်းကို သေနတ်ပစ်ဝင်ပြိုင်ခိုင်းဖို့ ကောင်းတယ်ကွ၊ ဟား…ဟား…ဟား'



ဦးကျော်က ရယ်ရယ်မောမောနှင့်ပြောကာ သားဖြစ်သူကို ဆွဲခေါ်သွားသည်။

ထိုအခါကျမှ စံရှားလည်း ခွေးတွေကို ခဲနှင့်လိုက်ပေါက် မနေတော့ဘဲ ဖခင်ခေါ်ရာသို့ လိုက်ပါသွားတော့သည်။ ခွေးတွေက တော့ သူ့ကို အတော်လှမ်းလှမ်းမှနေ၍ ဟောင်ရင်းကျန်ရစ်ကြသည်။

'မနီနီတို့တိုက်က ဘယ်တိုက်လဲ သားရဲ့'

ခင်ချေးဝင်းတို့ နေထိုင်ရာလမ်းတွင်းသို့ ရောက်လျှင် ဒေါ်သောင်းက စံရှားကိုမေးသည်။

'ဟောဟိုက တိုက်အနီကလေးပဲ၊ သူတို့အခန်းက ဝရန် တာမှာ ပန်းအိုးကလေးတွေနဲ့လေ၊ ဟော… ဟော… ပြောရင်း ဆိုရင်း ဒေါ်နီနီရဲ့သမီး ထွက်လာပြီ'

စံရှားသည် ခင်ချေးဝင်းတို့ နေထိုင်ရာ တိုက်ခန်းသို့ ညွှန်ပြပြောဆိုနေရာမှ ခင်ချေးဝင်း ဝရန်တာသို့ ထွက်လာသည်ကို တွေ့ရလျှင် ဝမ်းသာအားရ လှမ်းပြောသည်။

ခင်ချေးဝင်းကလည်း သူတို့ကို ထွက်ကြိုနေသည်မို့ သူတို့ ကို မြင်သွားသည်။

သို့ဖြစ်၍ ခင်ချေးဝင်းသည် အခန်းတွင်းသို့ပြန်ဝင်ကာ 'အမေရေ… ဧည့်သည်တွေလာနေပြီ' ဟု အော်ပြောရင်း တံခါးကို ဖွင့်ပေးထားသည်။ ခင်ချေးဝင်းတို့တိုက်ခန်းသို့ စံရှား၏မိဘများက ရှေ့ဆောင်ကာတက်သွားကြပြီး စံရှားကတော့ နောက်မှကပ်လိုက် သွားသည်။ ဒေါ်နီနီမှာလည်း သမီးဖြစ်သူ၏အသံကြောင့် နောက် ခန်းမှထွက်လာပြီး သမီးဖြစ်သူနှင့်အတူ စံရှားတို့ကို ဆီးကြိုနေ သည်။

'လာ… လာ… အားလုံးလည်း ကျက်ကုန်ပါပြီ၊ မောင်

www.burmeseclassic.com

www.burmeseclassic.com



ထင်ပေါ်နဲ့ အစ်ကိုကြီးတို့ရော မလာကြသေးဘူးလား’

ဒေါ်နီနီသည် ဦးကျော်နှင့် ဒေါ်သောင်းတို့ကို မေးရင်းမှ စံရှားကို တစ်ကြိမ်မျှ မူလရုပ်နှင့် မြင်တွေ့ဖူးခြင်းမရှိသဖြင့် အကဲခတ်ကာ ကြည့်နေသည်။

‘ကျုပ်တို့မိသားစုပဲ လာနိုင်တယ်ဗျ။ ကျန်တဲ့လူတွေတော့ မအားကြလို့ မလာနိုင်ဘူး’

ဦးကျော်သည် ဒေါ်နီနီ၏ အမေးကို ပြန်ဖြေရင်း အခန်းတွင်းသို့ ဝင်လာသည်။ စံရှားလည်း နောက်မှကပ်၍ ဝင်လာသည်။ ခင်ဌေးဝင်းမှာ ရှိုးကျကျနှင့် အစွမ်းကုန်ကြဲထားသော စံရှားကို မြင်ရလျှင် အလွန်ရယ်ချင်နေသည်။

‘သူက ဘယ်သူလဲ၊ ကိုကျော်ရဲ့ သားလား’

ဒေါ်နီနီက အခန်းတွင်းသို့ လူအားလုံးထိုင်မိကြလျှင် ဒေါ်နီနီက မေးပြန်သည်။

‘ဟုတ်တယ်… ကျွန်တော့်သား မောင်စံရှားဆိုတာပေါ့။ ဟဲ… ဟဲ…’

ဦးကျော်က ပြန်ဖြေလျှင် ခင်ဌေးဝင်းမှာ အံ့ဩကာသွားတော့သည်။ အကြောင်းမှာ ဘဘကြီးအယောင်ဆောင် စံရှားက သူ ယခု တွေ့မြင်နေရသော စံရှားသည် သူ၏သားဖြစ်ကြောင်း သူ့ကို ပြောပြထားသောကြောင့်ပင်။

‘ဟင်… ဒီ ကိုစံရှားက ဦးလေးရဲ့သား ဟုတ်လား… နို့… ဟိုအိမ်က ဦးလေးရဲ့အစ်ကိုကြီးကပြောတော့ သူ့သားဆို’

ခင်ဌေးဝင်း၏အမေးပုစ္ဆာကြောင့် ဦးကျော်မှာ သားဖြစ်သူ၏ဇာတ်ရုပ်ကို မည်သို့လုပ်၍ပြန်ဖြေရမည်မသိ ဖြစ်နေတော့သည်။

တစ်အောင့်လောက်ကြာမှ အကြံရကာ ဦးကျော်မှာ ပြန်ဖြေတော့သည်။



‘ဟဲ… ဟဲ… အစ်ကိုကြီးကတော့ ဒီ… ဒီလိုပဲဗျ၊ သူ့တူကို သိပ်ချစ်တော့ ဘယ်သူကပဲမေးမေး သားလို့ဖြေတာပဲ၊ ဟဲ… ဟဲ… ဟဲ…’

ဦးကျော်၏ အဖြေစကားကို ကြားရမှ စံရှားမှာ စောစောက ရင်ခုန်သမျှ ရပ်သွားတော့သည်။

ဒေါ်နီနီသည် စံရှားကို တစ်ချက်လှမ်းကြည့်ပြီး ဦးကျော်နှင့် ဒေါ်သောင်းဘက်လှည့်ကာ ပြောသည်။

‘ကိုကျော်နဲ့ မမသောင်းတို့သားက လူချောပဲ’

‘ချောဆို အဖေဖြစ်တဲ့ ကျုပ်ကလည်း လူချောကိုးဗျ၊ ဒီတော့ သားလည်း ချောရတာပေါ့၊ ဟား… ဟား… ဟား…’

‘အောင်မယ်… တော်ချည်း ရုပ်ချောတာ မဟုတ်ပါဘူး၊ ကျုပ်ရုပ်ကလည်း ချောလို့ သားကို အခုလို ချောချောလှလှကလေး မွေးထားနိုင်တာပေါ့ရှင်’

ဦးကျော်၏စကားအဆုံးတွင် ဒေါ်သောင်းကလည်း အားကျမခံ ဝင်ပြောသည်။ သူတို့၏စကားများကြောင့် ကျန်လူများမှာ ရယ်နေမိကြသည်။

‘ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကိုကျော်ရော မသောင်းရောဟာ ချောကြပါပေတယ်။ ဒါကြောင့်လည်း မောင်စံရှားဟာ အဖေတူ မအေတူကလေးမို့ ချောတာပေါ့၊ ခစ်… ခစ်… ခစ်…’

ဒေါ်နီနီကလည်း တခစ်ခစ်နှင့်ရယ်ရင်း ပြန်ပြောသည်။

‘မနီနီရဲ့ သမီးကလည်း တော်တော့်ကို ချောတာပဲ၊ သူ့အသက် ဘယ်လောက်ရှိသွားပြီလဲအေ့’

ဒေါ်သောင်းက ခင်ဌေးဝင်းကို ချစ်ခင်သောအမူအရာနှင့် လှမ်းကြည့်ရင်း ဒေါ်နီနီကို မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူလား၊ အခု အသက်နှစ်ဆယ်ပြည့်ခဲ့ပါပြီ မမသောင်းရဲ့'

ခင်ဒွေးဝင်းကတော့ ရှက်နေဟန်နှင့် ခေါင်းကိုငုံ့ထားသည်။

'ကိုင်း… ဟင်းတွေ၊ ထမင်းတွေ အားလုံးလည်း ကျက်ကုန်ပြီ၊ မမသောင်းတို့သားအတွက် မိန်းမတောင်းသွားဖို့ကိစ္စက ရှိသေးတော့ စားကြမှထင်တယ်၊ သမီးရေ… ထမင်းပွဲပြင်ချေတော့ကွယ်'

ဒေါ်နီနီက ပြောလျှင် ဦးကျော်တို့မိသားစုမှာ ပိုင်းရယ်နေကြတော့သည်။ သူတို့၏ရယ်သံကြောင့် ဒေါ်နီနီတို့သားအမိမှာ အူကြောင်ကြောင် ဖြစ်သွားကြသည်။

'ဘာဖြစ်လို့ ရယ်နေကြတာလဲ မမသောင်းရဲ့'

ဒေါ်နီနီက နားမလည်ဟန်နှင့် ပြန်မေးသည်။ ခင်ဒွေးဝင်းမှာလည်း နောက်ဖေးခန်းသို့ ထွက်မသွားသေးဘဲ အသာရပ်ကာ နားထောင်နေသည်။

ဒေါ်သောင်းမှာ တခစ်ခစ်နှင့် ရယ်ရင်းမှ ပြန်ဖြေသည်။

'ရယ်ဆို တို့အဖြစ်က ရယ်စရာကောင်းနေလို့ပေါ့ မနီရဲ့ ခစ်… ခစ်… ခစ်…'

'သြော်… မမသောင်းတို့နဲ့တော့ ခက်နေပါပြီ၊ ဘာတွေများ ရယ်စရာကောင်းနေတာလဲ၊ ပြောပါဦး… ကျွန်မတို့ပါ ရယ်ချင်လို့ပါ'

ဒေါ်နီနီမှာ အကြောင်းမှန် မသိသေးသဖြင့် ပြန်လည်ရယ်ရင်း ပြောသည်။

'အင်း… ရယ်ချင်ရင်လည်း ပြောရသေးတာပေါ့၊ ဒီကို သားအတွက် မိန်းမတောင်းမယ်လို့ မနက်က ဈေးမှာပြောခဲ့တယ် မဟုတ်လား'



'ဟုတ်တယ်လေ… ပြောခဲ့တယ်၊ အဲဒီအတွက် ကျွန်မတို့လည်း လိုက်မလို့ပဲဟာ'

ဒေါ်နီနီက ပြန်ပြောလျှင် စံရှားတို့မှာ ရယ်ကြရပြန်သည်။

ဦးကျော်က တပြုံးပြုံးနှင့် ဒေါ်နီနီဘက်သို့ လှမ်း၍ကြည့်ကာ ဝင်ပြောသည်။

'လိုက်နေစရာ မလိုပါဘူး မနီရဲ့၊ ကျုပ်တို့သွားတောင်းမယ့် မိန်းကလေးဟာ တခြားသူမှ မဟုတ်ဘဲ၊ မနီရဲ့သမီးဗျ၊ ဟား… ဟား… ဟား…'

'ဟောတော့…'

ဦးကျော်၏စကားအဆုံးတွင် ဒေါ်နီနီ၏နှုတ်ဖျားမှ အထက်ပါအတိုင်း အာမေဍိတ်သံကြီး ပေါ်ထွက်လာတော့သည်။ ခင်ဒွေးဝင်းမှာ ထိုစကားကိုကြားလိုက်ရလျှင် မျက်နှာတွေ အကြီးအကျယ်နီကုန်တော့သည်။ အဲ… ဟုတ်ပါဘူး၊ ပျက်ကုန်တော့သည်။

'ကျွန်… ကျွန်မရဲ့သမီးကို ဟုတ်လား၊ ဘာဖြစ်လို့လဲ'

'မြတ်စွာဘုရားရေ…ဘာဖြစ်လို့လဲတဲ့၊ ဟား…ဟား…ဟား… ဘယ်လိုလုပ် မေးလိုက်တာလဲ မနီရယ်။ ကျုပ် သားက ခင်ဗျားရဲ့သမီးကို မေတ္တာသက်ဝင် ချစ်ခင်စုံမက်နေလို့ပေါ့ဗျာ၊ ဟား… ဟား… ဟား…'

ဦးကျော်မှာ ဒေါ်နီနီ၏ အူကြောင်ကြောင် ဖြစ်နေပုံကို ကြည့်ကာရယ်ရင်း ပြန်ပြောသည်။ ဒေါ်သောင်းကလည်း ဒေါ်နီနီ၏သဘောထားကို သိလိုဟန်နှင့် ဝင်မေးသည်။

'မနီရဲ့ သဘောထားကရော ဘယ်လိုလဲကွယ့်၊ တို့သားနဲ့ သဘောမတူလို့လား'

'ဟာ… မမသောင်းကလည်း ဘယ်လိုပြောလိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



လဲ၊ မမသောင်းနဲ့ ကျွန်မတို့ဟာ တခြားသူတွေမှ မဟုတ်တာ၊ သဘောမတူမရှိပါဘူး၊ တူရမှာပေါ့'

ဒေါ်နီနီ၏စကားကို ကြားရလျှင် စံရှားအဖို့ ဝမ်းသာလွန်းသဖြင့် ထကနေချင်သလောက် ခင်ဌေးဝင်းကတော့ ထိုင်၍သာ ငိုလိုက်ချင်တော့သည်။ သို့ဖြစ်၍ သူ၏မျက်နှာမှာ ငိုမဲ့မဲ့ကလေး ဖြစ်လာတော့သည်။ စံရှားကိုလည်း ဒေါသဖြစ်နေဟန်နှင့် မျက်စောင်းတထိုးထိုး လုပ်နေရတော့သည်။

'ကြားရတာ ဝမ်းသာလိုက်တာ မနီရယ်၊ မမသောင်းတို့လည်း အစကတော့ မသိပါဘူး၊ အဲ... နေ့လယ်တုန်းက မနီတို့ သားအမိ ပြန်သွားကြတဲ့အခါကျမှ သူက သူ့သဘောကျနေတဲ့ မိန်းကလေးဟာ တခြားသူမဟုတ်ဘူး၊ မနီရဲ့သမီးဆိုတာ ပြောပြတယ်၊ ဒီတော့မှပဲ မမသောင်းတို့လည်း သိရတာပဲ'

'အဟီး... ကျွန်မကတော့ တခြားက မိန်းကလေး တောင်းမယ်မှတ်လို့ မမသောင်းတို့ကို မှာလိုက်ရတာ၊ မှာရုံနဲ့တောင် အားမရနိုင်လို့ ကျွန်မပါလိုက်မယ်လို့တောင် ပြောရသေးတယ်၊ လက်စသတ်တော့ ကျွန်မသမီး ဖြစ်နေတာကိုး၊ ဟား...ဟား... ဟား...' ဒေါ်နီနီမှာ သူတို့၏ဖြစ်ပုံကို တွေးမိဟန်နှင့် ရယ်ရင်း ပြောသည်။

'ဖြစ်နေရော ဘာဖြစ်သလဲဗျာ၊ ခင်ဗျားသမီးအတွက် ခင်ဗျားကပဲ ကမကထလုပ်ပြီး ကျုပ်တို့သားအတွက် ပြောပေးဆိုပေးပေါ့၊ မဟုတ်ဘူးလား၊ ဟား... ဟား... ဟား...'

ဦးကျော်က ဝင်၍နောက်သည်။ ထိုစကားကြောင့် ခင်ဌေး ဝင်းမှတစ်ပါး ကျန်လူအားလုံးမှာ ဝိုင်းရယ်နေကြသည်။

ဒေါ်နီနီသည် ငိုမဲ့မဲ့ မျက်နှာကလေးနှင့်ဖြစ်ကာနေသော



သမီးဖြစ်သူကိုကြည့်ပြီး မေးသည်။

'ကိုင်း... သမီး၊ အခုပြောနေတာတွေ ကြားပြီမဟုတ်လား၊ ဒီတော့ သမီးသဘောက ဘယ်လိုလဲကွယ်'

'အို... သမီးအနေနဲ့ကတော့ သူ့ကို မလိုချင်ဘူး၊ သူ့မျက်နှာကိုလည်း မကြည့်ချင်ဘူး၊ သူ့ကို မုန်းတယ်'

ခင်ဌေးဝင်းက စံရှားကိုဒေါသထွက်သောမျက်လုံးများနှင့် လှမ်းကြည့်ရင်း ပြောသည်။ ခင်ဌေးဝင်း၏စကားကြောင့် ဦးကျော်နှင့် ဒေါ်သောင်းတို့မှာ အံ့အားသင့်သွားကြသည်။ ဦးကျော်သည် သားဖြစ်သူစံရှား၏မျက်နှာကို လှောင်ပြုံးပြုံးပြရင်းလှမ်းပြောသည်။

'ကိုင်း... သားရေ၊ ဟောဒီ တူမကြီးကတော့ မင်းကို မုန်းတယ်တဲ့ကွ။ မင်းကရော ဘယ်လိုလဲ'

'ဟာ... သူ ဘယ်လိုပဲမုန်းမုန်း ကျွန်တော်ကတော့ ချစ်တယ် ဖေဖေ။ တကယ့်ကို ချစ်မိပါတယ်။ ဒီတော့ ဖေဖေတို့က အင်တိုက်အားတိုက် ကူညီပေးပြီး ကျွန်တော့်အပေါ်မှာ ချစ်လာအောင် ပြောပေးကြပါ ခင်ဗျာ'

စံရှားက မျက်နှာငယ်ကလေးနှင့်ကြည့်ရင်း ပြန်ပြောလျှင် လူကြီးများမှာ ဝါးခနဲ ရယ်ကြသည်။ ခင်ဌေးဝင်းကတော့ စံရှားကို မျက်မုန်ကျိုးနေဟန်နှင့် အောက်နှုတ်ခမ်းကို ကိုက်ကာ သုန်မှုန်သောမျက်နှာနှင့် ကြည့်နေသည်။

'နေပါဦး တူမရယ်၊ အဒေါ်သားကို ဘာဖြစ်လို့ မုန်းတယ်ဆိုတာ မသိရဘူးလား' ဒေါ်သောင်းက ခင်ဌေးဝင်းကို မေးသည်။

'ကျွန်မကို လမ်းသရဲဆန်ဆန် စာလိုက်ပေးလို့ ဒေါ်ဒေါ်၊ ကျွန်မလေ ဒီလိုလုပ်တာကို သိပ်ပြီးရှက်တာပဲ၊ ဒါဟာ မိကောင်းဖခင် သားသမီးတစ်ယောက်ရဲ့ အပြုအမူ မဟုတ်ပါဘူး'

www.burmeseclassic.com



'အေး… အေး… ငါ့တူမပြောတာ မှန်တယ်'

ဦးကျော်သည် ခင်ဌေးဝင်း၏ စကားအဆုံးတွင် ပြန်ပြောပြီးနောက် စံရှားဘက်သို့လှည့်ကာ မေးသည်။

'နေစမ်းပါဦး၊ မင်းကရော ဘာလို့ သူ့ကို စာလိုက်ပေးရတာလဲကွ၊ ဒါဟာ ကောင်းတဲ့အပြုအမူ မဟုတ်ဘူး'

'ဟုတ်ကဲ့… မကောင်းမှန်းတော့ ကျွန်တော် သိပါတယ် ဖေဖေ။ ဒါပေမဲ့ ကျွန်တော်ဟာ သူ့ကို သိပ်ချစ်နေမိတော့ ကောင်းတယ်မကောင်းတယ် မစဉ်းစားမိဘဲ စာကိုပေးမိပါတယ်၊ဒီအတွက်လည်း ကျွန်တော်ဟာ ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ် ဖေဖေ'

'ကိုင်း… တူမကြီး၊ သူ့အမှားကို သူသိလို့ တောင်းပန်နေပါပြီကွယ်၊ ဒီတော့ ကျေနပ်ပါတော့၊ ဟုတ်လား'

'အို…ဒီလို လွယ်လွယ်နဲ့တော့ ဘယ်ကျေနပ်နိုင်ပါ့မလဲ'

ခင်ဌေးဝင်းက မျက်နှာထားတင်းတင်းနှင့် ပြန်ပြောလျှင် စံရှားမှာ စပ်ဖြီးဖြီးနှင့်ကြည့်ရင်း မေးသည်။

'ဒါဖြင့် ဘယ်လိုမှ ကျေနပ်နိုင်မှာလဲ၊ ငှက်ပျောပွဲ အုန်းပွဲနဲ့ ကန်တော့မလားဗျ'

ထိုစကားကြောင့် ခင်ဌေးဝင်းမှာ ရှူးရှူးရှဲရှဲနှင့် ဒေါပွသွားတော့သည်။

'ရှင်… ရှင်နော်၊ ဒီလို ပြောင်ချော်ချော် နောက်တောက်တောက် မပြောနဲ့၊ ကျွန်မ မကြိုက်ဘူး၊ သိလား'

'ကျွန်တော် ပြောင်တာမဟုတ်ပါဘူးလေ၊ မသိလို့မေးတာပါ'

'ဘာမသိလို့ မေးတာလဲ'



'ကဲပါ …တော်ကြပါတော့၊ ဒါနဲ့ပဲ ရန်ဖြစ်နေကြဦးမယ်'

စံရှားနှင့် ခင်ဌေးဝင်းတို့ ပြောဆိုနေကြသည်ကို ဒေါ်နီနီက ကြားမှဝင်တားသည်။ သူတို့နှစ်ယောက်စလုံး တိတ်သွားကြလျှင် ဒေါ်နီနီက ခင်ဌေးဝင်းဘက်သို့လှည့်ကာ ပြောသည်။

'ဒီမှာ သမီး၊ ဟောဒီက ကိုကျော်နဲ့ မမသောင်းတို့ဟာ တခြားသူတွေ မဟုတ်ဘူးကွယ့်၊ ညည်းအဖေနဲ့ရော မေမေနဲ့ပါ အင်မတန်ခင်မင်ရင်းနှီးကြတဲ့ လူတွေပါ၊ အခု သူတို့က သမီးနဲ့ သူတို့သားဖြစ်သူကို စေ့စပ်ဖို့လာနေကြတယ်၊ ဒါကို မေမေငြင်းရင် မေမေ ရိုင်းရာကျတော့မှာပေါ့၊ ဒီတော့ သမီးကို မေမေ မေတ္တာရပ်ခံချင်တာကတော့ အတိတ်က မှားခဲ့ကြတဲ့ ကိစ္စတွေကို ပြန်တွေးမနေတော့ဘဲ မေမေတို့စီမံရာကို နာခံပါလို့ ပြောချင်တာပဲ'

ဒေါ်နီနီ၏ စကားအဆုံးတွင် ခင်ဌေးဝင်းမှာ တရှုပ်ရှုပ်နှင့် ငိုနေတော့သည်။

စံရှားမှာ သူ၏ရှေ့မှောက်တွင် ခင်ဌေးဝင်း ငိုနေသည်ကို တွေ့ရလျှင် အတော်ပင် စိတ်မကောင်းဖြစ်သွားတော့သည်။ သို့ဖြစ်၍ သူသည် ခင်ဌေးဝင်းကို သုမ်း၍ချော့သည်။

'တိတ်ပါဗျာ… မငိုပါနဲ့၊ နေဝင်မိုးချုပ်အချိန်ကြီးမှာ မငိုကောင်းဘူး၊ နတ်ပူးတတ်တယ်ဗျ၊ တိတ်… တိတ်…'

စံရှား၏ ပြောသံကိုကြားရလျှင် လူကြီးများက ရယ်နေမိကြသလောက် ခင်ဌေးဝင်းကတော့ သူ့ကို နောက်ပြောင်သည်မှတ်ကာ အလွန်ပင်ဒေါပွသွားတော့သည်။

'ရှင်နော်… ရှင်… လူကို လာမနောက်နဲ့၊ သိလား'

'နောက်တာ မဟုတ်ပါဘူး၊ ခင်ဗျားငိုတာ မြင်ရတော့ ကျွန်တော်လည်း စိတ်မကောင်းလို့ အခုလို ချော့ရတာပါဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'အို… ရှင် ချော့နေစရာ မလိုပါဘူး၊ ရှင်က ဇာကယ့်ကို စိတ်မကောင်းဖြစ်နေရင် စေ့စပ်ရေးကိစ္စကို ဖျက်သိမ်းပေးပါလား'

'ဟာဗျာ… ဒါကတော့ မဖြစ်နိုင်တာကြီးပဲ၊ ကျွန်တော်ဟာ ခင်ဗျားကို ချစ်လွန်းလို့ အခုလို လာပြောတဲ့ဟာ၊ ဖျက်လို့ မဖြစ်ဘူး'

'ရှင်က မဖျက်နိုင်ပေမယ့် ကျွန်မကမှ ရှင့်ကိုမချစ်တဲ့ဟာ၊ ဘယ်ဖြစ်နိုင်မှာလဲလို့'

'ဖြစ်နိုင်ပါတယ်ဗျာ၊ ခင်ဗျားက ကျွန်တော့်ကို ချစ်နိုင်အောင် ကြိုးစားပေါ့'

'မချစ်နိုင်ပါဘူးလို့ ရှင့်ကို ဘယ်နှခါပြောရဦးမှာလဲ၊ ဒီမှာ မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို ဓားပြတိုက်ယူတာ မကောင်းပါဘူးရှင့်၊ လောကကြီးမှာ မိန်းမပေါပါတယ်'

'မိန်းမပေါပေမယ့် ကျွန်တော်က ရှားရှားပါးပါးကိုမှ လိုချင်တာ၊ ဒီကမ္ဘာလောကကြီးမှာတော့ ခင်ဗျားကလွဲရင်ဖွဲ့နဲ့ဆန်ကွဲချည်းပဲ၊ ပြီးတော့ ကျွန်တော်ဟာ ခင်ဗျားပြောနေသလို အချစ်ကို ဓားပြတိုက်ယူတာ မဟုတ်ပါဘူး၊ တန်ရာတန်ဖိုးပေးပြီး ယူမှာပါ'

'အို… ရှင် ဘယ်လိုပဲပြောပြော ကျွန်မကတော့ ရှင့်ကို မချစ်နိုင်ပါဘူး၊ ဒါပဲ'

'ဟောဒီမှာ ဒေါ်ဒေါ်ရေ၊ သူက ကျွန်တော့်ကို မချစ်ဘူးတဲ့ဗျ၊ လုပ်ပါဦး'

စံရှားသည် ခင်ဒွေးဝင်းနှင့် အချီအချပြောနေရာမှ ဒေါ်နီနီဘက်သို့လှည့်ကာ တိုင်တော့သည်။ ဒေါ်နီနီမှာ စံရှားကို ကြည့်၍ တခစ်ခစ်ရယ်ရင်း ပြန်ပြောသည်။



'စိတ်ပူမနေပါနဲ့ ငါ့တူရယ်၊ ဒေါ်ဒေါ်က မင်းကို ချစ်လာအောင် ပြောပေးပါ့မယ်'

'ကိုင်း… သမီး၊ စကားတွေ သိပ်ပြီး ရှည်ရှည်ဝေးဝေး ပြောမနေနဲ့၊ ဘယ်လိုပဲ ငြင်းနေငြင်းနေ မေမေကတော့ မောင်စံရှားနဲ့ပဲ သဘောတူတယ်'

ဒေါ်နီနီက ပြောလျှင် ခင်ဒွေးဝင်းမှာ ငိုပြန်တော့သည်။

'ကဲပါလေ… ငါ့တူမကြီး စိတ်ထဲမှာ အခုနေအခါမှာတော့ မောင်စံရှားအပေါ်မှာ စိတ်သိုးမပြေတဲ့အတွက် ဦးလေးတို့က စီမံကြတာကို သဘောမတူနိုင် ဖြစ်နေသေးတယ် မဟုတ်လား၊ ဒီတော့ ဦးလေးတို့ကလည်း အရင်မလိုပါဘူး၊ တူမကြီးအနေနဲ့ ဦးလေးတို့သားကို ချစ်လာနိုင်တဲ့အထိ လှေ့လာပါဦးလေ၊ တို့သားဟာ လူရိုးလူကောင်း တစ်ယောက်ပါကွယ်၊ ဒီကောင်ဟာ တူမကြီး တစ်ယောက်ကလွဲရင် ဘယ်မိန်းကလေးတွေကိုမှ ချစ်ဖူးကြိုက်ဖူးခဲ့တာ မဟုတ်ပါဘူး'

ဦးကျော်က ခင်ဒွေးဝင်းစိတ်ကျေနပ်စေရန် ဝင်ပြောသည်။

ဒေါ်နီနီကမူ ခင်ဒွေးဝင်းကိုသဘောမကျဟန်နှင့် နှုတ်ခမ်းကို တစ်ချက်ရွဲ့ကာကြည့်ရင်း ပြောသည်။

'အို… လူကြီးတွေက ကောင်းတယ်ထင်လို့ စီမံတာကို သူက ဘာလို့ မနာခံဘဲနေရမှာလဲ၊ ဒါဟာ သူတို့ကောင်းဖို့အတွက်ပဲ၊ အခုခေတ်ကာလ လူငယ်တွေဟာ ခုမြင် ခုကြိုက် ခုတွေ့ ခုလိုက် ခုကွဲနဲ့ ဖြစ်ချင်တိုင်းဖြစ်နေကြတာတွေမို့ ကျွန်မတို့လို သမီးမိန်းကလေးရှင် မိဘတွေအတွက် အင်မတန်မှ ရင်လေးနေရတာ၊ ဒါကြောင့် မောင်စံရှားလို လူရိုးလူကောင်းတစ်ယောက်ကို လက်လွှတ်မခံနိုင်ဘူး၊ သူကြိုက်ရင်ကြိုက် မကြိုက်ရင်နေပါစေ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကတော့ အတင်းပေးစားမှာပဲ၊ ဒါကို သူက နားမထောင်ရင် သူနဲ့ ကျွန်မ သေခန်းအပြတ်ပဲ'

ဒေါ်နီနီ၏ စကားအဆုံးတွင် စံရှားသည် ငိုယိုနေသော ခင်ငွေးဝင်းဘက်မှ ကရုဏာသက်သော မျက်နှာနှင့် လှမ်းကြည့်ပြီး ဝင်ပြောသည်။

'အို… သေခန်းတော့မဖြတ်ပါနဲ့ ဒေါ်ဒေါ်ရယ်၊ ခင်ငွေးဝင်းက ဒီလောက်တောင် မမိုက်ပါဘူး၊ ဒေါ်ဒေါ့်စကားကို နားထောင်မှာပါ'

စံရှား၏ စကားကြောင့် လူကြီးများမှာ ဝိုင်းရယ်နေကြပြန်သည်။ ခင်ငွေးဝင်းကတော့ ငိုနေရာမှ စံရှားထံသို့ ဆတ်ခနဲ လှမ်းကြည့်သည်။ စံရှားက မျက်စိတစ်ဖက် မှိတ်ကာပြသည်။ ဤတွင် ခင်ငွေးဝင်းမှာ အလွန်ဒေါပွကာသွားပြီး ထိုင်နေရာမှ ဆတ်ခနဲထကာ အခန်းတံခါးဝသို့ လျှောက်သွားသည်။

'ဟဲ့… ဒါက ဘယ်ကိုသွားမလို့လဲ၊ ငါ့ကိုပြောစမ်း'

ဒေါ်နီနီက နောက်မှလှမ်းမေးသည်။

'သ… သမီး ဘဘကြီးဆီကို သွားမလို့ပါ မေမေ'

ထိုစကားကြားရလျှင် စံရှားနှင့်သူ၏မိဘများမှာ မျက်လုံးပြူးကျယ်သွားကြသည်။

'ဘာဖြစ်လို့ ဘဘကြီးဆီ သွားဦးမှာလဲ၊ ပြောစမ်းပါဦး'

ဒေါ်နီနီက ပြန်မေးသည်။

'သမီး စိတ်ညစ်လို့ပါ၊ အဲဒီမှာ ခဏလောက် သွားနေပါရစေ၊ ပြီးတော့ ပြန်လာပါ့မယ်'

'မဟုတ်တာပဲ၊ ဒီမှာ ဧည့်သည်တွေကို ထမင်းကျွေးဖို့ရှိသေးတယ် မဟုတ်လား'



'မေမေပဲ ကျွေးလိုက်ပါလေ၊ အားလုံး ချက်ပြုတ်ပြီးနေပြီပဲဟာ၊ သမီးတော့ သွားမှာပဲ' ပြောရင်းမှ ခင်ငွေးဝင်းသည် အခန်းတံခါးကိုဖွင့်၍ ဆင်းသွားတော့သည်။

စံရှားတို့ကတော့ မျက်လုံးတွေအပြူးသားနှင့်ကြည့်နေသည်။

ဦးကျော်မှာ စံရှားဘက်သို့လှည့်ကာ မေးသည်။

'ဟော့… သား… ဟိုမှာ ထွက်သွားပြီ၊ ဘယ်လိုလုပ်မလဲ' ထိုအမေးကို စံရှားပြန်မဖြေနိုင်မီ ဒေါ်နီနီက ဖြတ်ပြောသည်။

'ကိစ္စမရှိပါဘူး ကိုကျော်ရဲ့၊ ကျွန်မသမီးဟာ ကိုကျော်ရဲ့အစ်ကိုကြီးကို အင်မတန်မှခင်တာမို့ ခဏလောက် စိတ်ပြေလက်ပျောက်သွားတာပါ၊ ကိုကျော့်အစ်ကိုကြီးနဲ့တွေ့ရင် သူ့စိတ်တွေဟာ ပျော့လာမှာပါ၊ ကိုကျော့်ရဲ့ အစ်ကိုကြီးကလည်း သူ့တူဖြစ်တဲ့ မောင်စံရှားကိုယူဖို့ တိုက်တွန်းမှာပါ'

ဒေါ်နီနီမှာ သူတို့တစ်တွေ ဘဘကြီးဟူ၍ ခေါ်နေကြသောသူမှာ စံရှား ဖြစ်နေသည်ကို မသိသဖြင့် ရယ်ရွှန်းပတ်ရွှန်းနှင့် ပြောနေသည်။ စံရှားမှာတော့ ကိုယ့်အကြောင်း ကိုယ်သာ သိသူမို့ အမှန်အတိုင်း ပြောရအခက် မပြောဘဲ နေရအခက် ဖြစ်နေသည်။

'ကျွန်… ကျွန်တော် လိုက်သွားဦးမယ် ဖေဖေ'

စံရှားသည် မနေနိုင်တော့သည့်အဆုံးတွင် ဖခင်ဖြစ်သူအား ပြောသည်။ ဖခင်ဖြစ်သူက ခေါင်းညိတ်ပြသည်။ ထိုအခါကျင်တော့ စံရှားသည် အခန်းတွင်းမှ လျင်မြန်စွာသုတ်ခြေတင်ကာ ထွက်သွားတော့သည်။ ဒေါ်နီနီကတော့ စံရှား ထွက်သွားသည်ကို ငေးကြည့်ကာနေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်ငါး)

## သက်စွန့်ဆံဖျား

ခင်ငွေးဝင်းမှာ သူ၏အိမ်မှ ထွက်လာပြီးနောက် စံရှားတို့နေထိုင်ရာတိုက်ခန်းသို့ အမြန်ဆုံးထွက်လာသည်။

ထိုအချိန်တွင် ထင်ပေါ် တစ်ဦးတည်းသာလျှင် တိုက်ခန်းတွင် ရှိနေသည်။ တခေါက်ခေါက်နှင့် တံခါးခေါက်သံကြောင့် ထင်ပေါ်သည် အခန်းတံခါးသို့ သွား၍ဖွင့်ပေးသည်။

'အလို… မခင်ငွေးဝင်းပါလား၊ ဘာကိစ္စရှိလို့လဲဗျ'

ခင်ငွေးဝင်းကို တွေ့ရလျှင် ထင်ပေါ်က တအံ့တသြနှင့် မေးသည်။ ခင်ငွေးဝင်းသည် အခန်းတွင်းသို့ဝင်ပြီးနောက် ဟိုဟိုသည်သည်ကြည့်ရင်း ထင်ပေါ်ကို ပြန်မေးသည်။

'ဘဘကြီးရောဟင်၊ ဘဘကြီး မရှိဘူးလား'

'ဗျာ…'

ထင်ပေါ်မှာ ထိုအမေးကြောင့် အူကြောင်ကြောင်ဖြစ်နေသည်။

'အို… အရေးထဲ၊ ရှင်ကလည်း အူကြောင်ကြောင်ဖြစ်နေပြန်ပါပြီ၊ ဘဘကြီးကို မေးနေတာလေ၊ ဘယ်သွားလဲလို့'



ခင်ငွေးဝင်းက စိတ်မရှည်ဟန်နှင့်ပြန်မေးတော့မှ ထင်ပေါ်မှာ ဖြေမိဖြေရာ ပြန်ဖြေမိသည်။

'မ… မရှိဘူး ခင်ဗျ၊ ဘိုင်စကုတ်သွားတယ်'

'ဟင်… ဘဘကြီးကလည်း အရေးထဲမှာ ဘိုင်စကုတ်သွားနေရပြန်ပါပြီ၊ ဘယ်ရုံလဲ'

'ပြည်သူပိုင်ရုံလေ'

'ဟာ… ကိုထင်ပေါ်ကလည်း နောက်နေပြန်ပါပြီ၊ ပြည်သူပိုင်ရုံတွေမှန်းတော့ သိသားပေါ့၊ ကျွန်မ မေးနေတာက ရုပ်ရှင်ရုံရဲ့နာမည် မေးနေတာ'

'ဟို… ဟိုဒင်းလေ၊ အဲ…, ပလကရုံဗျ'

'လုပ်ပြန်ပြီ၊ ပလကရုံရယ်လို့ မကြားဖူးပါဘူး၊ ကောင်းကောင်းပြောစမ်းပါ'

'အဲ… အဲ… ပပဝင်းရုံလို့ ပြောတာပါ၊ အရင်တုန်းကလေ ပလေဒီယံရုံလေဗျာ'

ထင်ပေါ်မှာ ပါးစပ်ထဲတွင် တွေ့ရာများကို အရမ်းစွတ်၍ ပြောနေသည်။ စိတ်တွင်းမှလည်း အဘယ်ကြောင့် ခင်ငွေးဝင်းသည် ဘဘကြီးကို လာမေးနေရသည်ကိုလည်းကောင်း၊ စံရှားတို့နှင့် မည်ကဲ့သို့သောအခြေအနေမျိုး ဆိုက်နေကြရသည်ကိုလည်းကောင်း အလွန်သိချင်နေသည်။ သို့ဖြစ်၍ သူသည် စိတ်ပျက်စွာနှင့် သူ၏ရှေ့တွင် ခပ်ငိုင်ငိုင်ကလေးရပ်ကာနေသော ခင်ငွေးဝင်းကို ပြန်မေးသည်။

'နေပါဦးဗျ… ဒီအိမ်ကလူတွေ ခင်ဗျားတို့ဆီကို သွားကြတယ်မဟုတ်လား'

'အင်း…'

www.burmeseclassic.com

www.burmeseclassic.com



'နို့… ခင်ဗျားက ဘာလို့ ဒီကိုလာပြီး အခုလို ဘဘကြီးကို မေးနေရတာလဲ'

'မေးဆို ကျွန်မအဖို့တော့ ဘဘကြီးတစ်ယောက်တည်း ကယ်နိုင်တာကိုးရှင့်'

'ဗျာ…'

ခင်မွှေးဝင်း၏စကားကို ထင်ပေါ်မှာ နားမလည်နိုင်အောင် ဖြစ်သွားသည်။

'ဗျာမနေနဲ့ရှင့်၊ ကျွန်မ တကယ်ပြောနေတာ၊ ဒါကြောင့် ဘဘကြီးဆီ အမြန်ပြေးလာတာပေါ့၊ ခက်တာက ဘဘကြီးကလည်း ဒီကနေ့ကျမှပဲ ရုပ်ရှင်သွားကြည့်နေတယ်။ အိမ်ကို ထမင်းစားလိုက်ခဲ့ပါ ခေါ်တုန်းကတော့ ဗျားသလေး ဘာလေးနဲ့၊ ကျွန်မတော့ သိပ်စိတ်ညစ်တာပဲ'

ခင်မွှေးဝင်းသည် ပြောရင်းမှ သူ၏ခေါင်းမှ ဆံပင်များကို လက်နှင့် လေး၊ ငါးကြိမ်ခန့် ကုတ်ဖွနေသည်။

'အေးဗျာ… ဘဘကြီးဟာ ဒီကနေ့မှ ထူးထူးခြားခြား ရုပ်ရှင်သွားနေတာဗျ၊ အရင်က ဒီလိုမသွားပါဘူး။ ဩော်… ဒါထက် ခင်ဗျား ဘာကြောင့် စိတ်ညစ်နေတယ်ဆိုတာရော မသိရဘူးလား'

'သိချင်ရင်လည်း သိရပါတယ်လေ၊ ဒါပေမဲ့ ရှင်ကတော့ ကျွန်မအခက်အခဲကို ကူညီနိုင်မှာ မဟုတ်ပါဘူး၊ ကူညီနိုင်မယ့်သူက ဘဘကြီးတစ်ယောက်ပဲ ရှိတယ်'

'ကျွန်တော်လည်း ကူညီချင် ကူညီနိုင်မှာပါဗျာ၊ ဒီတော့ ပြောပြစမ်းပါဦး'

'ဒီလိုရှင့်… ရှင့်သူငယ်ချင်း ကိုစံရှားနဲ့ သူ့မိဘတွေဟာ



ကျွန်မတို့အိမ်ကိုလာပြီး စေ့စပ်ကြောင်းလမ်းကြတယ်၊ ဒါကို မေမေ ကလည်း ငယ်ပေါင်းမိတ်ဆွေတွေရဲ့သားမို့ ဆိုပြီး ကိုစံရှားကို ကျွန်မနဲ့ သဘောတူတယ်ရှင့်၊ ဒါကြောင့်မို့ ကျွန်မဟာ ဘဘကြီးဆီ ပြေးလာခဲ့တာပဲ'

'ဟင်… ခင်ဗျား အခုလိုပြောသလိုဆို စိတ်ညစ်စရာ ဘာပါလို့လဲ၊ စိတ်ချမ်းသာစရာတွေချည်းပါလား'

'ဘယ့်နှယ် စိတ်ချမ်းသာစရာတွေရမှာလဲ၊ ကျွန်မကမှ ကိုစံရှားကို မကြိုက်တာ၊ ဒီတော့ စိတ်ချမ်းသာပါ့မလားလို့'

'မကြိုက်ရင်လည်း မကြိုက်နိုင်တဲ့အကြောင်း ပြန်ပြောပြပါလား'

'ပြောသားပဲ၊ ဒါပေမဲ့ မေမေက လက်မခံဘူး၊ ဒါကြောင့် ကျွန်မဟာ ကိုစံရှားနဲ့ လက်မထပ်ဖြစ်အောင် ဘဘကြီးဆီ အကူအညီလာတောင်းတာ၊ ဘဘကြီးကပြောရင်မေမေကနားထောင်မှာ'

ခင်မွှေးဝင်းက ရှင်းပြနေသည်။ ထင်ပေါ်မှာတော့ သူတို့ ကာလိမ်ကျထားပုံကို ယခုထက်ထိ သိရှိရိပ်မိခြင်းမရှိသေးသော ခင်မွှေးဝင်းကို ကြည့်၍ ရယ်ချင်နေသည်။

ထင်ပေါ်မှာ ခင်မွှေးဝင်းနှင့်သာရုပ်၍ စကားပြောနေသည်။ အခန်းတံခါးကိုတော့ ပြန်လည်ပိတ်ထားခြင်း မရှိပေ။ သို့ဖြစ်၍ သူတို့၏ အခန်းအတွင်းသို့ လူနှစ်ယောက် ရုတ်တရက် ဝင်ရောက်လာကြတော့သည်။

တစ်ယောက်မှာ စာဖတ်သူများ သိရှိပြီးဖြစ်ကြသော ဆယ့်နှစ်မျိုးတင်ထွန်း ဖြစ်သည်။ ကျန်တစ်ယောက်ကတော့ သူ၏ ဖခင်ဖြစ်သည်။

ထင်ပေါ်မှာ ဆယ့်နှစ်မျိုးတင်ထွန်းကို တွေ့လျှင် အလွန်

www.burmeseclassic.com



ပင် ထိတ်လန့်ကာသွားတော့သည်။ ခင်ငွေးဝင်းမှာမူ ဆယ့်နှစ်မျိုး တင်ထွန်းကို သူအလွန်တွေ့ချင်သော ဘဘကြီးဟုထင်ကာ ဝမ်းသာအားရနှင့် လှမ်းပြောသည်။

'ဟော… ဘဘကြီးပါလား၊ ဝမ်းသာလိုက်တာ ဘဘကြီးရယ်'

ခင်ငွေးဝင်းက ပြောလျှင် တင်ထွန်းက ကောက်ကျစ်သောအပြုံးနှင့် ပြန်လည်ပြုံးပြရင်း ပြောသည်။

'ဟာ… ဝမ်းသာရမှာပေါ့၊ ဝမ်းသာရမှာပေါ့၊ နောက် ဝမ်းသာစရာတွေ အများကြီးကို ငါ့တူမ တွေ့ရစေမယ်၊ ဟား… ဟား… ဟား…'

ဆယ့်နှစ်မျိုးတင်ထွန်းက သူ့အဓိပ္ပာယ်နှင့်သူ ပြောနေသော်လည်း ခင်ငွေးဝင်းကမူ သူ၏အခက်အခဲကို ကူညီတော့မည်ထင်၍ ထခုန်မတတ် ဝမ်းသာနေတော့သည်။

ထင်ပေါ်မှာတော့ စိတ်တွင်းမှ ဘုရားတရင်း ရင်တထိတ်ထိတ်ဖြစ်နေတော့သည်။ သူ့အနေနှင့် ခင်ငွေးဝင်းထံသို့ လှမ်း၍…

'ဒါဟာ ခင်ဗျားတွေ့ချင်တဲ့ ဘဘကြီး မဟုတ်ဘူး၊ လူဆိုး ဗိုလ်ကြီး ဆယ့်နှစ်မျိုးတင်ထွန်းဗျ' ဟူ၍ အသိပေးလိုသော်လည်း အတီးခံရမည်စိုး၍ အသိမပေးဝံ့ ဖြစ်နေသည်။

'ဒါထက် ဘဘကြီး ရုပ်ရှင်သွားကြည့်နေတယ်ဆို'

ခင်ငွေးဝင်းက မေးပြန်သည်။

'ထွတ်တရိုး… ဘယ်က ရုပ်ရှင်ကြည့်ရမှာလဲ၊ ဘဘကြီး ဝါသနာမပါဘူးကွယ့်၊ ဟဲ… ဟဲ…'

'သိပါဘူး၊ ဟောဒီက ကိုထင်ပေါ်က ပြောလို့ မေးကြည့်



တာပါ၊ ကျွန်မကို ကယ်ပါဦးနော်၊ ကျွန်မဟာ ဒုက္ခသည်မကလေး ဖြစ်နေပြီ'

'ဘာဖြစ်လို့လဲ တူမရဲ့၊ ဩော်… သိပြီ၊ သိပြီ၊ ဟို အကောင်က တူမကို မတရားကြံနေတယ်နဲ့တူတယ်၊ ဟုတ်လားကွ ခွေးကောင်'

'မ… မ… မဟုတ်ပါဘူးဗျာ၊ မိုးကြိုးကြီးကို လှလှပပ အပစ်ခံရစေရဲ့'

ထင်ပေါ်က အထိတ်တလန့်နှင့် ပြန်ဖြေသည်။

'အောင်မယ်… မိုးကြိုးတောင်မှ လှလှပပ ပစ်ရဦးမှာလားဟ၊ နင်လိုကောင်မျိုး မိုးကြိုးပစ်ခံရမှတော့ လှမှာမဟုတ်ဘူးဟေ့၊ မည်းမည်းနက်နက်နဲ့ နင်ဟာ သရဲသဘက်သာ ဖြစ်သွားမှာဟ၊ သိလား'

တင်ထွန်းက ပြောလျှင် ခင်ငွေးဝင်းက ရယ်စရာပြောသည်မှတ်ကာ ပြုံးနေသည်။ ထင်ပေါ်မှာတော့ တင်ထွန်းလက်မှ မည်သို့လွတ်ရန် ကြံရမည်နည်းဟု စဉ်းစားနေသည်။

တင်ထွန်းသည် သူ့ကို မျက်စိသူငယ်နှင့် ကြည့်ကာနေသော ထင်ပေါ်အနီးသို့ ဖြည်းဖြည်းချင်းလျှောက်လာပြီးနောက် စူးစူးစိုက်စိုက်နှင့် ကြည့်ကာ မေးပြန်သည်။

'ဟေ့… ဟို စံရှားဆိုတဲ့ ကောင်တစ်ကောင်ရောကွ၊ ဟော…'

'မရှိဘူး ခင်ဗျ၊ သူ့မိဘတွေ ရောက်လာလို့ အပြင်သွားနေပါတယ်'

ထင်ပေါ်မှာ စံရှား၏အမည်ကို သိနေသော တင်ထွန်းကို တအံ့တသြဖြစ်ရင်း ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲကွ… ငါက ဒီလိုမေးလိုက်လို့ မင်းစိတ်ထဲမှာ အံ့သြနေတယ်ထင်တယ်၊ ဟုတ်လား'

တင်ထွန်းက ခပ်ကြွားကြွားကလေးနှင့် ကြည့်ရင်း ထင်ပေါ်ကို မေးသည်။

ထင်ပေါ်က ဦးခေါင်းညိတ်၍ပြသည်။

'ဟား… ဟား… ဟား… ဒီလောက်များတော့ တင်ထွန်းတို့က ငှက်ပျောသီးအခွံနွှာစားသလောက် ရှိတာကွ၊ ဒီမှာကွ တင်ထွန်း တင်ထွန်းနဲ့ နာမည်ကြီးနေတာဟာ လျှင်လွန်းလို့ ကြီးနေတာကွ သိလား၊ မင်းတို့က ငါ့ကိုဖမ်းဖို့ ရဲတွေနဲ့ ကြိတ်ကြံနေကြတယ် မဟုတ်လား၊ စံရှားဆိုတဲ့ကောင်ကလည်း သူ့ကိုယ်သူ စုံထောက်ကြီး စံရှားမှတ်ပြီး ငါ့ကိုလာစမ်းသေးတယ်၊ ရယ်စရာကောင်းလိုက်တာကွာ၊ ဟား… ဟား… ဟား…'

တင်ထွန်းသည် ထင်ပေါ်ကို ပြောပြနေသည်။ ထင်ပေါ်မှာတော့ သူတို့၏အကြောင်းကိုသိသွားသော ဆယ့်နှစ်မျိုးတင်ထွန်းကို ကြောက်ရွံ့နေဟန်နှင့် ငေးကြည့်နေမိသည်။

ခင်ဌေးဝင်းမှာတော့ ထိုစကားများကို ကြားနေရသည့်အတွက် အဓိပ္ပာယ်နားမလည်နိုင်အောင် ဖြစ်နေတော့သည်။

တင်ထွန်းသည် ခင်ဌေးဝင်းဘက်သို့ အသာစောင်းငဲ့ကာ ကြည့်ပြီးနောက် စကားကိုဆက်ပြောပြန်သည်။

'ဒီမှာကွ… ဝတ္ထုထဲမှာသာ စုံထောက်ကြီး ဦးစံရှားက စွမ်းတာပါ၊ အပြင်မှာဆိုရင်တော့ မစွမ်းနိုင်ပါဘူး၊ ဒီအတိုင်းပဲ၊ မင်းသူငယ်ချင်း စံရှားဟာလည်း ငါ့ကိုဖမ်းမိဖို့ အစွမ်းမပြနိုင်ဘူးဆိုတာ မြဲမြဲမှတ်ထားကွ၊ သိလား'

ထင်ပေါ်နှင့် တင်ထွန်းတို့ ပြောဆိုနေကြသော စကားများကို ကြားနေရသော ခင်ဌေးဝင်းမှာ မည်ကဲ့သို့မျှ တွေး၍မရသဖြင့် ကြာတော့ ဦးနှောက်များပင် ခြောက်လာတော့သည်။ သို့ဖြစ်၍ သူသည် တင်ထွန်းကို လှမ်းမေးသည်။



'အခု ဘဘကြီးတို့ ဘာစကားတွေပြောနေတာလဲ၊ အဝင်းတော့ နားကိုမလည်ဘူး'

ခင်ဌေးဝင်း၏ အမေးကြောင့် တင်ထွန်းသည် လှည့်ပြီး ပြန်ဖြေသည်။

'အေး… အခုမသိသေးပေမယ့် နောက် တဖြည်းဖြည်းတော့သိပြီး နားလည်လာလိမ့်မပေါ့ တူမရဲ့၊ ဟား…ဟား…ဟား'

ထင်ပေါ်မှာတော့ တင်ထွန်း ယခုပြောဆိုနေသော စကားမျိုးသည် မိမိအတွက်ရော ခင်ဌေးဝင်းအတွက်ပါ အန္တရာယ်ရောက်တော့မည်ကို ရိပ်မိနေသည်။ ထိုသို့ ရိပ်မိသဖြင့် ထင်ပေါ်သည် ခင်ဌေးဝင်းဘက်သို့ လှမ်းပြောသည်။

'ဒီမှာ မခင်ဌေးဝင်း ရောက်နေတာ ခင်ဗျားလည်း ကြာလှပြီ၊ ဒီတော့ အိမ်ကိုပြန်တော့လေဗျာ၊ တော်ကြာ ခင်ဗျားအမေ စိတ်ပူနေဦးမယ်'

ထင်ပေါ်က ခင်ဌေးဝင်းကို ပြန်ရန်ပြောသဖြင့် တင်ထွန်းမှာ ဒေါပွသွားပြီး ထင်ပေါ်၏ပါးစပ်ကို ဖြန်းခနဲမြည်အောင် လှမ်းရိုက်သည်။

'အောင်မယ်လေးဗျ…'

ထင်ပေါ်မှာ အရိုက်ခံရသော ပါးကိုပွတ်ရင်း နာကျင်စွာ အော်မိသည်။

'အို… ဘဘကြီး ဘာလို့ ဒီလိုလုပ်ရတာလဲ၊ မလုပ်ပါနဲ့ ဘဘကြီးရယ်၊ သနားပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ခင်ဌေးဝင်းက ကရုဏာသံနှင့် ဝင်ပြောသည်။

'ဟား… ဟား… ဟား… သနားတယ် ဟုတ်လား၊ ဘာကိုသနားတာလဲ၊ သနားတယ်ဆိုတာ ဘဘကြီးရဲ့ အဘိဓာန်မှာ မရှိဘူးကွယ့်၊ ရှိဦးတောင် ဒီကောင့်ကိုတော့ မသနားနိုင်ဘူး၊ ဒီကောင်ဟာ ဘဘကြီးကို ဒုက္ခကောင်းကောင်းပေးမယ့်ကောင်တူမကြီးရဲ့၊ ဒီတော့ သူ့ကို ကောင်းကောင်းကြီး ဆုံးမရမယ်'

ပြောရင်းမှ တင်ထွန်းသည် သူ့ကိုယ်ထဲတွင် ဝှက်ကာထားသော ခြောက်လုံးပြူးတစ်လက်ကိုထုတ်ကာ ထင်ပေါ်ထံသို့ ချိန်ထားသည်။ ထင်ပေါ်မှာတော့ သေနတ်နှင့် အချိန်ခံလိုက်ရသဖြင့် ရင်တွေ ဘဝင်တွေတုန်ကာ မျက်စိတွေလည်း ပြာနှမ်းနှမ်းဖြစ်သွားတော့သည်။

'အို… အို… ဘဘကြီး ဒီလိုမလုပ်ပါနဲ့လေ၊ အဝင်းတောင်းပန်ပါရစေ၊ သူဟာ ဘဘကြီးရဲ့တူ မဟုတ်လားလို့'

ခင်ဌေးဝင်းက စိုးရိမ်တကြီးနှင့် ဝင်တားသည်။ တင်ထွန်းမှာ သူတို့အကြောင်းကို မသိရှာသော ခင်ဌေးဝင်းကို သရော်ပြုံးကလေးနှင့် ပြန်ကြည့်ကာ ပြောသည်။

'ဘယ်ကလာ ငါ့တူဟုတ်ရမှာလဲ တူမရဲ့၊ သူနဲ့ ငါနဲ့ ဘာမှမဆိုင်ပါဘူး၊ အေးလေ…နောက်တော့ မင်းလည်း အကြောင်းမှန်သိရမှာပါ၊ အဟမ်း… တင်ထွန်းတို့များ စားရက်ကြုံတော့ မုတ်ဆိတ်ပျားစွဲဆိုတာမျိုးလို ရန်သူကို လက်စားချေရုံတင် မဟာဘူး၊ စမူအမှည့်ကလေးကိုပါ တစ်ပါတည်း ပွဲတော်တည်ရဦးမှာပါကလား တပည့်ရေ၊ ဟား… ဟား… ဟား…'

တင်ထွန်းသည် တံခါးဝတွင်ရပ်ကာနေသော သူ၏တပည့်ကို လှမ်းပြောပြီး ရယ်နေသည်။ တပည့်ကလည်း သွားကြီးဖြီးကာ ပြန်ပြသည်။

'ကျွန်… ကျွန်တော်တို့မှာ ဘာအပြစ်ရှိလို့ ခင်ဗျားကသတ်မှာလဲဗျ'

ထင်ပေါ်က မဝံ့မရဲ လေသံကလေးနှင့် တင်ထွန်းကို မေးသည်။

'ဟား… ဟား… ဟား… ဘာအပြစ်ရှိလို့လဲတဲ့၊ တော်တော်ရယ်စရာကောင်းတဲ့ကောင်ကွာ၊ မင်းတို့အပြစ် မင်းတို့ မသိဘူးလား၊ မင်းနဲ့ စံရှားဟာ ဟိုလွန်ခဲ့တဲ့ သုံးရက်လောက်တုန်းက သန်လျင်ကို လာကြတယ်လေ၊ စံရှားက ငါ့အယောင်ဆောင်တယ်၊ မင်းကတော့ ရဲတွေနဲ့အတူ ခပ်လှမ်းလှမ်းကနေတယ်၊ ဒါပေမဲ့ မင်းတို့လာရကျိုး မနပ်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါဟာ ဟိုတလောတုန်းက မင်းတို့နဲ့တွေ့ခဲ့ပြီးကတည်းက ငါ့ကို မင်းတို့က လှမ်းပြီးခေါ်တာကို ငါ့တပည့်တွေပြောပြထားတာကိုး၊ ဒါကြောင့် ငါနဲ့ ရုပ်ချင်းတူပေမယ့် အရမ်းမဆက်သွယ်ဘဲ လျှို့ဝှက်အချက်ကို တစ်ဦးနဲ့တစ်ဦး ပြကြရမယ်၊ ဒီလိုပြပြီးမှ ဆက်သွယ်ကြဖို့ ငါက မှာထားတယ်၊ ဒါကြောင့် မင်းရဲ့ သူငယ်ချင်း စံရှားဟာ ငါ့အယောင်ဆောင်ခဲ့ပေမယ့် ငါ့ တပည့်တွေက လာမတွေ့တာပေါ့၊ မင်းတို့လောက်များ မလျှင်ရင် ဒီအလုပ်ကိုတောင် ငါ လုပ်မစားဘူး သိလားကွ၊ ဟား… ဟား…. ဟား…'

တင်ထွန်းက သေနတ်ကလေး တံပြုပြုနှင့်လုပ်ရင်း ပြောပြနေသည်။ ထင်ပေါ်မှာမူ တင်ထွန်းကို မည်သို့ဆင်ခြေပြန်ပေးရမည်ကို စဉ်းစားနေသည်။

သူတို့ပြောဆိုနေပုံကို နားထောင်နေသော ခင်ဌေးဝင်းမှာ တင်ထွန်း၏စကားများကို ကြားရလျှင် အဓိပ္ပာယ်နားမလည်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ယခု ဘူရှေ့တွင် ရောက်နေသူမှာ ဤအိမ်တွင် သူတွေ့နေကျ ဦးဟုတ်ကြီးအမည်ခံ ဘဘကြီးမဟုတ်တော့မှန်းကိုတော့ ရိပ်မိပြီဖြစ်သည်။ သို့ဖြစ်၍ ခင်ဒွေးဝင်းမှာလည်း စိတ်ထဲတွင် စိုးကြောက်လာတော့သည်။ ပြီးတော့ ထင်ပေါ်ဘက်သို့လည်း အားကိုးတကြီးနှင့် လှမ်းကြည့်နေသည်။

'ဘကြီးပြောတာ ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ဟာ ဘကြီးကို အနှောင့်အယှက်ပေးချင်လို့ ပေးရတာ မဟုတ်ပါဘူး၊ ရဲတွေက အတင်းအကျပ်ခိုင်းလို့ မငြင်းဝံ့ကြတာနဲ့ အခုလို လုပ်ကြရတာပါ၊ ခွင့်လွှတ်ပါဗျာ'

ထင်ပေါ်က အပြစ်မှလွတ်ရန် လျှောက်လဲချက်ပေးနေသည်။

'ဟား… ဟား… ဟား… ဒီလိုပြောလို့ လွတ်ရိုးလားကွာ၊ အေး… မင်းတို့က ရဲတွေကိုအားကိုးပြီး ငါ့ကိုရန်ပြုဖို့အကြံနဲ့ အန်တုတော့ ငါကလည်း အကြောင်းပြရသေးတာပေါ့၊ ဒါပေမဲ့ ဟိုကောင်တစ်ကောင်က မရှိသေးတော့ ခဏတော့ စောင့်ရဦးမယ်ကွ၊ ဟဲ… ဟဲ… ဟဲ…'

ဆယ့်နှစ်မျိုးတင်ထွန်းက ထင်ပေါ်ကို ပြောနေသည်။ ထိုစဉ် တပည့်ဖြစ်သူက လှမ်းပြောသည်။

'ဆရာ… ဟိုတစ်ယောက်ကို စောင့်နေလို့ ဖြစ်ပါ့မလား၊ သူက ဘယ်အချိန်ပြန်လာမှန်း မသိဘဲနဲ့၊ အခုမိထားတဲ့နှစ်ယောက်ကိုပဲ ခေါ်သွားရ မကောင်းဘူးလား'

တပည့်ဖြစ်သူက ပြောသည်ကို တင်ထွန်းသည် ခေတ္တမျှ စဉ်းစားနေပြီးနောက် သဘောတူဟန်နှင့် ခေါင်းကို တစ်ချက်ဆတ်ဆတ် ပြရင်း ပြန်ပြောသည်။



'အေးကွ… မင်းပြောတာ မှန်တယ်၊ ဟိုကောင် ပြန်အလာကို စောင့်နေလို့ မဖြစ်ဘူး၊ တော်ကြာ ခွေးမသားရဲတွေက တို့နောက်ကို ခြေရာခံလိုက်လာမှာလည်း စိုးရသေးတယ်။ ဒီတော့ အခုမိထားတဲ့ နှစ်ယောက်ကိုပဲ ခေါ်သွားမယ်၊ ငါ့အဖို့တော့ ဟိုတစ်ကောင်ကိုမမိပေမယ့် မြာစမှုအနိုပ်ကလေးကို အချောင်လာမိနေတော့ လာရကျိုးနပ်ပါတယ်လေ၊ ဟား… ဟား… ဟား…'

တင်ထွန်းက ပြောပြီး သဘောကျစွာနှင့် တဟားဟားရယ်နေသည်။ ခင်ဒွေးဝင်းမှာတော့ ထိုစကားကို ကြားရသဖြင့် ကျောချမ်းကာသွားတော့သည်။ တပည့်ဖြစ်သူ လူဆိုးကလည်း ဆရာ့စကားကြောင့် စပ်ဖြဲဖြဲကြီး လုပ်နေသည်။ ပြီးတော့ ခင်ဒွေးဝင်း၏ တစ်ကိုယ်လုံးကို တပ်မက်သောမျက်နှာနှင့် လှမ်းကြည့်ကာ ဆရာဖြစ်သူကို ပြောသည်။

'ဆရာချည်းပဲ ဝေစုမယူနဲ့နော်၊ တပည့်ကိုလည်း နည်းနည်းပါးပါးပေးပါ ဆရာ၊ ဟုတ်လား အဟိ…'

'အာ… စိတ်ချ၊ ဆရာပြီးရင် တပည့်တို့အတွက်ပေါ့ကွာ၊ ဟား… ဟား… ဟား… ကိုင်း… သွားကြစို့လားဟေ့၊ အချိန်မရှိဘူး'

တင်ထွန်းသည် တပည့်ဖြစ်သူကို လှမ်းပြောပြီးနောက် ထင်ပေါ်နှင့် ခင်ဒွေးဝင်းဘက်သို့ လှည့်ကာ အသံမာမာနှင့် ပြောပြန်သည်။

'ကိုင်း… မင်းတို့နှစ်ယောက်စလုံး အသက်မသေချင်ရင် အေးအေးချမ်းချမ်း လိုက်ခဲ့ကြပေတော့၊ ထွက်ပြေးဖို့များတွေး နည်းနည်းကလေးမှ မကြံကြနဲ့နော်၊ ငါတို့မှာ သေမင်းဆီကို အမြန်ဆုံးရောက်အောင်ပို့နိုင်တဲ့ ပစ္စည်းကလေးတွေပါတယ်ကွ၊ သိလား'

www.burmeseclassic.com

www.burmeseclassic.com



တင်ထွန်းသည် ထိုသို့ပြောပြီးနောက် ထင်ပေါ်နှင့် ခင်ခွေးဝင်းတို့ကို အလယ်မှထားကာ အပြင်သို့ခေါ်သွားတော့သည်။ ခင်ခွေးဝင်းနှင့် ထင်ပေါ်တို့မှာလည်း ကုတ်ကုတ်ကလေးနှင့် လိုက်ပါသွားကြရသည်။

ဤနေရာတွင် သူတို့၏အကြောင်းကို ခေတ္တဖြတ်၍ စံရှား၏အကြောင်းကို ရေးလိုပါသည်။

ချစ်စွာသော စာဖတ်သူများ သိရှိကြပြီး ဖြစ်သည့်အတိုင်း စံရှားမှာ ခင်ခွေးဝင်းနောက်သို့လိုက်ရန် ဒေါ်နီနီ အိမ်မှ ထွက်လာခဲ့သည်။

သူ လမ်းပေါ်သို့ ရောက်သောအခါတွင် ခင်ခွေးဝင်းကို မတွေ့ရတော့ပေ။

သို့ဖြစ်၍ သူသည် အလျှင်စလို လိုက်မနေတော့ဘဲ သူ၏အိမ်ပေါ်သို့ မည်သို့ ကြံဖန်၍တက်ရမည်ကို စဉ်းစားနေသည်။ စဉ်းစားကာ လမ်းလျှောက်လာရင်းမှ သူ၏လမ်းသို့ ရောက်လာသည်။ ထိုအချိန်တွင် သူတို့၏တိုက်ရှေ့တွင် ဆယ့်နှစ်မျိုးတင်ထွန်းတို့ စီးလာကြသော ဂျစ်ကားမှာ ရပ်ထားသည်ကို တွေ့ရသည်။ စံရှား၏စိတ်ထဲတွင် ထိုရပ်ထားသော ဂျစ်ကားကို သူ၏တိုက်ခန်းသို့လာသောကားဟု မထင်ဘဲ အခြားအခန်းသို့ အလည်လာသည့်ကားဟုထင်မှတ်နေမိသည်။ ဂျစ်ကားပေါ်တွင် တင်ထွန်း၏တပည့်တစ်ယောက်မှာ ကားမောင်းသောနေရာတွင် ထိုင်ရင်း ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်နေသည်။

စံရှားမှာ သူ၏တိုက်ပေါ်သို့ တက်သွားရကောင်းနိုးနိုးသို့မဟုတ် အောက်မှာပဲ အခြေအနေကို စောင့်ကြည့်ရ ကောင်းနိုးနိုးနှင့်ဖြစ်ကာ မှောင်ရိပ်တွင်းမှ ရပ်စောင့်ကာ ကြည့်နေမိသည်။



'အင်း... ထင်ပေါ်တော့ ခင်ခွေးဝင်းကို ဘယ်လိုများ ဖြီးနေမလဲ မသိဘူး'

'ခင်ခွေးဝင်းကတော့ သူ့ဘာဘကြီးကိုသာ တွင်တွင်မေးနေမှာ သေချာတယ်၊ ငါ ဘယ်လိုလုပ်ရပါ့မလဲ'

စံရှားသည် အထက်ပါအတိုင်း ရပ်ကာ စဉ်းစားနေရင်းမှ အကြံခက်လာဟန်နှင့် သူ၏ခေါင်းမှ ဆံပင်များကို ကုတ်ဖွနေမိသည်။

ထိုစဉ်မှာပင် တိုက်ပေါ်မှ လူများဆင်းလာသည်ကို တွေ့ရသည်။ စံရှားသည် ထိုလူများကို မှောင်ရိပ်တွင်းမှနေ၍ လှမ်းကြည့်သည်။ ရှေ့ဆုံးမှ သူ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော ခေါင်းကုတ်အနက်၊ ဘောင်းဘီရှည်ဝတ်ထားသော လူတစ်ယောက်၊ သူ၏နောက်မှ ခင်ခွေးဝင်းနှင့် ထင်ပေါ်တို့ ဆင်းလာကြပြီး နောက်ဆုံးတွင်တော့ သူ ဘာဘကြီးအဖြစ်နှင့် ရုပ်ပြောင်းထားခဲ့က သူ၏ မျက်နှာမျိုးနှင့် လူကြီးတစ်ယောက် ဆင်းလာသည်ကို တွေ့ရသည်။ သူတို့သည် တိုက်အောက်တွင် ရပ်ထားသော ဂျစ်ကားပေါ်သို့ တက်သွားကြသည်။ ထင်ပေါ်၊ ခင်ခွေးဝင်းနှင့် ခေါင်းကုတ်အင်္ကျီနှင့် လူတို့က ဂျစ်ကားနောက်ခုံတွင် တက်ထိုင်ကြပြီး လူကြီးကတော့ ကားရှေ့ထိုင်ခုံတွင် ဝင်ထိုင်သည်။ သူတို့ထိုင်မိသည်နှင့် ဂျစ်ကားမောင်းသူက စက်ကိုနှိုးနေသည်။

စံရှားမှာ သူတို့တစ်တွေကို ပါးစပ်ကြီးအဟောင်းသားနှင့် ငေးကြည့်နေပြီးနောက် သူ၏ဘာဘကြီး ရုပ်သွင်မျိုးနှင့် လူကြီးကို သတိပြုမိပြီး သူသည် ထိုလူများကို ဆယ့်နှစ်မျိုးတင်ထွန်းတို့ လူသိုက်ဖြစ်ရမည်ကို သတိရသွားတော့သည်။ သို့ဖြစ်၍ သူသည် ဂျစ်ကားဆီသို့ အားကုန်ပြေးကာ 'ဟေ့... ဟေ့... ဒါ ဘာလုပ်

www.burmeseclassic.com

www.burmeseclassic.com



တာလဲ' ဟု အော်ရင်း ကားကိုတားသည်။

သူတားစဉ်မှာပင် ဂျစ်ကားမှာ တစ်ဟုန်ထိုးမောင်းကာ ထိုနေရာမှ ထွက်သွားသည်။

ထိုအခါတွင် စံရှားမှာလည်း ကယောင်ကတမ်းနှင့် ဂျစ်ကားနောက်သို့ အားကုန်ပြေးလိုက်သွားမိသည်။ သို့သော် လူအားနှင့် စက်အားမှာ အပြတ်အသတ် ကွာခြားလွန်းသည်ကြောင့် စံရှားမှာသာ အမောအဖတ်တင်ကာ ဂျစ်ကားကိုတော့ မမီပေ။

သူသည် အတော်လှမ်းလှမ်းသို့ ရောက်နေပြီဖြစ်သော ဂျစ်ကားကို ခံပြင်းစွာနှင့် ငေးကြည့်နေစဉ် လေးဘီးအငှားယာဉ်ကလေးတစ်စင်းကို တွေ့ရသည်။

ဤတွင် သူသည် အကြံရကာ ထိုလေးဘီးကားကို တားပြီး ဂျစ်ကားနောက်သို့ အမြန်အလိုက်ခိုင်းသည်။

'ဘာဖြစ်လို့လဲဗျ မိတ်ဆွေ'

လေးဘီးကားမောင်းသူက ဂျစ်ကားနောက်သို့ အမြန်မောင်းကာလိုက်ရင်းမှ စံရှားကို မေးသည်။

'ကျွန်တော့်ရည်းစားနဲ့ ကျွန်တော့်သူငယ်ချင်းကို ဆယ့်နှစ်မျိုးတင်ထွန်းတို့ဂိုဏ်းက ပြန်ပေးဆွဲသွားလို့ဗျ'

'ပြန်ပေးဆွဲသွားလို့ ဟုတ်လား၊ ခင်ဗျားဟာ သေချာရဲ့လားဗျာ'

'သေချာပါတယ်ဗျ၊ ခင်ဗျားက ဘာလို့ ဒီလိုမေးတာလဲ'

'သြော်... ဒီလိုပါလေ၊ ခင်ဗျားရည်းစားနဲ့ ခင်ဗျားသူငယ်ချင်းဟာ ခိုးရာများ လိုက်ပြေးသွားကြသလားလို့ပါ'

'ဟာဗျာ... မဟုတ်တာဘဲ၊ ကျွန်တော့်သူငယ်ချင်းက သစ္စာရှိပါတယ်ဗျ၊ ရှေ့က ဂျစ်ကားဟာ နာမည်ကြီးလူဆိုးဗိုလ်



ဆယ့်နှစ်မျိုးတင်ထွန်းတို့ အစစ်ပါ၊ မြန်မြန်သာလိုက်စမ်းပါ'

'စိတ်ချ မိတ်ဆွေ၊ လူဆိုးတွေဆိုရင်တော့ တာဝန်သိတဲ့ ပြည်သူတစ်ယောက်အနေနဲ့ လိုက်ဖမ်းပေးပါ့မယ်'

ကားမောင်းသူသည် ထိုသို့ပြောပြီးနောက် ဂျစ်ကားနောက်သို့ တရကြမ်းလိုက်နေတော့သည်။ ရှေ့မှ ဂျစ်ကားကလည်း လမ်းမတော်မှထွက်ကာ ပြည်လမ်းမကြီးအတိုင်း အပြင်းမောင်းနေသည်။

'ကျွန်တော်တို့ ဒီအတိုင်းပဲလိုက်နေကြလို့ ဖြစ်မလား၊ ရဲဘက်ဝင်အကြောင်းကြားရရင် မကောင်းဘူးလား'

အငှားလေးဘီး မောင်းသူက စံရှားထံသို့ လှည့်ပြောသည်။

'ဟာဗျာ... ရဲဘက် ဝင်အကြောင်းကြားနေရင် ဒီကားကို မျက်ခြည်ပြတ်သွားမှာပေါ့၊ ဘာလဲဗျ... ခင်ဗျားက ကြောက်သို့လား'

'မကြောက်ပါဘူးဗျာ၊ ကျွန်တော်ဟာ ရဲဘော်လူထွက်တစ်ယောက်ပဲ၊ ဒီကောင်တွေလောက်တော့ မမှုပါဘူး၊ ကျွန်တော်က အမြန်ဆုံးမိနိုင်မယ့်နည်းကို ပြောတာပါ'

'ကိစ္စမရှိပါဘူးဗျာ၊ အခု ကျွန်တော်လုပ်မယ့် နည်းကလည်း အမြန်ဆုံးမိနိုင်မယ့်နည်းပဲ၊ ကျွန်တော် စိတ်ကူးထားတာက သူတို့ကားနောက်ကို ထက်ကြပ်မကွာ လိုက်မယ်၊ သူတို့စခန်းရောက်သွားရင်တော့ သူတို့ဟာ ဆက်သွားမှာမဟုတ်ဘူး၊ ဒီအခါကျ ကျွန်တော်က သူတို့စခန်းနဲ့ မလှမ်းမကမ်းမှာနေခဲ့ပြီး ခင်ဗျားက ရဲဘက်ကို အကြောင်းကြားပေါ့၊ မကောင်းဘူးလား'

'အာ... အဲဒါလည်း ကောင်းတယ်ဗျ၊ ဒီလိုဆို သူတို့

www.burmeseclassic.com

www.burmeseclassic.com



ကားနဲ့နီးအောင် သိပ်ကပ်လိုက်လို့ မဖြစ်ဘူး၊ ခပ်ခွာခွာလိုက်မှပဲ'

လေးဘီးအငှားယာဉ် မောင်းသူသည် ပြောရင်းမှ ကား၏ စက်ရှိန်ကို အနည်းငယ်လျှော့ချသည်။ ထိုစဉ်မှာပင် ရှေ့မှ ဆယ့်နှစ်မျိုးတင်ထွန်းတို့၏ ဂျစ်ကားကလေးမှာ ပြည်လမ်းမကြီးအတိုင်း မောင်းနှင်နေရာမှ ဝင်ဆာလမ်းဘက်သို့အရောက်တွင် ရုတ်တရက် ဘယ်ဘက်သို့ချိုးကွေ့ကာ ဆက်လက်မောင်းသွားသည်။

'ဟောဗျ… ရှေ့ကကားက ဝင်ဆာလမ်းဘက် ဝင်သွားပြီ၊ ဆက်လိုက်မလား'

အငှားယာဉ်မောင်းသူက စံရှားဘက်သို့ လှည့်မေးသည်။

'ဟာ… လိုက်ရမှာပေါ့ဗျ၊ မောင်းသာမောင်းပါ'

သို့ဖြစ်၍ သူတို့၏လေးဘီးကားကလေးမှာလည်း ဝင်ဆာလမ်းသို့ ချိုးကွေ့ကာ ဝင်သွားကြသည်။ ရှေ့မှာ အပြင်းမောင်းနှင်နေသော ဂျစ်ကားမှာ ဝင်ဆာလမ်းမှတစ်ဆင့် ရှမ်းလမ်းဘက်သို့ ချိုးကွေ့ကာ မောင်းပြီး ဂျင်မခါနာဆေးရုံဘက်သို့ ဆက်မောင်းသည်။ ထိုကမှတစ်ဆင့် မစ်ရှင်လမ်း၊ ပြီးတော့ စိန်ဂျွန်းလမ်းအတိုင်းမောင်းကာ ကီလီလမ်းဘက်သို့ ဦးတည်ကာ မောင်းသွားတော့သည်။ နောက်မှ စံရှားစီးလာသော လေးဘီးကားမှာလည်း ထိုအတိုင်းပင် ခပ်လှမ်းလှမ်းမှ လိုက်လာသည်။ စံရှားမှာတော့ လူဆိုးများလုပ်ပုံကို နားမလည်ဟန်နှင့် အငေးသားကြည့်ကာ လိုက်ပါလာသည်။

တင်ထွန်းတို့၏ ဂျစ်ကားသည် ကီလီလမ်းဆိပ်သို့ရောက် လျှင်တော့ ကားကို ရပ်သည်။

'ကိုင်း… ကားပေါ်ကနှစ်ယောက် ငြိမ်ငြိမ်သက်သက်နေ ဆင်းပြီး တို့ခေါ်ရာကို လိုက်ခဲ့စမ်း'



ဆယ့်နှစ်မျိုးတင်ထွန်းသည် ဂျစ်ကားပေါ်မှ ဆင်းရင်း ထင်ပေါ်နှင့် ခင်ဌေးဝင်းတို့ကို လှမ်းပြောသည်။ ထင်ပေါ်နှင့် ခင်ဌေးဝင်းတို့မှာလည်း ကြောက်ကြောက်ရွံ့ရွံ့နှင့် ဆင်းကြရသည်။ ထိုနေရာတွင် လူသွားလူလာမှာလည်း ရှင်းလှသည်။

'ကျွန်… ကျွန်မတို့ကို ဘယ်ခေါ်သွားမလို့လဲရှင်'

ခင်ဌေးဝင်းက တုန်လှုပ်စွာနှင့်မေးသည်။

'ဘယ်ကိုခေါ်သွားတယ်ဆိုတာ မင်းတို့ နောက်တော့သိရမှာပေါ့၊ ကဲ… လာ… နောက်ထပ် ဘာစကားတွေမှ အမေးအမြန်းလုပ်မနေကြနဲ့၊ ငါခေါ်ရာသာ လိုက်ခဲ့ကြစမ်း'

တင်ထွန်းသည် ထိုသို့ပြောပြီးနောက် ဘောတံတားဘက်သို့ ထွက်လာသည်။ ထင်ပေါ်နှင့် ခင်ဌေးဝင်းတို့လည်း နောက်မှ လိုက်လာကြသည်။ သူတို့၏နောက်မှ ဘောင်းဘီရှည်၊ လောင်းကုတ်အင်္ကျီနက်နှင့် လူဆိုးက လိုက်လာသည်။ သူတို့ စီးလာကြသော ဂျစ်ကားကတော့ သူတို့ဆင်းအပြီးတွင် ထိုနေရာမှ အပြင်းမောင်းထွက်သွားသည်။

ထိုအချိန်တွင် စံရှားတို့မှာ သူတို့နှင့် မလှမ်းမကမ်းတွင် ရောက်နေပြီဖြစ်သည်။

'ကိုင်း… မိတ်ဆွေ၊ ကျွန်တော် သူတို့နောက်လိုက်သွားမယ်၊ ခင်ဗျားကတော့ ရဲဘက်ကိုသာ အကြောင်းကြားပေတော့'

စံရှားသည် ကားပေါ်မှဆင်းရင်း ပြောသည်။

'ဟာ… ခင်ဗျားတစ်ယောက်တည်း လိုက်သွားလို့ ဖြစ်ပါ့မလားဗျ၊ သိပ်လည်း မရဲနဲ့နော်'

လေးဘီးကားမောင်းသူက စိုးရိမ်သံနှင့် ပြောသည်။

'ဖြစ်ပါတယ်ဗျာ၊ ဘာပဲဖြစ်ဖြစ်လေ ခင်ဗျားကသာ ဒီ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ရဲဘက်ကို အစုံအလင်ပြောပြ၊ အဲ… နေဦးဗျ၊ သူတို့ တက်သွားကြမယ့် မော်တော်ရဲ့ နာမည်ကိုလည်း မှတ်ထားဦး၊ ဟုတ်ပြီလား'

'ကောင်းပြီ ကျွန်တော်မှတ်ထားပါ့မယ်၊ ခင်ဗျားသာ ဘေး မသီ ရန်မခပါစေနဲ့'

ထို့နောက်တော့ စံရှားသည် တင်ထွန်းတို့နောက်သို့ အပြေးကလေး လိုက်လာသည်။ လေးဘီးကားမောင်းသူကတော့ ကားပေါ်မှဆင်းကာ စံရှားတို့၏ အခြေအနေကို စောင့်ကြည့်နေသည်။

ဆယ့်နှစ်မျိုးတင်ထွန်းသည် ဆိပ်ကမ်းတွင် ကပ်ထားကြသော မော်တော်များအနက် 'ယုဝ'ဟူ၍ အမည်ပေးထားသော မော်တော်ပေါ်သို့ တက်သည်။

သူ့နောက်မှ ထင်ပေါ်နှင့် ခင်ဌေးဝင်းတို့မှာလည်း လိုက်တက်သွားကြသည်။

သူတို့အားလုံး ယုဝမော်တော်ပေါ်သို့ရောက်လျှင် မော်တော်မှာ တဘုတ်ဘုတ်နှင့် စက်ကိုနိုးကာနေတော့သည်။ ပြီးတော့ မော်တော်တွင်းမှ လူတစ်ယောက်သည် ကုန်းဘောင်တွင် ချိတ်ထားသော ကြိုးကို တက်ဖြေနေသည်။ စံရှားမှာလည်း မော်တော်ကို မီရန်အတွက် ဘောတံတားအတိုင်း ဆင်းပြေးလာသည်။

မော်တော်အနီးသို့ရောက်လျှင် ယုဝအမည်ရှိ မော်တော်မှာ ဆိပ်ကမ်းမှ ခွာစပြုနေပြီဖြစ်သည်။ ထိုအခါတွင် စံရှားမှာ စတန့်မင်းသား ရွှေဘစတိုင်မျိုးနှင့် မော်တော်ပေါ်သို့ ခုန်တက်လိုက်သည်။ ကံအားလျော်စွာပင် သူ့မှာ မော်တော်ပေါ်သို့ မိမွေးတိုင်းဖမွေးတိုင်း ချောချောမောမော ရောက်သွားသည်။ သို့သော် မော်တော်တွင်းမှ တင်ထွန်း၏ တပည့်တစ်ယောက်ကတော့ သူ့ကို



စတင်းတစ်လက်နှင့် ချိန်ရွယ်ကာ စောင့်ကြိုနေသည်။ မော်တော်ကတော့ အရှေ့ဘက်သို့ဦးတည်ကာ မောင်းထွက်သွားသည်။

'ကြွပါ မိတ်ဆွေ၊ ကြွပါ… ကျွန်တော်တို့ မော်တော်ကို စီးချင်လွန်းလို့ အခုလို သက်စွန့်ဆံဖျားလုပ်ပြီး လာရတာကို စိတ်မကောင်းပါဘူးဗျာ၊ ဟဲ… ဟဲ… ဟဲ…'

စတင်းကိုင်လူဆိုးက သရော်ရယ်ကလေးရယ်ရင်း စံရှားကို လှမ်းပြောသည်။

ကုန်းပေါ်တွင် ကျန်ရစ်သော လေးဘီးကားမောင်းသူကတော့ မော်တော်၏အမည်ကို မှတ်သားပြီးနောက် ရဲဘက်သို့ အကြောင်းကြားရန် အမြန်ဆုံး ကားကိုမောင်း၍ ထွက်သွားသည်။

စံရှားကတော့ လူချင်းသာဆိုလျှင် ထိုလူဆိုးကို မှုမည်မဟုတ်သော်လည်း သူ၏လက်တွင်ကိုင်ထားသော စတင်းသေနတ်ကြောင့် အသာငြိမ်နေရသည်။

'ကိုင်း… ကိုယ့်လူ၊ မော်တော်ပေါ်ကို ရောက်လာမှတော့ ကိုယ့်လူကို ကောင်းကောင်းကြီး ဧည့်ခံရဦးမယ်၊ ဒီတော့ ဟောဒီအခန်းကလေးထဲကို အေးအေးဆေးဆေး ဝင်လိုက်စမ်းပါ'

လူဆိုးက စတင်းသေနတ်နှင့် ချိန်ရွယ်ရင်း ပြောသည်။ စံရှားသည် သူပြောသည့်အတိုင်းပင် ညွှန်ပြရာအခန်းသို့ ခေါင်းကိုငုံ့ကာ ဝင်သည်။

အခန်းထဲတွင်တော့ လူထုပရိသတ် စုံစုံညီညီ ရှိနေသည်ကို စံရှား တွေ့မြင်ရသည်။ ထိုလူများမှာ လူဆိုးဗိုလ် ဆယ့်နှစ်မျိုးဘင်ထွန်း လောင်းကုတ်အင်္ကျီနက် ဝတ်ထားသော လူဆိုးတို့နှင့်အတူ ထင်ပေါ်နှင့် ခင်ဌေးဝင်းတို့ကိုပါ တွေ့ရသည်။

ထင်ပေါ်မှာ စံရှားကို တွေ့မြင်လိုက်ရလျှင် အားတက်

www.burmeseclassic.com

www.burmeseclassic.com



သွားဟန်နှင့် သူ၏မျက်နှာမှာ လန်းဆန်းလာသည်။ ခင်ချွေးဝင်းကတော့ စံရှားကို အံ့ဩစွာ ငေးကြည့်နေသည်။

တင်ထွန်းမှာ စံရှားကိုတွေ့ရလျှင် မျက်မှောင်ကြုတ်ကာ ကြည့်ရင်း ခေါ်လာသော လူဆိုးကို လှမ်းမေးသည်။

'ဟော့… ဒီကောင်က ဘယ်သူလဲကွ၊ ဘယ်လိုကနေ ဘယ်လို ဒီမော်တော်ပေါ် ပါလာတာလဲ'

'မသိဘူး ဆရာ၊ သူဟာ ကျွန်တော်တို့ မော်တော်အထွက်မှာ နောက်ကနေ ပြေးလာပြီး ခုန်တက်လိုက်လာလို့ ကျွန်တော် ဖမ်းခေါ်လာတာပဲ'

လူဆိုး၏ စကားအဆုံးတွင် တင်ထွန်းသည် စံရှားဘက်သို့လှည့်ကာ မေးသည်။

'ကိုင်း… ဆိုစမ်းပါဦး၊ ခင်ဗျားက ဘာသဘောနဲ့ ကျုပ်တို့နောက်ကို လိုက်လာရတာလဲ၊ စုံထောက်ဘက်ကမို့လား'

တင်ထွန်း၏အမေးကို စံရှားက ကြောက်ရွံ့သည့်ဟန်မပြဘဲ ပြန်ပြောသည်။

'ကျုပ်ဟာ စုံထောက်မဟုတ်ပါဘူး၊ ခင်ဗျားတို့ဟာ ကျုပ်သူငယ်ချင်းနဲ့ ကျုပ်နဲ့ စေ့စပ်ကြောင်းလမ်းထားတဲ့ မိန်းကလေးကို ခေါ်သွားလို့ အခုလို လိုက်လာတာပဲ'

'ဟား… ဟား… ဟား… လက်စသတ်တော့ ခင်ဗျားက ကျုပ် အင်မတန် တွေ့ချင်နေတဲ့ စံရှားဆိုတဲ့လူကိုး၊ တွေ့ရတာ ဝမ်းသာလိုက်တာဗျာ'

တင်ထွန်းသည် စံရှားမှန်းသိလျှင် အလွန်ဝမ်းသာစွာနှင့် ပြောသည်။ ပြီးတော့ သူသည် အနီးရှိ လောင်းကုတ်အင်္ကျီနက် ဝတ်ထားသော တပည့်လူဆိုးထံလှည့်ကာ ပြောသည်။



'ဟော့… ချစ်မြ၊ ဒီကနေ့ညဟာ တို့အတွက် အင်မတန်ကို မင်္ဂလာရှိပြီ လာဘ်ကောင်းတဲ့နေ့ပဲကွ၊ အခုကြည့်လေကွာ၊ တို့ အင်မတန်မှလိုချင်နေတဲ့ ကိုစံရှားဟာ အလိုအလျောက် တို့ဆီ ရောက်လာတာပဲ၊ တို့တစ်သက်မှာ ဒီကနေ့ဟာ မင်္ဂလာအရှိဆုံးနေ့ပဲကွ၊ မဟုတ်ဘူးလားကွာ၊ ဟား… ဟား… ဟား…'

တင်ထွန်းက ဝမ်းမြောက်ဝမ်းသာနှင့် ရယ်ရင်း တပည့်ဖြစ်သူကို ပြောနေသည်။

ချစ်မြက ဆရာဖြစ်သူ၏ စကားကြောင့် သွားကြီးကိုဖြီးပြသည်။ စံရှားကတော့ သူတို့တစ်တွေကို မှုန်တေတေနှင့်ကြည့်ပြီး ပြန်ပြောသည်။

'သိပ်လည်း ဝမ်းသာမနေနဲ့ဦးဗျ၊ တော်ကြာ ဒီနေ့ဟာ မင်္ဂလာရှိတဲ့နေ့ မဟုတ်ဘဲ အမင်္ဂလာဖြစ်တဲ့ ခင်ဗျားတို့ရဲ့ နောက်ဆုံးနေ့များ ဖြစ်နေဦးမယ်၊ ဟဲ… ဟဲ… ဟဲ…'

စံရှား၏ စကားအဆုံးတွင် အနီးတွင်ရှိသော ချစ်မြက စံရှား၏ ပါးစပ်တစ်ဖက်ကို ဖြန်းခနဲမြည်အောင် လှမ်းရိုက်သည်။ စံရှားက ပြန်လည်ခုခံရန် ပြင်လျှင်တော့ စတင်းကိုင်ထားသော လူဆိုးက စတင်းနှင့် ချိန်ရွယ်ကာထားသည်။

သို့ဖြစ်၍ စံရှားမှာ ပြန်လည်မခုခံနိုင်တော့ဘဲ နှုတ်ခမ်းကို တင်းကျပ်စွာကိုက်ရင်း ချစ်မြကို ပြန်ကြည့်နေသည်။ ခင်ချွေးဝင်းကတော့ စံရှား၏သတ္တိကို အလွန်ပင် အားရကျေနပ်သွားတော့သည်။

တင်ထွန်းမှာမူ အရယ်မပျက် အပြုံးမပျက်ဘဲ စံရှားကို လေအေးအေးနှင့် ပြန်ပြောသည်။

'ဟား… ဟား… ဟား… ကိုယ့်လူက သတ္တိတော့

www.burmeseclassic.com

www.burmeseclassic.com



မခေဘူးဟော့၊ ဒါကလည်း ဒါမျိုးမှ သံဘောကျတာကွ၊ အင်း… ဘယ်လိုပဲ သတ္တိကောင်းကောင်း တင်ထွန်းရဲ့လက်မှာ အသေဆိုးနဲ့ သေရမှာမို့ နှမြောတော့ နှမြောမိသားဗျ၊ ပြီးတော့လည်း မသေခင်မှာ ခင်ဗျားနဲ့ စေ့စပ်ထားတဲ့ ချစ်သူကလေးကို ကျုပ်က အောင်သေအောင်သားစားတာကိုလည်း ပျော်ပျော်ပါးပါး ကြည့်ရအောင် ပြပါဦးမယ်လေ၊ ဟား… ဟား… ဟား…'

တင်ထွန်း၏ စကားကြောင့် စံရှားမှာ ဒေါသတွေ ပေါက်ကွဲကာ လေ၏လျှင်မြန်ခြင်းမျိုးနှင့် တင်ထွန်းထံသို့သွားကာ မျက်ခွက်ကို ညာလက်သီးနှင့် ခွပ်ခနဲမြည်အောင် ထိုးချလိုက်သည်။ မမျှော်လင့်ဘဲ အထိုးခံလိုက်ရသဖြင့် တင်ထွန်းမှာ မတ်တတ်ရပ်လျက်မှ နောက်ဘက်သို့ ပက်လက်လန်ကာလဲကျသွားတော့သည်။

ထိုအခါတွင် ချစ်မြနှင့် စတင်းကိုင် လူဆိုးမှာ စံရှားကို နောက်ဘက်မှ ဝိုင်းညှပ်ကာ ချုပ်ထားသည်။ ထိုသို့ ချုပ်ထားရင်းမှ ချစ်မြက သူ၏ ပစ္စတိုသေနတ်နှင့် စံရှား၏ခါးကို ထောက်ထားသည်။

'ကိုယ့်လူ ငြိမ်ငြိမ်နေနော်၊ ဒီတစ်ခါတော့ ပါးစပ်က ပြောမနေတော့ဘူး၊ အပစ်ပဲဗျ၊ သိလား'

ချစ်မြက ခြိမ်းခြောက်သည်။

'ပစ်လေဗျာ… ပစ်လိုက်ပါလား၊ ကျုပ် သေရမှာ မကြောက်ပါဘူး၊ မကြောက်လို့သာ ခင်ဗျားတို့ဆီ လိုက်လာတာပေါ့'

စံရှား၏ စကားအဆုံးတွင် ထင်ပေါ်နှင့် ခင်ရွှေဝင်းတို့က ပြိုင်တူ လက်ခုပ်ဩဘာတီးပေးကြသည်။

'ဟော့… နှစ်ကောင်က ဘာထတာလဲ၊ နင်တို့ပါ မြန်မြန် သေချင်ကြလို့လား'



ချစ်မြက ဒေါသသံနှင့် ထင်ပေါ်နှင့် ခင်ရွှေဝင်းတို့ဘက်သို့ လှမ်းမာန်သည်။

'ဟုတ်တယ်၊ သေချင်တယ်၊ သတ်ပစ်လိုက်'

ထင်ပေါ်နှင့် ခင်ရွှေဝင်းတို့က ကြိုတင်တိုင်ပင်ထားကြသည့်အလား သံပြိုင်နှင့် ပြန်ပြောသည်။ ထိုစဉ်မှာပင် လဲကျသွားသော တင်ထွန်းမှာ နာကျင်သွားသော မျက်ခွက်ကို ပွတ်ရင်း ပြန်ထလာသည်။

'ဆရာ… ဒီကောင်ကို အခုပဲ ကိစ္စတုံးပစ်လိုက်ရအောင်လား'

ချစ်မြက ဒေါသသံနှင့် တင်ထွန်းကို ပြောသည်။

'အို… အို… ဒီလို အလျင်စလို မလုပ်နဲ့လေ၊ အခုသတ်ပစ်လိုက်လို့ ဘယ်မှာ အရသာရှိပါ့မလဲ တပည့်တို့ရာ၊ သူ့ကို မသေခင်မှာ စိတ်မချမ်းမသာ ဖြစ်သွားတာကို မြင်ချင်သေးတယ်။ ဒီတော့ သည်းခံကြပေါ့ကွာ၊ သင်းတို့တစ်တွေဟာ တို့လက်က ပြေးမလွတ်ပါဘူးကွ'

တင်ထွန်း၏ စကားအဆုံးတွင် စံရှားက ဟက်ဟက်ပက်ပက်ကြီး ရယ်ချသည်။

'ဟား… ဟား… ဟား… ဟား… ရယ်စရာကောင်းလိုက်တဲ့ လူတွေဗျာ၊ သူတို့လက်က ပြေးမလွတ်ဘူးဗျ၊ ဒီမှာဗျ… ဒီနိုင်ငံဟာ မင်းမဲ့နိုင်ငံ မဟုတ်ပါဘူး၊ တရားဥပဒေနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံပါ၊ ဒါကြောင့် ခင်ဗျားတို့လို တစ်လမ်းသွားလူဆိုးတွေအတွက် ထွက်လမ်းမရှိဘူး၊ လုပ်ချင်ရာကို လုပ်ပိုင်ခွင့်လည်း မရှိဘူးဆိုတာ မြဲမြဲမှတ်ထားပါ'

စံရှား၏စကားကို ကြားကြရလျှင် တင်ထွန်းတို့လူသိုက်

www.burmeseclassic.com

www.burmeseclassic.com



မှာ ဆေါ်သတွေ ထွက်ကုန်ကြတော့သည်။

ချစ်မြမှာ စံရှားကို အလွန်ပင် မျက်မုန်းကျိုးနေဟန်နှင့် လက်တွင်းမှ ပစ္စတိုသေနတ်ကို တပြင်ပြင်နှင့်လုပ်နေသည်။

တင်ထွန်းကတော့ မျက်စောင်းကြီးကိုခဲကာ ကြည့်ရင်း ပြန်ပြောသည်။

'အေး… မင်းက တရားဥပဒေအားကိုးနဲ့ ဒီစကားကို ပြောတော့ တို့ကလည်း တရားဥပဒေဆိုတာ အလကားလူဆိုတာကို လက်တွေ့ပြရသေးတာပေါ့ကွာ၊ သိပ်မကြာပါဘူး တို့ရဲ့စခန်းကိုရောက်ရင် သိရမှာပါ၊ ဟဲ… ဟဲ…'

တင်ထွန်း ပြောနေစဉ်မှာပင် အပေါ်ထပ်တွင်ရှိသော တပည့်တစ်ဦးက ပျာယီးပျာယာနှင့် အခန်းတွင်းသို့ပြေးဝင်လာသည်။

'ဟေ့ကောင်… ဒါက ဘာဖြစ်တာလဲကွ'

တင်ထွန်းက သဘောမကျသော မျက်နှာနှင့် လှမ်းမေးသည်။

'ကျွန်… ကျွန်… ကျွန်တော်တို့နောက်ကို ရဲမော်တော်တစ်စင်း စက်ကုန်ဖွင့်လိုက်လာလို့ပါ ဆရာ'

'ဟေ…'

သတင်းလာပေးသော လူဆိုး၏စကားအဆုံးတွင် တင်ထွန်းနှင့် တပည့်များမှာ မောခနဲ အာမေဋိတ်သံကြီးများ အသီးသီးထွက်သွားကြတော့သည်။ စံရှားကတော့ သူတို့တွေကို သရော်ပြုံးပြုံးကာ ကြည့်နေကြသည်။

တင်ထွန်းသည် တက်တစ်ချက်ကို ပြင်းထန်စွာခေါက်ပြီးနောက် သတင်းလာပေးသော လူဆိုးကို ပြန်ပြောသည်။

'ဒီမှာဟေ့… မင်း အခုပြောတဲ့ ရဲမော်တော်ဟာ တို့ဆီကို လိုက်လာတာလား၊ ဒါမှမဟုတ် တခြားကိုသွားဖို့ မောင်းလာတာလားဆိုတာ သေချာအောင် တို့ရဲ့မော်တော်ကို အခုထက်ပိုပြီး မောင်းစမ်းကွာ၊ ပြီးတော့ ငါ့လာပြန်ပြောလှည့်၊ ကြားလား'



'ဟုတ်ကဲ့ ဆရာ'

သတင်းလာပေးသော လူဆိုးသည် ထိုသို့ပြောပြီးနောက် အခန်းတွင်းမှ ပြန်ထွက်သွားသည်။ ခဏမျှအကြာတွင် မော်တော်ကြီးမှာ စက်ကုန်ဖွင့်၍ မောင်းနေသဖြင့် အခန်းကြီးတစ်ခုလုံးမှာ သိမ့်သိမ့်ခါမျှ တုန်လှုပ်နေတော့သည်။

စံရှားမှာ ခပ်ငိုင်ငိုင်ဖြစ်ကာနေကြသော တင်ထွန်းတို့ကို လှမ်းပြောသည်။

'ခင်ဗျားတို့ ပြေးပေမယ့်လည်း မလွတ်ပါဘူးဗျာ၊ ဒီတော့ အေးအေးဆေးဆေးပဲ လက်နက်ချအဖမ်းခံလိုက်ကြပါ'

စံရှား၏စကားကို ကြားရလျှင် တင်ထွန်းသည် ဒေါသထွက်သော မျက်လုံးကြီးများနှင့် လှမ်းကြီးပြီး မာန်လိုက်သည်။

'ဟေ့ကောင် တိတ်စမ်း၊ ငါ လူဆိုးဗိုလ်လုပ်နေတာ မင်း တို့ရဲ့တွေကို အညံ့ခံဖို့လုပ်နေတာ မဟုတ်ဘူးကွ၊ သေတဲ့အထိ ခံတိုက်မယ်၊ သိလား'

'အေးလေ… ဒီလိုဆိုလည်း ပြီးတာပါပဲ၊ ကျွန်တော်က စေတနာနဲ့ ပြောတာပါ'

'စေတနာ… ဘာစေတနာလဲ၊ မင်းပါးစပ်ကို ပိတ်ထားစမ်း၊ နို့မို့ ငါ့စခန်းမရောက်ခင် သေနေလိမ့်မယ်၊ သိလား'

တင်ထွန်းက စံရှားကို လှမ်းကြိမ်းနေစဉ်မှာပင် မော်တော်ပေါ်မှ တဒိုင်းဒိုင်း တဒက်ဒက်နှင့် ပစ်ခတ်နေကြသော သေနတ်သံများကို သူတို့တစ်တွေ ကြားလိုက်ကြရသည်။ ဗုံးအသံများကို

www.burmeseclassic.com

www.burmeseclassic.com



ကြားရလျှင် တင်ထွန်းအပါအဝင် လူဆိုးများမှာ မျက်စိမျက်နှာတွေ ပျက်ကုန်ကြတော့သည်။

'ဟော့… ချစ်မြနဲ့ ဖိုးသီး၊ မင်းတို့ မော်တော်ပေါ်တက် ကြည့်ကြစမ်းကွာ၊ ပြီးတော့ ချစ်မြက အခြေအနေ ဘယ်လိုဆိုတာ ငါ့ကိုပြန်ပြော'

တင်ထွန်းက အမိန့်ပေးလျှင် ချစ်မြနှင့် ဖိုးသီးမှာ မော်တော်ပေါ်သို့ ပြေးတက်သွားကြသည်။

'ကိုင်း… ကိုယ့်လူတို့၊ အပေါ်မှာတော့ ကြားကြရတဲ့ အတိုင်းပဲ တိုက်ပွဲဖြစ်နေပြီ၊ ဒီတော့ မင်းတို့ အသက်တွေ မသေချင်သေးရင် ငြိမ်ငြိမ်ကလေးသာနေ၊ ငါ့ကို အနှောင့်အယှက်မပေးကြနဲ့၊ သိလား'

တင်ထွန်းသည် ပြောရင်းမှ သူ၏ခါးကြားမှ ခြောက်လုံးပြူးကို ဆွဲထုတ်ကာ သူတို့တစ်တွေကို ချိန်ထားသည်။

နှစ်မိနစ်ခန့်အကြာတွင်တော့ မော်တော်အပေါ်ထပ်သို့ တက်သွားသော ချစ်မြမှာ မျက်စိမျက်နှာပျက်ပျက်နှင့် ပြန်ရောက်လာသည်။

'ဆရာ၊ ကျွန်တော်တို့တော့ ပြေးလို့ မလွတ်တော့ဘူးထင်တယ်၊ ရဲမော်တော်တွေနောက်ကရော ရှေ့မှာပါပိတ်ထားကြတယ်'

'အို… ပိတ်ပိတ်ကွာ၊ လွတ်အောင်ပြေးမယ်၊ လက်နက်တော့ မချကြနဲ့၊ ကိုင်း… မင်း ဒီမှာ ခဏစောင့်နေစမ်း၊ ငါ အပေါ်ကိုတက်ကြည့်မယ်'

တင်ထွန်းသည် ထိုသို့ပြောပြီးနောက် မော်တော်အပေါ်ထပ်သို့ တက်သွားသည်။

ချစ်မြကတော့ စံရှားတို့သုံးယောက်ကို ပစ္စတိုသေနတ်



တစ်လက်နှင့် ချိန်ရွယ်ရင်း စောင့်ကျန်ရစ်သည်။ စံရှားကတော့ အလစ်ကို မျက်ခြည်မပြတ်စေဘဲ စောင့်ဆိုင်းနေသည်။

ထင်ပေါ်ကိုလည်း မျက်လုံးများနှင့်လှမ်းကြည့်ရင်း စံရှားက အချက်ပေးနေသည်။

ထင်ပေါ်ကလည်း နားလည်ဟန်နှင့် ဦးခေါင်းကို မသိမသာညိတ်ပြသည်။

ထိုစဉ်မှာပင် သူတို့စီးနင်းလိုက်ပါလာကြသော မော်တော်ကြီးမှာ ဘယ်ညာ ဘောင်ဘင်ခတ်သွားတော့သည်။ အခါအခွင့်ကို ချောင်းနေသော စံရှားမှာ ထိုသို့ဖြစ်သွားသည်နှင့် တစ်ပြိုင်နက် ချစ်မြထံသို့ လွှားခနဲ လှမ်းကာခုန်အုပ်သည်။

အငိုက်ခံလိုက်ရသဖြင့် ချစ်မြမှာ ပြန်လည်ခုခံနိုင်ခြင်း မရှိပေ။ စံရှားသည် ချစ်မြလက်တွင် ကိုင်ထားသော ပစ္စတိုကို ဘယ်ဘက်လက်ဝါးစောင်းနှင့် ရိုက်ချပြီးနောက် ညာလက်သီးဖြင့် ချစ်မြ၏ ဘယ်ဘက်မေးရိုးသို့ တအားထိုးပစ်သည်။ ခွပ်ခနဲမြည်သံနှင့်အတူ ချစ်မြမှာ ခွေခွေကလေး လဲကျသွားသည်။ ထင်ပေါ်ကလည်း လဲကျသွားသော ချစ်မြ၏ကိုယ်ပေါ်သို့ ခွစီးကာ ဘယ်ပြန်ညာပြန် ထိုးပစ်သည်။ ချစ်မြခမျာမှာတော့ သူတို့တစ်တွေ၏ လက်သီးဒဏ်ကြောင့် လောကကြီးနှင့် အဆက်အသွယ်ပြတ်သွားတော့သည်။

စံရှားသည် လူဆိုးချစ်မြ၏ ကိုယ်ပေါ်သို့ခွ၍ သဲကြီးမဲကြီးနှင့် ထိုးနေသော ထင်ပေါ်ကို လှမ်းဆွဲရင်း ပြောသည်။

'ဟေ့ကောင်ကြီး… ဒီတစ်ယောက်တည်း ဖိထိုးနေလို့ မပြီးသေးဘူးကွ၊ အပေါ်ကို သွားရဦးမယ်၊ ကဲ… လာ အောင်း၊ အပေါ်ကိုသွားရအောင်'

www.burmeseclassic.com

www.burmeseclassic.com



စံရှားသည် ထင်ပေါ်ကို ပြောရင်းမှ အခန်းထောင့်ထဲတွင် ကုတ်၍နေသော ခင်ဌေးဝင်းကိုပါ လှမ်းခေါ်သည်။ ခင်ဌေးဝင်းမှာ စံရှား၏သတ္တိကို သဘောကျနေသူမို့ ဆုတ်ဆိုင်းမနေဘဲ စံရှားက ကမ်းလင့်ထားသော လက်ကိုဆွဲကာ အပေါ်သို့ လိုက်လာသည်။ ထင်ပေါ်ကတော့ နောက်ဆုံးမှ လိုက်ခဲ့သည်။

မော်တော်အပေါ်ထပ်သို့ ရောက်ကြသောအခါတွင် မော်တော်ပေါ်ရှိ လူဆိုးများနှင့် ရဲမော်တော်မှ ရဲသားတို့ အပြန်အလှန် ပစ်ခတ်နေကြသည်ကို တွေ့ကြရသည်။

အကာလ ညအခါမို့ ရဲများ၏ မော်တော်ဆီမှ လူဆိုးမော်တော်ဆီသို့ မီးမောင်းကြီးများ ထိုးထားသည်ကိုလည်း တွေ့ကြရသည်။

စံရှားမှာ ပစ္စတိုကို သတိကြီးစွာနှင့်ကိုင်တွယ်ရင်း မော်တော်ပေါ်သို့ တက်ခဲ့ပြီး ရဲများကို ခုခံပစ်ခတ်နေသော စတင်းသေနတ်ကိုင် ဖိုးသီးအမည်ရှိသော လူဆိုးကို နောက်မှနေ၍ ပစ်ထည့်လိုက်သည်။ ဖိုးသီးမှာ အားခနဲအော်ရင်း လက်တွင်းမှ စတင်းသေနတ်မှာ မြစ်ထဲသို့ကျပြီး လူကတော့ မော်တော်ကုန်းပတ်ပေါ်တွင် လဲကျသွားတော့သည်။ ထိုခဏမှာပင် မော်တော်ပဲ့ကိုင်ကာနေသော လူဆိုးမှာ ရဲများကပစ်လိုက်သော ကျည်ဆန်ထိမှန်ကာ အားခနဲ အော်သံကို ကြားလိုက်ရပြီး ထိုလူဆိုးမှာ နေရာတွင် ထိုးလဲကျသွားတော့သည်။

သို့ဖြစ်၍ မော်တော်ကြီးမှာ ပဲ့ကိုင်သူမရှိဘဲ ဦးတည့်ရာသို့သာ ခုတ်မောင်းနေတော့သည်။ ညဘက်အချိန်မို့ မြစ်ထဲတွင် လှေ သမ္ဗန်များနှင့် အခြားမော်တော်များမှာ အနည်းငယ်သာ ရှိကြသည်။



ထိုသို့ အနည်းငယ်သာ ရှိကြသည့်အတွက်လည်း သူတို့မော်တော်နှင့် တိုက်ခိုက်မှုမရှိကြခြင်း ဖြစ်သည်။ မော်တော်မှာ ပဲ့ကိုင်သူမရှိသော်လည်း အရှိန်ကတော့ လျော့မသွားပေ။ စံရှားမှာ လူဆိုးဗိုလ်တင်ထွန်းကို ရှာဖွေကြည့်သော်လည်း မှောင်ထဲတွင်မို့ သဲကွဲစွာမမြင်ရပေ။

'ကဲ... ထင်ပေါ်ရေ၊ မော်တော်ကတော့ မြစ်ထဲမှာ ပရမ်းပတာနဲ့ လျှောက်သွားနေပြီ၊ ဒီတော့ တို့တစ်တွေ ဒီကောင်တွေအလစ်မှာ မြစ်ထဲခုန်ဆင်းမှပဲထင်တယ်'

စံရှားက ထင်ပေါ်ကို လေသံနှင့်ပြောသည်။

'တို့ကတော့ ရေကူးတတ်လို့ အရေးမကြီးပါဘူး၊ ဒီက ခင်ဌေးဝင်းက ရေကူးတတ်လို့လား'

'ဟင့်အင်း... ကျွန်မ မကူးတတ်ဘူး'

'အဲဗျ... ဒီလိုဆို ဘယ်လိုလုပ်ကြမလဲ'

ခင်ဌေးဝင်း၏စကားကို ကြားရလျှင် ထင်ပေါ်က စိတ်ပျက်သံနှင့် ပြောသည်။

'အို... ကိစ္စမရှိပါဘူး၊ အဝင်းကို ငါပဲတွဲခေါ်ပါ့မယ်၊ ကဲ... လာ... ဒီကောင်တွေလစ်တုန်း ခုန်ဆင်းကြစို့'

စံရှားသည် ထိုသို့ပြောပြီးနောက် လူဆိုးများကင်းရှင်းသော ဦးပိုင်းဆီသို့ လျှောက်သွားသည်။ ပြီးလျှင် မော်တော်ဘေးဘက်သို့ကပ်ကာ ခင်ဌေးဝင်း၏လက်ကိုဆွဲရင်း သတိပေးစကား ပြောသည်။

'ဒီမှာ အဝင်း၊ မကြောက်နဲ့နော်၊ အခု ခုန်ချရင်လည်း မျက်စိကို စုံမှိတ်ထား၊ ကိုယ်ကိုလည်း တတ်နိုင်သမျှ ဖော့ထား၊ အကြောက်လွန်ပြီး မရုန်းနဲ့၊ ဒီလိုဆို အဝင်းအတွက် ဘာမှမဖြစ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကျွန်တော်ပြောတာ ကြားလား'

'ဟုတ်ကဲ့'

ခင်ဌေးဝင်းက လေသံကလေးနှင့် ပြန်ပြောသည်။

'ဟော့… ဟော့… စံရှား၊ ခုန်ရင် မြန်မြန်ခုန်ဟော့၊ တို့မော်တော် ဟိုရှေ့က ပင်လယ်ကူးသင်္ဘောကြီးဆီ ဦးတည်နေပြီ၊ ဒီသင်္ဘောကြီးနဲ့သာ ဝင်တိုက်မိရင်တော့ မော်တော်ဟာ အစအနတောင် ရှာတွေ့မှာ မဟုတ်ဘူးကွ'

ထင်ပေါ်က အထိတ်တလန့်နှင့် ပြောနေသည်။ ထိုပြောသံကြောင့် စံရှားရော ခင်ဌေးဝင်းပါ ပြိုင်တူလှမ်းကြည့်မိကြသည်။

မှန်ပေသည်။ သူတို့ စီးနင်းလိုက်ပါလာသော မော်တော်မှာ ထိုပင်လယ်ကူးသင်္ဘောကြီးဆီသို့ ဦးတည်ကာနေပြီဖြစ်သည်။

လူဆိုးများကတော့မူ သူတို့၏မော်တော်သည် ပင်လယ်ကူးသင်္ဘောကြီးဆီသို့ ဦးတည်ကာ မကြာမီ ခန္ဓာစဲတော့မည်ကို မသိကြသေးပေ။ ရဲများနှင့်သာ သဲသဲမဲမဲ တိုက်ခိုက်နေကြစဲပင်။

'ကိုင်း… ထင်ပေါ်ရေ၊ အချိန်ရှိတုန်း ခုန်ချကြစို့၊ အဝင်းစောစောကပြောတာ မမေ့နဲ့နော်'

စံရှားသည် ထိုသို့ပြောပြီးနောက် ခင်ဌေးဝင်း၏ လက်ကိုဆွဲကာ မော်တော်ပေါ်မှနေ၍ မြစ်တွင်းသို့ခုန်ချသည်။ ထင်ပေါ်ကလည်း ခုန်ချသည်။

'ဗွမ်း… ဗွမ်း…'

သူတို့၏ ကိုယ်ခန္ဓာများနှင့် မြစ်ရေတို့ ထိတွေ့ကြသည်တွင် အထက်ပါအတိုင်း အသံများ ပေါ်ထွက်လာကြသည်။ ခင်ဌေးဝင်းမှာ ရေလုံးဝမကူးတတ်သော်လည်း စံရှားမှာသည်အတိုင်း သတိကြီးစွာထားရင်း စံရှားကိုဖက်ကာ ကိုယ်ကို ဖော့ထေး



ထားသည်။ စံရှားသည် ခင်ဌေးဝင်း၏ကိုယ်ကလေးကို ရေပေါ်တွင် ပက်လက်လှန်ပေးပြီး သူက ဘေးမှတွဲထိန်းရင်း ဖြည်းဖြည်းချင်း ကူးနေသည်။ သူတို့တစ်တွေ မြစ်တွင်းသို့ ခုန်ချကြပြီး မိနစ်ဝက်ခန့် အကြာတွင်တော့ လူဆိုးများ၏မော်တော်မှာ ပင်လယ်ကူးသင်္ဘောကြီးနှင့် အရှိန်ပြင်းစွာ ဝင်တိုက်မိတော့သည်။

'ဖြောင်း… ဒိုင်း…'ဟူသော အသံများနှင့်အတူ မော်တော်ကြီးမှာ မီးခိုးလုံးကြီးများထွက်ကာ အစိတ်စိတ်အမြွာမြွာဖြစ်သွားတော့သည်။ သူတို့တစ်တွေကိုလည်း နောက်မှ ရဲမော်တော်များက သက်ကယ်ဖောများ ပစ်ချပေးသည်။ စံရှားသည် ရဲများပစ်ချပေးသော သက်ကယ်ဖောကို လှမ်းဆွဲပြီးနောက် ခင်ဌေးဝင်းနှင့်အတူ ရပ်ထားသော ရဲများ မော်တော်ဆီသို့ ကူးနေသည်။ ထင်ပေါ်ကလည်း နောက်မှ လိုက်၍ ကူးလာသည်။

ထင်ပေါ်သည် ပင်လယ်ကူးသင်္ဘောကြီးနှင့် တိုက်မိပြီး အစိတ်စိတ်အမြွာမြွာဖြစ်ကာ မီးလောင်နေသော မော်တော်ကိုကြည့်ကာ စံရှားကို ပြောသည်။

'မော်တော်ပေါ်ကလူဆိုးတွေတော့ တစ်ကောင်မှ အသက်ရှင်တော့မှာ မဟုတ်ဘူးနော်'

'အေးပေါ့ကွ… အသက်ရှင်ဖို့နေနေသာသာ သူတို့အလောင်းကိုမှ ရပ့ါမလား မသိဘူး'

သူတို့ ပြောနေကြစဉ်မှာပင် ခင်ဌေးဝင်းကတော့ လွန်ခဲ့သော အတိတ်ကို တွေး၍ ကြောက်ရွံ့နေဟန်နှင့် တရှုပ်ရှုပ်ငိုနေတော့သည်။

'မငိုပါနဲ့တော့ အဝင်းရယ်၊ ဘေးဒုက္ခအပေါင်းမှ လွတ်နေပြီပဲဟာ'

www.burmeseclassic.com



စံရှားက အားပေးစကားပြောသည်။ ထိုစဉ်မှာပင် သူတို့တစ်တွေမှာ မော်တော်အနီးသို့ ရောက်သွားကြသဖြင့် သူတို့အားလုံးကို ရဲများက မော်တော်ပေါ်သို့ ဆွဲတင်ပေးကြသည်။

ရဲမော်တော်ပေါ်တွင် စံရှားတို့နှင့် သိကျွမ်းသော ရဲအရာရှိကိုလည်းကောင်း၊ လေးဘီးအငှားယာဉ် ကားမောင်းသူကိုလည်းကောင်း တွေ့ကြသည်။

'ကိုစံရှားတို့ ကံကောင်းတယ်ဗျို့၊ မော်တော်ပေါ်က အချိန်မြန်ပေလို့ပဲ၊ နို့မို့ရင်တော့ ခင်ဗျားတို့လည်း လူဆိုးတွေနဲ့အတူ ငရဲပြည်ပါသွားကြမှာဗျ၊ ဟား… ဟား… ဟား…'

ရဲအရာရှိက စံရှား၏ပခုံးကို ခင်မင်စွာနှင့်ပုတ်ရင်း ပြောသည်။ လေးဘီးကားမောင်းသူကလည်း ဝင်ပြောသည်။

'ဟုတ်တယ်ဗျ၊ ကျွန်တော်တို့ဟာ ခင်ဗျားတို့အတွက် အင်မတန်စိုးရိမ်နေကြတာ၊ အခုမှပဲ စိတ်အေးကြရတော့တယ်'

စံရှားသည် လေးဘီးကားမောင်းသူကို ကျေးဇူးတင်သော မျက်နှာနှင့် လှမ်းကြည့်ပြီး ပြောသည်။

'ခင်ဗျားကိုတော့ ကျွန်တော် ကျေးဇူးလည်းတင်တယ်၊ ချီးလည်း ချီးကျူးပါတယ်၊ ခင်ဗျားရဲ့ တာဝန်သိတတ်မှုကြောင့် ကျွန်တော်တို့ဟာ အခုလို လူဆိုးတွေလက်က လွတ်ရတာပါ'

စံရှားသည် စကားအဆုံးတွင် ထိုလူ၏လက်ကိုဆွဲ၍ နှုတ်ဆက်သည်။

'ဒါတော့ဗျာ… ကူညီရမှာပေါ့၊ ခင်ဗျားလို လူတစ်ယောက်ကတောင်မှ လူဆိုးတွေကို အသက်စွန့်ပြီး လိုက်သွားဝံ့သေးတာပဲ၊ ဒီတော့ ကျွန်တော်ကလည်း ရဲတွေကို တာဝန်ကျေကျေနဲ့ သတင်းသွားပေးရတာပေါ့'



လေးဘီးကားမောင်းသူ ပြောအပြီးတွင် ရဲအရာရှိကလည်း ဝင်ပြောသည်။

'အေးဗျ… ဒီလူ လာပြီးသတင်းပေးလို့ အခုလို အမြန်ဆုံး လူဆိုးတွေနောက် လိုက်နိုင်တာ၊ ဒါပေါ့ဗျာ… တရားဥပဒေကို ဖောက်ဖျက်နေကြတဲ့လူတွေကို ခင်ဗျားတို့လို တာဝန်သိပုဂ္ဂိုလ်တွေက အခုလို ကျွန်တော်တို့ရဲတွေနဲ့ လက်တွဲပြီး ကူညီမယ်ဆိုရင် အမြဲတမ်း အောင်မြင်မှုဟာ ရနေမှာပါ'

သူတို့သည် ထို့နောက်တော့ သူတို့တစ်တွေသည် လူဆိုးများနှင့် မည်သို့မည်ပုံ နေခဲ့ကြရပုံနှင့် လူဆိုးတွေ၏လက်မှ မည်ကဲ့သို့ လွတ်မြောက်လာကြရပုံကို စံရှားတစ်လှည့်၊ ခင်ဌေးဝင်းကတစ်လှည့်၊ ထင်ပေါ်ကတစ်မျိုးနှင့် ဆူညံစွာ ပြောဆိုနေကြတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်ခြောက်)

## ဘဘကြီးကို ချစ်တယ်

စံရှားတို့နှင့် ဆယ့်နှစ်မျိုးတင်ထွန်းတို့ နှောင်ဂိုန်ချနေကြသောအချိန်တွင် ဒေါ်နီနီနှင့် စံရှား၏ မိဘတို့အကြောင်းကို ရေးပြရပါဦးမည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဒေါ်နီနီ၏အိမ်မှ ခင်ဋ္ဌေးဝင်း ထွက်သွားပြီး စံရှာကလည်း လိုက်ပါသွားသည်။ သို့ဖြစ်၍ သူတို့၏မိဘများမှာ သူတို့နှစ်ဦး ပြန်လာကြမည့်အချိန်ကို တစောင့်စောင့်နှင့် ရှိနေကြသည်။ တစ်နာရီနီးပါး စောင့်ဆိုင်းနေကြသော်လည်း စံရှားနှင့် ခင်ဋ္ဌေးဝင်းတို့မှာ ပြန်မလာကြသဖြင့် နောက်ဆုံးတွင်တော့ ဒေါ်နီနီက ဦးကျော်နှင့် ဒေါ်သောင်းတို့ကို ညစာကျွေးသည်။

ထိုသို့ကျွေးပြီး သူတို့တစ်တွေမှာ စံရှားတို့ ပြန်လာကြမည့်အချိန်ကို ထပ်မံ၍ စောင့်မျှော်နေကြသည်။ ရှစ်နာရီ၊ ကိုးနာရီ၊ ဆယ်နာရီထိုးခဲ့သည်အထိ ဒေါ်နီနီရော ဦးကျော်တို့လင်မယားပါ စောင့်ဆိုင်းနေကြသည်။ ထိုအချိန်အထိ စံရှားတို့ ပြန်မလာသောအခါတွင် ဒေါ်နီနီမှာ သမီးအတွက် စိတ်ပူလာတော့သည်။



ဦးကျော်နှင့် ဒေါ်သောင်းတို့က သူတို့သားအတွက် စိတ်သိပ်မပူသေးပေ။ သူတို့၏ စိတ်ထဲတွင် သားဖြစ်သူ စံရှားနှင့် အိမ်မှာပင် ထင်ပေါ်နှင့်အတူ ရှိနေလိမ့်မည်ဟု ထင်နေကြသည်။

'ကျွန်မသမီးလည်း ကိုကျော်တို့ အစ်ကိုကြီးဆီသွားတာ ပြန်မလာသေးပါလား၊ မိုးလည်း ချုပ်လှပြီ၊ မောင်စံရှားနဲ့များ အဲဒီမှာတွေ့ပြီး လေပေးဖြောင့်နေကြလို့လား မသိဘူး'

ဒေါ်နီနီက ညဆယ်နာရီသို့ ညွှန်ပြနေပြီဖြစ်သော သူ၏ အိမ်မှ တိုင်ကပ်နာရီလက်တံကိုကြည့်၍ ဦးကျော်တို့ကို ပြောသည်။

'အေးဗျာ… နှစ်ယောက်စလုံးကို ပေါ်မလာကြတော့ဘူး၊ အိမ်မှာများ နှစ်ယောက်စလုံး ရောက်နေကြသလား မသိဘူး၊ သွားကြည့်ကြစို့လား'

ဦးကျော်က ဒေါ်နီနီကို ပြောသည်။

'ဟုတ်တယ်၊ သွားကြည့်ကြရင် ကောင်းမယ်'

ဒေါ်နီနီက ပြောရင်း ဦးကျော်တို့နှင့်လိုက်ရန် နေရာမှ ထရပ်သည်။ ထို့နောက်တော့ သူတို့တစ်တွေမှာ စံရှားတို့နေထိုင်ရာ တိုက်ခန်းသို့ လာကြသည်။ တိုက်ခန်းမှာ တင်ထွန်းတို့ကခေါ်သွားသဖြင့် မီးရော အခန်းတံခါးပါ ပွင့်လျက်ရှိနေသည်။ ဒါကို ဦးကျော်၏စိတ်ထဲတွင် စံရှားတို့တိုက်ခန်းတွင်းတွင် ရှိသည်မှတ်ကာ ဒေါ်နီနီကို ပြုံးရယ်ရင်း ပြောသည်။

'တွေ့လားဗျ၊ မီးတွေကတော့ ထိန်ထိန်လင်းနေတာပဲ၊ ဧကန္တ စကားကောင်းနေကြတယ်နဲ့ တူတယ်၊ တော်လည်းတော်တဲ့ ဟာတွေပဲ'

ဒေါ်နီနီမှာလည်း သူ၏သမီးကို ထိုတိုက်ခန်းတွင် တွေ့ရတော့မည်အထင်နှင့် ပြန်လည်ပြုံးပြသည်။

စံရှားတို့ နေထိုင်ကြသော အခန်းသို့ရောက်လျှင် ဦးကျော်

www.burmeseclassic.com

www.burmeseclassic.com



သည် အတွင်းတွင် လူရှိသည်အထင်နှင့် တံခါးကို တဒေါက် ဒေါက်နှင့် ခေါက်နေသည်။ သူသည် အတွင်းမှ တံခါးတော်တော် နှင့်ဖွင့်မပေးဘဲနေသည်ကိုတွေ့ရလျှင် နောက်တစ်ကြိမ် ခပ်ပြင်း ပြင်းကလေး ခေါက်ပြန်သည်။

'ဟောဗျို… တံခါး ဒီလောက်တောင် ခေါက်နေတာ တောင် အထဲက လာဖွင့်မပေးသေးဘူး၊ ဘာတွေများလုပ်နေကြ တယ် မသိပါဘူး'

ဦးကျော်သည် ဒေါ်နီနီဘက်သို့ လှည့်ပြောရင်းမှ တံခါး ကို တွန်းကြည့်သည်။ တံခါးမှာ ထင်ပေါ်တို့ ထွက်သွားကြစဉ်က စေ့ရုံသာ စေ့ထားသည်မို့ အလွယ်တကူပင် ပွင့်သွားသည်။

'အလို… တံခါးက ဖွင့်ထားပါကလားဗျ'

ဦးကျော်သည် အံ့ဩစွာပြောရင်း အတွင်းသို့ ဝင်သွား သည်။ ဒေါ်နီနီနှင့် ဒေါ်သောင်းတို့က နောက်မှလိုက်၍ ဝင်သွားကြ သည်။ အခန်းထဲတွင်တော့ မီးများသာ ထိန်လင်းစွာထွန်းထားပြီး လူကတော့ တစ်ဦးတစ်ယောက်မျှ မရှိပေ။

'ဟင်… အထဲမှာလည်း လူတစ်ယောက်မှ မရှိပါ ကလား၊ ဘယ်များသွားနေကြပါလိမ့်'

ဒေါ်သောင်းက အခန်းတစ်ခုလုံးကို ဟိုဟိုသည်သည် ကြည့်ရင်းပြောသည်။

'ရုပ်ရှင်များ သွားကြည့်သလား မသိဘူး'

ဦးကျော်ကပြောလျှင် ဒေါ်သောင်းက ပါးစပ်ကြီးကိုမဲ့ရင်း ပြန်ပြောသည်။

'အိုတော်… မဟုတ်တာတွေ ပြောနေပြန်ပြီ၊ ရုပ်ရှင်သွား ကြရင် အိမ်တံခါးကို ပိတ်ထားခဲ့မှာပေါ့'

'အေး… ဟုတ်တယ်ကွ၊ ဒီလိုဆို ဘယ်များသွားကြပါ



လိမ့်၊ အား… သိပြီ… သိပြီ၊ ဇကန္တ မနီရဲ့သမီးနဲ့ ကျုပ်သား အဆင်ပြေသွားလို့ ခိုးရာလိုက်ပြေးကြပြီထင်တယ်၊ ဟား… ဟား… ဟား…'

'လာပြန်ပြီ၊ တော်ဟာလေ ပြောလိုက်ရင် တလွဲချည်းပဲ၊ ဘာဆိုင်လို့ ခိုးရာလိုက်ပြေးရမှာလဲ၊ လူကြီးတွေချင်း သဘောတူ ကြတယ်ဆိုတာ သားရော သမီးရော သိနေကြတာတာဟာ၊ ခိုးရာ လိုက်ဖို့ မလိုပါဘူးတော့'

ဒေါ်သောင်းက သဘောမကျဟန်နှင့် ပြန်ပြောသည်။

'အဲဒါက မင်းတို့အထင်ကိုးကွ၊ တို့သဘောတူကြတာက စေ့စပ်ကြောင်းလမ်းကြဖို့တင်၊ လက်ထပ်ပေးစားဖို့ကတော့ ဖြည်း ဖြည်းမှ လုပ်ပေးကြမှာဆိုတော့ သူတို့က မစောင့်နိုင်ကြဘဲ အခုလို ပြေးကြသလားမှ မသိတာ၊ အခုကာလ လူငယ်တွေက အချိန်သိပ် ဆွဲတာကို ကြိုက်တာမဟုတ်ကြဘူးကွ၊ သူတို့က ခုမြင် ခုကြိုက် ခုလိုက်ဆိုတာမျိုး၊ အိမ်ထောင်ရေးကိုလည်း သိပ်ပြီးလေးလေး နက်နက် သဘောထားကြတာ မဟုတ်ဘူး၊ ဒါကြောင့် ငါက ပြောတာပါ'

'အိုတော်… ရှင်ပြောသလို မဖြစ်နိုင်ပါဘူး'

လင်မယားနှစ်ယောက် အချီအချ စကားပြောဆိုနေကြစဉ် ဒေါ်နီနီမှာ သမီးကို မတွေ့ရသဖြင့် မျက်စိမျက်နှာတွေပျက်ကာ နေတော့သည်။

'ကျွန်… ကျွန်မတော့ ဒီလိုမထင်ဘူးရှင့်၊ ကျွန်မသမီး ကလေးဟာ ကိုကျော်တို့သားကို မလိုချင်တာနဲ့ သူ့ကိုယ်သူပဲ အဆုံးစီရင်သလား၊ ဒါမှမဟုတ် တခြားကိုများ ထွက်ပြေးသွား သလား မသိဘူး၊ သမီးရေ… အို… သမီးရဲ့၊ မေမေများပါပြီ သမီးရယ်၊ အဟစ်ဟစ်… ဟီး… ဟီး…'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နီနီမှာ ပြောရင်းမှ သမီးဖြစ်သူအတွက် ဝမ်းနည်းစွာနှင့် ငိုနေတော့သည်။

ဒေါ်နီနီက ရုတ်တရက် ငိုချလိုက်သဖြင့် ဦးကျော်နှင့် ဒေါ်သောင်းတို့မှာ မည်သို့ပြန်ပြောရမည်မသိ ဖြစ်သွားသည်။ နောက်မှ ဦးကျော်က ဒေါ်နီနီကို ကရုဏာသက်စွာဖြင့်ကြည့်ရင်း တရားချသည်။

'မငိုပါနဲ့ မနီရယ်၊ တရားနဲ့ဖြေမှပေါ့၊ လူဆိုတာ သေမျိုးချည်းပါပဲ၊ သူက အရင်သွားရင် ကိုယ်ကလည်း မကြာခင် နောက်ကလိုက်ရမှာ မဟုတ်ပါပဲ၊ တိတ်ပါဗျာ'

'အို… ကိုကျော်… ရှင် ဘာတွေပြောနေတာလဲ၊ စိတ်မှ နှံ့သေးရဲ့လားတော့'

ဒေါ်သောင်းမှာ ကိုကျော်ကို စိတ်ဆိုးသော မျက်နှာနှင့် ကြည့်ရင်း ပြောသည်။

'ဘာဖြစ်လို့လဲ မသောင်းရဲ'

'ဘာဖြစ်ရမှာလဲ၊ မနီကို ရှင် ဘာတွေပြောနေတာလဲ'

'သူက သမီးသေတယ်ဆိုပြီး ငိုနေလို့ ငါက တရားချနေတာလေ'

'ဖြစ်ရလေရှင်… မဦးမချွတ် မပြောစမ်းပါနဲ့၊ သူ့သမီးမှ မသေသေးတဲ့ဟာ'

'သိဘူးလေကွာ၊ သူက သမီးသေသလို ငိုနေလို့ ငါက အခုလိုပြောရတာပါ'

'ကဲပါ… အပိုတွေ ပြောမနေပါနဲ့၊ ဟိုဘက်ခန်းကိုသွားပြီး မေးကြည့်ပါဦး၊ ဒီအိမ်ကလူတွေ ဘယ်သွားလဲဆိုတာ'

ဒေါ်သောင်းက ခိုင်းသဖြင့် ဦးကျော်မှာ တစ်ဖက်ခန်းသို့ သွား၍ မေးကြည့်သည်။



သို့သော် ရန်ကုန်တိုက်များမှာ အခန်းချင်းကပ်၍ နေကြသော်လည်း တစ်ဦးနှင့်တစ်ဦး အရောသိပ်ဝင်ကြခြင်း မရှိသဖြင့် ဦးကျော်၏အမေးကို မသိဘူးဟူသော အဖြေစကားကို တစ်ဖက်ခန်းမှ ပြန်ကြားသည်။ ထိုအခါကျတော့ စောစောပိုင်းက ခပ်ပေါ့ပေါ့နေခဲ့ကြသော ဦးကျော်နှင့် ဒေါ်သောင်းတို့မှာ စိတ်ထဲတွင် စိုးရိမ်စိတ်များ ဝင်လာကြတော့သည်။

'ကိုင်း… ငါတို့ ပေါ့ပေါ့နေလို့တော့ မဖြစ်ဘူး၊ အခန်းတံခါးလည်းပွင့်၊ အိမ်သားတွေလည်း စာစ်ယောက်မှမရှိဘူးဆိုတော့ အန္တရာယ်တစ်ခုခု ပေါ်နေပြီနဲ့တူတယ်၊ ဒီတော့ ရဲကိုတိုင်မှပဲ'

ဦးကျော်ကပြောလျှင် ဒေါ်သောင်းနှင့် ဒေါ်နီနီတို့ သဘောတူကြဟန်နှင့် ခေါင်းညိတ်ပြသည်။ ဒေါ်နီနီမှာတော့ တရှုပ်ရှုပ်ငိုရင်း ဦးကျော်ကို ပြောသည်။

'ကျွန်… ကျွန်မသမီးကလေး အသက်ရှင်လျက်မှ တွေ့နိုင်ပါဦးမလားရှင်'

'မသေသေးရင်တော့ အသက်ရှင်လျက် တွေ့ရမှာပဲဗျ'

ဦးကျော်၏စကားကြောင့် ဒေါ်သောင်းမှာ မျက်စောင်းကြီးခဲကာ မာန်တော့သည်။

'လုပ်ပြီ ကိုကျော်ကတော့၊ ပြောလိုက်ရင်ခွချည်းပဲ၊ မသေခင်တော့ အသက်ရှင်လျက် တွေ့ရမှာပေါ့တော့၊ ရှင်ပြောမှလား'

'နို့…ငါပြောတာရောမှားလို့လားကွ၊ ကဲပါကွာ… တို့တစ်တွေစကားများနေကြလို့ မဖြစ်ဘူး၊ ရဲကိုသွားတိုင်ကြရအောင်'

ဦးကျော်တို့ ပြောနေကြစဉ်မှာပင် တိုက်ရှေ့တွင် ကားရပ်သံ ကြားကြရသည်။

'ဟော… ကားရပ်သံတော့ ကြားရတယ်၊ ဒို့ဆီက လူတွေများလား မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်သည် ပြောရင်း အိမ်ရှေ့ဝရန်တာသို့ ထွက်သွားသည်။ ဒေါ်နီနီနှင့် ဒေါ်သောင်းတို့သည် ပျာယီးပျာယာနှင့် နောက်မှ လိုက်သွားကြသည်။ ပြီးတော့ သူတို့သည် ဝရန်တာမှ အောက်သို့ငုံ့ကြည့်ကြသည်။

'ဟုတ်တယ်တော့... သူတို့ ပြန်လာကြပြီ'

ဒေါ်သောင်းက ဝမ်းသာအားရ ပြောသည်။ သမီးကို တွေ့မြင်လိုက်ရသော ဒေါ်နီနီ၏မျက်နှာမှာ ယခုပင် လန်းဆန်းကာ လာတော့သည်။

ဦးကျော်ကတော့ အခန်းတံခါးကို ပြေး၍ဖွင့်ပေးရင်းမှ လှေကားပေါ်မှ တက်လာကြသော စံရှားတို့ကို ဆီး၍ဆူတော့သည်။

'ဟေ့... ဒါက ဘယ်ကပြန်လာကြတာလဲကွ၊ ရှီးမှပဲ... လူကြီးတွေကတော့ စိတ်ပူလို့၊ သွားရင်လည်း အခန်းတံခါးကို ပိတ်သွားကြမှပေါ့ကွ၊ မင်းတို့ဟာတွေက မဟုတ်သေးပါဘူး'

'ဟာ... ဖေဖေကလည်း ဆူတာက အရင်ပဲကိုး၊ ကျွန်တော်တို့အဖြစ်ကိုလည်း မေးဦးမှပေါ့၊ ကျွန်တော်တို့သုံးယောက်ဟာ မသေကြလို့ အခုလို ဖေဖေတို့နဲ့ ပြန်တွေ့ရတာ'

'ဟေ...'

စံရှားက ဖခင်ဖြစ်သူကို ပြန်ပြောလျှင် ဦးကျော်မှာ ဟောခနဲဖြစ်သွားတော့သည်။

'ပြောစမ်းပါဦး၊ မင်းတို့က ဘာတွေဖြစ်ခဲ့ကြလို့လဲ'

'ပြောပါမယ်လေ၊ ကျွန်တော်တို့အားလုံး အခန်းထဲရောက်အောင် စောင့်ပါဦး'

စံရှားသည် ဖခင်ဖြစ်သူကို ပြန်ပြောရင်း ဝင်လာသည်။ သူ၏နောက်ဘက်မှ ထင်ပေါ်နှင့် ခင်ရွှေးဝင်းတို့ လိုက်လာကြ



သည်။ သူတို့တစ်တွေအားလုံး အခန်းတွင်းတွင် ထိုင်မိကြလျှင်တော့ ဦးကျော်ကပင် ပြောခိုင်းသည်။

'ပြောစမ်းပါဦးကွ၊ မင်းတို့အဖြစ်ကို'

စံရှားသည် ခင်ရွှေးဝင်းနှင့် ထင်ပေါ်တို့မျက်နှာကို လှမ်းကြည့်ပြီး ပြောသည်။

'ဒီလို ဖေဖေရဲ့၊ ကျွန်တော်တို့အားလုံးကို ဆယ့်နှစ်မျိုးတင်ထွန်းက ဖမ်းသွားကြလို့'

'ဟင်...'

စံရှား၏စကားကို ကြားရလျှင် ဦးကျော်၊ ဒေါ်သောင်းနှင့် ဒေါ်နီနီတို့မှာ အံ့ထက်ပါအတိုင်း နူတ်မှထွက်သွားကြသည်။

ပြီးတော့ ဒေါ်သောင်းသည် စံရှား၏မျက်နှာကို အူကြောင်ကြောင်နှင့် လှမ်းကြည့်ရင်း မေးသည်။

'နေစမ်းပါဦး... သားကို ဘာဆိုင်လို့ ဆယ့်နှစ်မျိုးချင်းသုပ်တို့က ဖမ်းတာလဲ'

ဒေါ်သောင်း၏စကားကြောင့် စံရှားတို့မှာရယ်ကြရသည်။

'ဆယ့်နှစ်မျိုးချင်းသုပ် မဟုတ်ပါဘူး မေမေရဲ့၊ ဆယ့်နှစ်မျိုးတင်ထွန်းပါ၊ သူက မကောင်းမှု ဒုစရိုက်ပေါင်းစုံကို ထုပ်ဖူးလို့ခေါ်တာပါ'

'ဒေါ်ဒေါ် မေးပါရစေဦး၊ အဲဒီလူဆိုးက ဘာဆိုင်လို့ မင်းကို ဖမ်းသွားရတာလဲ'

ဒေါ်နီနီကလည်း နားမလည်ဟန်နှင့် ဝင်မေးပြန်သည်။ ထိုအခါတွင် ထင်ပေါ်က ဝင်၍ပြောပြသည်။

'ဆိုင်လို့ ဒေါ်ဒေါ်၊ ကျွန်တော်တို့ဟာ သူ့ကို ဖမ်းဆီးနိုင်ဖို့အတွက် ရဲတွေနဲ့ပူးပေါင်းပြီးအကူအညီပေးခဲ့မိတယ်။ ဒါကို သူသိတဲ့အခါ အငြိုးထားပြီး ကျွန်တော်တို့ကို ခုလိုလာဖမ်းတာပဲ'

www.burmeseclassic.com



'ဆယ့်နှစ်မျိုးတင်ထွန်းဆိုတဲ့ လူကြီးရဲ့ရုပ်ဟာ ဒီအိမ်က ဘဘကြီးရုပ်နဲ့ ချွတ်စွပ်ပဲ မေမေရဲ့'

ခင်ဌေးဝင်းက ဝင်ပြောသည်။

'ဟဲ့... သမီးက ဘဘကြီးဆို မေမေလည်း အစ်ကိုကြီးကို သတိရတော့တယ်၊ သူ့ကိုရှာဖမ်းသွားကြသလား၊ အခုထက်ထိ မတွေ့ရပါလား'

ဒေါ်နီနီ စကားကြောင့် စံရှား၊ ထင်ပေါ်၊ ဦးကျော်နှင့် ဒေါ်သောင်းတို့မှာ ပြုံးနေကြသည်။ ခင်ဌေးဝင်းမှာလည်း ယခုထက်ထိ စံရှားသည် ဘဘကြီးဖြစ်ကြောင်းကို မရိပ်မိသေးသဖြင့် သူကလည်း မိခင်လိုပင် ဘဘကြီးကို တွေ့ချင်နေသူဖြစ်သည်။

'ဟုတ်တယ် မေမေ၊ သမီးလည်း ကိုစံရှားတို့ကို လမ်းမှာ မေးကြည့်ပါတယ်၊ သူတို့က အိမ်ကျတော့ အဖြေမှန်သိရလိမ့်မယ်လို့ ပြောတယ်၊ ဘာမှန်းလဲ မသိဘူး'

ခင်ဌေးဝင်းသည် ထိုသို့ပြောပြီးနောက် ဒေါ်နီနီ၏အနီးတွင် ထိုင်နေရာမှထကာ စံရှားအနီးသို့ တိုးကပ်ကာထိုင်ရင်း စံရှားကို ချစ်ခင်လေးစားသော မျက်နှာနှင့်ကြည့်ရင်း မေးသည်။

'ကဲ... အစ်ကိုစံရှား ပြောလေ၊ အိမ်ကျမှပြောမယ်ဆို'

လူကြီးများမှာ စံရှားနှင့် ခင်ဌေးဝင်းတို့ အတော်ပင် ပြေလည်ကာနေသည်ကိုကြည့်၍ ဝမ်းသာပြုံး ပြုံးနေကြသည်။

စံရှားသည် ခင်ဌေးဝင်း၏မျက်နှာကို ခပ်ပြုံးပြုံးကလေး ပြန်ကြည့်ပြီး ထင်ပေါ်ဘက်သို့လှည့်ကာ ပြောသည်။

'ကိုင်း... ထင်ပေါ်ရေ၊ တို့ ကလိမ်ချုံဇာတ်ကို ဒီကနေ့တော့ ဖွင့်ချမှထင်တယ်'

စံရှားကပြောလျှင် ထင်ပေါ်က ခေါင်းညိတ်ပြသည်။

ထင်ပေါ်ဘက်သို့ ပြောအပြီးတွင် စံရှားသည် ခင်ဌေးဝင်းဘက်သို့လှည့်ကာ ပြောပြန်သည်။



'ဒီမှာ အဝင်း၊ အခု အစ်ကိုစံရှားတို့ဟာ အဝင်းတို့အင်မတန်သိချင်တဲ့အကြောင်းကို ပြောပြတော့မယ်၊ အမှန်ကိုသိသွားရင် အစ်ကိုစံရှားကို ခွင့်လွှတ်ရမယ်နော်၊ စိတ်မဆိုးရဘူး သိလား'

'မဆိုးပါဘူး အစ်ကိုစံရှားရယ်၊ ဘာလို့ ဆိုးရမှာလဲ'

'ကောင်းပြီ၊ ဒီလိုဆို အဝင်းတို့ (၁၅)မိနစ်လောက် ဒီမှာ သည်းခံပြီးစောင့်ကြဦး၊ အစ်ကိုစံရှားနဲ့ ထင်ပေါ်တို့ ဘဘကြီးကို သွားခေါ်လိုက်မယ်'

စံရှားက ရယ်ရယ်မောမော ပြန်ပြောသည်။

'ဟင်၊ ဘယ်မှာသွားခေါ်မှာလဲ၊ အဝင်းပါလိုက်မယ်လေ'

'အာ... အဝင်း မလိုက်ပါနဲ့၊ ပြီးတော့ တခြားမှာလည်း သွားခေါ်မှာမဟုတ်ဘူး၊ ဒီအခန်းထဲဝင်ပါ'

'ဟင်... အစ်ကိုစံရှားတော့ နောက်ပြီ'

'နောက်တာ မဟုတ်ပါဘူး အဝင်းရဲ့၊ အစ်ကိုစံရှား အတည်ပြောနေတာပါ'

ထင်ပေါ်က စံရှား၏စကားအဆုံးတွင် ဝင်ပြောသည်။

'ဟုတ်တယ် မခင်ဌေးဝင်းရ၊ ကျုပ်တို့ ဘဘကြီးက ကိုယ်ဖျောက်တတ်တယ်၊ မယုံရင် ကြည့်နေ'

ထင်ပေါ်သည် ပြောရင်း အိမ်ရှေ့ခန်းမှထကာ နောက်ဖေးဘက်သို့ ဝင်သွားသည်။

စံရှားလည်း လိုက်သွားသည်။ ဒေါ်နီနီနှင့် ခင်ဌေးဝင်းတို့မှာတော့ သူတို့ကို အူကြောင်ကြောင်မျက်နှာများနှင့် ကြည့်ရင်း ကျန်ရစ်ကြသည်။ ထင်ပေါ်နှင့် စံရှားတို့မှာ နောက်ဖေးခန်းသို့ ရောက်လျှင် ခင်ဌေးဝင်းလိုက်လာလျှင် မမြင်နိုင်စေရန် နောက်ဖေးခန်းတံခါးကို ပိတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တော့ ထင်ပေါ်သည့် စံရှား၏မျက်နှာကို ဘဘကြီးအဖြစ် မိတ်ကပ်တို့နှင့် ပြုပြင်ပေးနေတော့သည်။ ဆယ့်ငါးမိနစ်ခန့်ကြာလျှင်တော့ သူတို့တစ်တွေသည် အိမ်ရှေ့ခန်းသို့ ထွက်လာသည်။ စံရှားသည် အိမ်ရှေ့ခန်းတွင် ထိုင်နေကြသော ခင်ဌေးဝင်းနှင့် ဒေါ်နီနီကို ခပ်ပြုံးပြုံးကလေး လှမ်းကြည့်ကာ ဘဘကြီးလေသံမျိုးနှင့် ပြောသည်။

'အလို... မနီနီနဲ့ တူမကြီးတို့ ရောက်နေကြသကိုး၊ ဟိုး... ဟိုး... ဟိုး...'

စံရှားသည် ပြောရင်း စောစောက သူထိုင်သွားသောနေရာတွင် ဝင်ထိုင်သည်။ ဒေါ်နီနီနှင့် ခင်ဌေးဝင်းတို့ကတော့ စံရှား၏မျက်နှာကို စေ့စေ့ကြည့်နေကြသည်။

ဦးကျော်နှင့် ဒေါ်သောင်းတို့ကတော့ မျက်လုံးအပြူးသားနှင့် စံရှားကို ကြည့်နေကြသည့် ဒေါ်နီနီတို့သားအမိ ဖြစ်ပုံကြည့်ကာ ရယ်နေကြသည်။

'ဒါက ဘယ်လိုဟာလဲဟင်၊ ပြောစမ်းပါဦး၊ ကျွန်မတော့ ဦးနှောက်ခြောက်သွားပြီ'

ဒေါ်နီနီက စိတ်ရှုပ်သံနှင့် မေးသည်။ စံရှားသည် ဒေါ်နီနီကိုကြည့်ကာ ရယ်နေပြီး သူ၏နှုတ်ခမ်းမွေးကို ဖြုတ်ပြသည်။ ထိုအခါတွင် စံရှား၏ပုံသဏ္ဌာန်မှာ အနည်းငယ်ပေါ်လာသည်။

'ဟင်... ဟင်... ဒီလိုဆို ဘဘကြီးဟာ အစ်... အစ်ကိုစံရှားပေါ့'

ခင်ဌေးဝင်းမှာ ယခုအခါတွင်တော့ ရိပ်မိသွားဟန်နှင့် စံရှားကို တအံ့တသြမေးသည်။

'အိမ်း... ဘဘကြီးဟာ စံရှား၊ စံရှားဟာ ဘဘကြီးပေါ့ တူမကြီးရဲ့၊ ဟိုး... ဟိုး... ဟိုး...'



စံရှားက အသံကြီးသံနှင့် ပြန်ပြောသည်။

ထိုအခါတွင် ခင်ဌေးဝင်းမှာ စံရှား၏ရင်ဘတ်ကို ပြေးထုရင်း ရန်တွေ့တော့သည်။

'ကြည့်စမ်း... ကြည့်စမ်း၊ သူ... သူ အားကြီးတတ်နိုင်တာပဲ၊ အဝင်းတို့ကတော့ ဘဘကြီးမှတ်နေတာ၊ အခုမှပဲ ပေါ်တော့တယ်'

စံရှားကတော့ တဟားဟားနှင့်အော်ရယ်ရင်း ခင်ဌေးဝင်း၏ လက်ကလေးနှစ်ဖက်ကို ဆွဲဖယ်ကာ ပြန်ပြောသည်။

'ဟေး... ဟေး... သိပ်မထုပါနဲ့ အဝင်းရဲ့၊ အဆုတ်တွေ ကွာကုန်ပါ့မယ်၊ အခုလိုလုပ်ရတာ အဝင်းကိုချစ်လွန်းလို့ ဘဘကြီး ယောင်ဆောင်ရတာပါ၊ အဝင်းကလည်း စံရှားအဖြစ်နဲ့ဆိုရင် အကာပ်မခံဘူး၊ မျက်မုန်းကလည်း ကျိုးတယ်မဟုတ်လား၊ ဒီတော့ အဝင်းကိုမတွေ့ရရင် မနေနိုင်တဲ့ အစ်ကိုစံရှားဟာ အခုလို ဘဘကြီးယောင်ဆောင်ရတာလေ၊ ဘဘကြီးအဖြစ်နဲ့မှ အဝင်းက ခင်ခင်မင်မင်ရှိတယ် မဟုတ်လား'

'ဟုတ်တယ်... အဝင်းလေ အစ်ကိုစံရှားကိုမုန်းသလောက် ဘဘကြီးကိုချစ်တယ် သိလား'

စံရှား၏ စကားအဆုံးတွင် ခင်ဌေးဝင်းက ပြန်ပြောရာ အခန်းတွင်းရှိ လူအားလုံးမှာ 'အုန်း' ခနဲ ရယ်ကြသည်။

ဒေါ်နီနီမှာ ကြံကြံဖန်ဖန် ဘဘကြီးယောင်ဆောင်၍ သူတို့ကို တစ်ပတ်ရိုက်ခဲ့သော စံရှား၏မျက်နှာကိုကြည့်ကာ ရယ်ရင်း ပြောသည်။

'ဟုတ်ပါရဲ့ကွယ်... ကြံကြံဖန်ဖန်တော့ တော်တော်လုပ်တဲ့ သူငယ်ပဲ၊ မင်းက ရုပ်ပြောင်းရုပ်လွှဲတင် ကောင်းတာမဟုတ်ဘူး ဟန်အမူအရာကလည်း တယ်ကောင်းတော့ တို့စိတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



တကယ့် ဘဘကြီး မှတ်နေတာ၊ ဟီး… ဟီး… ဟီး… ဟီး…’

ဒေါ်နီနီက ပြောပြီး ရယ်သည်။

ခင်ဌေးဝင်းသည် သူ့မိခင်၏မျက်နှာကို ပြုံးစိစိနှင့်ကြည့်ရင်း စံရှားကို ပြောသည်။

‘မေမေကလေ အစ်ကိုစံရှားကို တကယ့်ဘဘကြီးမှတ်လို့ ကြိတ်ပြီးကြိုက်နေတာ သိလား၊ ခစ်… ခစ်… ခစ်…’

‘ဟဲ့… ကောင်မလေး၊ ဘာတွေပြောနေတာလဲ၊ တယ်လေ…’

ဒေါ်နီနီက ရှက်သွားဟန်နှင့် သမီးဖြစ်သူကို လှမ်းမာန်သည်။ ထိုစကားကြောင့် ကျန်လူများမှာ တဟားဟားနှင့် ဝိုင်းရယ်နေမိသည်။ ပြီးမှ ဒေါ်နီနီသည် ရှက်ပြုံးကလေးနှင့် စံရှားကို ကြည့်ရင်း ပြန်ပြောသည်။

‘ဒါတော့အေ… ငါ့စိတ်ထဲမှာ မောင်စံရှားကို တကယ့်ဘဘကြီး မှတ်နေတာကိုး၊ ဒီတော့ မှားတဲ့အခါလည်း မှားမိတာပေါ့’

ဒေါ်နီနီ၏ စကားအဆုံးတွင် အခန်းတွင်းရှိ လူများမှာ ရယ်ကြရပြန်သည်။

ထိုစဉ် ခင်ဌေးဝင်း၏အစ်ကို ကျားကြီးမှာ သူတို့အခန်းသို့ ရောက်လာသည်။ အခန်းတံခါးမှာ ပိတ်ထားခြင်းမရှိသည့်အတွက် ကျားကြီးမှာ အတွင်းသို့ အလွယ်တကူပင် ဝင်လာနိုင်ခြင်း ဖြစ်သည်။ စံရှားသည် ကျားကြီးကို မြင်ရလျှင် လန့်သွားတော့သည်။

ကျားကြီးသည် အခန်းတွင်းရှိ လူများ၏မျက်နှာ တစ်ဦးစီ လိုက်ကြည့်ပြီးနောက် မေးသည်။

‘ဒါ… ဒါထက် ဒီအိမ်မှာနေတဲ့ ကိုစံရှားတစ်ယောက် ရောဗျ’



စံရှားမှာ ကျားကြီးအိုမြင်ရလျှင် စောစောက ချွတ်ထားသော သူ၏နှုတ်ခမ်းမွေးကို ပြန်တပ်ထားသဖြင့် ဘဘကြီးရုပ် ပြန်ပေါက်နေသည်။

‘မင်းက ဘာလုပ်မလို့ မောင်စံရှားကို မေးရတာလဲ’

မိခင်ဖြစ်သူ ဒေါ်နီနီက ပြန်မေးသည်။

‘ဘာဖြစ်ရမှာလဲ၊ မေမေ့သမီးအကြောင်းကို ပြောပြမလို့ပေါ့ဗျ’

ကျားကြီးသည် ပြန်ပြောရင်းမှ စံရှား၏ဘေးတွင် ထိုင်နေသော နှမဖြစ်သူကို မျက်စောင်းထိုးကြည့်သည်။

‘ဘာတွေများတိုင်ချင်လို့လဲ ကိုကျားကြီးရ’

ထင်ပေါ်က ဝင်မေးသည်။

‘တခြား မဟုတ်ပါဘူး၊ ကျွန်တော့်နှမဟာလေ ကျွန်တော့်ကို လူတကာနဲ့ ရန်တိုက်ပေးနေတဲ့အကြောင်းပါ’

‘ဘယ်လိုများ ရန်တိုက်ပေးလို့လဲကွယ့်’

ဦးကျော်က ကျားကြီးမျက်နှာကို လှမ်းကြည့်ရင်း မေးပြန်သည်။

‘ဘယ်လို ရန်တိုက်ပေးသလဲဆိုတော့ သူဟာလေ သူ့ကို ချဉ်စကားပြောတဲ့ လူတိုင်းကို ရှင်တို့ ကျွန်မကို အနှောင့်အယှက်ပေးနဲ့၊ ကျွန်မအစ်ကို ကျားကြီးသိရင် ရှင်တို့ အထိုးခံရလိမ့်မယ်။ ဘုန်းကိုက်မှာ မကြောက်ဘူးလား၊ ဘာလားနဲ့ အမြဲပြောတယ်ဗျာ’

‘ဪ… ဒါကတော့ မင်းနှမက ခြောက်တာပါကွယ်၊ အဲဒါ ဘာဖြစ်လို့လဲ’

ဦးကျော်က ကျားကြီးကို ပြုံးရယ်ရင်း ပြန်ပြောသည်။

‘အိုဗျာ… သူခြောက်တာက အရေးမကြီးဘူး၊ ကျွန်တော့်မှာ အနွံ့ရာယ်များတာပေါ့၊ အဲဒီလူတွေက ကျွန်တော့်ကို အငြိုးထား

www.burmeseclassic.com



ပြီး တစ်နေ့မှာ ဝိုင်းရိုက်ကြမှာ နိုးရတယ်ဗျ’

‘ဝိုင်းရိုက်ရော ဘာဖြစ်လဲကွယ်၊ မင်းဗလကြီးနဲ့ ကြောက်စရာမလိုပါဘူး’

ဦးကျော်က ပြန်ပြောသည်။

‘ဟာ… ကြောက်တာပေါ့၊ ကျွန်တော်က ဗလသာကြီးနေတာ၊ သတ္တိကျတော့ ရှိတာမဟုတ်ဘူး ဦးလေးရ’

ကျားကြီး၏စကားကြောင့် အခန်းတွင်းရှိ လူများမှာ ဝိုင်းရယ်ကြသည်။

‘ဟုတ်တယ်… မရယ်ကြနဲ့ဗျ၊ ကျွန်တော်က အမှန်ကို ပြောပြနေတာ၊ ကျွန်တော် အခုလို ဗလကြီးမျိုး လုပ်ထားရတာကလည်း ကြောက်တတ်လို့ ဒီပြင်လူတွေ မစော်ကားရဲအောင် တမင်လုပ်ထားတာ’

‘နေပါဦးဗျ… စံရှားကို မေးတာကရော ဘာလုပ်မလို့လဲ’

ထင်ပေါ်က ဖြတ်၍မေးသည်။

‘တခြားကိစ္စတော့ မဟုတ်ပါဘူး၊ ဟိုလွန်ခဲ့တဲ့ ရက်အတော်တုန်းက သူဟာ ဘုရားပေါ်မှာ ကျွန်တော့်နှမကို ရည်းစားစကား လိုက်အပြောမှာ ကျွန်တော်နဲ့တိုးမိတယ်၊ ဒီအခါ သူဟာ ကျွန်တော့်နှမ ခေါ်ထားတာကို အဟုတ်ထင်ပြီး ကျွန်တော့်ကို မြင်တဲ့အခါ သူ့ကို ရန်ပြုမယ်ထင်တယ် ထင်ပါရဲ့၊ တကတဲ… သုတ်ခြေတင်ပြေးတယ်၊ ကျွန်တော်ကပဲ ဒီအကြောင်းကို ရှင်းပြချင်လို့ သူ့ကို အတင်းလိုက်ခေါ်တယ်၊ ကျွန်တော်က ခေါ်လေ သူက ပြေးလေနဲ့ နောက် ဒီအိမ်ထိအောင် လိုက်တာတောင် သူ့ကို ရှာမတွေ့ဘူး၊ ကျွန်တော်ကလည်း ဘော်လီဘောကစားနေရတော့ သူ့ကို ရှင်းပြဖို့ အချိန်မရဘူး၊ ဒီကနေ့ညမှပဲ ကျွန်တော်ဟာ သတိရလို့ ကိုစံရှားဆီကို ရှင်းပြဖို့လာခဲ့တာ’



ထိုအခါကျတော့မှ စံရှား၏ရင်မှာ နဂိုအတိုင်း ပြန်ဖြစ်သွားတော့သည်။ သို့ဖြစ်၍ စံရှားသည် သူ၏နှုတ်ခမ်းမွေးကို ပြန် ဖြုတ်ပြီး ကျားကြီးကို ပြောသည်။

‘ခင်ဗျားတွေ့ချင်နေတဲ့ စံရှားဆိုတာ ကျွန်တော်ပါပဲ ကိုကျားကြီး၊ အခုလို ကြားသိရတဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။ ပြီးတော့ ခင်ဗျားရဲ့နှမနဲ့ ကျွန်တော်ဟာလည်း အဟမ်း…’

စံရှားသည် စကားကို မပြောဘဲ ချောင်းဟန့်နေသည်။

‘ဒီလောက်ပြောရင် ကျွန်တော်လည်း ရိပ်မိပါပြီဗျား၊ ဟား… ဟား… ဟား…’

ကျားကြီးက ရယ်ရယ်မောမောနှင့် ပြန်ပြောသည်။

‘ဒါထက် ကျွန်တော်တို့ရဲ့ မင်္ဂလာရက်ကို ဘယ်နေ့မှာ သတ်မှတ်မှာလဲ ဖေဖေ’

စံရှားက သူ၏ဖခင်မျက်နှာကို လှမ်းမေးသည်။

‘အောင်မာ… သူ့ကို ဘယ်သူက ယူမယ်များပြောသေးလို့ ရက်တွေဘာတွေ သတ်မှတ်နေရတာလဲ၊ ဟင်…’

ခင်ငွေဝင်းက ချစ်စဖွယ်မျက်စောင်းကလေးထိုးရင်း စံရှားကို ပြောသည်။

‘ဒီလိုမပြောပါနဲ့ အဝင်းရယ်၊ နို့… စောစောကတော့ ဘဘကြီးကို ချစ်တယ်ဆို’

‘ဟုတ်တယ်လေ၊ ဘဘကြီးကိုသာ ချစ်တာ၊ အစ်ကိုစံရှားကို ချစ်တယ်လို့ ဘယ်သူကပြောသေးလို့လဲ’

‘ကောင်းပါပြီ ခင်ဗျာ၊ ဒီလိုဆိုရင်လည်း ဘဘကြီးအဖြစ်နဲ့ပဲ အဝင်းကို လက်ထပ်မယ်၊ ကျေနပ်ပြီလား၊ ဟား… ဟား…’

စံရှားသည် ပြောရင်းမှ ခင်ငွေဝင်း၏ပခုံးကို လူကြီးများ၏ ရှေ့မှာပင် ယောင်မှား၍ ဖက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့... ဟော့... ဟော့ကောင်၊ တို့ လူကြီးတွေရှေ့မှာ မလုပ်နဲ့ကွာ၊ မင်းလုပ်တာက အရေးမကြီးဘူး၊ တို့လူကြီးတွေဟာ ဒါမျိုးမြင်ရရင် သူငယ်ပြန်ချင်လွန်းလို့ကွာ၊ ဟား... ဟား... ဟား...'

ဦးကျော်က ပြောပြီးရယ်နေလျှင် ဒေါ်သောင်းမှာ မျက်စောင်းကြီးထိုးကာကြည့်ရင်း...

'တော်ဟာလေ အခုအရွယ်ကြီးအထိ ဒါမျိုးကို ဝါသနာပါတုန်းပဲလား'ဟု ပြောကာ ဦးကျော်၏ ပေါင်တွင်းကြောကို တအားဆွဲလိမ်တော့သည်။

ဤတွင် ဦးကျော်မှာ 'အောင်မယ်လေးလေး... နာပါတယ် မိန်းမရ၊ ဖြည်းဖြည်းလိမ်မှပေါ့'ဟု နာကျင်စွာအော်ရင်း မျက်နှာကြီးကို ရှုံ့မဲ့ပြသည်။

ကျန်လူတွေကတော့ သူတို့ဖြစ်ပုံကိုကြည့်၍ ရယ်မောမဆုံး တအုန်းအုန်း။

ဤတွင် ဝတ္ထုလည်း ပြီးဆုံးပါပြီ ခင်ဗျား။

ဤဝတ္ထုပြီးဆုံးချိန်။
၁၉၆၉ ခုနှစ်၊ မေလ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့
ည (၇)နာရီ၊ (၁၇)မိနစ်။

*ရွှင်ကြည် လန်းဆန်းကြပါစေ...*

ကြူမွေး

BURMESE CLASSIC

www.burmeseclassic.com